www.burmeseclassic.com

# တောညိုကြေး



www.burmeseclassic.com

ထုတ်ဝေသူ ဦးအောင်သိန်း
အိပ်မက်နန်း စာပေနှင့် အနုပညာ
တိုက်(၂၅)၊ အခန်း(၃၀၄)၊ ၅လမ်း
ဘီ-ဘလောက်၊ ယုဇနဥယျာဉ်မြို့တော်
ရွှေပြည်သစ်(သိပ်ကာမီး)မြို့နယ်
ဖုန်း - ၅၉၃၇၄၂

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးမောင်မောင်လွှင်
ကမ္ဘာ့တာရာ ပုံနှိပ်တိုက်
၂၀၄၊ လမ်း ၃၁၊ ပန်းဘဲတန်း
ကျောက်တံတား မြို့နယ်
ရိုက်နှိပ်သည်



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၀၃၀၅၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၁၀၄၀၀၀၅၀၄
၂၀၀၅ မေ
ပထမအကြိမ်
တန်ဖိုး - ၁၀၀၀ကျပ်
အုပ်ရေ - ၅၀၀

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

မောင်ညိုအေး (ပန်းတော)



# အောက်ချင်းရင်ကွဲ စွယ်တော်အသည်း

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

'ဇင်ဇင်ကလည်း နောက်ကျလိုက်တာ၊ ကားထွက်ခါနီး ပြီ'

သူငယ်ချင်းဖြစ်သူ မင်းခန့်က စိုးရိမ်ကင်းစွာဖြင့် ပြော လိုက်သည်။ လင်းအရဏ်မသဲမကွဲအောက်မှာပင် 'ညီညီစိုး'မျက် နှာ ပျက်ယွင်းနေရပြီ။ အားတင်းပြီး ညီညီစိုးတစ်ယောက် ဖြေပြော ပြောလိုက်ရသည်။

'ဇင်ဇင်ရောက်လာမှာ သေချာတယ် မင်းခန့်၊ ဒီဘဝမှာ သူနဲ့ ငါပေါင်းရဖို့က ဒီတစ်လမ်းပဲ ရှိတော့တယ်လေ'

ဇင်ဇင်တို့ ညီညီစိုးတို့အားလုံးမှာ ဆယ်ကျော်သက် အရွယ်တွေဖြစ်၏။ ညီညီစိုးနှင့် ဇင်ဇင်တို့ ချစ်သူတွေဖြစ်ကြတော့ ပထမဆုံး သူငယ်ချင်းအသိုင်းအဝိုင်းက လူတွေ သိခဲ့ကြသည်။ ဒီနောက်ပိုင်း နယ်မြို့လေး၏ ထုံးစံအတိုင်း တစ်ဆင့်စကား၊ တစ် ဆင့်နားဖြင့် လူကြီးတွေဆီ ပေါက်ကြားသွားတော့၏။

'ဇင်ဇင်ဘက်က တင်းတင်းမာမာမဖြစ်ရဘဲ၊ မင်း မေမေ ခင်းအစ်မတွေကြောင့် အခုလို ခိုးပြေးဖို့ဖြစ်လာရတာ။ ဒါကြောင့် မင်းနောက်ကို အရဲစွန့်ပြီး ဇင်ဇင် လိုက်ရတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဖြစ်သူ စိုးထက်ကလည်း ဆေးပေါ့လိပ်ကို ဖွာရင်း ညီညီစိုးတို့အဖြစ်ကို ဝေဖန်ပြသည်။

ဇင်ဇင်ကိုခိုးပြေးဖို့ သူငယ်ချင်းဖြစ်သူများနှင့် တိုင်ပင်တုန်းကတော့ အတွေးဖြင့် အတော် ပျော်စရာကောင်းခဲ့၏။ လက်တွေ့ကြုံလာရတော့ မိခင်နှင့်အစ်မ မျက်နှာများကို ပြေးမြင်မိပြီး သနားသလို၊ ကြောက်သလိုလိုမျိုး ညီညီစိုး ခံစားရတော့၏။

ချစ်သောသူ ဇင်ဇင်တစ်ယောက် အနားမှာရှိနေတာကို သိလျက်နှင့်ပင် စိုးရိမ်နေမိသည်။

'မင်းတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်တော့ ရန်ကုန်အထိ အဖော်လိုက်ခဲ့ပေးပါလား'

ညီညီစိုး၏စကားကြောင့်ပင် မင်းခန့်ရော စိုးထက်ပါ အံ့သြသွားကြ၏။

မင်းခန့်က…

'ငါတို့တွေပါ မြို့ကနေပျောက်သွားရင် ဘယ်လွယ်မလဲ မင်းတို့အသိုင်းအဝိုင်းက ပြဿနာရှာမှာ သေချာတယ်'

'ဘာလဲ… စီစဉ်တုန်းက စီစဉ်ပြီး အခုတွေးကြောက်နေတာလား ညီညီစိုး'

ရှေ့ဘာတွေဆက်ဖြစ်မလဲဆိုတာကို ဘယ်သူမှ အတတ်မပြောနိုင်။ မှန်ရာကို ဝန်ခံရကြေးဆိုရင်တော့ ညီညီစိုး ကြောက်နေမိသည်။

'ဆိုက်ကားတစ်စီးတော့ လာတာတွေ့တယ်၊ ကားက လည်း ထွက်တော့မှာ'

ရင်မောရင်းကပင် ညီညီစိုးနှုတ်မှ ရေရွတ်မိ၏။





ဇင်ဇင်တစ်ယောက် အဝတ်အစားတွေဘာတွေ ပြည့်ပြည့်စုံစုံ ပါပါ့မလားမသိ။ ညီညီစိုးတော့ ပိုက်ဆံသာအလုံအလောက်ပါပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုပင်။

'ဇင်ဇင် လာပြီကွ'

ဝမ်းသာအားရဖြင့် မင်းခန့် အော်ပြောလိုက်သည်။

ဇင်ဇင်မျက်နှာကို တွေ့ရပြန်တော့ စောစောက ပူပန်ရခြင်းတွေ၊ အလိုလို ကွယ်ပျောက်သွားပြန်၏။

'အလစ်မနည်းထွက်ခဲ့ရတာ၊ ကားပေါ်မြန်မြန်တက်ရအောင် စိုးစိုး'

ခရီးဆောင်အိတ်ကို လတ်တစ်ဖက်ကကိုင်ပြီး ညီညီစိုးလက်ကို လှမ်းဆွဲကာ ဇင်ဇင်က ပြော၏။ ညီညီစိုး လက်ဖျားတွေအေးစက်နေတာကို ဇင်ဇင် သတိထားမိသည်။

'စိုးစိုး၊ အရမ်းကြောက်နေလားဟင်'

'ကားကလည်း စောစောကတော့ ထွက်တော့မလို့ တပြင်ပြင်နဲ့၊ အခုကျတော့လည်း မထွက်နိုင်တော့ဘူး။ မတော်လို့ မေမေတို့သိသွားပြီး လိုက်ရှာကြရင် မလွယ်ဘူး ဇင်ဇင်'

ညီညီစိုးပြောလိုက်သော စကားကြောင့်ပင် ဇင်ဇင် မျက်နှာလေးငယ်သွားရှာသည်။ ကားစက်နှိုးသံကြောင့်ပင် အားကိုးရသွားသလိုမျိုး နှစ်ယောက်စလုံး ခံစားလိုက်ကြရ၏။

'ဇင်ဇင်နဲ့ ညီညီစိုး၊ ငါတို့ပြောထားသလို မြို့ကထွက်ဖို့ အဓိကပဲ၊ ရှေ့မှာကားပြောင်းစီးနော်။ ဒီကားနဲ့ ရန်ကုန်ထိအောင် လိုက်မသွားနဲ့၊ သူတို့တွေက နောက်ကနေ အားချင်းလိုက်ကြမှာ'

'ဖြစ်နိုင်ရင် နှစ်ဆင့်၊ သုံးဆင့်ပြောင်းစီးပြီး စိတ်အေး



www.burmeseclassic.com

www.burmeseclassic.com



အေးနေ့သွားကြ'

မင်းခန့်နှင့် စိုးထက်တို့ကလည်း စိတ်မချစွာဖြင့် တဖွဖွမှာသည်။

ကားဘီးစလိမ့်တော့ ညီညီစိုး ရင်ခွင်ထဲသို့ ဇင်ဇင် ခေါင်းဝှက်ထားလိုက်၏။ အရာဏ်ကလည်း လင်းလုပြီပဲလေ။

*  *  *

ကားပေါ်မှာ မျက်နှာသိတစ်ယောက်စ၊ နှစ်ယောက်စ ပါလာသည်။ လက်ဖက်ရည်သောက် နားသည်နှင့် ကားပေါ်ပြန်မတက်တော့ဘဲ နောက်ကားတစ်စီးကို နှစ်ယောက်သား ပြောင်းစီးလိုက်ကြသည်။

'ရန်ကုန်ရောက်ရောက်ချင်းမှာတော့ ဟိုတယ်တစ်ခုခုမှာ ခဏတည်းပြီး ဘာဆက်လုပ်မလဲဆိုတာကို နှစ်ယောက် စဉ်းစားကြတာပေါ့ ဇင်ဇင်'

တကယ်တော့ ဇင်ဇင်က ညီညီစိုးတို့မြို့ ဇာတိတော့မဟုတ်။ ဇင်ဇင်က ရန်ကုန်ဇာတိဖြစ်သည်။ ညီညီစိုးတို့မြို့ကို အစိုးရအလုပ်ဖြင့် ရှစ်တန်းနှစ်လောက်မှာ ဇင်ဇင်တို့မိသားစု ပြောင်းရွှေ့လာခြင်းဖြစ်၏။

ဇင်ဇင့်ဖခင်က သစ်တောအရာရှိ။ ဇင်ဇင်ကလည်း တစ်ဦးတည်းသော သမီးဖြစ်၏။

'ဇင်ဇင့်မှာ စိတ်ကူးတစ်ခုရှိတယ် စိုးစိုး'

'ဘယ်လိုစိတ်ကူးမျိုးလဲ ဇင်ဇင်'

'ရန်ကုန်ကနေ လာလည်တဲ့ ဇင်ဇင့်အဒေါ်အပျိုကြီးနှစ်





ယောက်ကို စိုးစိုးဆုံဖူးလိုက်တယ်မဟုတ်လား၊ ဇင်ဇင်တို့အကြောင်းကိုရော စိုးစိုးတို့ မိဘတွေက ပြဿနာရှာတာကိုပါ အားလုံးသိတယ်။ သူတို့မှာ သားသမီးမရှိကြဘူး။ အဲဒီအိမ်ကိုတန်းသွားတာပိုကောင်းမယ် ထင်တယ် စိုးစိုး'

ဇင်ဇင်ကိုတော့ ညီညီစိုး သနားမိသည်။ မိခင်နှင့်အစ်မများက ဇင်ဇင်နှင့် လုံးဝသဘောမတူ။ ညီညီစိုးတို့၏ ထုံးစံအရ လက်ထပ်ရမည့်သူက အဆင်သင့်ရွေးချယ်ပြီးသား။ ဇင်ဇင်နှင့် တတွဲတွဲဖြစ်ပြီး အနေနီးမှာကို စိုးရိမ်ပြီး ကန့်ကွက်လာ၏။ ညီညီစိုးကို ပြောမရဆိုမရဖြစ်လာတော့ ရည်ရွယ်ထားသော မိန်းကလေးနှင့် လက်ထပ်ပေးဖို့အထိ ကြံစည်လာကြသည်။

'ဇင်ဇင် အိမ်ကို လှမ်းအကြောင်းကြားလိုက်လို့ မေမေတို့သိသွားရင် ခက်မယ် ဇင်ဇင်'

'စိတ်ချ စိုးစိုး၊ အခုလို သတ္တိရှိတာမျိုးကို အပျိုကြီးတွေက သဘောကျမှာ၊ စိုးစိုးတို့ အသိုင်းအဝိုင်းကို မခံမရပ်တွေဖြစ်ပြီး ဇင်ဇင်ကို အမြဲမြှောက်ပေးခဲ့တာလေ'

ညီညီစိုးတို့နှစ်ယောက် တိုင်ပင်နေကြစဉ်မှာပင် မောင်းနေသောကားက ကစဉ့်ကလျားဖြင့် လမ်းဘေးသို့ အတင်းထိုးဆင်းသွားသည်နှင့် ကြုံလိုက်ရ၏။

တစ်ခဏအတွင်းမှာပင် ဘုရားတ,သံတွေ၊ ရေရွတ်ကြိမ်းမောင်းသံတွေ ဆူညံပြီး ထွက်လာတော့သည်။

'တွိုင်ရှော့ ပြုတ်သွားတာတဲ့၊ ကံကောင်းလို့ မမှောက်တာ'

'ဘုရားမ,တာပဲနေမှာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီအတိုင်းဆိုရင်တော့ ကားပြောင်းစီးမှ ဖြစ်တော့မယ်'

ကြုံလိုက်ရသော အဖြစ်အပျက်ကြောင့် သူတို့အတွက် နိမိတ်မကောင်းဟု ညီညီစိုး စိတ်ထင်မိသည်။

ကားပျက်ရာ နေရာသို့ ဆလွန်းကားလေးတစ်စီး ထိုးရပ်လာ၏။

'ရန်ကုန်အထိ ရောက်မယ်၊ ကြိုက်တဲ့သူသုံးယောက် ကျန်တော့်ကားနဲ့ လိုက်လို့ရတယ်၊ လမ်းကြုံလို့ အကူအညီပေးတာနော်'

သဘောကောင်းသော ကားမောင်းသူကြောင့်ပင် လူအုပ်ကြီးက ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်နေခိုက်မှာ...။

'သမီးတို့နှစ်ယောက် ဦးကားနဲ့ လိုက်ပါရစေ'

'ကောင်းပြီ သမီး၊ နောက်တစ်ယောက်ပါ လိုက်ခဲ့လို့ရတယ်နော်'

ညီညီစိုးလက်ကိုဆွဲပြီး နောက်ခန်းတံခါးကိုဖွင့်ကာ ဇင်ဇင် ကားပေါ်တက်လိုက်၏။ ခရီးသည် ဦးလေးကြီးတစ်ယောက်ကလည်း ရှေ့ခန်းမှာဝင်ထိုင်၏။

'အဆင်မပြေတဲ့ကြားကပဲ အဆင်သင့်လိုက်တာလို့ ပြောရမယ် စိုးစိုး၊ ဒီကားနဲ့ဆိုတော့ ဇင်ဇင်တို့နှစ်ယောက်အတွက် ပိုပြီး စိတ်ချလက်ချဖြစ်သွားတာပေါ့'

အဆိုးထဲက အကောင်းဖြစ်အောင် တွေးတတ်သော ဇင်ဇင့်အား ညီညီစိုး ချီးကျူးမိသည်။

ကိုယ့်သဘောကနှင့် ကိုယ်မို့ ကားမောင်းဆရာအဖြစ်က ညီညီစိုးတို့နှစ်ယောက် သတိမထားဖြစ်ပေ။





ရှေ့မှာထိုင်သော ခရီးသည်ဦးလေးကြီးနှင့် စိတ်ရင်းကောင်းသော ကားမောင်းဆရာတို့ အချေအတင် ပြောဆိုတော့မှ သဘောပေါက်တော့၏။

'မောင်ရင်က မူးပြီး မောင်းရုံတင်မဟုတ်ဘူး၊ သောက်ပြီးတော့ မောင်းတဲ့သူကိုး၊ ဒီပုံစံအတိုင်းဆိုရင်တော့ ရှေ့ဂိတ်မှာပဲ ရပ်ပေးပါတော့။ မောင်ရင့်စေတနာကို စော်ကားတာတော့ မဟုတ်ဘူးနော်။ အသက်ကို ဉာဏ်စောင့်တယ်ဆိုတဲ့ စကားအတိုင်း ဆက်ပြီးမစီးရဲလို့ပါ'

'ရပါတယ်၊ လူတိုင်းဟာ သူ့လွတ်လပ်ခွင့်နဲ့ သူ့ရွေးချယ်ပိုင်ခွင့် ရှိကြပါတယ်၊ နောက်က ချာတိတ်နှစ်ယောက်ရော တစ်ခါတည်းဆင်းကြမှာလား'

ပြောပြောဆိုဆိုဖြင့် ကားရပ်ပေးလိုက်၏။ တစ်ယောက်က ဆင်းသွားပေမယ့် ညီညီစိုးတို့နှစ်ယောက်ကတော့ အူလည်လည်...။

'ရန်ကုန်အထိ လိုက်မယ်လို့ ပြောပြီးသားပဲ၊ သမီးတို့ ဆက်လိုက်မှာပါ'

'ကြိုက်သွားပြီ သမီး၊ ဦးကို ယုံကြည်တဲ့ သမီးတို့နှစ်ယောက်ကို ဘေးမသီ ရန်မခဘဲ သွားမယ့်နေရာအထိ ရောက်အောင်ပို့ပေးမယ်'

သိပ်ကြာကြာတော့ မစောင့်လိုက်ရပါလေ။ သောက်၍မူး၍မောင်းတတ်သော ကားမောင်းဆရာကြောင့်ပင်။ ညီညီစိုးနှင့် ဇင်ဇင်တို့ ဆေးရုံပေါ် ရောက်ခဲ့ကြရ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(တစ်)

ကြာလို့လည်းဆုံ
ယုံလို့လည်း ပုံခဲ့တယ်...
သတိရခြင်းတာခန
အောက်မေ့ခြင်းတာ ညရယ်ပါ...။
သူစိမ်းအသည်းနဲ့
စိမ်းရဲတော့မယ်ဆိုရင်...
ရင်နှလုံး...
တစ်တောလုံးကြွေ
ပန်းတွေဖွင့်ရစေမယ်...။

www.burmeseclassic.com

www.burmeseclassic.com

၁။

သူ့ရှေ့မှာပင် သေရည်ယစ်မူးပြီး စကားပြောနေသူမှာ ညီညီစိုး 'မှ ဟုတ်ပါလေစဟု ထင်မှတ်မှားမိသည်။ သူကိုယ်တိုင် ဝင် မူးယစ်ချင်နေတာလည်း ပါမည်။

'တကယ်လွမ်းစရာကောင်းတဲ့ အဖြစ်အပျက်ပဲ။ နားရှိလို့ ငါကြားရတယ်လို့ ထင်ထားခဲ့တာ။ ဒီလို ခံစားနားလည်တတ် အချစ်နဲ့ အကျွမ်းတဝင် ရှိခဲ့ဖူးတဲ့လူလို့ ငါ မထင်ခဲ့ဘူး'

သူနှင့် ညီညီစိုးက ငယ်ပေါင်းကြီးဖော်တော့ မဟုတ်ပေ။ သိုလ်မှာ မေဂျာတူ၊ အခန်းတူမို့ တွဲဖြစ်ခဲ့ကြခြင်းပင်။

ကျောင်းတက်မမှန်သူ၊ ငယ်ငယ်ရွယ်ရွယ်နှင့် စီးပွားရေး လုပ်ကိုင်တတ်သူဟု မြင်ခဲ့သည်။ ဒုတိယနှစ်မှာပင် ညီညီစိုး ထောင်ကျသည်။ ဒါကလည်း ညီညီစိုးကိုယ်တိုင် ချစ်ခင်စုံ ပြီး ယူခဲ့တာမဟုတ်။ ညီညီစိုးတို့၏ မလေ့အရ မိဘရှင်း သောတူ၍ မိန်းမရသွားခြင်းမျိုးသာဖြစ်၏။

www.burmeseclassic.com



'ငါလည်း နှလုံးသားရှိတဲ့လူပါ၊ ခံစားတတ်တယ်။ လွမ်းဆွေးတတ်တယ်။ အချစ်ဟာဖြူတာ၊ မည်းတာ၊ ဆင်းရဲချမ်းသာတာနဲ့ မဆိုင်ပါဘူး၊ ဇင်ဇင်နဲ့ပတ်သက်ပြီး ဒီနေ့အထိ ခံစားနေရတယ်၊ တွေးဖြစ်တဲ့အခါတိုင်း သတိရစိတ်က မပြယ်ချင်သေးဘူး 'မင်းလက်ျာ'။

သူ့မိဘတွေက သာမန်ဝန်ထမ်းမျိုးရိုးတွေ။ ပြီးတော့ သူ့ဘိုးစဉ်ဘောင်ဆက်က ဒီမြေဒီရေမှာ ကြီးပြင်းခဲ့သော မြန်မာစစ်စစ်များ ဖြစ်ကြ၏။

ညီညီစိုးတို့၏ ဘိုးစဉ်ဘောင်ဆက်ကတော့ ဒီမြေဒီရေနှင့် မဆိုင်သလို။ ဒီနိုင်ငံဖွားများ မဟုတ်ကြ။ ညီညီစိုးတို့ အဘိုးမှာ သူ့တို့နိုင်ငံနှင့် ကပ်နေသော ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီးမှ လူမျိုးဖြစ်၏။ ရှေးကြည်ရာ မြက်နုရာ ပြောင်းရွှေ့လာပြီး စီးပွားရေးကို လုပ်ကိုင်တတ်ကြသောကြောင့် ကြီးပွားချမ်းသာသော ဆွေမျိုးပေါက်ဖော်များ ဖြစ်ကြ၏။

'ဒီစကားမှ မူးမှ ဒီနေ့ပြောဖြစ်တာ၊ မင်းနဲ့ စတွေ့ကတည်းက ငါ့စိတ်ထဲမှာ အကြွင်းမဲ့ချက်ချင်း ခင်ခဲ့တာမျိုးတော့ မဟုတ်ဘူး၊ ငါတို့လူမျိုးရဲ့ စိတ်အခံပဲလို့ ပြောရမလား မသိဘူး၊ ဒီမြေကို မှီပြီး စီးပွားရေးမျက်နှာစာမှာ ရှေ့တန်းကရောက်နေကြတဲ့ နိုင်ငံခြားသားတွေကို ငါကိုယ်တိုင်က လိုလိုချင်ချင်ရှိခဲ့တာ မဟုတ်ဘူး၊ ပေါင်းရင်းသင်းရင်းက လည်း မင်းစိတ်ကြောင့် ဒီနေ့အထိ ဖြစ်သွားတာပဲ'

သူ့စကားတွေက ကျေးဇူးမဲ့ရာများ ကျသွားသည်လား မသိ။ ကျောင်းတက်စဉ်အခါကလည်း ညီညီစိုး၏ ကျေးဇူးတွေ





ရှိခဲ့ဖူးသည်။ အခုလည်း သူအရာရှိငယ်ဖြစ်ပြီး အလုပ်ဝင်တော့ ညီညီစိုးတို့ပိုင်သော တိုက်ခန်းမှာနေဖို့ လိုလိုလားလား ခွင့်ပြုခဲ့သည်ပဲ။

'ငါ ဘယ်လိုမှ သဘောထားပါဘူး မင်းလက်ျာ၊ ငါ့ရဲ့ ဘိုးစဉ်ဘောင်ဆက်က ဒီမြေက မဟုတ်ပေမယ့် ငါ့မိဘနဲ့ ငါကတော့ ဒီမြေမှာမွေးပြီး ဒီမြေရဲ့နိုင်ငံသား တရားဝင် ဖြစ်နေပြီပဲကွာ'

မူးယစ်ခြင်းကြောင့်ပင် အသည်းကွဲဇာတ်လမ်းမှ သွေဖယ်ပြီး အခြားအကြောင်းတွေဆီ စကားရောက်သွား၏။ ဒီအဖြစ်ကို သူရော ညီညီစိုးပါ သတိမထားဖြစ်ခဲ့ကြပေ။

'မင်းလက်ျာဆိုတဲ့ကောင်က အမျိုးသာချစ်တတ်တာကွ၊ မင်းလိုတော့ အစွမ်းအစရှိတာ မဟုတ်ပြန်ဘူး၊ ငါ့မိဘ စဉ်ဆက်က ဝန်ထမ်း လုပ်ခဲ့တာဆိုတော့ ငါလည်း မင်းမှုထမ်းပဲဖြစ်တာပေါ့ကွာ၊ ငါတို့မိသားစုနေတဲ့ အင်းစိန်ကနေပြီး ပဲခူးမြစ်ကမ်းနဲ့မနီးမဝေးမှာ ရှိတဲ့အလုပ် နေ့တိုင်းလာဖို့ဆိုတာ မလွယ်ဘူး၊ ငါ့အလုပ်နဲ့ နီးတဲ့ ဒီဥယျာဉ်မြို့တော်ကြီးမှာ မင်းပိုင်တဲ့တိုက်ခန်းက ရှိနေတော့၊ ငါ့လို အရာရှိပေါက်စအတွက် အများကြီး အဆင်ပြေသွားတာပေါ့ ညီညီစိုးရာ'

'မင်းရဲ့အလုပ်အကြောင်း ပြောဖြစ်မှ ငါ့မိန်းမက သတိရတာ၊ ဒီအခန်းက အပေါင်ဆုံးပြီးရလိုက်တဲ့ အခန်းလေး တစ်ခေါက်ပဲ ရောက်ဖူးတာ။ အဲဒီတုန်းက အရမ်း ခြောက်ကပ်တော့ သိပ်စိတ်မဝင်စားခဲ့ဘဲ ပစ်ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြတာ။ ဒီအခန်းက ကြိုးဖုန်းပါ ရှိနေတာဆိုတော့ မင်း အဆင်ပြေတာပေါ့ မင်းလက်ျာ'

'မင်းတို့လူငှားတင်ထားတာ မဟုတ်လား၊ အဲဒီလခ အတိုင်း မင်းတို့ယူရမှာနော် ညီညီစိုး'

'ပြောပြီးပါရော၊ ဒီအခန်းကိုရော ရတဲ့လခကိုပါ ငါတို့မေ့ ထားခဲ့ကြတာ။ အိမ်ငှားစာချုပ်တွေ ဘာတွေသာ လုပ် ပေးလိုက်တာ၊ ရတဲ့လခရဲ့ တစ်ဝက်ကို အခန်းအပ်ထား တဲ့ လူတွေလက်ထဲ အမြဲပြန်ပေးဖြစ်ခဲ့တာချည်းပဲ၊ စောင့် ရှောက်ခ သဘောပေါ့ကွာ၊ ငါ့မိန်းမကတောင် ငါတို့ အပေါင်ခံခဲ့တဲ့ဈေးအတိုင်း မင်းကို ပြန်ပေးလိုက်တဲ့။ မင်းမိန်းမယူတဲ့အခါ အိမ်ပိုင်ရာပိုင် ဖြစ်သွားတာပေါ့၊ မဟုတ်ဘူးလား'

ညီညီစိုးကတော့ သူနှင့်ပတ်သက်ပြီး ကောင်းလွန်းသူ ဖြစ်နေပြန်၏။ ညီညီစိုးနှင့် အပေါင်းအသင်းဖြစ်ရတာ အရင်းမဆုံး ဟု ပြောရမလို ဖြစ်နေတော့၏။

'အေးကွာ၊ မင်းတို့ရဲ့စီးပွားရေး ပိုင်ဆိုင်မှုနဲ့ နှိုင်းယှဉ်လိုက် ရင် ဒီအခန်းရဲ့ပိုင်ဆိုင်မှုက ဘာမှ မပြောပလောက်ဘူး၊ အခုမှ အရာရှိပေါက်စဖြစ်တဲ့ ငါ့အတွက်တော့ တရင်း တနှီးပါပဲ'

မှူးယစ်ပြီး ရောက်တတ်ရာရာတွေ သူပြောနေဖြစ်သည်။ ညီညီစိုးပြောချင်သည့် စကားတွေက ဒါတွေမဟုတ်မှန်းကိုလည်း သူ မရိပ်စားမိ။

သူ့အိမ်သစ်တက်ပွဲသို့ ညီညီစိုးတို့လင်မယား ရောက်





သည်။ ညီညီစိုးမိန်းမက ပြန်သွားပြီး သူနှင့်စကားမပြောရ သာ ကြာပြီဆိုပြီး ညီညီစိုးက ညအိပ်ကျန်ခဲ့ခြင်းဖြစ်၏။

* * *

မှူးလာပြီဆိုတော့ သွေးဆူချင်လာပြီ။ နှစ်ယောက်သား အိမ်ထွက်လျှောက်ဖြစ်သည်။ တိုက်ခန်းများကိုကျော်ပြီး လျှောက် ကောင်းကောင်းနှင့် လျှောက်ခဲ့ကြတာ၊ ပဲခူးမြစ်ကမ်းပါးအထိ ရောက်ခဲ့ကြသည်။

'လွတ်လပ်ကျယ်ပြောတဲ့ ကောင်းကင်ကိုကြည့်ရတဲ့ အရ သာကို မခံစားရတာ ကြာပြီပဲ။ ဇင်ဇင့်ကို ငါ အရမ်း သတိရတာ မင်းလက်ျာ'

ဒီစကားတွေကို ညီညီစိုးမိန်းမ သိသိချွေသာ ကြားသွား ရင်တော့ ရင်ကွဲပက်လက်ဖြစ်မှာ သေချာသည်ပဲ။ ညာဘက်ခဝ် ဆေးဝေးဆီကို လှမ်းကြည့်ဖြစ်တော့ သန်လျင်တံတားကြီး၏ မီး ရောင်များကို မြင်တွေ့ရ၏။

'နေပါဦး ညီညီစိုး၊ မင်းနဲ့ဇင်ဇင်တို့အရေးကြောင်းက ကား မှောက်တဲ့နေရာမှာပဲ ဒီတိုင်းရပ်ထားခဲ့ပြီး စကားပြတ်သွား တယ်၊ ဘာတွေဆက်ဖြစ်ကြသေးလဲဆိုတာကို ပြောပြဦး လေ'

ဘီယာ၏ မှူးယစ်ခြင်းကတော့ တစ်စတစ်စ လျော့ပါး သာသောကြောင့် ညီညီစိုးနှင့် ဇင်ဇင့်အကြောင်းကို သူ သတိရ ဖြစ်သွား၏။

ပြောပြချင်နေသော ညီညီစိုးအတွက်လည်း ရေငတ်တုန်း



www.burmeseclassic.com

www.burmeseclassic.com



ရေတွင်းထဲ ကျသလိုမျိုး ဖြစ်သွားသည်ထင်၏။

'ကားဒရိုင်ဘာကတော့ တော်တော်လေး ဒဏ်ရာပြင်းတယ်၊ ငါနဲ့ ဇင်ဇင်တို့လည်း ဒဏ်ရာရတယ်၊ ငါသတိရတော့ ဆေးရုံပေါ် ရောက်နေပြီ၊ ငါ့အနားမှာလည်း ငါ့မိဘတွေ ငါ့ဆွေမျိုးတွေ ဝိုင်းဝိုင်းလည်နေတယ်၊ ဆေးရုံက လှမ်းအကြောင်းကြားလို့ သူတို့တွေ ရောက်လာကြတာလေ'

'ဇင်ဇင်ကရော အဲဒီဆေးရုံမှာပဲလား'

'ဟုတ်တယ် မင်းလကျ်ာ၊ နောက်နေ့မှာပဲ ငါ့ကို ရန်ကုန်ကို အရခေါ်ပြီး ဆေးရုံပြောင်းတင်တယ်၊ ဇင်ဇင်ကတော့ ပဲခူးဆေး ရုံမှာပဲ ကျန်နေခဲ့တယ်၊ အဲဒီကတည်းက ငါလည်း မြို့ကိုပြန်ခွင့် မရသလို ဇင်ဇင်နဲ့လည်း ဒီနေ့အထိ ထပ်တွေ့ခွင့်မရတော့ဘူး'

ညီညီစိုး၏ အတိတ်မှ အသည်းကွဲဇာတ်လမ်းအဆက်ကို ပဲခူးမြစ်ကမ်းပေါ်မှာပင် သူ နားထောင်လိုက်ရ၏။ ဇာတ်လမ်းကတော့ ပြီးဆုံးသွားပြီပဲ။ မေးချင်စိတ်ကြောင့်ပင် ညီညီစိုးအား မေးခွန်းထုတ်မိ၏။

'မင်းကရော သတင်းတွေဘာတွေ မစုံစမ်းဘူးလား ဇင်ဇင်ကရော အခုထိ အဲဒီမြို့မှာ ရှိနေတုန်းပဲလား'

'အဲဒီနှစ် ဆယ်တန်းအောင်စာရင်းထွက်တော့ ငါက အောင်တယ်၊ ဇင်ဇင်က ကျတယ်၊ ဇင်ဇင် ကျောင်းဆက်တက်တယ်ဆိုတာ ကြားတယ်၊ ဒါပေမဲ့ နှစ်ဝက်လောက်မှာ သူ့အဖေ အလုပ်ပြောင်းလို့ တောင်ငူဘက် ရောက်





သွားတယ်။ ငါ့ကို စိတ်နာ သွားပုံရတယ်။ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားတယ်လို့ ကြားတယ်။ တောင်ငူမှာနေတာ နောက်ဆုံးသတင်းရတာ၊ တောင်ငူကနေ သူ့အဖေ အလုပ်ထပ်ပြောင်းသွားတယ်။ ဘယ်နေရာဆိုတာကိုတော့ တိတိကျကျ မသိဘူး။ သူ ဆယ်တန်းအောင်သလား ကျသလားဆိုတာလည်း ငါ မသိရဘူး'

'မင်းနဲ့ဇင်ဇင်တို့အကြောင်းကို သိသိဆွေ သိသလား'

သူကိုယ်တိုင်ပင် ရင်မောသလို လွမ်းသလိုလို ဖြစ်လာရသည်။

ညီညီစိုး အသည်းငယ်တာမြင်တော့ သူ့ပါ အသည်းငယ်လာသည်။ ပဲခူးမြစ်ရေပြင်မှာတော့ လရိပ်စွန်းနေပြီလေ။

'ပြည့်စုံစွာ မဟုတ်ရင်တောင် အနည်းအကျဉ်းလောက်တော့ သိသိဆွေ သိလိမ့်မယ်ထင်တယ် မင်းလကျ်ာ၊ ငါနဲ့တော့ စကားစပ်ပြီး ဒီအကြောင်းကို တစ်ခါမှ မပြောဖြစ်ဘူး'

'အေးလေ... မင်းနဲ့တွဲခဲ့ပေမယ့် ငါတောင်မှ ဒီနေ့မှ မင်းရဲ့ ဇင်ဇင်တို့အကြောင်းကို သိရတာပဲ၊ နေပါဦး၊ အခုနေများ ဇင်ဇင်နဲ့ မင်းတွေ့ရင် ဘာများပြောမလဲ ညီညီစိုး'

သူ့အမေးက ဖြစ်လည်းဖြစ်နိုင်သလို၊ မဖြစ်လည်း မဖြစ်နိုင်ပေ။ အခုပြန်တွေ့ကြရင်လည်း သူ့ဘဝနှင့်သူ၊ ကိုယ့်ဘဝနှင့်ကိုယ် ဖြစ်နေကြပြီပဲ။

'မဆုံနိုင်ပေမယ့် မြင်ချင်တွေ့ချင်ပါသေးတယ်၊ ဇင်ဇင်



www.burmeseclassic.com

www.burmeseclassic.com



အတော့ ငါ့ကို နာကျည်းမုန်းမေ့မှာဖြစ်ပေမယ့်

ငါကတော့ အဲဒီလို သဘောထားနိုင်မှာ မဟုတ်ဘူး

မိုးတောင်းကင်ရဲ့ တစ်နေရာမှာ တော့ ဇင်ဇင် ရှိနေမှာပါ

ကိုယ်တိုင် မကြုံကြိုက်ပေမယ့် ကိုယ်ချင်းစာသလို ခံစားမိသည်။

သူ့ရင်ထဲသို့ ဇင်ဇင်နှင့် ညီညီစိုးတို့၏ အတိတ်အကြောင်းတွေက အလိုလို ဝင်ရောက်နေရာယူခဲ့ပြီပဲ။

ပဲခူးမြစ်ကမ်းပါးမှာ အကြာကြီးထိုင်ဖြစ်ကြပြီး သူတို့နှစ်ယောက် အိမ်သို့ပြန်လာခဲ့ကြ၏။

* * *

၂။

သူ့မိသားစုက ငါးယောက်ရှိ၏။ ဖေဖေကတော့ အငြိမ်းစား ပင်စင်ယူခဲ့ပြီး ဖြစ်၏။ မေမေကတော့ အိမ်မှုထိန်းသိမ်းသောသူ၊ အစ်ကိုကြီးဖြစ်သူကလည်း အိမ်ထောင်ကျပြီး သူတို့အိမ်မှာပဲ အတူနေ၏။ ညီမလေးကတော့ ဆယ်တန်းကျောင်းသူ။

တစ်ယောက်တည်း အိမ်ခွဲပြီးနေတာ၊ သီတင်းတစ်ပတ်မပြည့်ခင်မှာပင် မိသားစုအသိုက်မြုံကို လွမ်းဆွတ်သလို ခံစားရ၏။

အေးစိမ့်ခြင်းကြောင့် အိပ်ရာမှ နိုးထဖြစ်သည်။ နာရီကို လှမ်းကြည့်တော့ (၇)နာရီပင် မထိုးတတ်သေး။ အိပ်ရာထဲမှာ ဆက်တွေးမနေတော့ဘဲ မျက်နှာသစ်ပြီး လမ်းလျှောက်ထွက်ဖို့ ပြင်လိုက်သည်။

တိုက်ခန်းမှထွက်သည်နှင့် အပြင်မှာ နှင်းမှုန်နေသည်ကို တွေ့လိုက်ရသည်။ မနက်လင်းမှပင် နှင်းက သိပ်သည်းလှ လှသည်။


အိပ်မက်နှင်း စာပေနှင့် အနုပညာ

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယထပ်မှ လှေကားအတိုင်း ဆင်းလာရင်းကပင် နှင်းငွေ့လေကို အားပါးတရ ရှူရှိုက်မိသည်။

လမ်းပေါ်မှာတော့ နှင်းတွေကြောင့် လူလုံးမကွဲတတ်သေးပေ။

သူနေရာ ငါးလမ်းမှနေပြီး ကုံကော်လမ်းမအတိုင်း ဥယျာဉ်မြို့တော်၏ အနောက်ဘက်အပေါက်သို့ လျှောက်လာဖြစ်သည်။

နှင်းသည် အဖြူဆွတ်ဆွတ်ဖြင့် ဝန်းကျင်ကို သိုင်းခြုံထား၏။ နှင်းအောက်မှာပင် ရုံးသွားသူ ကျောင်းသွားသူ လှုပ်ရှားနေသူများက အရောင်စုံစွာ။

အဖြူဆွတ်ဆွတ် နောက်ခံဖြင့် နှံ့သာရောင်ကို မျက်နှာချင်းဆိုင် လှမ်းမြင်လိုက်ရ၏။

လူလုံးမကွဲခင်ကပင် သူ့စိတ်အာရုံကို ဖမ်းစားလွန်းသော နှံ့သာရောင်လေး။

ကွဲကွဲပြားပြားနှင့် နီးကပ်လာသည်နှင့်အမျှ နှံ့သာရောင်လေးက သူ့ရင်ကို အခုန်မြန်စေတော့၏။

နှံ့သာရောင်လေး၏မျက်နှာသည် လှပပျိုမျစ်လွန်းသည်။ မျက်လုံး၊ နှုတ်ခမ်း၊ ပြီးတော့ ကိုယ်နေဟန်။

ရှည်လျားသော ဆံစများသည် နှင်းခသောကြောင့် တည်တည်ငြိမ်ငြိမ် ရှိလှသည်။ ခေတ်ပေါ် ရင်ဖုံးအင်္ကျီ၊ စာအုပ်ကို ရင်ပိုက်ထားသောသူ၊ နှံ့သာရောင်လေး၏ ပခုံးထက်မှာ အနီရောင် ကချင်လွယ်အိတ်လေး လွယ်ပိုးထား၏။

မျက်နှာချင်းဆိုင် တွေ့ဆုံရင်းကပင် နှံ့သာရောင်လေးနှင့်





ဆန့်ကျင်ဖက်ဖြစ်သွားရသည်။

သူ့ခြေလှမ်းများကို ချက်ချင်း ရပ်တန့်ပြီး နှံ့သာရောင်လေးနောက်ကို လိုက်ဖို့ပြင်လိုက်၏။

'ဟော့လူ…'

သတိကင်းလွတ်နေသေသာ သူ့အပြုအမူကြောင့်ပင် စက်ဘီးနင်းလာသူ ကသိကအောက် ဖြစ်သွားပုံရ၏။

'ဆောရီးဗျာ…'ဟု မရှက်နိုင်ဘဲ သူ တောင်းပန်လိုက်ရ၏။

ကျောခိုင်း၍ သူ့လမ်းသူ ဆက်လျှောက်သွားနေသော နှံ့သာရောင်လေးက သူ့အဖြစ်ကို မြင်နိုင် သိနိုင်မည်မထင်။

နှံ့သာရောင်လေးက ပုံမှန်အတိုင်း လျှောက်နေရင်းကပင် ဘေးမှာ ကျောင်းသွားဖော်နှစ်ယောက် ထပ်တိုးလာ၏။ နှံ့သာရောင်လေး၏ သူငယ်ချင်းမလေးများသည် သာမန်အဝတ်အစားများပင်။ တစ်ယောက်သောသူဆိုရင် ထဘီစကတ်ဝတ်ထားသေး၏။

သူလည်း စိတ်ထဲမှာ အလိုလိုကျောင်းသားတစ်ယောက်ဖြစ်သွားမိသည်။ တကယ်ဆို ကျောင်းနှင့်ဝေးတာ တစ်နှစ်စွန်းစွန်းပင် ရှိဦးမှာဖြစ်သလို၊ သူ့အသက်ကလည်း နှစ်ဆယ့်သုံးနှစ်ပင် ပြည့်တတ်သေး။

နောက်ပိုင်းမှနေပြီး နှံ့သာရောင်လေးကို အားပါးတရကြည့်ပြီးသည်နှင့် ကပ်ပြီး ကျော်တက်လိုက်သည်။ ကျောင်းသွားဖော်လေးနှစ်ယောက်က သတိမထားဖြစ်ပေမယ့် နှံ့သာရောင်လေးက သိမသာကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



'စောများနေသလား မသိဘူးနော်'

နှင်းတွေပြိုကွဲစ ပြုလေပြီ။ နံ့သာရောင်လေး၏ ချိုသ
သော အသံကို ကြားရသည်။

'မစောပါဘူး ခင်လေးငယ်ရဲ့၊ ဟိုမှာတွေ့လား ကျောင်
ကားတွေတောင် ရောက်နေပြီ၊ ခုနစ်နာရီခွဲပြီလေ'

နံ့သာရောင်လေး၏ အမည်နာမကို သိခွင့်ရလိုက်၏။

'ခင်လေးငယ်'တဲ့လားဟု ရင်ထဲမှာ တီးတိုးရွတ်ဆိုဖြ
သည်။

ကျောင်းကားတွေ လေးငါးစီး ရပ်ထားသလို ကျောင်းသ
ကျောင်းသားတွေကိုလည်း တွေ့လိုက်ရသည်။

နံ့သာရောင်ပိုင်ရှင် ခင်လေးငယ်၏ ကျောင်းကို သ
မသိ။ ကျောင်းသွားဖော်မလေး နှစ်ယောက်သည် ခင်လေးငယ
နှင့် တစ်ကားတည်း စီးဖော်များဖြစ်ကြမည်လား။ ရင်ဖုံးဝတ်ထ
ကြသော ကျောင်းသူတချို့ကို မြင်ရတွေ့ရသော်လည်း ခင်လေ
ငယ်လို သူ့အား မဆွဲဆောင်နိုင်တာ ထင်ရှားသွားခဲ့၏။

ကားတွေကိုကျော်ပြီး သူ ဆက်လျှောက်သွားရ၏။ ခ
လှမ်းလှမ်း ရောက်သောအခါမှ နောက်ကြောင်း ပြန်လှည့်မိသည
ကားတွေနားရောက်တော့ ရပ်နေရာမှ ခင်လေးငယ်တို့ ရှိမနေတေ
ပေ။

ခင်လေးငယ်ကို ရှာကြည့်သည်။ သူငယ်ချင်းများန
ကားပေါ်မှာ ရယ်ရယ်မောမောဖြစ်နေသော ခင်လေးငယ်ကို လှ
တွေ့ရသည်။

အနေအထားအရ ဒီနေ့တော့ ဒီထက်ပိုပြီး အရဲမစွန့်သ





ဟုတွေးပြီး အိမ်ပြန်ဖြစ်ခဲ့သည်။

အိမ်ရောက်သည်အထိ ခင်လေးငယ်၏ရုပ်သွင်က အာရုံ
မှာ ပျောက်မသွား။ အလုပ်ထဲရောက်တော့လည်း ဒီ့နည်းပင်။
သူ့နှလုံးသားကတော့ ချစ်သူအဖြစ် ခင်လေးငယ်ကို တောင်းဆို
နေလေပြီ။

ခင်လေးငယ်ကြောင့်ပင် ချစ်ခြင်းအား ရင်ဆိုင်တွေ့ကြုံ
လိုက်ရပြီး သူ့နှလုံးသားမှာလည်း ကလေးငယ်တစ်ဦးလို ပျော်
စရာ တွေးစရာတွေ ပြည့်နှက်နေခဲ့၏။

* * *

သူ့အကျင့်အရပင် မနက်လင်း အိပ်ရာထသည်နှင့် ပြက္ခ
ဒိန်ကို လှမ်းကြည့်ဖြစ်သည်။ ဒီနေ့ သောကြာနေ့ပါလား။ ဒါဆိုရင်
ဒီတစ်ရက်သာ ခင်လေးငယ်ကို မြင်ရမည်ပဲဟု နှမြောတသစွာ
ဖြစ်ရင်း မျက်နှာသစ် ပြင်ဆင်မိတော့သည်။ သူ အိမ်မှထွက်တော့
ခုနစ်နာရီပင် မထိုးတတ်သေး။

ဒီနေ့တော့ မနေ့ကလို နှင်းတွေ မသိပ်သည်းတော့။
ဗဟိုဝန်းကျင်တစ်ခုလုံး လင်းရှင်းနေသလို။ ကွဲကော်လမ်းတစ်
လျှောက်ကိုလည်း ခပ်ဝေးဝေးမှပင် ပြတ်သားစွာမြင်ရ၏။

မနေ့က ဆုံဖြစ်ခဲ့သောနေရာမှာ ခုနစ်လမ်းနှင့် ရှစ်လမ်း
ကြားမှာ။ အချိန်စောသေးသည်မို့ ခုနစ်လမ်းထိပ် လက်ဖက်ရည်
ဆိုင်မှာ ခဏဝင်ထိုင်လိုက်သည်။ လမ်းနှင့်ဆိုင်က လှမ်းသော
ကြောင့် စိတ်ထဲမှာ အစိုးမရချင်။ ခင်လေးငယ် ဖြတ်သွားတာကို
လွတ်သွားရင် ဒုက္ခပဲဆိုသော အတွေးကြောင့် လက်ဖက်ရည်ပင်



www.burmeseclassic.com

www.burmeseclassic.com



ချုံအောင်မသောက်နိုင်တော့ဘဲ ဆိုင်မှ ထွက်လာဖြစ်ပြန်သည်။

ဆယ့်တစ်လမ်းအထိ လျှောက်ခဲ့သော်လည်း ခင်လေးငယ်၏ အရိပ်ယောင်ကို မတွေ့ရ။ နောက်ကြောင်းပြန်လှည့်ပြီး၊ ငါးလမ်းနှင့် ဆယ့်တစ်လမ်းကြားကို လမ်းသလားနေဖြစ်လိုက်သည်။

တတိယအခေါက် လမ်းသလားပြီး ဆယ့်တစ်လမ်းထဲမှ ပြန်အလှည့်မှာပင်၊ ကိုးလမ်းအေမှ ထွက်လာသော ခင်လေးငယ်၏သဏ္ဌာန်ကို ရိပ်ခနဲ တွေ့လိုက်ရ၏။ ဆံပင်အရှည်ကို အရှင်ဆုံး လှမ်းတွေ့ခြင်းဖြစ်၏။ ရင်ဖုံးအင်္ကျီမဟုတ်ဘဲ တီရှပ်ဝတ်ထားသောကြောင့် လူမှားခြင်းလားဟု တွေးမိသည်။ ပခုံးထက်မှ လွယ်အိတ်လေးကြောင့် ခင်လေးငယ်ဟု အတပ်ပြောရဲသွား၏။

တီရှပ်က အပြာနုရောင်ဂျင်း အပါး၊ ထမီစကတ်ကလည်း အပြာရောင်လွင်လွင်။

'ဟော့… ခင်လေးငယ်'

ခင်လေးငယ်နှင့် ခပ်လှမ်းလှမ်း ဆေးချင်းယှဉ်ပြီး ကျော်လိုက် နောက်ချန်လိုက်လုပ်နေစဉ်မှာပင် သူ၏သူငယ်ချင်းမလေးနှစ်ယောက်နှင့် ပူးပေါင်းဖြစ်သွားကြ၏။

သူငယ်ချင်းမ အချင်းချင်း ဘာတွေပြောပြီး ရယ်ပွဲဖွဲ့ကြသည်မသိ။ သူငယ်ချင်းမလေးနှစ်ယောက်က လွတ်လပ်စွာ ရယ်မောကြပေမယ့် ခင်လေးငယ်ကတော့ လှပအောင် ထိန်းသိမ်းပြီး ရယ်နိုင်သူပင်။

ကားတွေဆီရောက်တော့ သူ့ကို တစ်ချက်လှည့်ကြည့်ပြီးမှ ခင်လေးငယ် ကားပေါ်သို့ တက်သွား၏။





ခင်လေးငယ်၏အကြည့်ကြောင့် သူ့ရင် ချမ်းမြေ့သွားရ၏။

ဒီအတိုင်းကြီး ရုပ်မနေချင်သောကြောင့် မြင်ကွင်းထဲမှ ကွမ်းယာဆိုင်သို့ သွားရပ်နေလိုက်ရ၏။

'ကွမ်း နှစ်ရာဖိုးလောက်ပေးကွာ'

သူက ဝယ်နေကျဖောက်သည် မဟုတ်တော့ ကွဲပြားအောင် ကွမ်းယာသည်ကောင်လေးက မေးသည်။

'နှစ်ယာတည်းလား၊ ဘာနဲ့ စားမှာလဲ အစ်ကို'

သူ့မျက်လုံးတွေက ကွမ်းယာသည်ထံမှာ ရှိမနေ။ ခင်လေးငယ်တို့ကားဆီသို့ ရောက်နေ၏။

'တစ်ရာဖိုး ဘယ်နှစ်ယာလဲ'

ရောင်းသူနှင့် ဝယ်သူသည် အထာမကျ၊ ဘာသာစကားကွဲနေသည်မို့ အခက်ကြုံနေ၏။

'အစ်ကို ဘာနဲ့စားမှာလဲ၊ နှစ်ရာဖိုးယူမှာပါနော်'

ကွမ်းစားသူမဟုတ်သည်မို့ ကွမ်းတစ်ယာ၏ တန်ဖိုးကို သူ မသိသလို၊ ဘယ်လိုစားရမှန်းလည်း သူ မသိ။ အလုပ်ထဲမှ ကွမ်းစားနေကျ ဝန်ထမ်းကောင်လေးကို ပြေမြင်ဖြစ်ပြီး ကြားနေကျအတိုင်း ပြောလိုက်မိ၏။

'ဗမာဆေး၊ နွယ်ချို၊ ပြီးတော့ နိုင်တီတူးပါးပါးလေး ထည့်ပေး'

ကျပ်နှစ်ရာဖိုးကို ကွမ်းဘယ်နှစ်ယာရသည်ကိုလည်း သူ မသိပေ။ ဈေးတန်းထဲမှာ စီထားသော လန့်ဒန်ဘူးဆီ လက်ရောက်သွားမိသည်။ လန့်ဒန်တစ်လိပ်ကို နှိုက်ယူပြီး ကောက်ဖွာနေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

'တစ်ယာစားမလား အစ်ကို'

ဈေးသည်ကောင်လေးပင် အာရုံပျက်ရ၏။

'အားလုံးထုပ်လိုက်ကွာ'

ဒီမှာ ကွမ်းယာတွေက သူစားဖို့ မဟုတ်။ ဒီနေရာမှနေပြီး ခင်လေးငယ်ကို မြင်ချင်လွန်းလို့ ကြံမိကြံရာ လုပ်လိုက်ခြင်းပင်။ ရုံးရောက်မှ ကွမ်းစားနေကျ ဝန်ထမ်းလေးကို ပေးရမည်ပဲ။ သူ့ကိုတော့ ခင်လေးငယ်။ ကောင်းကောင်းသတိထားမိမှာ သေချာသည်ပဲ။

* * *

၃။

စနေနေ့မနက် အိပ်ရာထတော့ ခင်လေးငယ်ကို ပထမဆုံး [illegible]ရသည်။ မျက်နှာသစ် အဝတ်အစားလဲပြီးသည့်တိုင် ခင်လေး[illegible]ကို တွေ့ရလိမ့်မည်ဟု ယုံထားမိဆဲ။

တကယ်တမ်းကျတော့ စနေနေ့မို့ ခင်လေးငယ် ကျောင်း[illegible]သွားမှန်း သိနေပြန်၏။ မမြင်ရ မတွေ့ရသော်လည်း အရင်နေ့[illegible]တလို ကုံကော်လမ်းမကြီးမှာ လမ်းသလားမိပြန်သည်လေ။

လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်းကပင် ဈေးသွားဈေးလာ[illegible] လုပ်လေမလားဟု မျှော်ဖြစ်သေးသည်။ ခင်လေးငယ်၏[illegible]အယောင်ကို မမြင် မတွေ့ရတော့ ရင်ထဲမှာဟာလို့နေပြန်၏။

သူကတော့ ခင်လေးငယ်ကို ရင်းနှီးကျွမ်းဝင်နေသည်။ [illegible]တ်မေ့စိတ်တွေဖြင့် သံယောဇဉ်တို့ အလျှားဆန့်မိပြီ။ ခင်လေး[illegible] စိမ်းမည်လား။ သူ့အတွက် နောက်ကျခြင်းတွေ အသင့်ရှိနေ[illegible]ဟု ကြောင့်ကြမိသည်။





www.burmeseclassic.com

www.burmeseclassic.com



ချော်သဉ့်ဓိသော သူ့အဖြစ်၊ ချစ်ကျွမ်းဝင်ချင်သူ၏ အလွ
တို့ကို ခင်လေးငယ်သိအောင် ရင်ဖွင့်ပြချင်သည်လေ။

လောသည့်အခုံး၊ မမြင်သည့်အခုံးမှာတော့ လက်ဖ
ရည်ဆိုင်မှ ထပြန်ဖြစ်သည်။ ငါးလမ်းထဲဝင်တော့ ကိုယ်တို
ဆပ်ပြာနှင့် ခေါင်းလျှော်ရည်ဝယ်ရင်းကပင် တစ်နေ့က လာ
သော ကလေးမွေးနေ့ဖိတ်စာကို အမှတ်ရဖြစ်သည်။

မွေးနေ့လက်ဆောင် အရုပ်လှလှလေးတစ်ရုပ်ကို ဝယ်ပြ
အသေအချာ ထုပ်ပိုးကာ ပြန်ထွက်လာသည်။

လှေကားတက်တော့ မွေးနေ့လာသူ တစ်ဦး၊ နှစ်ဦး
နှင့် ဆုံဖြစ်သည်။

သူ့အပေါ် တတိယထပ်မှ မွေးနေ့ပွဲကို ရေမိုးချိုးပြီး
သွားတော့မည်ဟု စဉ်းစားဆဲမှာ…

'အစ်ကို၊ ဖိတ်စာရတယ်နော်'

တစ်တိုက်တည်း၊ တစ်လှေကားတည်း အပေါ်အောက်
နေသူမို့ မျက်မှန်းတန်းမိနေကြသည်။ သူ့ထက်အသက်ကြီးပုံ
သော်လည်း သူ့အနေအထိုင်ကြောင့် တလေးတစားခေါ်၏။

မွေးနေ့ရှင်ကလေး၏ ဖခင်ဆိုတာကို ရိပ်စားမိသည်။

'ရပါတယ်၊ ကလေးအတွက် လက်ဆောင်ဝယ်ပြီး အခု
ပြန်လာခဲ့တယ်'

'ရပါတယ် အစ်ကိုရာ၊ အိမ်နီးချင်းတွေပဲ လက်ဆောင်
အဓိကမကျပါဘူး၊ လာဖြစ်ဖို့ပဲ အရေးကြီးတာ'

အခန်းတော်တော်များများက မိသားစုနှင့်နေကြတာ ဖြ
သည်။ အရင်သွားခဲ့သောသူများကလည်း မိသားစုနှင့်ပင်။ သ





ယောက်တည်းသာ တစ်ကိုယ်တည်းသမား ဖြစ်၏။ အိမ်နီး
ခန်းကျင်ကတော့ သူ့လို လူပျိုလူလွတ် အရာရှိပေါက်စလေး
စိတ်ဝင်တစားရှိကြမည့် သဘောလားတော့ မပြောတတ်ပေ။

* * *

ကလေးတစ်နှစ်ပြည့် မွေးနေ့ဆိုပေမယ့် သပ်သပ်ရပ်ရပ်
စားဆင်ယင်ပြီးမှ အပေါ်ထပ်သို့ တက်ဖြစ်ခဲ့သည်။ လှေကား
တွေကို တက်လာရင်းကပင် အခန်းဝမှာ ချွတ်ထားသော
များကို မြင်ရ၏။ ဧည့်သည်တွေကတော့ စုံပြုံပြီး ရောက်လာ
ပြီလား မသိ။ ရှေ့တိုးရကောင်းနိုး၊ ပြန်ဆင်းရကောင်းနိုး ဖြစ်
ဆဲမှာပင်။

'အစ်ကိုလာ… မိန်းမရေ အောက်ထပ်က အစ်ကိုလာ
တယ်ဟေ့'

သူ့ကိုဖိတ်ခေါ်ခြင်းကြောင့် လူအရှင်းကို စောင့်ဖို့အစီအစဉ်
အလိုလိုပျက်သွားရသည်။

လက်ဆောင်ပေးပြီး ဝတ်ကျေတန်းကျေ စားပြီးသောက်
ရင် ပြီးတာပါပဲလေဟု သဘောထားလိုက်မိသည်။

'လူတွေများနေတယ်ထင်တယ်၊ အဝေးကဧည့်သည်တွေ
ရှင်းမှပဲ တစ်ခေါက်လာတော့မယ်ဆိုပြီး ပြန်ဆင်းသွား
မလို့လေ'

'ရပါတယ်၊ ဟိုဝိုင်းက သုံးယောက်တည်းရှိတာ၊ ပြီးတော့
လူရင်းတွေပဲ၊ အစ်ကို အဲဒီမှာဝိုင်းလိုက်'

စားပွဲက သုံးဝိုင်းစာပြင်ထား၏။ တစ်ဝိုင်းမှလူများ



www.burmeseclassic.com

www.burmeseclassic.com



ထထွက်သွား၍ စောင့်နေကြသူများ ဝင်ထိုင်၏။ သူကတော့ အိမ်ရှင်အမျိုးသားညွှန်ရာဝိုင်းသို့ သွားလိုက်ရသည်။ စားပွဲဝိုင်းနား ရောက်သည်အထိ သူ ဂရုမထားဖြစ်ပေ။

မျက်နှာချင်းဆိုင်ထိုင်ဖြစ်တော့မှ ခင်လေးငယ်ကို ရုတ်တရက် တွေ့လိုက်ရသည်။ မထင်မှတ်ထားသော နေရာမှာ ရုတ်တရက် မြင်လိုက်ရ၍ အတိုင်းမသိ ဝမ်းသာဖြစ်သည်။ အိမ်ရှင်လင်မယားနှစ်ယောက်စလုံး သူထိုင်နေရာစားပွဲသို့ ရောက်လာ၏။

'မွေးနေ့ရှင်ရော'

'အိပ်နေတယ် အစ်ကို'

ကလေးအတွက် မွေးနေ့လက်ဆောင် ပေးလိုက်မိသည်။ နေရင်းထိုင်ရင်းကပင် သူ့ကို အရေးတယူလုပ်ပြီး မိတ်ဖွဲ့နေသော အိမ်ရှင်လင်မယားကို ကျေးဇူးတင်နေမိ၏။

'အပေါ်အောက်နေတော့ စပ်စုတယ် မထင်နဲ့ အစ်ကို ကျွန်မနာမည်က ချိုမာ၊ အမျိုးသားက ဝင်းကိုပါ၊ အစ်ကို အရင်နေသွားတဲ့ လူတွေတုန်းက တော်တော် ခင်ကြမ် ကြတယ်'

'တခြား မဟုတ်ဘူး၊ ကျွန်တော့်မိန်းမက အရင်လူတွေ တုန်းကလို ဖုန်းဆက်ခေါ်လို့ရအောင် မိတ်ဖွဲ့နေတာ'

သူ့အတွက်တော့ အတော်လေး အကျိုးရှိသွား၏။ ခင်လေးငယ်သည် မချိုမာ၊ ကိုဝင်းကိုတို့နှင့် ဘယ်လိုပတ်သက်သည် ကိုတော့ သူ မသိပေ။

'အိမ်နီးနားချင်းတွေပဲ၊ ဖုန်းကိုသုံးလို့ ရပါတယ်။ လာပြ လည်း ခေါ်ပေးရတာပေါ့၊ ဒါပေမဲ့ ကျွန်တော်က





အလုပ်နဲ့ဆိုတော့ စနေ တနင်္ဂနွေကလွဲပြီး ကျန်ရက်တွေမှာ မနက်ကိုးနာရီ မထိုးခင်နဲ့ ညနေလေးနာရီနောက်ပိုင်းမှ ရှိတာများတယ်လေ၊ တစ် ယောက်တည်းသမားဆိုတော့ ကျွန်တဲ့အခါမှာ အိမ်မှာလူရှိနေမှာ မဟုတ်တာ တစ်ချက် ပဲရှိတယ်'

ခင်လေးငယ်နှင့် အတူတူဝိုင်းဖွဲ့ကြသော အမျိုးသမီး နှစ်ယောက်ကတော့ အသက်သုံးဆယ်ကျော်ကျော်လောက် ရှိကြ သည် ထင်၏။

'ရပါတယ် အစ်ကို၊ လူရှိတဲ့အချိန်မှာ ဖုန်းသုံးခွင့်ပြုရင် ပဲ အဆင်ပြေပတယ်၊ အရေးကြီးမှပဲ ဆက်ခိုင်းမှာပါ၊ ဒါနဲ့ အစ်ကို့ နာမည်က'

'ကျွန်တော့်နာမည် မင်းလက်ျာပါ'

'ဒါနဲ့ အစ်ကိုက နယ်ဇာတိလား'

သူ့အကြောင်းကိုတော့ အခွင့်သင့်တုန်းမို့ ခင်လေးငယ်သိ အောင် ပြည့်ပြည့်စုံစုံလေး ပြောပြဖြစ်၏။ ခင်လေးငယ်က တစ်ခါ တစ်ခါ ပြုံးစိစိဖြစ်သွားတာကို သူ သတိထားဖြစ်သည်။

'ရန်ကုန်ဇာတိပါပဲ၊ အရင်ကတော့ မိဘတွေနဲ့ အင်းစိန် မှာနေတာပါ၊ အရာရှိစာမေးပွဲဝင်ဖြေလို့ အလုပ်ရတာနဲ့ ကျွန်တော့် အလုပ်နဲ့နီးတဲ့ ဒီဥယျာဉ်မြို့တော်မှာ ပြောင်းလာ နေဖြစ်တာပါ။ အခု အခန်းကလည်း ကျွန်တော့်သူငယ် ချင်းတစ်ယောက်ရဲ့ အခန်းပါ၊ သွားရပြန်ရတာ အဆင် ပြေလို့ ဒီမှာတစ်ယောက်တည်း လာနေဖြစ်တာပါ။ အခု လို မချိုမာတို့ ကိုဝင်းကိုတို့နဲ့ ခင်မင်ဖြစ်တော့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် အဖော်ရတာပေါ့ဗျာ'

'ဒါနဲ့ ကိုမင်းလကျ်ာကို မိတ်ဆက်ပေးရဦးမယ်၊ ကျွန်တော်ကတော့ ရိုးရိုးကုမ္ပဏီက ဒရိုင်ဘာတစ်ယောက်ပါ။ ဒီက မမဝေက ကျွန်တော်တို့ကုမ္ပဏီက မန်နေဂျာပါ။ မမကြွေကတော့ မမဝေရဲ့အစ်မပါ။ ခင်လေးငယ်ကတော့ မမဝေတို့ရဲ့ တူမပါ။ မမဝေတို့က ကိုးလမ်းအေမှာနေကြတာပါ။ သူတို့ကတော့ အိမ်ပိုင်ပေါ့၊ ဖုန်းလည်းရှိတယ်၊ ကျွန်တော်တို့လင်မယားကတော့ အိမ်ငှားပေါ့'

'ဟုတ်ကဲ့ခင်ဗျာ၊ အခုလို ကိုဝင်းကိုတို့နဲ့ ပတ်သက်ပြီး ခင်ရမင်ရတဲ့အတွက် ဝမ်းသာပါတယ်'

မမကြွေဆိုသူကတော့ မျက်နှာကြောတင်းတင်းနှင့် ခပ်တည်တည်နေ၏။ မမဝေဆိုသူကတော့ သူ့ကို မိတ်ဖွဲ့စကားပြော၏။ နှစ်ယောက်စလုံး အပျိုကြီးတွေဖြစ်ဟန်တူသည်။

'ဒါနဲ့ မောင်မင်းလကျ်ာက ဘယ်ဌာနမှာ လုပ်တာလဲ'

'ဆက်သွယ်ရေးကပါ၊ သိမ်ကျောင်းလမ်းဆုံက ရှေ့ဆက်သွားတဲ့ ရောဝဏ်လမ်းဆောမှာပါ'

'P S C စာမေးပွဲဝင်ဖြေပြီး အရာရှိ တန်းဖြစ်တာလား'

'ဟုတ်ပါတယ် မမဝေ'

'ကျောင်းပြီးတာကရော'

'တစ်နှစ်လောက်ပဲရှိပါဦးမယ်'

'ဒါဆို မင်းအသက်က ငယ်သေးတာပေါ့'

'ဟုတ်ပါတယ်။ အခုမှ နှစ်ဆယ့်သုံးထဲမှာပါ မမဝေ





P S C ဝင်ဖြေဖြစ်ပေမယ့် ဒီလောက် မြန်မြန်ကြီးရမယ် မထင်ဘူး။ ကျွန်တော့်ကို ကံကောင်းတယ်လို့ အားလုံးက ပြောကြတယ်'

'မင်းကိုယ်တိုင်က တကယ်တော်လို့ နေမှာပါ၊ မင်းက ခင်လေးငယ်နဲ့ တစ်နှစ်ပဲကြီးတာပဲ၊ မမဝေရဲ့တူမက စီးပွားရေး တက္ကသိုလ် နောက်ဆုံးနှစ် တက်နေတာလေ၊ သူ့မိဘများကတော့ နယ်မှာ တာဝန်ကျနေတာဆိုတော့ တက္ကသိုလ်တက်ကတည်းက မမဝေတို့နဲ့ အတူလာနေတာ'

တခြားလူတွေရှေ့မှာမို့ သူ့မျက်လုံးတွေကို အတော်လေးဆင်ဆင်ခြင်ခြင် ထားရ၏။ စကားပြောရင်းကပင် မသိမသာဖြင့် ခင်လေးငယ်အား ခိုးကြည့်ဖြစ်ခဲ့သည်။

စကားပြောဆိုပြီးတော့ ခင်လေးငယ်တို့ ထပြန်ကြသည်။ သူလည်း ခင်လေးငယ်တို့နှင့်အတူ ထပြန်လာခဲ့၏။

လှေကားအဆင်းမှာ အဒေါ်နှစ်ယောက်အလစ်မှာ ခင်လေးငယ်အား အရဲစွန့်ပြီး ပြုံးပြနှုတ်ဆက်လိုက်၏။

ခင်လေးငယ်ကလည်း လိုလိုလားလားပင် တုံ့ပြန်ပြီး ပြုံးပြ၏။

သူနှင့်ခင်လေးငယ်တို့ကတော့ တကယ့်ကို ဖူးစာဖက်တွေဖြစ်ပြီဟု အောက်မေ့ဖြစ်လိုက်သည်။

မချိုမာနှင့် ကိုဝင်းကိုတို့၏ အကူအညီတွေ တစ်နေ့နေ့တစ်ချိန်ချိန်မှာ လိုအပ်လာမှာ သေချာ၏။

အခါခွင့်ကြုံရင်တော့ သူနှင့်ခင်လေးငယ်တို့အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြရဦးမည်လေ။ သူသိချင်သော ခင်လေးငယ်နှင့် ပတ်သက်သည့်အကြောင်းများကိုလည်း မေးမြန်းရဦးမည်ပဲ။

* * *



၄။

မနေ့က ညနေတုန်းက တစ်ခေါက်၊ ဒီနေ့မနက်ခင်း တစ်ခေါက် ခင်လေးငယ်တို့လမ်းထဲသို့ သူရောက်ဖြစ်၏။

လတ်တလောမို့ ခင်လေးငယ်နှင့် ပတ်သက်ပြီး ကိုဝင်းကိုအား မစပ်စုဖြစ်သေးသောကြောင့် တိုက်နံပါတ်နှင့် အခန်းနံပါတ်ကို မသိရသေးပေ။ ခင်လေးငယ်တို့ဆီမှာ ဖုန်းရှိတာကို သိသော်လည်း ဒို့နယ်ပင်။

နှစ်ခေါက်စလုံး ခင်လေးငယ်၏ အရိပ်အယောင်ကို တွေ့ရပေ။

ရုံးပိတ်ရက်မို့ ထွေထွေထူးထူး လုပ်စရာလည်းမရှိ။ သွားစရာလည်း မရှိဖြစ်ပြီး ပျင်းနေမိသည်။ အရင်အပတ်တွေတုန်းကတော့ အိမ်ကိုပြန်ဖြစ်သေး၏။ ညီညီစိုးနှင့်လည်း မဆုံဖြစ်တာနှစ်ပတ်ပြည့်သွားပြီ။

ချိတ်ဆွဲထားသော ရေခွန်စာရွက်ကို မြင်၏။ စာရွက်ကိုလှမ်းဖြုတ်လိုက်ပြီး ရေခွန်ဆောင်ဖို့ ထွက်လာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'ကိုမင်းလကျာ်'

လက်ဖက်ရည်ဆိုင်ထဲမှ လှမ်းခေါ်လိုက်သံကြောင့် လှည့်ကြည့်ဖြစ်၏။ ကိုဝင်းကိုကို တွေ့သောကြောင့် ဆိုင်ထဲဝင်သွားဖြစ်သည်။ ကိုဝင်းကိုက တခြားတစ်ယောက်နှင့် အပျင်းပြေ ချက်(စ်) ထိုးနေ၏။

'ကျွန်တော်က လက်ဖက်ရည်သောက်နေတာထင်လို့ ဆိုင်သောက်ရအောင်ဆိုပြီး ဝင်လာတာ'

'ကိုမင်းလကျာ် ဘယ်လိုသောက်မှာလဲ သောက်လေ ဒီပွဲက ကျွန်တော်နိုင်ဖို့ သေချာသွားပြီ၊ ဒီတစ်ပိုင်းလုံးကို ရှင်းကြေး ဆော့နေတာ'

ကိုဝင်းကိုနှင့်အတူ လက်ဖက်ရည်ချင်း ပြိုင်နေသူကတော့ တကယ့်ကို အရှုံးပေးတော့မည့် မျက်နှာပေါက်မျိုးဖြစ်နေ၏။

သူ့ကိစ္စနှင့်သူ ကိုဝင်းကိုဆီ လာခဲ့ပေမယ့် လက်ဖက်ရည် ကပ်သောက်သည့် ပုံစံမျိုးဖြစ်နေ၏။

'တွေ့တယ် မဟုတ်လား၊ ကျွန်တော်နိုင်သွားပြီ ကိုမင်းလကျာ်'

'အေးဗျာ... ဒီပိုင်းကို ကျွန်တော် ရှင်းထားခဲ့မယ်'

ချက်(စ်)ကစားနည်းဆိုတာတော့ သိသည်။ အနိုင်အရှုံးတွေ ထိုးပုံထိုးနည်းတွေကိုတော့ သိပ်အကျွမ်းဝင်ခြင်းမရှိပေ။

'လက်ဖက်ရည်သောက် ဆင်းရုံပဲလား၊ ဘယ်သွားမလို့ ထွက်လာတာလဲ ကိုမင်းလကျာ်၊ လက်ရည်သွေးတဲ့အနေနဲ့ ကျွန်တော်နဲ့ အလကားကြေး မိတ်ဖြစ်ဆွေဖြစ် ဖွဲ့ကြည့်ပါလား'





ကိုဝင်းကိုကတော့ ဒီတစ်ပိုက်မှာ ပြိုင်ဘက်ရှာနေသော ချက်(စ်)သူရဲကောင်းကြီး ဖြစ်နေသည်လားဟု ထင်ရသည်။ သူ့ကို လက်ရည်စမ်းဖို့ ဖိတ်ခေါ်နေ၏။

'ဖြစ်မယ် မထင်ဘူး ကိုဝင်းကို၊ ကျွန်တော်က တကယ့်ကို လုံးဝ မကစားတတ်တဲ့သူပါ၊ ရေခွန်သွားဆောင်ဖို့ ဆင်းလာရင်းက ကိုဝင်းကို လှမ်းခေါ်လို့ ဝင်လာဖြစ်တာ'

သူက သူ့အကြောင်းနှင့်သူ ကိုဝင်းကိုဆီ ဝင်လာခြင်းဖြစ်၏။

'ရေခွန်ဆောင်တာများ ကိုယ်တိုင်သွားဆောင်ရတယ်လို့ ဒီက အကျိုးဆောင်တွေကို ပိုက်ဆံပေးပြီး ဆောင်ခိုင်းလိုက်ရင်ပြီးရော၊ အပင်ပန်းခံလို့'

'ရပါတယ်၊ ကျွန်တော်လည်း အားနေတာပဲဥစ္စာ'

'ဒါဆို ဆိုက်ကားစီးသွား၊ နည်းနည်းလမ်းလျှောက်ရတယ် ကိုမင်းလကျာ်၊ ကျွန်တော်ကတော့ အားတဲ့နေ့မှာ ချက်(စ်) ထိုးတယ်၊ ဘိလိယက်ထိုးတယ်၊ ချက်(စ်)ထိုးဖို့ အဖော်မရှိတော့ ဘိလိယက် သွားထိုးလိုက်ဦးမယ်ဗျာ'

ခင်လေးငယ်အကြောင်း စပ်စုဖို့က အတော်ဝေးသွားပြီဖြစ်၏။ ချက်(စ်)မထိုးတတ်၊ ဘိလိယက်မထိုးတတ်သော သူ့အဖို့ ကိုဝင်းကိုနှင့် ရင်းနှီးအောင်ပေါင်းဖို့ အတော် ခက်နေရသည်။

* * *

ရေခွန်ဆောင်သည့် နေရာသို့ သူရောက်သွားတော့ ထမင်းစားနားနေချိန်နှင့် တည့်တည့်တိုးနေ၏။ လာလက်စနှင့်မို့ ထိုင်စောင့်နေဖြစ်သည်။ သူ့လိုစောင့်နေကြသူများလည်း ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ရေခွန်ဆောင်လို့ ရချိန်မှာပင် စက်ဘီးတစ်စီး ဝင်လာ၏။ လှမ်းကြည့်လိုက်တော့ ခင်လေးငယ် ဖြစ်နေ၏။

ခင်လေးငယ်ကတော့ သူ့ကိုမမြင်။ ရေခွန်မဆောင်သေးဘဲ ခင်လေးငယ်ရှိရာသို့ သူ ထွက်လာဖြစ်သည်။ အနားရောက်သည့်တိုင် ခင်လေးငယ်က သူ့ကိုမြင်ဟန်မတူပေ။ စက်ဘီးတစ်ခုခု ချို့ယွင်းသွား၍လား မသိပါ။ ပတ်ဝန်းကျင်ကို လုံးဝ ဂရုမထားဘဲ စက်ဘီးကို အသေအချာကြည့်နေ၏။

'ရေခွန်လာဆောင်တာလား ခင်လေးငယ်'

သူ့အသံကြောင့်ပင် စက်ဘီးကို ကြည့်နေရာမှ ခင်လေးငယ် မော်ကြည့်၏။

'သြော်… ကိုမင်းလက်ျာနဲ့ ဆုံပြန်ပြီကိုး၊ ကိုမင်းလက်ျာရော ရေခွန်လာဆောင်တာလား'

'ဟုတ်တယ်၊ ဒီကိုရောက်နေတာ နာရီဝက်လောက် ရှိသွားပြီ၊ ထမင်းစားချိန်နဲ့တိုးလို့ စောင့်နေရတာ၊ ဒီလိုမှ စောင့်မနေဖြစ်ဘဲ ရောက်လာတာနဲ့ဆောင်ပြီး ပြန်သွားရင် ခင်လေးငယ်နဲ့ ဆုံဖြစ်မှာ မဟုတ်ဘူး'

သူက စကားကြောရှည်ပြီး ရှင်းပြ၏။ သူ့စကားကြောင့် ခင်လေးငယ် ပြုံးရင်းက မတ်တတ်ရပ်လိုက်သည်။

'စက်ဘီးက ဘီးကပ်သွားတယ်၊ နင်းလို့မကောင်းတော့ဘူး'

'ဘာဖြစ်လို့လဲ၊ လမ်းမှာ စက်ဘီးမှောက်လာလို့လား'

'ဟုတ်တယ်၊ ကိုယ့်အတွေးနဲ့ ကိုယ် ငေးပြီး နင်းလိုက်မိတာ။ ခင်လေးငယ် မှားတာပါ။ ကားက ခင်လေးငယ်





ဝင်တိုက်မယ်ဆိုတာကိုသိလို့ ရပ်တောင်ထားတာ၊ လူတွေကလည်း ဝိုင်းကြည့်နေခဲ့ကြတာလေ'

'လူရော ဘာဖြစ်သွားသေးလဲ၊ ပွန်းပဲ့သွားသေးလား'

'ခြေထောက်တော့ နည်းနည်းမျက်သွားတယ်၊ ပွန်းပဲ့တာတော့ မရှိပါဘူး'

'ပေးလေ၊ ရေခွန်စာရွက်၊ ကိုယ်ပဲသွားဆောင်ပေးမယ် ခင်လေးငယ်'

စက်ဘီးရှေ့ခြင်းထဲမှ ရေခွန်စာရွက်ကို နှိုက်ယူရန် ပြင်လိုက်သည်။

'ဟောတော့… စက်ဘီးလဲတဲ့နေရာမှာ ပိုက်ဆံအိတ် ကျကျန်ခဲ့ပြီ။ ရှက်ရှက်နဲ့ စီဒီခွေတွေပဲ သတိထားဖြစ်ပြီး ပိုက်ဆံ အိတ်ကိုတော့ မေ့သွားတယ်။ ကိုမင်းလက်ျာပဲ သွားဆောင်လိုက်ပါ။ ခင်လေးငယ်တော့ မဆောင်ဖြစ်တော့ဘူး'

ခင်လေးငယ်၏စကားကို နားထောင်ရင်းကပင် အခြေအနေအရပ်ရပ်ကို သဘောပေါက်သွား၏။ ပိုက်ဆံအိတ်ထဲမှာ ရေခွန်စာရွက်ရော၊ ပိုက်ဆံတွေပါ ပါသွားပုံရ၏။

'ပိုက်ဆံက များလို့လား၊ ပြန်ရှာဦးမလား'

'မများပါဘူး၊ ပြန်ရှာမနေတော့ဘူး၊ အခုလောက်ဆိုရင် တစ်ယောက်ယောက်တွေ့သွားပြီး ကောက်သွားလောက်ပြီ။ နောက်မှပဲ ပါးစပ်နဲ့ပြောပြီး လာဆောင်တော့မယ်'

'မဟုတ်တာ၊ ရောက်လက်စနဲ့ ဆောင်သွားပါ။ ကိုယ် စိုက်ဆောင်ပေးပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'အားနာစရာကြီး'

'မတွေ့ဖူး မမြင်ဖူးကြတဲ့ သူစိမ်းတွေမှ မဟုတ်ကြဘ ခင်လေးငယ်ရယ်'

နောက်ဆုံးတော့ သူပိုက်ဆံစိုက်ပြီး ရေခွန်ဆောင်ပေးခြင်း ကို ခင်လေးငယ် သဘောတူလိုက်၏။

'နင်းလို့ရတယ်ဆိုပေမယ့် ခင်လေးငယ်မနင်းနဲ့၊ ကိုယ် နင်းမယ်၊ နောက်ကပဲ ထိုင်စီးပေါ့၊ ကိုယ်တို့ ငါးလမ်း ဟိုဘက်ထိပ်မှာ စက်ဘီးပြင်ဆိုင်ရှိတယ်၊ တို့ဟူးကြော် ဆိုင်လေးလည်း ရှိတယ်။ တို့ဟူးကြော်စားရင်း စက်ဘီး ပြင်လိုက်တာပေါ့၊ အားလုံးပြီးတော့မှ ခင်လေးငယ် ဘာသာ ခင်လေးငယ်နင်းပြီး ပြန်ပေါ့၊ ဟုတ်ပြီလား'

သူကိုယ်သူ လူကြီးလုပ်ပြီး အမိန့်တွေ တသီကြီးပေး သည်။ ချစ်စဖွယ်မျက်နှာလေးဖြင့် ခင်လေးငယ် သဘောတူ ခေါင်းညိတ်ရှာသည်ပဲ။

* * *

'ရေခွန်ဆောင်ခရော၊ စက်ဘီးပြင်ခပါ မကဘူး၊ စား တို့ဟူးကြော်ဖိုးရယ်။ အိမ်အတွက် ပါဆယ်ယူသွား တွေကို အားလုံးပေါင်းပြီး ခင်လေးငယ် ပြန်ပေးမှာနော် ကိုမင်းလက်ျာ'

ကလေးဆန်သော စကားကြောင့် သူ ရယ်လိုက်၏။

'ဒီတိုင်းပြန်ဆပ်လို့ ဘယ်ရမလဲ ခင်လေးငယ်'

'ဘာဖြစ်လို့'





'အရင်းကြီးပဲ မဖြစ်ဘူးလေ၊ အတိုးပါပါမှ ဖြစ်တော့မှာပေါ့ ခင်လေးငယ်'

သူ နောက်လိုက်သည်ကို ခင်လေးငယ် သဘောပေါက် းပုံရသည်။

'အတိုင်းအရင်းပေါင်းပြီးဆပ်ဆိုလည်း ဆပ်ရတော့မှာပေါ့၊ ဒါမှ ရှေ့လျှောက်ခင်မင်ရမှာ လိပ်ပြာလုံမှာလေ'

'အကြွေးမရှိရင်လည်း ကိုယ်က မရရအောင် လိုက်ခင်မင်နေမှာပဲ ခင်လေးငယ်၊ ဒါနဲ့ ခင်လေးငယ်တို့ ဖုန်းနံပါတ်က…'

'ပြောလို့ ဘာမှမဖြစ်ပါဘူး၊ ဒါပေမဲ့ အိမ်ကိုတော့ ဖုန်းမဆက်နဲ့ ကိုမင်းလက်ျာ၊ အန်တီဝေက နားလည်ပေမယ့် အန်တီကြွေက စည်းကမ်းသိပ်ကြီးတာ၊ ယောကျာ်းလေးတွေမပြောနဲ့ ခင်လေးငယ်ရဲ့ မိန်းကလေးသူငယ်ချင်းတွေ ဆက်တာကိုတောင် သိပ်ကြိုက်ချင်တာ မဟုတ်ဘူး'

'အင်းလေ… အခုလို လူချင်းတွေ့ပြီး စကားပြောနေခွင့်တွေရနေမှတော့ တကူးတက ဖုန်းဆက်ဖို့ မလိုတော့ပါဘူး'

သွေးတိုးစမ်းလာသော စကားတွေဖြင့် အချင်းချင်း ကျီ ည်ဖြစ်ကြ၏။

'ကြည့်လည်း လုပ်ဦးနော်၊ တော်ကြာ သက်ဆိုင်သူတစ်ယောက်ယောက်နဲ့ သူ့ရှေ့မှာ ခင်လေးငယ် ရန်ဖြစ်နေရပါဦးမယ်'

'အဲ… ဘယ်လိုပြောမလဲ၊ အဲဒီလောက်အထိ မတွေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးငယ်၊ ကိုယ်က အဲဒီလို အစွမ်းအစရှိတဲ့ လူမျိုး မှာမပါဘူး'

ခင်လေးငယ်နှင့် စားရင်းသောက်ရင်း စိတ်ပျို့ကိုယ် သွားသလို ခံစားမိသည်။ ဒီလိုသာ မျက်နှာချင်းဆိုင်ပြီး နေ့တိုင်းလို တွေ့နေချင်သည်ပဲ။

သူထင်ထား၊ တွေးထားသည်ထက်ပင် အခြေအနေ အရမ်းကောင်းနေခဲ့ပြန်၏။

* * *

၅။

တနင်္လာနေ့မနက်ခင်းသည် ထူးထူးခြားခြား နှင်းတွေဝေ နေပြန်၏။ ခင်လေးငယ်နှင့် စတွေ့သည့် နံနက်ခင်းကလိုမျိုး င်းဝေနေခြင်းဖြစ်၏။ နှင်းတွေကြောင့် လူလုံးမကွဲတကွဲ ဖြစ်နေချိန် ာဝင် ကိုးလမ်းထိပ်သို့ သူရောက်သွားသည်။ အရင်ရက်များကလို ဲ့ကော်လမ်းတစ်လျှောက် လမ်းသလားနေစရာမလိုဘဲ ခင်လေး ယ်အလာကို ရပ်စောင့်နေဖြစ်သည်။

နှင်းကြားထဲမှာပင် သူ့ရှေ့သို့ ခင်လေးငယ် ရောက်လာ၏။

အဖြူရောင် ဝတ်စုံပေါ်တွင် အနက်ရောင်အနွေးထည်လေး ို ခင်လေးငယ် ဝတ်ဆင်ထား၏။

'စောစောစီးစီး အိမ်ထဲမှာ ကွေးမနေဘဲ လမ်းပေါ်ဘာလို့ ရောက်နေရတာလဲ ကိုမင်းလကျာ၊ ခင်လေးငယ်ဆိုရင် တော့ အိပ်ရာထဲမှာပဲကွေးနေမှာ သိလား'

အတူယှဉ်လျှောက်ရင်းကပင် ခင်လေးငယ် စကားဆ ိုး၏။





www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုကွေးနေလို့မရလို့ လမ်းပေါ်ရောက်နေတာပေါ့ ခင်လေးငယ်'

'အမြဲတမ်း လမ်းထလျှောက်တတ်တဲ့ အကျင့်ရှိလို့လား ကိုမင်းလကျ်ာ'

'အရင်တုန်းကတော့ တစ်ခါတစ်ရံသဘောမျိုး လမ်းလျှောက်ဖြစ်တာပါ၊ အခုကျတော့…'

စကားဆက်ပြောဖို့ ပြင်ဆဲမှာပင် အဖော်နှစ်ယောက်က အနားရောက်လာ၏။

'ဘယ်လိုလဲ ခင်လေးငယ်၊ ထူးထူးခြားခြားပါလား'

ပိန်ညက်ညက်ကောင်မလေး စကားကြောင့် သူ အနေကျုံ့သွားရသလို၊ ခင်လေးငယ်၏ မျက်နှာပေါ်မှာလည်း ရှက်ရိပ်သန်းသွား၏။ မျက်လုံးလှသော ကောင်မလေးကတော့ အရယ်ဖြင့်နေပြုရှာသည်။

'ငါးလမ်းထိပ်ရောက်ပြီလေ ကိုမင်းလကျ်ာ'

ဆက်မလိုက်စေချင်သော စကားဟု သူ သဘောပေါက်လိုက်၏။

'ဟုတ်ပါရဲ့၊ လျှောက်ကောင်းကောင်းနဲ့ ဆက်လျှောက်နေလိုက်တာ၊ ကိုယ်သွားမယ် ခင်လေးငယ်'

ပိန်ညက်ညက် ကောင်မလေးရော၊ မျက်လုံးလှသည့် ကောင်မလေးပါ အရင်ရက်တွေက အဖြစ်အပျက်ကို သိထားကြသည်ပဲ။

သူ့အကွယ်မှာတော့ သူနှင့်ပတ်သက်သည့်အကြောင်းကို ဒီကောင်မလေးတွေ မေးမှာ သေချာ၏။





ခင်လေးငယ်ကလည်း အားလုံးကို ပြောပြမှာ သေချာနေသည်ပဲ။

* * *

သူ့ဘဝ၏ အချိုးအကွေ့ကတော့ အိပ်မက်ဆန်နေသည်အားမသိ။ သူ့အတွက် စုပ်ရောလာဘ်ပါ ဝင်သည့်ကိန်းဟု ဗေဒင်သွားမေးက ဗေဒင်ဆရာတွေ ဟောကြမှာ သေချာနေသည်ပဲ။

အလုပ်ထဲရောက်သည်နှင့် သူ့အထက်အရာရှိက သူ့ကို ခေါ်တွေ့ပြီး သတင်းကောင်းတစ်ခု ပြော၏။

'ကိုမင်းလကျ်ာရေ၊ နိုင်ငံခြားကိုသွားရမယ့် သတင်းကောင်းရလာတယ်၊ လူကြီးတွေပြောစကားအရဆိုရင်တော့ ခင်ဗျားကို ဦးစားပေးရွေးရမလို ဖြစ်နေပြီ။ ပြင်စရာဆင်စရာတွေ ကြိုလုပ် ထားပေါ့၊ သွားဖြစ်ရင် သုံးလေးလအတွင်းမှာ သွားဖြစ်မှာနော်'

သူ့အတွက်ကတော့ အလုပ်ကိစ္စဖြင့် နိုင်ငံခြားသွားရမည်ဆိုသောသတင်းက အိပ်မက် မက်နေသလိုပင်။ နိုင်ငံခြားမသွားခင် ခင်လေးငယ်အား ဖွင့်ပြောဖြစ်ဖို့ သူ ကြိုးစားရမည်ဟု စိတ်ကူးရဦးဖြစ်သည်။

ညနေခင်း အိမ်ပြန်ရောက်ပြီး ရေမိုးချိုး ထမင်းစားပြီးသောအခါ လမ်းလျှောက်ချင်စိတ် ဖြစ်မိ၏။ မနက်ခင်းက တွေ့ခဲ့ရသော်လည်း မိနစ်ပိုင်းမျှသာ။ ခင်လေးငယ်အား တွေ့လိုတွေ့ငြားချင်သောစိတ်ဖြင့် ထွက်လာဖြစ်သည်။

စိတ်ထဲက ကြိုသိနေခြင်းဟု အံ့သြမိပြန်၏။ ကျော်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဗွာပင် ကိုးလမ်းထဲမှ ထွက်လာသော ခင်လေးငယ်နှင့် ဝိုးတဝါး ဆည်းဆာအောက်မှာ ဆုံဖြစ်ကြ၏။

'ဟော... ကိုမင်းလကျာ်ပါလား၊ ဘာလဲ လမ်းလျှော သက်သက်ပဲလား'

ခင်လေးငယ်နှင့်အတူ အန်တီဝေကိုပါ တွေ့လိုက်ရသည်။

'ဟုတ်တယ် အန်တီဝေ၊ ပျင်းတာနဲ့ လမ်းလျှောက်ထွက် လာတာ၊ အန်တီတို့ရော'

ခင်လေးငယ်က ဝင်ပြီးဖြေလိုက်၏။ သူနှင့်အတူ ကံ့ကော်လမ်းအတိုင်း အနောက်ပေါက်ဆီသို့ လျှောက်နေကြခြင်း ဖြစ်၏။

'ဟိုးကွင်းထဲမှာရှိတဲ့ ဘုရားလေးဆီသွားမလို့လေ၊ အန်တီ ဝေ အမိဋ္ဌာန်ပုတီးသွားစိပ်မှာ၊ ခင်လေးငယ်က အဖော် လိုက်ခဲ့ပေးတာ'

ဒီနားတစ်ဝိုက်မှာ ဘုရားရှိတာကို သူ တကယ်မသိပေ။ အန်တီဝေက လိုလိုချင်ချင် လိုက်ခဲ့ဖို့ ခေါ်နေပြန်၏။

'ဘုရားလေးကို ရောက်ဖူးလား မောင်မင်းလကျာ်'

'မရောက်ဖူးဘူး အန်တီဝေ၊ ဒီမှာနေဖြစ်တာ လပိုင်း ရှိသေးတော့ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ မသိသေးဘူး အန်တီဝေ'

'ဒါဆိုရင် ရောက်ဖူးတယ်ရှိအောင် အန်တီဝေတို့နဲ့ အတူ လိုက်ခဲ့ပါလား၊ အချိန်ရတယ် မဟုတ်လား မောင်မင်း လကျာ်'

ရေတံတွန်း ရေတွင်းထဲကျရှာသော သူ့အဖို့တော့ အချိ





သိပ်ရတာပေါ့၊ ခင်လေးငယ်ကတော့ 'သိပ်သိတာပေါ့'ဆိုသော မျက်လုံးဖြင့် စကားလှမ်းပြောနေ၏။

* * *

ဥယျာဉ်မြို့တော် တိုက်တန်းတွေက နောက်ဆီမှာ ကျန်ခဲ့ ၏။ ကွန်ကရစ်လမ်းတစ်လျှောက် ကွင်းထဲသို့ လျှောက်လာဖြစ်ကြ ၏။ နှင်းအကျ သည်ကွင်းထဲရောက်မှ သိသာနေ၏။ မီးရောင် သည် မလင်းတလင်း။

'ဘုရားလေးက ရှေးဘုရားဖြစ်မယ်၊ အရင်တုန်းက ကုန်း မြင့်ကမူ အုတ်ပုံလေးတဲ့၊ ဒီကလူတွေရောက်မှ စေတီ သေးသေး တည်လိုက်ကြတာ။ အရင်တုန်းကတော့ ဒီ ကမူလေးမှာ ကျွဲကျောင်း၊ နွားကျောင်းရင်း ချည်တိုင်လုပ် ကြတာတဲ့။ လူတွေပြောကြဆိုကြတာတော့ ဒီစေတီက နှစ်ရာဆောင်ချီပြီ ပြောတယ်၊ ကျိုက်ခေါက်စေတီလောက် ရှိခဲ့ဖူးတယ်လို့ ပြောကြတယ်၊ ထူးခြားတာက ကွင်းထီး ထီးမှာ ဗောဓိညောင်ပင်ရှိနေတာရယ်၊ ပြီးတော့ ရွှေတာ စံပယ်ချုံကြီးကနေ အနွယ်ဖြစ်ပြီး နဂါးနှစ်ကောင်ခွေသလို ဖြစ်နေတာတွေကို ဟိုရောက်ရင် မင်း တွေ့လိမ့်မယ်'

သူတို့သွားဖူးနေသည့် စေတီသေးသေးလေး၏ နောက်ခံ သမိုင်းပါးစပ်ရာဇဝင်ကို အန်တီဝေ ပြောပြ၏။

ရှမ်းရော်ပြီး သူ ကြည့်သော်လည်း ထင်ထင်ရှားရှား တွေ့ရပေ။ သံလျှင်ဘက်ကမ်းဆီမှ မီးရောင်ပျပျများကိုသာ တွေ့နေရ၏။



www.burmeseclassic.com

www.burmeseclassic.com





တစ်တောစ်စနီးလာတော့ ဆီမီးများ ပူဇော်ထားသော ကုန်း... တနေလေးကို တွေ့ရသည်။ စေတီက တကယ့်ကို သေးသေးလေး...

ကုန်းတော်ကလည်း ခပ်ကျဉ်းကျဉ်းပင်။ ဗောဓိညောင်ပင်... က စေတီလေးကို အုပ်မိုးထားတော့သယောင်။

'ကဲ... ခင်လေးငယ်နဲ့ စကားပြောပြီး စောင့်ပေတော့ မောင်မင်းလကျ်ာ၊ အန်တီဝေတော့ ပုတီးစိပ်လိုက်ဦးမယ်'

သုံးဦးသားယှဉ်ပြီး ဦးချပြီးသောအခါ အန်တီဝေ ပြော... လိုက်သည်။ ကွင်းပြင်တစ်ကြောမှာတော့ မှောင်အတိပြီးနေ... ကောင်းကင်မှာလည်း ဦးချပြီးသောအခါ အန်တီဝေ ပြောလိုက်... သည်။ ကွင်းပြင်တစ်ကြောမှာတော့ အမှောင်အတိပြီးနေ... ကောင်းကင်မှာလည်း အလင်းရောင်မရှိ။ မီးပူဇော်ထားသော... အလင်းရောင်သာ ရှိ၏။

ရင်ပြင်တော်ပေါ်မှ မဆင်းသေးဘဲ လကျ်ာရစ်ပူဇော်... သည်။

'ဒီနေရာလာရပ်နေပြီး အဝေးကို မျှော်ကြည့်ပါဦး ကိုမင်း... လကျ်ာ'

ရင်ပြင်ကျဉ်းကျဉ်း၏ အရှေ့မြောက်နေရာလောက်တွင်... ခင်လေးငယ် ပြော၏။ သူကလည်း မျှော်ကြည့်မိသည်။

'ဘာအတွက် ကြည့်ရမှာလဲ ခင်လေးငယ်'

'အရှေ့ဘက်တည့်တည့်မှာ တွေ့လား၊ ရွှေတိဂုံဘုရား... ပြီးရင် တောင်ဘက်ကို ကြည့်လိုက်၊ ကျိုက်ခေါက်ဘုရား... ကို မြင်နေရတယ်။ ဒီနေရာလေးကနေကြည့်ရင် ဒီဘုရား... လေးက ကျိုက်ခေါက်နဲ့ ရွှေတိဂုံကို ထောင့်မှန်တြိဂံကျ... တည်ထားသလိုမျိုး ဖြစ်မနေဘူးလား'

ခင်လေးငယ်ပြောမှ သေသေချာချာကြည့်ဖြစ်၏။ အဝေး...သို့ ပျပျလှမ်းမြင်ရသော်လည်း ရွှေတိဂုံစေတီနှင့် ကျိုက်ခေါက်...တီကို ခပ်ရေးရေးကြားမှပင် ဗီဗီသသ ဖူးတွေ့ရ၏။

'ဟုတ်တယ်နော် ခင်လေးငယ်၊ ဒီနေရာကနေပြီး ရွှေတိဂုံနဲ့ ကျိုက်ခေါက်ဘုရားကို လှမ်းအာရုံပြုမိတာနဲ့ ကိုယ့်ရင်ထဲမှာ ကြည်နူးသလိုလို ဝမ်းနည်းသလိုလို ဖြစ်သွားမိတယ်'

'ဒါဆိုရင်တော့ သိုက်ဆက်တွေ ဘာတွေရှိနေပြီထင်တယ်နော် ကိုမင်းလကျ်ာ၊ ဒီနွယ်ကနေ နဂါးနှစ်ကောင်ပုံ ဖြစ်နေတာတွေလား၊ ဒီဘုရားမှာ သိုက်ရှိတယ်၊ အစောင့်ရှိတယ်လို့ လူတွေယုံကြည်နေကြတယ်နော်။ ပြီးတော့လေ ဒီဘုရားလေးက ဆုတောင်းလည်းပြည့်တယ်၊ သေသေချာချာ ဆုမတောင်းရသေးဘူးဆိုရင် ပြန်ခါနီးမှာ တစ်ခေါက်ဆုတောင်းဦးနော်'

ရင်ပြင်တော်ပေါ်မှ ဆင်းပြီး မြေပြင်ပေါ်မှာ အတူထိုင်ဖြစ်...၏။ သူတို့နှစ်ယောက်စလုံး သံလျင်ဘက်ဆီသို့ မျက်နှာမူထား...ကြ၏။

'ခင်လေးငယ်ရော ဘာဆုတွေတောင်းလဲ'

'ဘာလို့ပြောရမှာလဲ၊ ကိုယ့်ကိုယ်ရေး ကိုယ်တာပဲဥစ္စာ၊ မပြောပါဘူး'

အခွင့်ကြုံသည်မို့ သူ စကားအစ်ကြည့်လိုက်သည်။

'ကိုယ်အတွက်ကတော့ ဆုတောင်းပြည့်တယ်ဆိုပေမယ့်





www.burmeseclassic.com

www.burmeseclassic.com



ရာသက်ပန် အတူပေါင်းရပါစေဆိုတဲ့ဆုမျိုး တောင်းဖြစ်မှာ မဟုတ်သေးဘူး၊ နိုင်ငံခြားသွားရမယ်လို့ သတင်းတစ်ခုခု ရထားတာနဲ့ သွားဖြစ်ပါစေလို့ပဲ စောစောကတည်းက ဆုတောင်းဖြစ်တယ်၊ ခင်လေးငယ်ကတော့ ရာသက်ပန် ပေါင်းရပါစေဆိုတဲ့ဆုမျိုး တောင်းရင် တောင်းမှာပေါ့နော်'

'အဲဒီဆုမျိုး မဟုတ်ဘူး၊ ဘဝမှာ သူတစ်ပါးရဲ့ ပစ်ပယ်ခြင်းကို ချစ်ရက်နဲ့ဖြစ်စေ မုန်းလို့ဖြစ်စေ မခံရပါစေနဲ့လို့ပဲ ဆုတောင်းဖြစ်တာ'

မပြောဘူးဆိုပြီး တောင်းသည့်ဆုကို ခင်လေးငယ် ပြော လေပြီ။ ခင်လေးငယ်စကားကြောင့် တစ်ဝက် ဝမ်းသာသွားဖြ သည်။ မသိလိုက်ဘာသာနေရင်း စကားလမ်းကြောင်းပြောင်းမိ

'နေဦး ခင်လေးငယ်၊ ခုနပြောခဲ့တဲ့ဟာတွေအပြင် ဒီနား တစ်ဝိုက်မှာ ဘာတွေများ ထူးထူးခြားခြား ထပ်ရှိသေး တုန်း'

'ဒီမှာတွေ့လား၊ ဒီအုတ်ချပ်က ဒီဘုရားနားက အုတ်ပဲ ရှေးလက်ရာအုတ်မျိုး၊ ဒီလိုအုတ်မျိုးတွေ တော်တော်မျ များ နေရာအနှံ့မှာရှိတယ်၊ လင်းလင်းရှင်းရှင်းမို့ လိုက်ပြ တာ၊ ဟောဟိုနား မြောင်းစပ်မှာ မြေကြီးထဲနစ်နေတဲ့ ဂဝံအုတ်တံတိုင်းတွေ ဒီလိုမျိုး အုတ်တံတိုင်းတွေရှိတယ် ဒါတွေကြောင့် ရှေးနှစ်ပေါင်းများစွာက ရှိခဲ့တဲ့ ခေတ် ပျက်လို့ လူတွေယူဆကြတာလေ'

'ဆက်စပ်တွေးရင်တော့ ဖြစ်နိုင်တယ်၊ ဒီနေရာ ဒီဒေ





ကလည်း အတိတ်ရာဇဝင်မှာ အထင်ကရ ဖြစ်ခဲ့တာပဲ၊ တွေးမိသမျှ ပြောရရင် ပါးစပ်ရာဇဝင်လို နားထောင်ကောင်းခဲ့တဲ့ မင်းနန္ဒာနဲ့ ရှင်မွေ့နွန်းဇာတ်ကလည်း ရှိသေးတယ်၊ တကယ့်သမိုင်းမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်လည်း ရှိတယ်၊ တောင်ငူကောင်းစားစဉ်တုန်းက သံလျင်ဟာ တထီးတနန်းပဲ။ အင်္ဂလိပ်တွေထက်စောပြီး သံလျင်ဟာ ပေါ်တူဂီလက်အောက်ကို ကျရောက်ခဲ့ရတာမဟုတ်လား၊ ဟိုတစ်ချိန်က အရေးပါတဲ့ ပင်လယ်ဆိပ်ကမ်းမြို့ပဲ စာဆို နတ်ရှင်နောင်လည်း ဒီနယ်မြေမှာ အသက်စတေးခံခဲ့ရတာ မဟုတ်လား'

စဉ်းစားလို့ရသမျှတွေကို ဆက်စပ်ပြီး ပြောပြသောအခါ လေးငယ်တစ်ယောက်လိုပင် ခင်လေးငယ် ငြိမ်ပြီး နားထောင် ပြန်၏။

ဒီလို ဆက်ဆံရေးမျိုးနှင့် ရှေ့ဆက်သွားပါက သိပ်မကြာ သောအချိန်မှာ သူနှင့် ခင်လေးငယ်တို့ ချစ်သူတွေဖြစ်လာကြလိမ့် ပြီဟု သူ ရဲရဲ ယုံကြည်မိပြန်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

၆။

ခင်လေးငယ်တို့နှင့် လမ်းခွဲပြီး အိမ်ပြန်တော့ ခုနစ်နာ
ခွဲခါနီးနေပြီ ဖြစ်သည်။ လှေကားသို့ အတက်မှာပင် ကိုဝင်းကိုနှ
တည့်တည့်တိုးသည်။

'ဟာ… ကိုမင်းလကျ်ာ၊ ဧည့်သည်တွေ ခင်ဗျားက
စောင့်နေကြတယ်၊ အခန်းရှေ့မှာ စောင့်နေတာတွေလ
ကျွန်တော့်အိမ်မှာ ခေါ်ထားရတယ်'

ကိုဝင်းကို စကားကြောင့်ပင် စဉ်းစားရကျပ်သွား
ဒီအချိန်ကြီး သူ့ဆီ တကူးတကလာသည့်ဧည့်သည်မှာ…။

'ဘယ်သူတွေပြောလဲ ကိုဝင်းကို'

'ကိုမင်းလကျ်ာရဲ့ ညီမတွေလို့ ပြောတယ်'

သူ့ညီမလေး မြင့်မြတ်မင်းက ဘယ်သို့သော အကြောင်
ကြောင့် ညကြီးမင်းကြီး ရောက်လာသည် မပြောတတ်ပေ။ မိ
တွေ ရုတ်တရက် နာမကျန်းဖြစ်ရင်လည်း ဖုန်းလှမ်းဆက်လို့
သားပဲဟု တွေးလိုက်၏။





မြင့်မြတ်မင်း ရောက်လာတော့ ပြဿနာတစ်ခုခုရှိတာ
သေချာနေ၏။

'အစ်ကိုလေး'

မြင့်မြတ်မင်း တစ်ယောက်တည်းမဟုတ်။ မြင့်မြတ်မင်း
နှင့် သူငယ်ချင်းလိုလို ဘာလိုလိုဖြစ်နေသည့် မျိုးကိုဆိုသော ကောင်
လေးပါ တွေ့လိုက်ရသည်။

'ကျေးဇူးပါပဲ မချိုမာရယ်၊ ကျွန်တော် ဒီနားပဲနား လမ်း
လျှောက်ထွက်ရင်းကနေ ဘုရားလေးဆီ ရောက်သွားကြ
လို့ ကြာသွားတာ'

'ဒီက ညီမတွေရောက်နေတာ တစ်နာရီလောက်တော့
ရှိမယ် ကိုမင်းလကျ်ာ၊ သူတို့က ဒီညပြန်မှလာပါ့မလား
လို့ စိတ်ပူနေကြတာ'

မြင့်မြတ်မင်းတို့ကိုခေါ်ပြီး သူ့အခန်းသို့ ပြန်ဆင်းရသည်။
မြင့်မြတ်မင်းရော မျိုးကိုပါ ကြောက်ရွံ့ခြင်း၊ ထုန်လှုပ်ခြင်းတွေ
ဖြစ်နေကြသည်ကို သတိထားမိ၏။ လူငယ်ချင်း ပြဿနာဖြစ်တာပဲ
နေမှာဟု သူ သဘောပေါက်လိုက်သည်။

'ကဲ… ဘာတွေဖြစ်ကြလို့ ဒီနေရာအထိ ရောက်လာရ
တာလဲ မြင့်မြတ်မင်း'

ညီမလေးကို သူချစ်သည်။ ပြီးတော့ သူ့က အိမ်မှာ
တွေးတွေးဆဆနှင့် အေးအေးဆေးဆေး အမြဲဆုံးဖြတ်တတ်သူတစ်
ယောက်။ အစ်ကိုကြီးနှင့် ဖေဖေတို့ကတော့ ဟောဟောဒိုင်းဒိုင်း
သမားများ ဖြစ်ကြသည်။

သူမေးလိုက်ခါမှ မြင့်မြတ်မင်းက ရှိုက်ကြီးတငင် ငိုတော့



www.burmeseclassic.com

www.burmeseclassic.com



၏။

'ဘာဖြစ်လို့ ငိုရတာတုန်း၊ ဘာဖြစ်ခဲ့တယ်ဆိုတာကို သိအောင် ပြောဦးလေ'

'ဒီလိုပါ အစ်ကို၊ အစ်ကိုသတ်ရင်လည်း ကျွန်တော်ခံရုံပါပဲ။ ဒီအပြစ်တွေအားလုံးက ကျွန်တော့်ကြောင့်ဖြစ်တာပါ၊ ရုပ်ရှင်အတူကြည့်ချင်လို့ ကျွန်တော် ပူဆာလွန်းလို့ မြင့်မြတ်မင်းက လိုက်လျောခဲ့တာပါ'

သူကလည်း ငယ်ရာက ကြီးလာသူ။ မျိုးကိုမိဘတွေကတော့ အသင့်အတင့် တောင့်တင်းကြသူများဟု သူ သိထားသည်။ မျိုးကိုနှင့် ဘာလိုလိုဖြစ်နေတာကို အစ်ကိုကြီးနှင့် ဖေဖေတို့က သဘောမကျချင်။ မြင့်မြတ်မင်းကို ကလေးလေးဟုပဲ သဘောထားချင်နေကြ၏။

'ဆက်ပြောပါဦး'

'ရုပ်ရှင်က အချိန်စောသေးတာနဲ့ ပန်းခြံသွားမိတယ်။ လမ်းမှာ ကိုမင်းနောင်နဲ့ တည့်တည့်တိုးသွားတယ်။ မြင့်မြတ်မင်းက ကြောက်တာနဲ့ အိမ်မပြန်ရဲဘူး ဖြစ်နေတာ။ နောက်ဆုံး ကျွန်တော် တို့နှစ်ယောက်တိုင်ပင်ပြီး အစ်ကို့အကူအညီ တောင်းရတာပါပဲ။ ဖုန်းဆက်ခေါ်ပေမယ့် မကိုင်လို့ ရောက်လာကြရတာပါ'

'မင်းတို့တွေကတော့ လုပ်လိုက်ရင် အသည်းအသန်တွေချည်းပဲ၊ မြင့်မြတ်မင်းကလည်း အကြောက်လွန်နေတယ်။ ကိုယ်လုပ်ရဲရင် ကိုယ်ခံရဲရမှာပေါ့၊ အခုဆို အချိန်တွေ အရမ်းလွန်နေပြီ။ အိမ်ကလူတွေ ဘယ်လောက်စိတ်

ပြီး ဘာတွေလျှောက်တွေးနေကြမယ်ဆိုတာကို တွေးမိရဲ့လား'

'ဟုတ်ပါတယ် အစ်ကိုလေး၊ ညီမလေး အမှားပါ။ နောက် ဒီလိုမဖြစ်စေရပါဘူး။ ညီမလေးကို အိမ်ပြန်ပို့ပေးပါနော်'

'ကျွန်တော်တို့နှစ်ယောက် ရင်းနှီးပြီး သံယောဇဉ်ဖြစ်တယ်ဆိုပေမယ့် အခုလိုကိစ္စမျိုးနဲ့တော့ ဘဝတစ်ခု မဖြစ်ချင်သေးဘူး အစ်ကို။ နောက်ဆိုရင် ဒီလိုမျိုးမဖြစ်အောင် ကျွန်တော်ကိုယ်တိုင် ဆင်ခြင်ပါ့မယ်လို့ ကတိပေးပါတယ်'

ညီမလေးတို့နှစ်ယောက်အဖြစ်ကို ကြည့်ပြီး သက်ပြင်းချမိသည်။ ဖြစ်လေ့ဖြစ်ထရှိသည့် သဘာဝကို သူ နားလည်သည်။ ဒီလိုနေရာမျိုးမှာ အကိုင်အတွယ်မတတ်ရင် ဒီကလေးတွေ ဘက တုံးသွားနိုင်၏။

'အခုလုပ်ရပ်က မင်းတို့ဘဝအတွက် အကြီးမားဆုံး သင်ခန်းစာတစ်ခုပဲလို့ မှတ်လိုက်ပေါ့၊ ဒီတစ်ခါတော့ ငါ ကူညီပေးမယ်၊ အခုပဲ ငါ အိမ်ကို လှမ်းဖုန်းဆက်လိုက်မယ်'

ညရှစ်နာရီထိုးပေပြီ။ ညနက်လာလေ၊ သူတို့မိဘတွေရော ကို၏မိဘတွေပါ တစ်ဆုံးတွေးကြတော့မှာသေချာ၏။ ဒီသတင်း အိမ်ကလူတွေ ဖုံးဖုံးဖိဖိမှ လုပ်ကြရဲ့လား မသိပေ။

တစ်ဆင့်ခေါ်ဖုန်းမို့ ခဏစောင့်ရသည်။ ဖေဖေ့ကို မခေါ် အစ်ကိုကြီးတိုသာ လှမ်းခေါ်ခိုင်းရသည်။ ညီအစ်ကိုချင်း




အိပ်မက်နှင်းစာပေနှင့် အနုပညာ

www.burmeseclassic.com



ပထမဆုံး ဆွေးနွေးရတာက ပိုကောင်းမည်ဖြစ်၏။

* * *

'ဟဲလို ပြောပါ၊ ကျွန်တော် မင်းနောင်ပါ'

အစ်ကိုကြီး၏ အသံကို နားထောင်လိုက်ကတည်းက ဆောက်တည်ရာမရ ဖြစ်နေသည်ကို လူမတွေ့ရဘဲ သိလိုက်၏

'အစ်ကိုကြီး ကျွန်တော်ပါ'

'မင်းလကျာ၊ မင်းဘယ်က ဆက်တာလဲ၊ ဒီမှာ မိုးမ တောက်နေပြီ၊ မင်းညီမနဲ့ ဟိုကောင်ကို မြို့ထဲမှာတွေ့ တယ်၊ အခုထိ အိမ်ပြန်မရောက်သေးဘူး၊ ဟိုကောင် လည်း အိမ်မှာရှိမနေဘူး မင်းလကျာ'

'အစ်ကိုကြီး၊ မျိုးကိုအိမ်ကို မေးလားစမ်းလား လုပ်သေ လား၊ ပြီးတော့ အနီးပတ်ဝန်းကျင်မှာရော ဒီကိုစ ပြန့်နေပြီလား'

'မေမေကတော့ ငိုနေတာပဲ၊ ငါနဲ့ဖေဖေကတော့ သူ တွေ့ရင် သတ်ပစ်ချင်လောက်အောင် ဒေါသဖြစ်နေ တာ မင်းလကျာ'

ဒီပွဲကို ဒူဝင်မပါဘဲ ဆက်လွှတ်ပေးထားရင်တော့ မဖြ သင့် မဖြစ်ထိုက်ဘဲ လမ်းမှားတစ်ခုကို တွန်းပို့သလို ဖြစ်တော မည်။

'အစ်ကိုကြီးတို့ ဘာမှ သေသေချာချာ မတွေးဘဲ ဒေါ တွေချည်းပဲ ဖြစ်နေရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်လိ မယ်၊ စိတ်အေးအေးထားပြီး စဉ်းစားပါဦး'





'ဟာ… နှမ လင်နောက်လိုက်သွားတာလေ၊ မင်းနှမ ငါ့နှမတစ်ယောက်လုံး ခိုးရာလိုက်ပြေးသွားတာကွ၊ ဘာလဲ ငါတို့က ဒေါသမထွက်ဘဲ ဝမ်းသာနေရမှာလား'

ဖုန်းထဲမှာ ပြောရင်းကပင် အစ်ကိုကြီး ဒေါတွေကြီးနေ၏။ ညီမကိုချစ်သောစိတ်ကိုတော့ သူ အပြစ်မပြောလို။

'အစ်ကိုကြီး တွေးတာ မှားနေရင်ရော'

'မမှားဘူး၊ သူတို့နှစ်ယောက်ကို ငါမြင်ခဲ့တယ်၊ အခု လည်း နှစ်ယောက်စလုံးပျောက်နေတယ်'

'မဟုတ်သေးဘူး အစ်ကိုကြီး၊ မြင့်မြတ်မင်း ဘယ်မှ မသွားဘူး။ သူတို့ လည်တာပတ်တာကို အစ်ကိုကြီး တွေ့သွားလို့ အိမ်မပြန်ရဲ ဖြစ်နေတာပါ'

'ဟေ… ဟုတ်လား၊ ဘာပဲပြောပြော ဒီကလေးမမှာ အပြစ်ရှိတယ်'

'အစ်ကိုကြီးရယ်၊ အစ်ကိုကြီးလည်း ငယ်ရာကနေ ကြီး လာတာပဲ၊ ခေါင်းအေးအေးထားပြီး ဖြေရှင်းလို့ရပါတယ်၊ ညီမလေးကလည်း ပြောမရဆိုမရဖြစ်နေအောင် မိုက်နေ တာလည်း မဟုတ်ပါဘူး'

အစ်ကိုကြီးဘက်က စကားသံ ထွက်မလာတော့ပေ။

'အစ်ကိုကြီး အိမ်ပြန်တော့၊ ဖေဖေနဲ့ မေမေတို့တိုလည်း စိတ်မပူဖို့ အေးအေးဆေးဆေး ရှင်းပြလိုက်ဦး၊ မြင့်မြတ် မင်းကိုခေါ်ပြီး ကျွန်တော် အိမ်ပြန်ခဲ့မယ်၊ နေဦး အစ်ကို ကြီး၊ အစ်ကိုကြီးရော ဖေဖေပါ မြင့်မြတ်မင်းကို ဆက် ဖျားနဲ့တောင် မထိပါနဲ့နော်၊ ဒီတစ်ခါ ခွင့်လွှတ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ'

'အေး'

ပြဿနာ ပြေလည်သွားမှ သက်ပြင်းရှဲရှဲချရဲတော့
မြင့်မြတ်မင်းနှင့် မျိုးကိုတို့ကတော့ မျက်နှာငယ်
တွေနှင့်....

'မင်း အိမ်ပြန်လို့ဖြစ်တယ် မဟုတ်လား မျိုးကို'

'ဖြစ်ပါတယ်၊ တစ်ခုခု အကြောင်းပြပြီး အဆူခံလိုက်
ပြီးပါတယ်'

'ကောင်းပြီ၊ မင်းကို ငါတစ်ခုပြောမယ် မျိုးကို၊ မြင့်မြ
မင်းကို တကယ်ချစ်တာ ဟုတ်လား'

မြင့်မြတ်မင်းက ခေါင်းငုံ့နေ၏။ မျိုးကိုကတော့ ဖြေ
မေးခံလိုက်ရတော့ ကြက်သေ သေသွား၏။

'သူ့နှမ ကိုယ့်နှမရှိကြတာပဲ မျိုးကို၊ ငါမေးတာ
ဖြေပါ'

'ဟုတ်ကဲ့'

'မြင့်မြတ်မင်းကို မင်း တကယ်ချစ်ရင် နောက်တင်
ဒီလိုပြဿနာမျိုးမဖြစ်အောင် ဆင်ခြင်ပေါ့ကွာ၊ မင်းတို့
ယ်ပါသေးတယ်'

'ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော် ကတိပေးပါတယ်'

'မင်းတို့ ခဏစောင့်နေကြဦး၊ မနက် ရုံးတက်ဖို့ အ
အစားတွေ ထည့်လိုက်ဦးမယ်'

ဒီည မြင့်မြတ်မင်းတို့နှင့် အိမ်ပြန်ဖြစ်ပါက ပြန်ရော
လာစရာ အကြောင်းမရှိတော့ပေ။ မနက်ကျရင် ဟိုကနေပဲ ရုံးတ





တက်မှ ဖြစ်တော့မည်ပဲ။ မနက်ဖြန် တစ်မနက်ခင်းတော့ ခင်လေး
ယ်နှင့် လွဲရဦးမည်လေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

၇။

ညီမလေး မြင့်မြတ်မင်းကိုစွ ပြေလည်အေးငြိမ်းသွား
သူ ကြားဝင်ထိန်းသိမ်းနိုင်မှုကြောင့် မဖြစ်သင့်တာတွေမှာ လ
မတင်လေး လွတ်မြောက်သွားခဲ့၏။ သူ အမြဲတမ်းနေခဲ့သေ
အိမ်ဖြစ်သော်လည်း သူ့အတွက် သီးသန့်နေရာမရှိတော့သမို့ အိ
ရဝတာ တော်တော်နှင့် မပျော်ခဲ့ပေ။

မနက်လင်း အိပ်ရာထတော့ ခုနစ်နာရီခွဲနေပြီ။ ခင်လေ
ငယ်ကို သွားတွေ့ဖို့ကလည်း မဖြစ်နိုင်တော့ပေ။ ပြင်ဆင်ပြီး ရုံး
မီအောင် ထွက်ခဲ့ရ၏။ ရုံးရောက်တော့လည်း နိုင်ငံရပ်ခြားကုမ္ပ
ကိစ္စတွေနှင့် တစ်နေ့လုံး မအားလပ်။ နေ့လယ်စာကိုပင် နေ့ခ
နှစ်နာရီမှ စားရသည်။

အလုပ်ရှုပ်နေသည်မို့ သူ အပေါအဝင် အားလုံးရုံးဆ
ချိန် နောက်ကျခဲ့ရသည်။ သူ အခန်းပြန်ရောက်တော့ မှောင်စ
ပျိုးနေပြီဖြစ်၏။





ရေမိုးချိုးပြီး အခန်းမှာ အသင့်ရှိသည့် ခေါက်ဆွဲခြောက်
ည်ကို ဆာဆာနှင့်စားလိုက်ပြီး မှေးချင်စိတ် ဖြစ်သွား၏။ အပြင်
ွက် လမ်းမသလားနိုင်တော့ဘဲ အိပ်ပျော်သွား၏။

ဖုန်းခေါ်သံသည် သူ့ကို လန့်နိုးလိုက်သလိုပင်။ နာရီ
ကို လှမ်းကြည့်လိုက်တော့ ညရှစ်နာရီထိုးနေပြီ။ အိပ်ချင်မူးတူးနှင့်
ပင် ဖုန်းကို ကောက်ကိုင်လိုက်၏။

'ဟဲလို ပြောပါခင်ဗျာ'

သူက အသံပြုသော်လည်း တစ်ဖက်လူက စကားသံ
ချက်ချင်း ထွက်မလာပေ။ အသက်ရှူသံသဲ့သဲ့ကို ကြားရပြီးမှ…

'ကိုမင်းလက်ျာတို့အိမ်က ဟုတ်ပါတယ်နော်'

ကြားလိုက်ရသော အသံကြောင့်ပင် အိပ်ချင်စိတ်တို့
ပျောက်ဆုံးသွားရသည်။ ဒါ ခင်လေးငယ်ရဲ့အသံပဲ။

'ဟုတ်တယ် ခင်လေးငယ်၊ ကိုယ် မင်းလက်ျာပါ'

'ခင်လေးငယ်ရဲ့အသံကို ချက်ချင်း တန်းမှတ်မိသားပဲ၊
ဖုန်းထဲမှာ အသံတစ်မျိုးဖြစ်နေလို့။ ဖုန်းများမှားသွားပြီ
လားဆိုပြီး စဉ်းစားနေတာ'

အိမ်ခဏပြန်သောကြောင့် တစ်မနက်ခင်း မဆုံဖြစ်ပေ။
ဆိုက်တသိ ဖုန်းဆက်ရှာသော ခင်လေးငယ်အား ကျေးဇူးတင်မိ
၏။

'ဟုတ်တယ်၊ ကိုယ့်အသံက ဖုန်းထဲမှာတစ်မျိုးဖြစ်လေ့
ရှိတယ်၊ အိမ်ကဆက်တာလား ခင်လေးငယ်'

'အခုအချိန်ကျမှ အိမ်ကမဆက်လို့ ဘယ်ကနေ ခင်လေး
ငယ်က ဆက်ရမှာလဲ၊ ဘာလဲ မနက်က အိပ်ရာထ



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျသွားလို့ လမ်းမလျှောက်ဖြစ်တာလား'

သူကလည်း တစ်မနက်ခင်း မဆုံဖြစ်သည့်အကြောင်း

ပြောပြချင်သည်မို့ အတော်ဖြစ်သွား၏။

'မဟုတ်ဘူး ခင်လေးငယ်၊ မနေ့ညက ဘုရားလေး
ပြန်လာပြီး အိမ်ကို အရေးတကြီးပြန်စရာရှိတာနဲ့ ပြန်သွား
ဖြစ်တာလေ၊ အင်းစိန်အိမ်မှာ ညအိပ်လိုက်ရပြီး အဲဒီက
ရုံးတက်ဖြစ်လို့ လမ်းမလျှောက်ဖြစ်တာ၊ ဒီနေ့ အလု
က ပြန်လာတာလည်း မိုးချုပ်တယ်'

'ဟုတ်လား၊ ဒီနေ့ ခင်လေးငယ်တို့တောင် ဘုရားလေ
ကို ထပ်သွားကြသေးတယ်၊ အန်တီကြွေက သွားချင်လို့
အန်တီဝေနဲ့ ခင်လေးငယ်တို့ အဖော်လိုက်ပေးရတာလေ
ကိုမင်းလကျ်ာနဲ့များ ဆုံမလားဆိုပြီး ခင်လေးငယ်တောင်
မျှော်နေဖြစ်သေးတယ်'

'မသိလို့၊ ခင်လေးငယ်တို့သွားမှန်းသိရင် အလုပ်က ပြ
လာလာချင်း လမ်းထွက်လျှောက်ပါတယ်'

အမောပြေ အိပ်ပစ်လိုက်သည့်အတွက် နောင်တဖြစ်
သည်။ ခင်လေးငယ်က သူ့ကို မျှော်နေသည်တဲ့။

'အန်တီကြွေပါနေတော့ မဆုံဖြစ်တာ တစ်မျိုးကောင်းပါ
တယ်၊ အန်တီကြွေက အန်တီဝေလို မဟုတ်ဘူး၊ အရှင်း
ဂျိဂျချောင်ကျတာ'

'အခုရော သူတို့တွေ အိပ်နေပြီလား ခင်လေးငယ်'

'အန်တီကြွေတော့ ဘုရားရှိခိုးနေတယ်။ အန်တီဝေက
တော့ တီဗီကြည့်နေတယ်၊ ကိုမင်းလကျ်ာကို အပူကာ





မလို့ သတိရပြီး ဖုန်းလှမ်းဆက်လိုက်တာ၊ ကူညီနိုင်ပါ့
မလား မသိဘူး'

ခင်လေးငယ်အတွက်ဆိုရင်တော့ ဘာပဲဖြစ်ဖြစ် ကူညီဖို့
အသင့်ရှိနေသူပင်။ အကြောင်းကိစ္စကို မေးလိုက်မိသည်။

'ရတယ် ခင်လေးငယ်၊ ဘယ်လို အကူအညီမျိုးလဲ'

'ဒီနေ့ မန့်ယူနဲ့ အာစင်နယ်ပွဲရှိတယ်လေ၊ ခင်လေးငယ်
က မန့်ယူပရိသတ်လေ၊ ကိုမင်းလကျ်ာကရော ဘယ်သူ့
ပရိသတ်လဲ'

ခင်လေးငယ်ပြောသော ဘောလုံးအသင်းများကို သူများ
ပြောတာတွေပြောလို့ ကြားဖူးနားဝပဲ ရှိထား၏။ ဘောလုံးပွဲကို
စိတ်ဝင်စားမှုမပါသူမို့ ဘယ်အသင်းကိုမှ အသည်းစွဲမဖြစ်ပေ။ ချော်လဲ
ရောထိုင်ပြီး ခါတော်မီ မန်ချက်စတာ ယူနိုက်တက်အသင်း၏
ပရိသတ် လုပ်လိုက်ရတော့၏။

'ခင်လေးငယ်နဲ့ အတူတူပဲပေါ့'

'ဒါဆို ဟန်ကျတာပေါ့၊ နှစ်နာရီခွဲမှာ ပွဲကကန်မှာ၊ ခင်
လေးငယ် ဘယ်လိုမှ ကြည့်လို့ရမှာ မဟုတ်ဘူး၊ ကိုမင်း
လကျ်ာ ကြည့်မှာမဟုတ်လား၊ ကြည့်ဖြစ်အောင်လည်း
ကြည့်ဦးနော်၊ မနက်ဆုံရင် ပြောပြရမယ်'

ညကြီးသန်းခေါင် ဘောလုံးပွဲထကြည့်ဖို့ ခင်လေးငယ်
တောင်းဆိုနေပြီ။ သူကလည်း မန့်ယူပရိသတ်ဖြစ်မှတော့ ခေါင်းညိတ်
ပြရတော့သည်။

'ကြည့်ရမှာပေါ့ ခင်လေးငယ်'

'အိပ်ပျော်မနေနဲ့ဦးနော်၊ နှစ်နာရီထိုးရင် ဖုန်းလှမ်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ စကားတော့ မပြောတော့ဘူးနော်၊ လှမ်းနှိုးပေးတဲ့ သဘောပဲ၊ စိတ်ချမယ်နော် ကိုမင်းလက်ျာ'

ဘောလုံးသရဲမလေးကတော့ အိပ်ရေးပျက်ဖို့ အဖော်ညှိနေပြီ။ ကတိပေးပြီးမှတော့ မကြည့်လို့ မဖြစ်တော့ပေ။

* * *

သူ့အိမ်မှာက တီဗီမရှိ၊ ဂြိုလ်တုစလောင်းမရှိ၊ သူ့မှာ ကက်ဆက်တစ်လုံးနှင့် သတင်းနားထောင်ဖို့ ရေဒီယိုတစ်လုံးသာ ရှိ၏။

လက်ဖက်ရည်ဆိုင်တွေမှာတော့ ဂြိုလ်တုစလောင်းဖွင့်ပြတာ ခေတ်စားသည်။ ပြီးတော့ ဘောလုံးပွဲကို အခကြေးငွေယူပြီး ပြကြသည့် နေရာတွေရှိသည်။ ညကြီးသန်းခေါင်ကိုတော့ လက်ဖက်ရည်ဆိုင်တွေက ဖွင့်ပြီးပြမှာ မဟုတ်ပေ။ ဒီပွဲကို ဘယ်နေရာမှာ သွားစုံစမ်းပြီး ကြည့်ရပါ့မလဲဟု ခေါင်းခြောက်ရင်းကပင် ကိုဝင်းကိုအား သွားသတိရမိသည်။

အပေါ်ထပ်သို့တက်သွားပြီး တံခါးခေါက်လိုက်ရသည်။ ဘောလုံးပွဲ သွားကြည့်ဖို့ ကိုဝင်းကိုအား အဖော်စပ်တာ အနီးစပ်ဆုံး ဖြစ်နိုင်သည်ဟု သူ ထင်တာ မမှားပေ။

'ဘယ်သူများလဲလို့၊ အထဲဝင်ဦးလေ ကိုမင်းလက်ျာ'

'ကိုဝင်းကိုရှိလား မသိဘူး'

'မရှိဘူး အစ်ကို၊ ဘာကိစ္စများရှိလို့လဲ'

'ဒီည မန်ယူပွဲကို သူသွားကြည့်ရင်ခေါ်ပါလို့ ပြောမလို့'

'မကြည့်ဘဲ ဘယ်နေပါ့မလဲ။ အခုအပြင်သွားတာက





လည်း ဘောလုံးပွဲစဉ်သွားကြည့်တာလေ၊ သူပြန်လာရင် အစ်ကို့ဆီ လွှတ်လိုက်ပါ့မယ်'

ဘောလုံးပွဲကြည့်ဖို့ ကိစ္စကတော့ အဆင်ပြေသွားပြီ မဝင်းမာကို နှုတ်ဆက်ပြီး အောက်ထပ်ပြန်ဆင်းဖြစ်သည်။ နာရီဝက်လောက်ကြာတော့ သူ့အခန်းသို့ ကိုဝင်းကို ရောက်လာ၏။

'ဘယ်လိုလဲ၊ ခင်ဗျားရော မန်ယူပရိသတ်ပဲလား ကိုဝင်းကို'

'သိပ်ဟုတ်တာပေါ့ ကိုမင်းလက်ျာ၊ မန်ယူက ဆုံးမထားလို့ အာကြီး ဦးကျိုးနေပါပြီ အစ်ကိုရာ၊ ချဲဆီးကိုသာ မော်ရင်ဟို ရောက်မလာရင် ဒီနှစ်ဖလားက မန်ယူပဲ၊ ဒီနေ့ပွဲ မန်ယူနိုင်ရင် ချန်ပီယံဖြစ်ဖို့ အိပ်မက်မက်ခွင့်ရှိသေးတယ်'

မှန်ရာကို ဝန်ခံကြေးဆိုရင်တော့ မော်ရင်ဟိုတို့ ဘာတို့ကို သူ ကောင်းကောင်းသိတာ မဟုတ်ပေ။

'ဘောလုံး ပွဲအချိန်နီးရင် ကျွန်တော့်ကိုခေါ်ဦးနော်'

'စိတ်ချ အစ်ကို၊ မနက် အလုပ်လုပ်ရမှာ ရှိပေမယ့် ဒီပွဲကိုတော့ အိပ်ရေးပျက်ခံပြီး ကြည့်ရမှာ'

ကိုဝင်းကိုပြောသလို အာကြီးကို ရှုံးစေပြီး မန်ယူအား ကြန်ခင်ကပင် အနိုင်ရစေချင်တော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

စ။

ဘောလုံးပွဲကို အိပ်ရေးပျက်ခံပြီး ကြည့်ခဲ့သော်လည်း ရယ်စရာ သင်ခန်းစာတွေ ကောင်းကောင်းရခဲ့၏။ ပွဲကြည့်ပရိသတ်က သူထင်ထားသည်ထက်များပြီး ရုံပြည့်ရုံလျှံသွား၏။ ဆောင်းတွင်းကြီးမှာ ဘောလုံးပွဲ ဝင်မကာန်ရဘဲ ချွေးတလုံးလုံး ဖြစ်နေ၏။ တစ်ရုံလုံးနီးပါး မန်ယူပရိသတ်ဖြစ်သော်လည်း ပွဲစလို့ ရှစ်မိနစ်မှာ ထောင့်ကန်ဘောကနေ ဂိုးဝင်သွားတော့ သူ ထအော်မိသည်။

'အစ်ကို ဘာလို့အော်တာလဲ၊ အဲဒါ အာစင်နယ်က သွင်းတာလေ…'ဟု ကိုဝင်းကိုပြောမှ သတိထားဖြစ်၏။ အားလုံးက သူ့ကို မကြည်သလိုလိုနှင့် ကြည့်ကြ၏။ ပွဲသိမ်းတော့ မန်ချက်စတာ ယူနိုက်တက်အသင်းက အာစင်နယ်အသင်းကို လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့၏။

'ဘယ်လိုလဲ ကိုမင်းလကျာ'

အိပ်ရေးပျက်သည်ကို ဂရုမထားဘဲ ခင်လေးငယ်တို့ လမ်းထိပ်မှာ သူ စောင့်နေမိသည်။ တွေ့တွေ့ချင်းမှာပင် ခင်လေး





ယ်က စိတ်စောစွာ မေးမိသည်။ သူ့ပုံပန်းသဏ္ဌာန်ကိုကြည့်က ည်းက မန်ယူနိုင်သည်ကို ခင်လေးငယ် သဘောပေါက်သင့် ည်။

'ဒီအတိုင်းကြီး ပြောရတာထက်စာရင် တစ်ခုခုစားရင်း သောက်ရင်း အောင်ပွဲခံတာက ပိုအရသာရှိလိမ့်မယ်ထင် တယ် ခင်လေးငယ်'

'ကောင်းတာပေါ့၊ မန်ယူ ဘယ်လိုနိုင်သလဲဆိုတာကို သေသေချာချာ နားထောင်လို့ရတာပေါ့ ကိုမင်းလကျာ'

ဒီအခြေအနေအထိတော့ သူ့အတွက် အားလုံး အဆင်ပြေ ၏။ မန်ယူက လေးဂိုးနှစ်ဂိုးဖြင့် နိုင်သည်ဟု ပြောလိုက်ရင် ပြီးပြီဟု လွယ်လွယ်မှတ်ထားခဲ့သည်။

တကယ်တမ်း စားရင်းသောက်ရင်း စကားပြောသော ါမှ ဘောလုံးသရဲမလေးကြောင့် အခက်ကြုံရတော့၏။

'ခင်လေးငယ်ရဲ့ မန်ယူက လေးဂိုးနှစ်ဂိုးနဲ့ ပြွတ်ပြွတ်သားသားကို နိုင်သွားတာ သိလား'

ဘောလုံးပွဲကိုတော့ မျက်ဝါးထင်ထင် သူ ကြည့်ဖြစ်ခဲ့ ည်။ ဘယ်သူတွေ ဂိုးစသွင်းလို့၊ ဘောလုံးသမားတွေ ဘယ်သူ န်းကို သူသိတာ မဟုတ်ပေ။ ဒီတော့ အနိုင်အရှုံးကိုသာ ကိုတုတ်တုတ် ပြောပြလိုက်မိသည်။

လက်ဖက်ရည်သောက်ရင်း မုန့်စားရင်းကပင် ခင်လေး ယ် စကားကို သူ နားထောင်နေမိ၏။ ခင်လေးငယ်ကလည်း ား ဘာဆက်ပြောမလဲဟု စောင့်ဆိုင်းနေပုံရ၏။

'ဘာမှဆက်မပြောတော့ဘူးလား ကိုမင်းလကျာ၊ ဘော



www.burmeseclassic.com

www.burmeseclassic.com



လုံးပွဲကို တကယ်သွားကြည့်တာရော ဟုတ်ရဲ့လား၊ အ
မနက်ကျမှ တစ်ယောက်ယောက်ကို အဖြေမေးပြီး ခ
လေးငယ်ကို ပြောပြတာလား'

ခင်လေးငယ်စကားကြောင့်ပင် သူ ကြောင်သွား၏။ အိ
လွယ်လွယ်ကူကူ မစဉ်းစားဘဲ အိပ်ရေးပျက်ခံခဲ့ရသည်ကို ခင်လေး
ငယ်က ယုံကြည်ဟန်မတူပေ။

'ကြည့်ပါတယ်၊ အပေါ်ထပ်က ကိုဝင်းကိုနဲ့အတူတူ သွ
ကြည့်တာ၊ ကိုဝင်းကိုကလည်း ခင်လေးငယ်လို မန်
ပရိသတ်ပဲ။ အို... ဘောလုံးပွဲကြည့်ကြတဲ့ တစ်ရုံ
က မန်ယူပရိသတ်တွေပါ'

'ဟင်... ကြည့်တယ်သာပြောတယ်၊ အနိုင်အရှုံးပဲ ပြေ
ပြီး ဘာမှ ရေရေရာရာလည်း ပြန်မပြောပြဘူး'

'ခင်လေးငယ်ရဲ့ မန်ယူနိုင်ရင်ပြီးရော မဟုတ်လား'

နိုင်သည်ဟုသိရသော်လည်း ခင်လေးငယ်တစ်ယော
မကျေချမ်းနိုင်သေးပေ။

'ဒါဆို သိချင်တာကို ခင်လေးငယ် မေးမယ်'

သူ့ကို အယုံအကြည်ရှိဟန် မတူသေးပေ။ ခင်လေး
က တရားခံစစ် စစ်လေ၏။

'မေးလေ... ကိုယ်တကယ်ပဲ အိပ်ရေးပျက်ခံပြီး ကြည့်
တာ'

'ဒါဆိုရင် ဘယ်သူက အရင်ဂိုးစသွင်းတာလဲ'

ဒါကိုတော့ သူ ကောင်းကောင်းဖြေနိုင်၏။

'အာစင်နယ်က ရှစ်မိနစ်မှာ ထောင့်ကန်ဘော





ခေါင်းတိုက်သွင်းလိုက်တာ၊ ကိုယ်တောင် လက်ခုပ်တီးမိ
လို့ အာစင်နယ်က သွင်းတာလေလို့ ကိုဝင်းကိုက သတိ
ပေးသေးတယ်'

'ဟယ်... အာစင်နယ်က စသွင်းတာ၊ ဘယ်သူခေါင်း
တိုက်သွင်းတာလဲ'

'အဲဒါတော့ မသိဘူး၊ အရပ်ရှည်ရှည်နဲ့ ကတုံးနဲ့လူက
တိုက်သွင်းသွားတာပဲ'

'နောက်တစ်ဂိုးကရော ဘယ်ဘက်က သွင်းတာလဲ'

'ဆယ့်ရှစ်မိနစ်လောက်မှာ ထင်တယ်၊ မန်ယူက ချေပဂိုး
ပြန်သွင်းလိုက်တယ်'

'ဘယ်သူ သွင်းတာလဲ၊ ရွန်းနီးလေးပဲ သွင်းသွားတာ
မဟုတ်လား'

'နာမည်ကို ကိုယ်မသိဘူး၊ သွင်းတဲ့လူရဲ့ ကျောနံပါတ်
က နံပါတ်ဆယ့်တစ်ပဲ'

'ဘုရားရေ... အဲဒီနံပါတ် ဆယ့်တစ်က 'ဂစ်'ကိုတောင်
ကိုမင်းလက်ျာ မသိဘူးလား'

သူ့အရည်အချင်းကို ခင်လေးငယ် ကောင်းကောင်း
သဘောပေါက်သွားပုံရ၏။ ဘောလုံးပွဲတစ်ပွဲကို အစမှအဆုံး အိပ်
ရေးပျက်ခံပြီး ကြည့်မိတာ၊ ဘုရားစူးစေရဲ့၊ ဒီတစ်ကြိမ်ပဲရှိဖူးသည်။

ကမ္ဘာ့ဖလားပွဲကို ကြည့်ဖူးသော်လည်း တစ်ပွဲပြီးအောင်
ကြည့်လေ့မရှိခဲ့။ ဘောလုံးပွဲကို မက်မောဖို့ဝေးစွ၊ မဆိုင်သလို
နေခဲ့သူဖြစ်၏။

'အပြစ်ပြောလည်း ခံရမှာပဲ ခင်လေးငယ်။ ကိုယ် ဘော



www.burmeseclassic.com

www.burmeseclassic.com



လုံးပွဲကို ဝါသနာပါသူ မဟုတ်ဘူး၊ ခင်လေးငယ်ကို ကူညီချင်လွန်းလို့သာ တကယ် အိပ်ရေးပျက်ခံပြီး သွားကြည့်ပေးခဲ့တာ'

'ဟာဂျွာ… ယောကျ်ားလေးဖြစ်ပြီးတော့ မြန်မာပြည်မှာ မဟာဘူး၊ ကမ္ဘာမှာတောင် ဒီလောက်ပေါ်ပြူလာဖြစ်နေတဲ့ဟာကို၊ ခင်လေးငယ်တို့ မိန်းကလေးတွေတောင်မှ အသည်းအမဲပဲ'

'ဒီနေရာမှာ ကိုယ်ညံ့တယ်ဆိုတာကိုတော့ ဝန်ခံပါတယ်ဒါပေမဲ့ ဒီပွဲကိုကြည့်ပြီး ဘောလုံးပွဲကို စိတ်ဝင်စားသွားမိတာ အမှန်ပဲ။ ဘောလုံးပွဲနဲ့ရော ပေါ်ပြူလာဖြစ်နေတဲ့ ဘောလုံးသမားတွေနဲ့ပါ အကျွမ်းတဝင်ဖြစ်အောင် ကိုယ်ကြိုးစားသွားပါ့မယ်'

'ဟင်း… ကဲ… အဲဒီနှစ်ဂိုးပြီးတော့ အာစင်နယ်က ထပ်သွင်းတာလား၊ မန်ယူက သွင်းတာလား'

'အင်း… နာရီဝက်ကျော်ကျော်လောက်မှာ နှာခေါင်းချွန်ချွန်နဲ့လူက သွင်းတာကာ၊ အာစင်နယ်က သွင်းတာ'

'အဲဒီလူက ဘာကင့်လေ ကိုမင်းလကျာ၊ မန်ယူရဲ့နောက်ထပ် ဂိုးကို ဘယ်သူသွင်းတာလဲ'

ဒီအဖြေကိုတော့ သူ ကောင်းကောင်း ဖြေနိုင်၏။ ဘော်မီးဘောလုံးသမား ရော်နယ်ဒိုနှင့် နာမည်တူသော ပေါ်တူဂီသားလေးသွင်းတာဆိုတာကို ပရိသတ်ထဲက ပြောစကားအရ ကောင်းကောင်းမှတ်မိ၏။

'ဟိုလေ… ရော်နယ်ဒိုဆိုတဲ့ ချာတိတ်က မိနစ်ငါးဆယ်





ကျော်ကျော်လောက်မှာ ရှေ့ဆင့်နောက်ဆင့်ဆိုသလို နှစ်လုံးစလုံးကို သွင်းယူခဲ့တာ ခင်လေးငယ်'

သူဖြေတာ ပြည့်စုံပေမယ့် ခင်လေးငယ်ကတော့ ကျေနပ်ပုံမတူပေ။ အနီးနား လက်ဖက်ရည်ဆိုင်းတွေကလည်းညက ဘောအကြောင်း ပြောနေကြ၏။ အနီကတ်နှင့် လူတစ်ယောက် ထုတ်ခံရတာကို နားစွန်နားဖျားကြားပြီး ခင်လေးငယ် မေးပြန်၏။

'ဟိုဘက်ဝိုင်းကလူတွေ ပြောနေကြတာ ကြားလား၊ ယွန်းဘတ်ကို ခေါင်းနဲ့ဝင်တိုက်လို့ ဆီဗက်စတြာ အနီကတ်နဲ့ထုတ်ခံရတယ်ဆို'

'ဟုတ်တယ် ခင်လေးငယ်၊ မန်ယူဘက်က တစ်ယောက်က အသားလွတ်ကြီးလုပ်တာ၊ အနီကတ်နဲ့ ထုတ်သင့်တာပေါ့'

'ဒါဆို မန်ယူက တစ်ယောက်လျော့နဲ့ ကစားရတာပေါ့၊ ဒါတောင် အာစင်နယ်က ဂိုးထပ်မသွင်းနိုင်ဘူးလား၊ တော်တော်ညံ့တဲ့ အာစင်နယ်ပဲ၊ ဘယ်အချိန်မှာ အထုတ်ခံရတာလဲ'

'မိနစ်နှစ်ဆယ်အလိုမှာ ထုတ်ခံရတာ၊ သုံးဂိုးနှစ်ဂိုးဖြစ်နေပေမယ့် အာစင်နယ်က မသွင်းနိုင်တဲ့အပြင် တစ်ယောက်လျော့နေတဲ့ မန်ယူက ပွဲပြီးခါနီးမှာ တစ်လုံးထပ်သွင်းလိုက်လို့ လေးဂိုးနှစ်ဂိုးနဲ့ နိုင်သွားခဲ့တာလေ ခင်လေးငယ်'

ဒါတွေအားလုံးကတော့ သူ ကြည့်ခဲ့သောပွဲရဲ့ အသေးအခြေအနေပဲ ဖြစ်၏။ ဒီလောကနှင့် ခပ်ကင်းကင်းနေသူမို့



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးငယ် အားမလိုအားမရ နားထောင်နေရတာကို သူ ကို ချင်းစာမိ၏။

'ဟောတော့၊ ဘောလုံးပွဲအကြောင်း စကားကောင်း တာနဲ့ ကျောင်းကားတောင် မီမှာမဟုတ်တော့ဘူး'

'ဒါဆို ဘယ်လိုလုပ်မလဲ ခင်လေးငယ်'

'ပထမချိန် လွတ်တာက ပြဿနာမဟုတ်ဘူး၊ ဒုတိ အချိန်မှာ ကျူတိုရီယယ်ရှိတယ်၊ ကားငှားပြီးတော ကျောင်းသွားရတော့မှာပေါ့၊ ခင်လေးငယ်တစ်ယော တည်း အဖော်မပါဘဲ သွားရမှာပေါ့'

ဘောလုံးကစားသမား နာမည်တွေကို သူ မသိပေမ ဒီနေရာမှာတော့ သူ အ,နေလို့မဖြစ်ပေ။

'မိန်းကလေးတစ်ယောက်တည်း တက္ကစီနဲ့သွားရမှာ ကိုယ်လည်း စိတ်မချဘူး၊ ဒီတော့ကွာ ကိုယ့်အိမ် လေးဝင်ပြီး အဝတ်အစားလဲမယ်၊ ကိုယ်လိုက်ပို့ပေးမ ပြီးမှ အဲဒီကားနဲ့ အလုပ်ကိုတန်းသွားမယ်'

သူပြောသော အစီအစဉ်ကို ခင်လေးငယ် ကန့်ကွက်ခြ မရှိပေ။ မရည်ရွယ်ဘဲနှင့် ခင်လေးငယ်ကို သူ ကျောင်းလိုက် ဖြစ်တော့၏။

* * *

သူ အဝတ်လဲနေတုန်း ခင်လေးငယ်က အောက်မှာ စောင့်၏။ သူ ဆင်းလာတော့ ကိုဝင်းကိုတို့လင်မယား ဈေးသ သည်နှင့် တည့်တည့်တိုး၏။ ခင်လေးငယ်ကတော့ မှုမဟု





ဝင်းကိုတို့ လင်မယားကို နှုတ်ဆက်လိုက်သေး၏။

သူနှင့် ခင်လေးငယ်တို့ အတူတူ ထွက်သွားခြင်းကို ဝင်းကိုတို့လင်မယား ပဟေဠိဖြစ်နေကြမှာ သေချာ၏။

ကားငှားပြီး ခင်လေးငယ်ကို လိုက်ပို့ဖြစ်ပေမယ့် ကိုယ့် တွေးနဲ့ ကိုယ် စကားမပြောဖြစ်ပေ။

ငြိမ်သက်စွာ တိတ်ဆိတ်နေခြင်းကို ကားဒရိုင်ဘာက ခြိုဟန်မတူပေ။ ညတုန်းက မန်ယူပွဲအကြောင်းကို စားမြုံ့ပြန် တ်၏။

'မန်ယူကတော့ အာကြီးကို ငယ်နိုင်လိုဖြစ်နေပြီ။ ရှုံးပွဲ မရှိ စံချိန်တင်ထားသော ရှန်းနီးလေးကြောင့် ပထမတစ် ခါ ဦးကျိုးပြီးပြီ၊ ဒီပွဲ မကစားခင် မော်ရင်ပို ပြောခဲ့တဲ့ စကားက မှန်နေပြီဗျ၊ ချယ်ဆီးရဲ့ အဓိကပြိုင်ဘက်ဟာ အာကြီးမဟုတ်ဘဲ မန်ယူဆိုတာလေ'

ဘာပဲပြောပြော ခဏအတွင်းမှာတော့ ချဲဆီးနှင့် မော်ရင် ဆိုသော အမည်များကို သူ မှတ်မိသွား၏။

နောက်ဆုံး ဂိုးသွင်းသူ၏ အမည်ကို ခင်လေးငယ်က လိုက်၏။

'ပွဲသိမ်းခါနီး မန်ယူရတဲ့ဂိုးကို ဘယ်သူသွင်းလိုက်တာလဲ ဟင်'

သူ ပြောမပြနိုင်ခဲ့သော အားကစားသမား၏အမည်ကို ားဒရိုင်ဘာက ပြောပြ၏။

'လူစားဝင်ကစားတဲ့ 'အိုရှေး'က သွင်းသွားတာလေ တစ်ယောက်လျော့နေတာကိုတောင် အာကြီးက အရေခံ



www.burmeseclassic.com

www.burmeseclassic.com



မကစားနိုင်ခဲ့ဘူး။ အာစင် ဝင်းဂါးဆို မျက်စိပျက် မျက်
နှာပျက်ပဲ'

'ဖာဝူဆန်ကြီးကတော့ ပီကေတွေဝါးပြီး ပြုံးပြုံးကြီးလု
နေမှာပဲနော်၊ ညကျမှ အခွေငှားကြည့်ရမယ်'

ခင်လေးငယ်ကတော့ အရှုံးမပေးဘဲ ကြိမ်းဝါးနေလို
သေး၏။

ကျောင်းပုရဝုဏ်ထဲသို့ ဝင်သည်နှင့် ခင်လေးငယ်
တောင်းဆိုလာ၏။

'ကားဆရာကိုခဏစောင့်ခိုင်းပြီး ခင်လေးငယ်ကို အတ
ရှေ့ထိ လိုက်ပို့ပေးလို့ဖြစ်မလား ကိုမင်းလကျ်ာ'

ဒီအထိ အခွင့်အရေးပေးလိမ့်မည်ဟု သူ မျှော်လင့်မထာ
မိပေ။

'လိုက်ပို့ပေးဆို လိုက်ပို့ပေးရမှာပေါ့ ခင်လေးငယ်'

ခင်လေးငယ်နှင့်အတူတူ အတန်းရှေ့ထိ လမ်းလျှော
သွားရတာ သူ့အတွက်တော့ မဟာအခွင့်အရေးကြီးပင်။ ခင်လေ
ငယ်မှာ သူနှင့်တွဲသွားတာကို ဂရုဏာထား အလေးထားစရာ
မရှိဘူးဆိုတာကို ပြသလိုက်ခြင်းဟု စိတ်ကြီးဝင်မိ၏။

* * *



၉။

ခင်လေးငယ်နှင့် ရင်းနှီးခင်မင်ရက် များလာခဲ့သလို ဘော
းသမား ဘောလုံးပွဲတွေနှင့်လည်း အကျွမ်းတဝင် ဖြစ်ခဲ့၏။
ဟ်တိုတိုအတွင်းမှာပင် ဘောလုံးပွဲတွေ ကြည့်ရင်း စာစောင်တွေ
ဖတ်ရင်း အင်္ဂလန်ပွဲတွေသာမက စပိန်နှင့် အီတလီပွဲများအထိ
ကြည့်သန့်ဖြစ်၏။

ခင်လေးငယ်နှင့်ပတ်သက်ပြီး ရင်ဖွင့်စရာဟူ၍ သူ့မှာ
ညီစိုးတစ်ယောက်သာ အနီးစပ်ဆုံးရှိ၏။ ခင်လေးငယ်ကိုလည်း
ညီစိုးက တွေ့ချင်၏။ ထို့ကြောင့်ပင် သောကြာနေ့ မနက်ခင်း
င်။ တနင်္ဂနွေနေ့ မနက်ခင်း၌ လက်ဖက်ရည်ဆိုင် ခဏထိုင်ရန်
လေးငယ်အား ချိန်းဆိုထားလိုက်၏။

ခင်လေးငယ်နှင့် ဆုံဖို့အတွက် စနေညမှာ ညီညီစိုးက
ဆီလာအိပ်၏။

သူနှင့် ညီညီစိုးတို့ ဆိုင်သို့အလာမှာ ကိုဝင်းကိုပါ လက်
ရည်သောက်ဆိုပြီး လိုက်လာ၏။ ကိုဝင်းကိုကလည်း သူ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးငယ်အကြောင်းကို ရိပ်ဖမ်းသံဖမ်း သိထားသူဖြစ်၏။

'ဒါဆိုရင် ကိုညီညီစိုးက ခင်လေးငယ်ကို မတွေ့ဖူးသေးဘူးပေါ့ ဟုတ်လား'

ခင်လေးငယ်အကြောင်း ပြောရင်းကပင် ကိုဝင်းကိုမေး၏။ ညီညီစိုးနှင့် ကိုဝင်းကိုက မျက်မှန်းတန်းမိကြရုံသာ။ ဒီလက်ဖက်ရည်ဝိုင်းမှာ ခင်လေးငယ်အကြောင်းပြောရင်းက ပိုရင်းနှီးသွားသလို ဖြစ်သွား၏။

'ဟုတ်တယ် ကိုဝင်းကို၊ ခင်လေးငယ် ဘယ်လောက်လှပြီး ချစ်စရာကောင်းကြောင်း ဒီကောင်ကြီးပြောတာ နားငြီးသလောက်ပဲ။ ဟုတ်မဟုတ် တကူးတက ညလာအိပ်ပြီး တွေ့ရတာဗျ'

'ချောတော့ ချောတယ်၊ အပျိုကြီးတွေ အုပ်ထိန်းမှုအောက်မှာနေရရှာတဲ့ မိန်းကလေးပဲ။ ကိုမင်းလက်ချာနဲ့ ရှေ့သွားနောက်လိုက်ညီပါတယ်'

'ခင်ဗျားတို့ မန်နေဂျာ အပျိုကြီးမမကလည်း ဒီကောင်ကို လိုလိုလားလား ရှိတယ်၊ ကောင်မလေးကလည်း မျက်နှာသာတွေ ပေးနေတာတောင် ဒီကောင်က အခုထိ ဖွင့်မပြောသေးလို့ ကျွန်တော် အားမလိုအားမရ ဖြစ်နေတာ'

'မဟုတ်သေးဘူးကွ၊ သူ့မှာ အရင်ဦးသူတွေ ဘာတွေ ရှိလား မရှိလား မသိဘူး။ ငါက ကျောင်းတက်ကတည်းက ဒီလိုမျိုး အတွေ့အကြုံရှိခဲ့တာ မဟုတ်ဘူး၊ ဒါကြောင့် မင်း အကဲခတ်လို့ရအောင် မင်းနဲ့ ခင်လေးငယ်ကို တွေ့





ပေးတာပဲ'

သူတို့ ခင်လေးငယ်တို့က ရှူးရှူးမိုက်မိုက် ဆယ်ကျော်သက်တွေ မဟုတ်ကြတော့ပေ။ နှစ်ယောက်စလုံး အသက်နှစ်ဆယ်ကျော်နေကြပြီ ဖြစ်၏။ ချစ်ရုံကြိုက်ရုံ စိတ်ကူးယဉ်ရုံနှင့် မပြီး။ တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ လိုသည်။ ခင်လေးငယ်ကို ချစ်ခင်စွဲလမ်းရုံမက ဘဝတစ်ခုမှာ အတူလက်တွဲဖို့ အထိ သူ ရည်ရွယ်ဖြစ်သည်။

'ငါ့ထောက်ခံစာရမှ ခင်လေးငယ်ကို ဖွင့်ပြောမယ်ပေါ့ ဟုတ်လား၊ လူချင်းမဆုံခင်ကတည်းက ထောက်ခံချက် ပေးပြီးသားပါ'

'ကြုံလို့ပဲပြောပြော။ တိုက်ဆိုင်တယ်ပဲဆိုဆို၊ ပြီးခဲ့တဲ့ နှစ်ရက်လောက်တုန်းက မမဝေက ကျွန်တော့်ကို ကိုမင်းလက်ချာနဲ့ပတ်သက်ပြီး စကားမစပ် ပြောတာ သိလား'

ကိုဝင်းကို ပြောမည့်စကားကို သိချင်၏။ ခင်လေးငယ်အား လာလေပြီလားဟု ဆိုင်ရှေ့သို့ မျှော်ကြည့်ဖြစ်၏။

အရိပ်ယောင် မတွေ့တော့မှ…

'အန်တီဝေက ဘာများပြောလို့လဲ ကိုဝင်းကို'

'တခြား မဟုတ်ဘူး၊ ခင်ဗျားနဲ့ ကျွန်တော်က တစ်တိုက်တည်း အပေါ်အောက်နေကြတာ မဟုတ်လား၊ ခင်ဗျားရဲ့ အကြောင်းကို သိသိသာသာပဲ စုံစမ်းတယ်၊ ကျွန်တော်ကလည်း ငအမှ မဟုတ်တာ၊ သိထားတာတွေရော မသိသေးတာတွေရော တကယ့်ကို သာသာထိုးထိုးပြောပြီး ချီးမွမ်းလိုက်တာ၊ အပျိုကြီး သဘောကျသွားတယ်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



တူခဲ့ ကိုမင်းလက်ျာကို သဘောတူတာတော့ သေချာနေပြီ'

'ကြားတယ်နော် မင်းလက်ျာ၊ ဒီနှစ်ထဲမှာ မင်းရဲ့ကံဇာတာက အလိုလို စန်းထလာတာပဲ။ မြန်မြန်ပြောကွာ၊ ရည်းစားသက်တမ်းမှာ သူ့အကြောင်း ကိုယ့်အကြောင်း လေ့လာလို့ရတယ်၊ ဒီခေတ်မှာက သေချာအောင် ချည်ထားတာက အကောင်းဆုံးပဲ။ ဘိုးတော်ဘုရားခေတ်က ပုံစံတုံးကြီးနဲ့ အင်တင်တင်လုပ်တာကို မိန်းကလေးတွေ သဘောမကျတော့ဘူးကွ၊ လက်ရဲဇက်ရဲ ပါးစပ်ရဲ သူတို့ကြိုက်တာ'

အချွန်တွေဖြင့် သူ့နှလုံးသားကို နှိုးဆွနေကြသည်။

'ဟော... ပြောရင်းဆိုရင်း ခင်လေးငယ် လမ်းထဲက ထွက်လာပြီ၊ ကျွန်တော် သွားမယ်'

ဝေးဝေးမှ ခင်လေးငယ်သဏ္ဌာန်ကို လှမ်းမြင်ရသည်နှင့် လက်ဖက်ရည်ဝိုင်းမှနေ၍ ကိုဝင်းကို ထွက်သွားတော့၏။

'ဘယ်မှာလဲ မင်းလက်ျာ'

'ဆိုင်ဘက်ကို ကူးလာဖို့ဖြင့်နေတဲ့ ပန်းရောင်ဝမ်းဆက် ဝတ်ထားတဲ့ တစ်ယောက်လေ၊ ညီညီစိုး'

သူ ညွှန်ပြတော့ ခင်လေးငယ်က လမ်းကူးလာပြီ။ ခင်လေးငယ်ကို ညီညီစိုးတစ်ယောက် ကွဲကွဲပြားပြား မြင်တွေ့မှာ သေချာ၏။

'ဒုက္ခပဲ မင်းလက်ျာ၊ အိမ်ကထွက်လာကတည်းက ဝါ့ဗိုက်က တစ်မျိုးဖြစ်နေတာ၊ လက်ဖက်ရည်သောက်လိုက်





တော့ ဝမ်းသွားချင်လာပြီ၊ အိမ်ပြန်ပြီး ငါ့ကိစ္စရှင်းလိုက်ဦးမယ်'

ပါးစပ်က ပြောရင်း ကမန်းကတန်း ဆိုင်သောပေါက်မှပြီး ညီညီစိုး ထွက်သွား၏။ ခင်လေးငယ်ကတော့ ဆိုင်ရှေ့ပေါက်မှဝင်လာပြီး သူ့ကို ရှာ၏။

သူ့ကိုတွေ့သွားပြီး သူထိုင်နေရာ စားပွဲဆီသို့ ခင်လေးငယ် တန်းတန်းမတ်မတ် လျှောက်လာ၏။

* * *

'တစ်ယောက်တည်းထိုင်ပြီး စားသောက်ထားလိုက်တာ ပဲ မည်းပါလား ကိုမင်းလက်ျာ'

သုံးယောက်စာ အဆာပြေ စားသောက်ထားသည်ကို ကြည့်ပြီး ခင်လေးငယ် နောက်လိုက်သည်။

ကိုဝင်းကိုကိုတော့ ခင်လေးငယ် သိသည်။ ညီညီစိုးကိုတော့ မသိနိုင်သလို၊ တမင်တကာ ဆုံပေးချင်သည့် သူ့အစီအစဉ်ကိုလည်း သိနိုင်မည်မထင်။

'ကိုယ်ရယ်၊ ကိုဝင်းရယ်၊ မြို့ထဲက ညလာအိပ်တဲ့ ကိုယ့်သူငယ်ချင်းရယ် သုံးယောက်ထိုင်ဖြစ်တာ၊ ကိုဝင်းကိုက အရင်ထသွားတယ်။ ကိုယ်နေတဲ့ အခန်းပိုင်ရှင် ကိုယ့်သူငယ်ချင်းကတော့ ခုနလေးကတင် အလေးသွားချင်လာလို့ အိမ်ခဏပြန်သွားတာ ခင်လေးရယ်'

'ခင်လေးငယ်က တမင်နောက်တာပါ၊ အခု အိမ်က ထွက်လာခါနီး ကြီးကြီးကြွေက ဟိုမေးဒီမေး လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ မနည်းထွက်လာရတာလေ'

ကတိမပျက်ချင်၍ လာခဲ့သည့်သဘောမျိုးဖြင့် ခင်လေ [illegible] ယ် ပြောသည်။

'ဘာစားမလဲ ခင်လေးငယ်'

'အဖျိုကြီးတွေနဲ့ နေရတာဆိုတော့ စားတာသောက်တ [illegible] ကအစ စည်းစနစ်နဲ့ သူတို့ကြော်တဲ့ အဆာပြေထမ [illegible] ကြော် စားလာပြီးပြီ ကိုမင်းလကျာ၊ လက်ဖက်ရည် [illegible] သောက်မယ်'

ခင်လေးငယ်အတွက် လက်ဖက်ရည် မှာပေးလိုက်သည် [illegible] ခင်လေးငယ်လာသည်ကို ညီညီစိုးမြင်ပြီးမှ မလွယ်နိုင်သော [illegible] ရာယ်ကြောင့် အိမ်ပြန်ရခြင်းဖြစ်၏။ ခင်လေးငယ်သောက်သေ [illegible] လက်ဖက်ရည်ခွက် မကုန်ခင်တော့ ပြန်လာကောင်းရဲ့ဟု သူ [illegible] မိသည်။

'အန်တီကြွေနဲ့တော့ မွေးနေ့ပွဲမှာ တစ်ခါပဲဆုံဖူးတ [illegible] အန်တီဝေက မဆိုးပါဘူး'

'ကိုမင်းလကျာကို အိမ်လည်မခေါ်ဖြစ်တာ အန်တီ [illegible] ကြောင့်ပဲ၊ အန်တီဝေက ပြဿနာမရှိဘူးလေ'

'ရပါတယ်၊ ကိုယ် နားလည်ပါတယ်၊ တော်ကြာ အ [illegible] ကြွေကြောင့် ကိုယ်တို့နှစ်ယောက်စလုံး အနေအထိုင် [illegible] မယ့်ကိစ္စမျိုးကို ကိုယ် မတောင်းဆိုပါဘူး။ ခင်လေ [illegible] နဲ့ အခုအတိုင်းလေးပဲ တွေ့ရ၊ စကားပြောရတာ [illegible] ပြီး လွတ်လပ်ပြီး ပိုကောင်းပါတယ်'

သူ့မျက်စိရှေ့မှာရှိနေသော ခင်လေးငယ်က ကြည့် [illegible] ကြည့်ရင်း ပိုပိုလှလာသလိုဗင်။

ခင်လေးငယ်၏ မျက်နှာနုဖတ်ဖတ်လေးကို အခုထက် [illegible] သို့ လွတ်လပ်စွာ စိုက်ကြည့်နေချင်သည်လေ။

'ကိုမင်းလကျာ၊ ရုံတင်နေတဲ့ 'ထရွိုင်'ကိုကြည့်ပြီးပြီ လား၊ ရုံကနေ ဆင်းတော့မလား မသိဘူး'

'မကြည့်ရသေးဘူး ခင်လေးငယ်'

'စီဒီငှားပြီး ကြည့်လို့ရပေမယ့် ဒီကားမျိုးက ရုံကြီးမှာ ကြည့်မှ ပိုအရသာရှိတာလေ။ ရုံကနေဆင်းတော့မယ်၊ ခင်လေးငယ်ရဲ့ သူငယ်ချင်းတွေက အဖော်စပ်လို့ မရဘူး ဖြစ်နေတာ'

ခင်လေးငယ်၏ စကားအနက်အဓိပ္ပာယ်ကို ခက်ခက်ခဲခဲ [illegible] နေစရာ မလိုပေ။ သိပင်သိငြား နည်းနည်းတော့ မူကြည့် [illegible] က်၏။

'အဒေါ်တွေကို အဖော်စပ်ပြီး ကြည့်ပါလား ခင်လေး ငယ်ရဲ့'

'အမယ်လေး… အိမ်မှာကြည့်လို့ရတဲ့ဟာကို ပိုက်ဆံ အကုန်ခံ၊ အချိန်ကုန်ခံပြီး ကြည့်ရမလားဆိုပြီး ပြောလို့ ဆုံးမှာ မဟုတ်ဘူး၊ လူတောမတိုးချင်တာရယ်၊ ပိုက်ဆံ ကုန်မှာစိုးတာရယ်ကတော့ အဖျိုကြီးနှစ်ယောက်စလုံး အကျင့်တူကြတာ'

'ကိုယ်လည်း အဲဒီကားကို ကြည့်ချင်နေတာ ခင်လေး ငယ်'

စကားတောက်သည့် အနေဖြင့် လမ်းဖွင့်ပေးလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com



'အတော်ပဲပေါ့၊ အင်း… မဖြစ်သေးပါဘူး၊ ခင်လေ
ငယ်က အဒေါ်တွေမသိအောင် ကျောင်းဖျက်ပြီးကြ
ရမှာ၊ ကျောင်းပိတ်ရက်ဆို အပြင်ထွက်လို့ ရဘူး၊ ကို
လက်ျာကလည်း ရုံးတစ်ဖက်နဲ့ဆိုတော့ လွယ်မှာ မဟု
ဘူး၊ ဒီကားကိုတော့ ကြည့်ဖြစ်တော့မယ် မထင်ပါဘူ

စိတ်ပျက်အားလျော့သွားသော ခင်လေးငယ်ပုံစံလေး
ချစ်ဖို့ကောင်းနေသေး၏။ သူ အလိုက်သိဖို့ လိုသည်ပဲ။
ဆက်မှုနေဖို့ မသင့်တော့ပေ။

'ခင်လေးငယ် အရမ်းကြည့်ချင်ရင် ကိုယ် ခွင့်ယူ
လိုက်ပြပေးပါ့မယ်၊ မနက်ဖြန် တနင်္လာနေ့တော့ မရ
အင်္ဂါနေ့ဆို ခင်လေးငယ် ကျောင်းဖျက်လို့ရမလား'

ခင်လေးငယ်ကတော့ သူ့ထက်ပင် ကလေးဆန်ပြီး
လင်းနေသေး၏။

'ရတော့ရတယ်၊ ကိုမင်းလက်ျာ ဖြစ်ပါ့မလား၊ အာ
စရာကြီး ဖြစ်နေပါ့မယ်'

'အားနာတယ်ဆိုတဲ့ စကားကို နောက်တစ်ခါထပ်
ရင်တော့ ကိုယ်စိတ်ကောက်ပြီး လိုက်ပြမယ့် အစီအ
ကို ဖျက်ရလိမ့်မယ် ခင်လေးငယ်။ အင်္ဂါနေ့မနက်
ဒီဆိုင်ကပဲ ကိုယ်စောင့်နေမယ်'

ချည်ပြီးတုပ်ပြီးပြောသော စကားမို့ ခင်လေးငယ် မငြ
သာတော့ပေ။ ဒီအခွင့်အရေးပေးသည့် ခင်လေးငယ်ကိုတော့
ထဲကနေပြီး ကျေးဇူးတင်နေမိ၏။

'ဒါဆို အင်္ဂါနေ့မှာ ရုပ်ရှင်ကြည့်ကြတာပေါ့နော်၊ ခင်လေ





ငယ် ပြန်တော့မယ်၊ ထွက်လာတာ နာရီဝက်ပြည့်ပြီ
ကိုမင်းလက်ျာ၊ ဒီထက်ပိုကြာသွားရင် အန်တီကြွေက
ကြိမ်းတော့မှာ'

ညီညီစိုးကို သတိရသွားပြီး တားချင်ပေမယ့် သူ မတား
ရက်တော့ပေ။ ဒီတစ်ခါ စကားလက်ဆုံမကျဖြစ်ဘဲ နောက်တစ်ခါ
ဆုံပေးသေးတာပေါ့ဟု စိတ်လျှော့လိုက်ရ၏။

'ကောင်းပြီ ခင်လေးငယ်၊ ကိုယ်ကတော့ သူငယ်ချင်း
ပြန်အလာကို ထိုင်စောင့်နေလိုက်ဦးမယ်'

သူ့ကိုနှုတ်ဆက်ပြီး ခင်လေးငယ် ပြန်သွား၏။

ခင်လေးငယ်က နာရီဝက်နီးပါး ဆိုင်မှာ ထိုင်သွားသည်။
နောက်ထပ် ဆယ့်ငါးမိနစ် ထိုင်စောင့်သည်အထိ ညီညီစိုး ပေါ်
မလာပေ။

အန္တရာယ် သွားရှင်းတာ လေးဆယ့်ငါးမိနစ် မကြာ
လောက်ဟု သူတွေးပြီး ပြန်လာခဲ့ရ၏။

အိမ်ရောက်တော့လည်း တိုက်ခန်းရှေ့မှာ ညီညီစိုးကားကို
မတွေ့ရပေ။ အခုမှ အသေအချာ စဉ်းစားမိ၏။ အခန်းသော့က
သူ့ဆီမှာပဲ ရှိ၏။ ညီညီစိုးဆီမှာ ရှိတာမဟုတ်။ ကိုဝင်းကိုတို့
အိမ်မှာ ကိစ္စပြီးအောင်လုပ်ပြီး ဆိုင်လိုက်လာလို့ လွဲသွားပြီလား
ဟု စဉ်းစားနေဆဲမှာ…

'ကိုမင်းလက်ျာ ပြန်လာပြီလားဗျ'

'ဟုတ်တယ် ကိုဝင်းကို၊ ညီညီစိုးရော ခင်ဗျားတို့အိမ်
ပေါ် တက်သေးလား၊ ကားရောလူပါ ပျောက်နေတာ'

'ဟာ… ကျွန်တော် နောက်ကနေ ဒီကိုလိုက်လာတာ၊



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းပြီး ပြန်ထွက်သွားတယ်၊ ခင်များကို သုံ
ယောက် တစ်နေရာရာသွားမယ်လို့တောင် ကျွန်တော
တွေးနေတာ'

ညီညီစိုးတစ်ယောက် အလေးသွားချင်သည်ဟုဆို
အစပျောက်သွားတာကို စဉ်းစားလို့မရပေ။

ညီညီစိုးကိုတော့ သူ တွေ့မှဖြစ်မည်။ အင်္ဂါနေ့သွား
အတွက် တနင်္လာနေ့ညဘက်ကတည်းက ညီညီစိုးဆီက ကားတ
စီးစီးကို ချောဆွဲထားမှ ဖြစ်ပေမည်။

* * *



၁၀။

ခင်လေးငယ်နှင့်အတူ သက်တောင့်သက်သာ သွားဖို့၊
ာဖို့ ညီညီစိုး၏ကားကို ခဏယူသုံးဖြစ်သည်။ ညီညီစိုးပြော
သော စကားများကို စဉ်းစားရခက်ခဲ၏။ ခင်လေးငယ်ကို အနား
ထားပြီး ကားမောင်းနေရပေမယ့် ညီညီစိုးပြောခဲ့သည့် စကား
ကြောင့် စိတ်မလွှတ်လပ်ပေ။

'ကားငှားလို့ပြောတာမျိုး မဟုတ်ဘူး မင်းလကျ်ာ၊ ခင်
းငယ်ကို အထင်ကြီးအောင် မင်း လုပ်နေတာ၊ သိပ်များ
လွန်းနေသလားလို့ပါ' ဆိုသော ညီညီစိုး ဝေဖန်ခဲ့ပုံက သူ့အရှိက်
 တည့်တည့်ကြီးထိခဲ့၏။

ပြောပြီးဆိုပြီး၍ ကားကို ခဏယူလာရသော်လည်း ကိုယ့်
ပ်ပြော ကိုယ် မလုံချင်ပေ။

'အရမ်း တိတ်ဆိတ်နေပါလား ကိုမင်းလကျ်ာ၊ ကား
မောင်းရင်း စကားမပြောတတ်တဲ့ အကျင့်ကြောင့်လား
ဒါမှမဟုတ် ခင်လေးငယ်ကို ရုပ်ရှင်လိုက်ပြရတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



နော်တာတွေ ရနေတာလားဟင်'

ခင်လေးငယ် ကျောင်းလာချိန်မှာ သူ စောင့်ခဲ့သည် ဆိုင်ခဏထိုင်ပြီးမှ ညီညီစိုး၏ကားဖြင့် နှစ်ယောက်သား ထွက်လာ ဖြစ်သည်။

'စဉ်းစားနေတာရယ်၊ ကားမောင်းနေတာရယ်ကြော ကိုယ် ငြိမ်သွားရတာပါ'

'ဘာတွေများ စဉ်းစားရပါလိမ့်၊ ပုံစံကြည့်ရတာ တစ်ခု ကြောင့် အနေကျုံ့နေသလိုမျိုးပဲ'

ဟန်ဆောင် မဖုံးဖိတတ်သော သူ့စရိုက်ကို ခင်လေးငယ အကဲခတ် လွယ်သွားသည်ထင်၏။

'မင်းက ဘာမှအတွေ့အကြုံရှိတာ မဟုတ်ဘူး၊ မိန်း တွေရဲ့ တောင်းဆိုမှုတိုင်းကို လိုက်လျောလွန်းရင် ခင် ညို ခပ်တုံးတုံး ယောကျ်ားတစ်ယောက်ဆိုပြီး သူတို့ က အလေးမထားတတ်ကြဘူး' ဆိုသော ညီညီစိုး စကားကို ကြားယောင်မိ၏။

'ရုပ်ရှင်ပြဖို့ ကတိပေးခဲ့ပြီး ခင်လေးငယ်သွားချင်တဲ့နေ သွားလို့ရအောင်ဆိုပြီး သူငယ်ချင်းကားကို ခဏငှာ တာ၊ ခင်လေးငယ် ကိုယ့်ကို အရမ်း အထင်ကြီးနေ နော်...'

'အဲဒါကို တွေးတာတော့ မဖြစ်နိုင်ပါဘူး'

ခင်လေးငယ်၏ အချွဲအနွဲ့များကြောင့် ညီညီစိုးစကား ကို ဂရုထား မထားဖြစ်တော့ပေ။ ခင်လေးငယ် နွဲ့သလို သူ့နှ သားလည်း တိမ်းညွတ်လွယ်သည်။





'ဒါဆိုရင်တော့ မိန်းမလှလေးတစ်ယောက်နဲ့ လည်ရတတ် ရလို့ အတွေ့အကြုံနည်းလွန်းတဲ့ ယောကျ်ားတစ်ယောက် ရဲ့ တိတ်တခိုး ရင်ခုန်သံကြောင့်ပဲလို့ ပြောရမယ်'

စကားကွဲသွားတာကို ခင်လေးငယ် သိပေလိမ့်မည်။ အလှတရား၏ ဖမ်းစားမှုကြောင့် သူ့ဆင်ခြင်ခြင်းတွေ ကျဆုံးသွား ခဲ့ပြီ။

'ငါထင်ပါတယ်၊ မင်းကတော့ ခင်လေးငယ်ရဲ့ မာယာ ကျော့ကွင်းမှာ လည်စင်းပေးချင်လွန်းတဲ့ သိုးငယ်လေးဖြစ်နေမှာ သေချာတယ်' ဆိုသော ညီညီစိုး၏ စကားများကို မေ့လျော့ထား လိုက်မိသည်။

'အတွေ့အကြုံနည်းလွန်းတယ်ဆိုတာ သွယ်ဝိုက်ပြီး ကြော် ငြာဝင်တဲ့ သဘောများလား ကိုမင်းလကျ်ာ'

'ကြော်ငြာဝင်ပြီး ရိုးသားပြနေတာ မဟုတ်ပါဘူး၊ မှန် သော စကားကို ဆိုလိုက်တာပါ ခင်လေးငယ်'

ရုပ်ရှင်ရုံရောက်တော့ ဆယ်နာရီပွဲအတွက် နှစ်ယောက်တွဲ ထိုင်ခုံ ရအောင်ဝယ်သည်။ ရုပ်ရှင်ပြချိန် လိုသေးသည်မို့ အေးဆေး သက်သာစွာ နားနေနိုင်သော အနီးနားရှိ ကော်ဖီဆိုင်မှာ ထိုင်ဖြစ်ကြ ပြန်၏။

'ခင်လေးငယ်ကတော့ အခုလိုမျိုး သွားရလာရတာကို စိတ်လွတ်ပေါ့ပါးရုံတင် မကဘူး၊ ဘာဆိုဘာမှ ကြောင့် ကြမှုမရှိဘဲ ပျော်ရွှင်နေတာ။ ကိုမင်းလကျ်ာကို ကြည့်ရ တာ တစ်ခုခုများတွေးပြီး အကြောင့်ကြ လွန်သလားလို့'

ပွင့်လင်းသွက်လက်သော ခင်လေးငယ်က မေးခွန်းထုတ်



www.burmeseclassic.com

www.burmeseclassic.com



နေပြီ။ ခင်လေးငယ်ကို မြင်ရုံသာမြင်ပြီး မျက်နှာချင်းဆိုင်တော့ ညီညီစိုး စကားမပြောဖြစ်ခဲ့ပေ။ သူ မထင်ထားဘဲ ညီညီစိုး၏ စကားတွေ လေသံပြောင်းသွားခဲ့၏။

'တခြား မဟုတ်ပါဘူး၊ ကိုယ်တို့ကြည့်ကြမယ့် 'ထရွိုင်' နဲ့ပတ်သက်နေတဲ့ ဂရိပုံပြင်ထဲက မင်းသမီးလေး 'ဟယ်လင်'အကြောင်းကို တွေးနေလို့ပါ၊ 'ထရွိုင်'ဟာ 'ဟယ်လင်'နဲ့ပတ်သက်တဲ့ အစိတ်အပိုင်းတစ်ခုပဲ၊ 'ဟိုမား'ရေးခဲ့တဲ့ အလင်္ကာရှည်ကြီးထဲကလို ဟယ်လင်နဲ့ပတ်သက်တာ အပြည့်အစုံပါနိုင်မယ် မထင်ဘူး'

'ဟုတ်လား၊ ခင်လေးငယ်သိထားတာကတော့ 'ထရွိုင်'ကို တိုက်တာမနိုင်လို့ ဟန်ဆောင်တပ်ဆုတ်သွားပြီး မြင်းရုပ်ကြီး လုပ်ထားခဲ့တယ်၊ မြင်းရုပ်ကြီးကို မြို့ထဲလည်း ဆွဲယူ၊ တစ်မြို့လုံး အောင်ပွဲခံနေတဲ့ ညအချိန်ကျမှ မြင်းရုပ်ကြီးထဲက လူတွေထွက်လာပြီး တိုက်တော့မှ ထရွိုင်မြို့ကြီး ကျသွားတာလေ။ ဟယ်လင် မင်းသမီးလေး အကြောင်း အပြည့်အစုံသိရင် ကိုမင်းလကျော် ပြောပြပါလား'

'ရုပ်ရှင် အရင်ကြည့်လိုက်ပါ ခင်လေးငယ်၊ ရုပ်ရှင်ပြီးရင် အချိန်တွေ အများကြီး ပိုနေသေးတာပဲ၊ ကိုယ်အေးအေးဆေးဆေး ပြောပြပါ့မယ်'

'မင်းတို့နှစ်ယောက် သွားကြည့်မယ့် ရုပ်ရှင်က 'ထရွိုင်' မဟုတ်လား၊ လှပလွန်းတဲ့ 'ဟယ်လင်'ကြောင့်ပဲ စစ်တွေဖြစ်ရတယ်၊ လူတွေသုံးရှုံးရတယ်၊ ခင်လေးငယ်ဟာ မင်းကို ဒုက္ခကောင်း





ကောင်းပေးမယ့် မိန်းမချောလေး ဟယ်လင် မဖြစ်ပါစေနဲ့လို့ ငါ ဆုတောင်းပါတယ်'ဆိုသော ညီညီစိုး၏စကားကို အမှတ်ရမိပြန်၏။

* * *

ရုပ်ရှင်ကြည့်ပြီးတော့ နေ့ခင်းစာ စားသောက်ကြသည်။ ငြိမ်းငြိမ်းချမ်းချမ်းရှိသော နေရာမှာ အတူထိုင်ရင်း 'ဟယ်လင်' မင်းသမီးအကြောင်း ပြောပြဖြစ်သည်။

'တကယ်တော့ 'ထရွိုင်'ဟာ စာဆိုတော် 'ဟိုမား' စပ်ဆိုခဲ့တဲ့ 'ဣလိယတ်နဲ့ အိုဒက်ဆီ'ဆိုတဲ့ ဂန္ထဝင်လင်္ကာရှည်ကြီးမှာပါတဲ့ မြို့ကြီးပဲ။ 'ထရွိုင်'မြို့ကို လူတွေက ဟိုးမားရဲ့ စိတ်ကူးယဉ်ထဲက မြို့လို့ ပြောကြတယ်။ ဒါပေမဲ့ (၁၈၇၀) လောက်မှာ ဂျာမန်လူမျိုး 'ဟိန်းနရစ်ချ်ရှလီမန်း'က 'ထရွိုင်'မြို့ကို တကယ်ပဲ တူးဖော်တွေ့ရှိခဲ့တယ်၊ အဲဒီအခါကျမှ ဒီလင်္ကာရှည်ကြီးမှာပါတဲ့ အဖြစ်ပျက်တွေဟာ စိတ်ကူးယဉ်သက်သက်နဲ့ ဖွဲ့ဆိုခဲ့တာ မဟုတ်ဘူးဆိုတာကို လူတွေ လက်ခံလာကြတယ်'

'စိတ်ဝင်စားစရာပဲ၊ မင်းသမီးလေးဟယ်လင်အကြောင်းကို ပြောပါဦး'

'ဟယ်လင် မွေးဖွားပုံက ကိုယ်တို့ကြားဖူးနားဝရှိတဲ့ ပုံပြင်ထဲကလိုပဲ။ လမုသီးက ဖွားတာတို့ နဂါးဥကပေါက်တာတို့ဆိုတဲ့ ပုံပြင်အတိုင်းပဲ။ နတ်မင်းကြီး 'ဇု'ဟာ မိဖုရား 'ဒါလီ'နဲ့ ငန်းအသွင်ဆောင်ပြီး ပေါင်းသင်းဆက်ဆံတယ်။ 'ဟယ်လင်'ဟာ ငန်းဥတာပေါက်ဖွားလာသူ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ 'ဟယ်လင်'ဆိုတာ အလှတရားလို့ အဓိပ္ပာယ်ရတယ်၊ လှလွန်းလို့ (၁၂)နှစ်သမီးအရွယ်မှာ သေင်ဘုရင်တစ်ပါးက ဟယ်လင်ကို အဓမ္မခိုးယူတယ်၊ ဒါပေမဲ့ ဟယ်လင်ရဲ့ မောင်အမွှာညီနောင်က ကယ်တင်နိုင်ခဲ့တယ်၊ အနီးအပါးက နိုင်ငံတွေကလည်း မင်းသမီးဟယ်လင်ကို မိဖုရားမြှောက်ဖို့ ဝိုင်းပြီးတောင်းကြတယ်၊ နောက်ဆုံးမှာ ဟယ်လင့်ဖခင်ဘုရင်ကြီးက 'မင်းနီးလော့စ်'နဲ့ ဟယ်လင်ကို လက်ထပ်ပေးပြီး စပါတာထီးနန်းကို စိုးစံစေခဲ့တယ်'

ဟယ်လင်အကြောင်းကို အရင်ပြောပြီး ခဏနားရ၏၊ ပြီးမှ 'ပဲရစ်'မင်းသားအကြောင်းကို သူ ဆက်ပြောသည်။

'ပဲရစ်ဟာ ထရွိုင်မြို့တော်ထားပြီး စိုးစံတဲ့ ထရိုဂျန်လူမျိုးများရဲ့ ဘုရင်၊ 'ပရိယမ်'ရဲ့သားတော်။ ကိုယ်ဝန်လွယ်ထားရတဲ့ အချိန်မှာပဲ ဒီကလေးဟာ ထရွိုင်မြို့ကို ဖျက်ဆီးစေမယ့်သူလို့ အိပ်မက်မက်လို့ မွေးပြီးတာနဲ့ ဘုရင်ကြီးဟာ 'အီဒါ'တောင်ပေါ်မှာ သွားပစ်ခိုင်းတယ်၊ ပစ်ထားခံရတဲ့ ပဲရစ်ဟာ ဝက်ဝံတွေကြားမှာ မသေဘဲ ယက်ကန်ယက်ကန်လေးနဲ့ ပျော်လို့နေတာတွေ့တော့၊ ဘုရင်ကြီးရဲ့လူယုံက ပစ်မထားရက်ဘဲ တိတ်တဆိတ် မွေးစားခဲ့တယ်၊ ပဲရစ်ဟာ အီဒါတောင်ပေါ်မှာပဲ သိုးတွေ နွားတွေနဲ့ ကျင်လည်ကြီးပြင်းရင်း တောင်စောင့်နတ်မလေး 'အီးနွန်း'နဲ့ လက်ထပ်ဖြစ်တယ်၊ သားတစ်ယောက်မွေးတယ်'





သူပြောသမျှကို ခင်လေးငယ်က ငြိမ်ပြီးနားထောင်၏။

'ဇု'နတ်မင်းကြီးက မိဖုရားသုံးယောက်ထဲကနေပြီးအချောရွေးဖို့ ခက်ပုံ၊ ပဲရစ်အိပ်မောကျနေစဉ်မှာ 'ဇု'နတ်မင်းကြီးက အချောဆုံးမိဖုရားကို ရွေးခိုင်းပုံ၊ အိပ်မက်ထဲမှာပဲ 'အဖရိုဒိုက်'ကို အလှဆုံး နတ်သမီးအဖြစ် ပဲရစ်က ရွေးပေးလို့ 'အဖရိုဒိုက်'က ပဲရစ်ကို အချောဆုံး အလှဆုံးအမျိုးသမီးနဲ့ ရရစေမယ်လို့ ကျေးဇူးတင်စကားပြောပြီး ပျောက်သွားပုံများကို ဆက်ပြောပြဖြစ်သည်။

'ထရွိုင်က ပဲရစ်နဲ့ စပါတာနိုင်ငံက ဟယ်လင်တို့ရဲ့ ဆက်စပ်ပုံကို ရေးရေးသဘောပေါက်ပြီ ထင်တယ်၊ ပဲရစ်ဟာ အဲဒီအိပ်မက်မက်အပြီး သူ့နွားသိုးအဖြူကို မင်းမှုထမ်းတွေက ဖမ်းဆီးသွားလို့ နန်းတော်ထဲ လိုက်လာခဲ့တယ်၊ ဘုရင်ကြီးဟာ မဲရစ်ကို မတတ်သာလို့ စွန့်ပစ်ရပေမယ့် အဲဒီနေ့ရောက်တိုင်း အထိမ်းအမှတ်အနေနဲ့ ယဇ်ပူဇော်ပွဲတွေ ပြိုင်ပွဲတွေ ကျင်းပတယ်၊ ပဲရစ်သာ သူ့ရဲ့မွေးနေ့ပွဲမှန်းမသိဘဲ ပြိုင်ပွဲတွေမှာ ဝင်ပြိုင်တယ်၊ အဲဒီလိုနဲ့ နောက်ဆုံးမှာ ဘုရင်ကြီးက သူစွန့်ပစ်ခဲ့တဲ့ သားမှန်းသိသွားပြီး ပဲရစ်ဟာ မင်းသားဘဝကို ရောက်သွားတယ်၊ မင်းသားဖြစ်တာနဲ့ သူ့ဇနီးသားတွေကို မေ့သွားပြီး သင်္ဘောကြီးနဲ့ ရွက်လွှင့်ပြီး ဟယ်လင်တို့နိုင်ငံဆီ အရောက်သွားခဲ့တယ်၊ ဟယ်လင်လို ထရွိုင်အထိ ဦးယူလာခဲ့တယ်'

'ထရွိုင်'ရုပ်ရှင်ကားကို ကြည့်ထားသည်မို့ ခင်လေးငယ် ...သဘောပေါက်လောက်ပြီ ထင်၏။ ဟယ်လင်ကို ကယ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မင်းနီလော့စ်လိုက်လာပုံ၊ ဆယ်နှစ်ကြာအောင် ထရှိုင်ကို တိုက်ခိုက်ကြပုံ၊ ပဲရစ်နှင့် မင်းနီးလော့စ်တို့ စီးချင်းထိုးပုံ၊ ပဲရစ်ကျသွားပြီး ထရှိုင်မြို့ကျသွားပုံများကိုတော့ သူ မပြောပြဖြစ်တော့ပေ။

'ဟယ်လင် ဘဝကလည်း သနားစရာ တပုံတပင်ကြီးပါလား။ သူ့အလှတရားကို ပတ်သက်မိတဲ့သူတိုင်း ကျိုးစာသင့်သလို ဖြစ်စေခဲ့တာပဲနော်။ ကိုမင်းလကျ်ာ'

'ဒါပေါ့ ခင်လေးငယ်၊ ပဲရစ် ဆုံးသွားပေမယ့် ထရှိုင်မကျခင် စပ်ကြားမှာ ကျန်ခဲ့တဲ့မင်းသားက ဟယ်လင်ကို ဆက်သိမ်းပိုက်ခဲ့တာပဲ။ ဒါတင် ဘယ်ကမလဲ၊ ထရှိုင်ကနေ ဂရိကျွန်းဆွယ်ကို ပြန်တဲ့လမ်းမှာ အခက်အခဲတွေ လေပြင်းမုန်တိုင်းတွေကြောင့်ပဲ ပင်လယ်ပြင်မှာ ဟယ်လင်နဲ့ မင်းနီးလော့စ်တို့ လူချင်းထပ်ကွဲသွားကြပြန်တယ်။ တွေ့တော့လည်း အီဂျစ်ဘုရင်ရဲ့လက်ထဲမှာ ဟယ်လင် ရောက်နေတယ်။ အဲဒီမှာတော့ ဟယ်လင်ရဲ့ ဖြတ်ထိုး ဉာဏ်ကောင်းမှုကြောင့်ပဲ အီဂျစ်ဘုရင်လက်ကနေ ဟယ်လင်တို့နှစ်ယောက် လွတ်မြောက်ပြီး သူတို့နိုင်ငံကို ပြန်ရောက်လာကြတော့တာပဲလေ'

'ဟယ်လင်ကို သံယောဇဉ်ဖြစ်မိတဲ့ လူတွေရဲ့ အချစ်ကြောင့်ပဲ ဒီဒုက္ခတာရီပုံပြင်က ပိုပြီး အသက်ဝင်ခဲ့တာမှာနော်၊ ကိုမင်းလကျ်ာ'

'ဆိုပါတော့ ခင်လေးငယ်၊ ကိုယ်လည်း ဟယ်လင်လို ချစ်သူမျိုးနဲ့ ဆုံဖြစ်ခဲ့ရင် ဘယ်လောက်ထိအောင် ဆင်းရဲ ဒုက္ခတွေ့ တုံ့တရား လက်မှဲ့ဖြစ်လိုက်မလဲလို့ မတွေးကောင်း၊ တွေးကောင်းတွေးဖြစ်တယ် သိလား'





'ဘာလဲ… ကိုမင်းလကျ်ာက 'ဟယ်လင်' လို မိန်းမချောမျိုးနဲ့ ကြုံဖူးချင်လို့ စိတ်ကူးယဉ်ကြတာလား'

ခင်လေးငယ်အား စေ့စေ့ကြည့်ဖြစ်သည်။ သူ့ရင်တို့ ပွင့်ထွက်ခဲ့ပြီး ခင်လေးငယ်အား ချစ်ရေးဆိုမိတော့၏။

'ကိုယ်ကြုံခဲ့နေရတဲ့ ကိုယ်ချစ်ရသူ ခင်လေးငယ်ကတော့ ဟယ်လင် မင်းသမီးလေးလိုတော့ မဖြစ်လောက်ပါဘူးနော်'

'အဟုတ်မှတ်လို့များ နားထောင်နေတာ၊ လက်စသတ်တော့ ရည်းစားစကားပြောလိုက်တာပေါ့ ဟုတ်လား ကိုမင်းလကျ်ာ'

'ခင်လေးငယ်ကို အရမ်းချစ်မိနေပြီ၊ ကိုယ့်အရိပ်အကဲကို ခင်လေးငယ်လည်း သိရင် သိနှင့်နေမှာပါ'

မရိုင်းပျသော အပြုအမူဖြင့် ခင်လေးငယ်အား ယုယမြတ်သည်။

ဆံစများကို ရတ်တရက် သိမ်းယူပြီး သူ နမ်းရှိုက်ပြတ်၏။

သူပြောသမျှ သူလုပ်သမျှတွေကို ခင်လေးငယ် အံ့အားသင့်နေမည်လားလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(နှစ်)

ရင်မှာ အစဉ်ထာဝရနဲ့
အကြင်နာ အထင်ကရပါတွယ်...
ချစ်လှွယ် အစုန်းစေတ်သူ့ကို
ပစ်ဝယ် ရှန်းထွတ်ကို့တော့
ဆုံးတစ်သက်မရှယ်...။

www.burmeseclassic.com

www.burmeseclassic.com

၁။

နိုင်ငံခြားသွားဖို့ကိစ္စနှင့် ပတ်သက်ပြီး ဝန်ကြီးရုံးသို့ သူသွားရသည်။ နိုင်ငံခြားသွားရမည့် လူငါးယောက်ထဲတွင် သူက အသက်ငယ်ဆုံးနှင့် ရာထူးအငယ်ဆုံးဖြစ်၏။ လူကြီးတွေနှင့် တွေ့ပြီးသောအခါ အချိန်တွေ ပိုနေခဲ့သည်။ ညီညီစိုးတို့ကုမ္ပဏီရုံးခန်းနှင့်လည်း နီးနေသည်မို့ သူ ဝင်ဖြစ်သည်။

'ဟာ… ကိုမင်းလက်ျာပါလား၊ ဘယ်ကနေ မျက်စိလည်ပြီး ရောက်လာတာတုန်း၊ လူချင်းမတွေ့ဖြစ်တာတောင် ကြာနေပြီနော်'

သူ့ကို မြင်မြင်ချင်းမှာပင် သီသီဆွေက နှုတ်ဆက်စကားဆိုသည်။ ကုမ္ပဏီရုံးခန်းမှာတော့ ညီညီစိုးကို မတွေ့ရပေ။ ပွဲရုံဖက်တွေဆီများ ညီညီစိုး ရောက်နေမလားဟု စိတ်ထဲက တွေးမိသည်။

'ညီညီစိုးရော၊ သီသီဆွေ၊ ဒီကောင်ကြီး ဖုန်းလည်းမဆက်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကျွန်တော့်ဆီလည်း ရောက်မလာဘူး၊ အလုပ်
အရမ်းရှုပ်နေလား'

'အလုပ်ကိစ္စနဲ့တော့ မဟုတ်ဘူး၊ ဒီရက်တွေမှာ သူ
ပျက်ပြီး ရှုပ်နေတာတော့ သေချာတယ်၊ ကိုမင်းလ
အချိန်ရတယ် မဟုတ်လား၊ စကားအေးအေးဆေး
ပြောရအောင်'

သီသီဆွေစကားက အထူးအဆန်းပင်။ ညီညီစိုးနှင့် သီ
ဆွေတို့ သူမျက်စိရှေ့မှာပင် အိမ်ထောင်ကျပြီး စီးပွားအရမ်းဖြစ်
တာ၊ လေးနှစ်လောက်ရှိမည် ထင်၏။ စီးပွားရေးကိုသာ အ
စိတ်ဝင်စားပြီး အခြားလူမှုရေး အရှုပ်အရှင်းများမှာ ညီညီစိုး မ
သက်တာ သူ အသိဆုံးပင်။

'ပြောစမ်းပါဦး သီသီဆွေ၊ ပြောစရာဖြစ်လောက်အော
ညီညီစိုး၊ ဘာတွေများ ခြေလှမ်းပျက်လို့လဲ'

သူမျက်စိရှေ့မှာပင် သီသီဆွေ အရောင်ချက်ချင်း ပြော
သွား၏။ စတွေ့တုန်းက မြင်တွေ့ရသော ပြုံးရွှင်ရွှင်မျက်နှာလေး
မှာ ငိုမဲ့မဲ့ဖြစ်နေတော့သည်။

'တစ်ပတ် ဆယ်ရက်လောက်တော့ရှိပြီ ကိုမင်းလက်
သီသီဆွေကို ဂရုမစိုက်သလို၊ အလုပ်ကိုလည်း စိတ်မဝ
စားဘူး၊ ဟိုလေ… သူ တစ်ခါမှ မလုပ်ဖူးတဲ့ ကော
မလေးတွေနဲ့ တွဲသွားတွဲလာမျိုး လုပ်နေတယ်'

'ဟုတ်ရဲ့လား၊ သူများပြောတာများ၊ သီသီဆွေကိုယ်တို
သိတာလား၊ ဒီလို မိန်းမကိစ္စရှုပ်တာ၊ သူမှာ အလေ့အ
မရှိပါဘူး'





ညီညီစိုးတစ်ယောက် သောက်တာပဲရှိသည်။ မိန်းမကိစ္စ
တော့ ရှင်းသည်။ ဘယ်လိုဖြစ်ပြီး ဒီရက်ပိုင်းကျမှ ညီညီစိုး ဖွဲ
ဖောက်သည်မသိပေ။

'မိန်းကလေးကိစ္စ အရှုပ်အရှင်းကင်းတဲ့သူ မဟုတ်လား၊
သူခြေလှမ်းပျက်တာကို ရိပ်မိတယ်၊ သူများတွေကလည်း
ပြောလာဆိုလာပြီး သတိပေးတယ်၊ သီသီဆွေကိုယ်တိုင်
သူ့ကို မေးဖြစ်ခဲ့တယ်'

အခြားလူများဆီသို့ ခြေလှမ်း ရောက်နေသော ခင်ပွန်း
သည်အဖြစ်ကြောင့် သီသီဆွေ ကြေကွဲဝမ်းနည်းနေရလေသည်။

သူ့သူငယ်ချင်း အရင်းကြီးမို့ သီသီဆွေ ရင်ဖွင့်ပြီး တိုင်
တည်နေ၏။

'အဲဒီလိုမေးတော့ သူက ဘာပြောလဲ၊ မဟုတ်ဘူးလို့
ငြင်းလား သီသီဆွေ'

'ငြင်းလိုက်ရင် စိတ်ကျေနပ်အောင် လိမ်ပြီးပြောရင် ဒီ
လောက် ဝမ်းနည်းဖြစ်မှာ မဟုတ်ဘူး ကိုမင်းလကျော်။
သူ ဒုက္ခတွေပြီး စိတ်ညစ်မှာစိုးလို့ သတိပေးစကားပြောပြီး
မေးဖြစ်ခဲ့တာပါ။ သူက လုံးဝ မညာဘူး၊ လူတွေပြော
သလို မိန်းကလေးတွေနဲ့ရှုပ်တယ်ဆိုတာ ဟုတ်တယ်လို့
ဝန်ခံသွားတယ်'

'ဟာ… ဒီကောင် တော်တော်ဆိုးတာပဲ၊ စိတ်ထင်ရာ
တွေ လျှောက်လုပ်နေရင် အားလုံး စိတ်ဆင်းရဲစရာတွေ
ဖြစ်ကုန်တော့မှာပဲ'

'သူ ဒီလိုလုပ်နေတာထက် သူပြောတဲ့ စကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပိုစိတ်ဆင်းရဲရတာ၊ သူ့ဘဝက ကျွန်မအတွက် သူ့မိဘ
ခွေမျိုးတွေအတွက် ဖြည့်ဆည်းပေးခဲ့ရတာတဲ့။ ဒီတစ်ခါ
တော့ သူ့စိတ်တိုင်းကျ လုပ်မှာလို့ပြောတယ် ကိုမင်း
လက်ျာ၊ သူ စီးပွားရေးလုပ်တာ အရမ်းအောင်မြင်တယ်
မိန်းမကိစ္စ လုံးဝ အသံမထွက်ဘူး၊ ကျွန်မဆိုရင် အသိုင်း
အဝိုင်းတွေကြားမှာ သူနဲ့ပတ်သက်ပြီး အမြဲအမှတ်ပြည့်
ရတာ၊ အခုတော့ ကိုမင်းလက်ျာရယ်၊ သူက နောက်ကွယ်
မှာ ရှုပ်ရုံတင်မကဘူး၊ ကျွန်မတို့မိသားစုဘဝလေးကို
ဖျက်ဆီးပစ်ဖို့အထိ ခြိမ်းခြောက်တဲ့စကားတွေ ပြောလာ
နေပြီ'

သီသီဆွေ့စကားတွေက ခံစားချက်ကြောင့်ပင် ပိုပြီးခဲ့
ကားနေတာမျိုးလားမသိ။ ပြဿနာ အရင်းအမြစ်က ဒီလောက်ကြီး
အထိ နက်ရှိုင်းလိမ့်မည်ဟု သူ မထင်မိပေ။ ညီညီစိုးနှင့် စကား
ပြောဖြစ်ရင်တော့ တစ်စုံတစ်ရာ ကွဲကွဲပြားပြား သိရမည်ဟု သူ
တွေးဖြစ်သည်။

'အဲဒီလောက်ကြီးအထိတော့ အဆုံးမတွေးလိုက်ပါနဲ့
သီသီဆွေ၊ သူနဲ့လည်း သိပ်ပြီး အတိုက်အခံ မပြောနဲ့
နေမြဲအတိုင်းပဲ နေပါ၊ ကျွန်တော် ညီညီစိုးနဲ့တွေ့ပြီး
ဒီပြဿနာကို ရှင်းပေးပါ့မယ်၊ လောကသဘာဝအရ
ခြေလှမ်းမှားတာမျိုးပဲ ဖြစ်ရမှာပါ။ ညီညီစိုးအတွက်
ကျွန်တော် အာမခံပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ညီညီ
စိုးရဲ့စိတ်ကို ကျွန်တော် သိနေလို့ပါပဲ'

'ဒါနဲ့ ကိုမင်းလက်ျာ စင်္ကာပူသွားမှာဆို'





'ဌာနကလွှတ်လို့ပါ၊ သုံးလလောက်ပဲကြာမှာပါ'

'ဘယ်တော့လောက်သွားဖြစ်မှာလဲ'

'တစ်လလောက်တော့ အချိန်ရပါသေးတယ်'

'ကူညီပါဦး ကိုမင်းလက်ျာရယ်၊ သူက ကိုမင်းလက်ျာ
ပြောရင် နားထောင်မှာပါ၊ စင်္ကာပူမသွားခင် ရအောင်
ပြောခဲ့ပေးပါဦးနော်'

ဒီသတင်းဆိုးကြားရတော့ သီသီဆွေနှင့်အတူ သူလည်း
ခံစားရ၏။ ညီညီစိုးနှင့်တော့ ဆုံမှဖြစ်တော့မည်။ ခက်နေတာက
ဒီနောက်ပိုင်း ရက်တွေ ဘာသာစကား သင်တန်းတက်ဖို့ကိစ္စတွေ
နှင့် အရင်ကလို အားတော့မှာ မဟုတ်ပေ။

* * *

သီသီဆွေနှင့်တွေ့ပြီး အိမ်ပြန်ရောက်သည်နှင့် ညီညီစိုး
ဟန်းဖုန်းကို လှမ်းဆက်ခေါ်ကြည့်သည်။ ညီညီစိုးက ဖုန်းကို
လုံးဝ ပိတ်ထား၏။

သူ စိတ်လျှော့လိုက်ပြီး ညနေစာ စားလိုက်သည်။ ခြေ
ညောင်းဆန့်သည့်သဘောဖြင့် လှမ်းထွက်လျှောက်ဖြစ်၏။

အခွေလာအပ်သော ခင်လေးငယ်နှင့် လမ်းမှာ ဆုံဖြစ်ကြ
သည်။

'အတန်းစောစောပြီးတာနဲ့ နေ့လယ်ခင်းတုန်းကတောင်
ရုံးကို ဖုန်းဆက်ဖြစ်သေးတယ်'

သူနှင့် ခင်လေးငယ်တို့၏ ဆက်ဆံရေးကတော့ အရင်
ထက်ပိုပြီး အခွင့်အရေးတွေ များလာ၏။ ခင်လေးငယ်တို့အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com


ဖုန်းဆက်လို့ ရရုံမက၊ အိမ်သို့ပါ အသွားအလာ လုပ်ခွင့်ရသ
ခင်လေးငယ်ကလည်း သူ့အိမ်သို့ အန်တီဝေနှင့်အတူတူ တခါ
တစ်ရံ လာတတ်၏။

'ဟုတ်တယ် ခင်လေးငယ်၊ နိုင်ငံခြားသွားဖို့ ကိစ္စအတွ
လူကြီးတွေနဲ့ သွားတွေ့တာ၊ မနက်ကတည်းက ရုံး
မရှိဘူး'

'လူကြီးတွေနဲ့ တွေ့တာက ဆယ့်နှစ်နာရီမထိုးခင် ပြီးသ
တာဆို၊ မြို့ထဲကသူငယ်ချင်းကူမွေအိမ်မှာ ဝင်ကျန်ခဲ့တ
လို့ ရုံးက ပြောတယ်'

သူနှင့်ခင်လေးငယ်တို့အကြောင်းကို သူ့အထက်အရာ
သာမက ရုံးကလူတွေပါ သိထားကြ၏။

'ဟုတ်တယ်၊ သူငယ်ချင်းနဲ့တော့ မတွေ့ဖြစ်ခဲ့ဘူး၊ ဒါပေ
သူ့မိန်းမနဲ့တွေ့ပြီး စိတ်မကောင်းဖြစ်စရာ သတင်းဆိုး
ကြားခဲ့ရတယ် ခင်လေးငယ်'

'ဘာသတင်းမလို့လဲဟင်'

သူများကိုယ်ရေးကိုယ်တာမို့ အရိပ်အမြွက်လောက်ပဲ ပြော
ပြလိုက်၏။

'ကိုယ့်သူငယ်ချင်းက အောင်မြင်နေတဲ့ စီးပွားရေးသမာ
ကျောင်းတုန်းကတည်းက ဒီသတင်းမကြားရခင်အထ
လူငယ်ဖြစ်ဝေမယ့် မိန်းမ အချုပ်အရှင်းကင်းတဲ့သူ၊ သူ
လှမ်းပျက်နေတဲ့အကြောင်း သူ့မိန်းမက ကိုယ့်ကိုတိုင
လိုက်တယ်'

'ဒါဆိုရင်တော့ ကိုမင်းလက်ျာမှာ တာဝန်ရှိနေပြီ၊ ကြား





ဝင်ပေးရုံတင် မကဘူး၊ သူငယ်ချင်းကို ဖြောင်းဖျပြောဆို
အသိပေးလိုက်ပေါ့'

မိန်းမချင်း ကိုယ်ချင်းစာသည့်အနေဖြင့် ခင်လေးငယ်ပြော
၏။ ပြဿနာကို ရေရေရာရာမသိရသေးသည်မို့ ဆက်မဆွေးနွေးဘဲ
စကားလမ်းကြောင်း ပြောင်းပစ်လိုက်သည်။

'သူများအပူထက် ကိုယ့်အပူက ပိုအရေးကြီးနေတယ်
ခင်လေးငယ်'

'ဘာအပူများလဲ ကိုမင်းလက်ျာ'

'တခြားဟုတ်ရိုးလား၊ အခုထိ ချစ်ပါတယ်ဆိုတဲ့ အဖြေ
ကို မကြားရသေးလို့ ရင်ပူနေရတာလေ'

သူ့စကားကြောင့်ပင် ခင်လေးငယ် ပြုံး၏။

'အချိန်တွေ အများကြီးရှိပါသေးတယ် ကိုမင်းလက်ျာ
ရယ်'

'ဘယ်မှာရှိလို့လဲ၊ နောက်လထဲမှာ သွားရတော့မှာ၊ ရေ
ခြားမြေခြားကို စိတ်ချလက်ချနဲ့ နောက်ဆံမတင်းဘဲ သွား
ချင်တယ် ခင်လေးငယ်ရယ်'

'ဘာလဲ ခင်လေးငယ်ကို မယုံတဲ့သဘောလား'

'ယုံတယ် ခင်လေးငယ်၊ သေချာချင်တာ၊ အချစ်စိတ်နဲ့
အားရကျေနပ်စွာ ခင်လေးငယ်ကို လှမ်းပစ်ချင်တာလေ'

'စိတ်ချလက်ချသွားပါ၊ အလွန်ဆုံး စက်ာပူကပြန်ရောက်
လာရင် ကြားရမှာပါ ကိုမင်းလက်ျာ'

'ဈေးဆစ်တာတော့ မဟုတ်ဘူး၊ ရေခြားမြေခြား မသွား
ခင် ကိုယ် ကြားချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



လွယ်နေသည်ကို စိတ်မောရအောင် ခင်လေးငယ် အချိ
ဆွဲနေလေသည်လား။ သေသေချာချာ တွေးရင်တော့ သူနှင့်ခ
လေးငယ်တို့ ဆုံခဲ့ရင်းနှီးခဲ့တာ နှစ်တစ်ဝက်ပင် မကျိုးသေးဘေ

'ပြောလို့တော့ မရဘူးလေ၊ ကြားရင် ကြားရမှာပေ
ဒီလောက်ဆို ကျေနပ်ပြီ မဟုတ်လား'

လူသူရှေ့မှာမို့ ခင်လေးငယ်၏ ဆံစများကိုတော့ ။
မနမ်းရှိုက်ဖြစ်ပေ။

ဒါပေမဲ့ ခင်လေးငယ်၏ လက်ဖျားလေးများကိုတေ
ယုယစွာ ဆုပ်နယ်နေဖြစ်၏။

စကားမပြောဘဲ ချစ်သူ့မျက်နှာကို တစ်ဝကြီး ကြည့်
ခဲ့သည်။

* * *

၂။

သူအလုပ်အားသည့်အချိန် သတိရဖြစ်သည်။ အချိန်တိုင်း
ညီညီစိုးဆီ ဖုန်းဆက်ဖြစ်သည်။ ဆက်သည့်အခါတိုင်း ဖုန်းမှာ
ထားတာနှင့် ကြုံရသည်။ မနေ့ကတော့ စနေနေ့မို့ သတိထား
ဖုန်းခေါ်ကြည့်သည်။

ညဦးပိုင်းမှာပင် ညီညီစိုးနှင့် အဆက်အသွယ်ရသည်။
သူ့အိမ်သို့ အေးအေးဆေးဆေးလာခဲ့မည်ဟု ညီညီစိုး ကတိ
သည်။ ဖုန်းထဲမှာမို့ အကျိုးအကြောင်း မပြောဖြစ်လိုက်
။

စာတွေလုပ်ရင်းကပင် ညီညီစိုးအလာကို မနက်ကတည်း
စောင့်နေမိသည်။ နေ့လယ်တစ်နာရီ ထိုးခါနီးမှာ တံခါးခေါက်
ကြားရ၏။

ညီညီစိုးပဲဟာ အတပ်တွေးပြီး တံခါးဖွင့်ပေးလိုက်သည်။

'ဟာ... ခင်လေးငယ်ပါလား'

မျှော်နေရသူက ညီညီစိုး၊ မထင်မှတ်ဘဲ စားစရာသေတ်



www.burmeseclassic.com

www.burmeseclassic.com



စရာတွေ ထည့်ထားသောချိုင့်ကို ဆွဲလာသော ခင်လေးငယ်ကို တွေ့ရ၏။

'အပေါက်ဝမှာ ဒီအတိုင်းကြီးပဲ ရပ်နေရမှာလား၊ ခင်လေးငယ်ကို အထဲဝင်ဖို့ လမ်းမဖယ်ပေးတော့ဘူးလား ကိုမင်းလကျ်ာ'

ခင်လေးငယ်စကားကြောင့်ပင် အသိဝင်ပြီး ချိုင့်ကိုကူ သယ်ရင်းက လမ်းဖယ်ပေးလိုက်၏။ ရုတ်တရက်ကြီး ကြောင်သွားသောဖြစ်ရပ်အတွက် ခင်လေးငယ်အား ရှင်းပြဖြစ်သည်။

'ကိုယ့်သူငယ်ချင်း လာမယ်ဆိုလို့ စောင့်နေတာ၊ တံခါးခေါက်တော့ သူပဲဆိုပြီး ဝမ်းသာအားရ ဖွင့်လိုက်တာ ခင်လေးငယ်ကိုတွေ့ရတော့ ကိုယ် ကြောင်သွားတာပဲ'

'မသိပါဘူး၊ ဘယ်သူဘယ်ဝါများရှိနေလို့ ပေးမဝင်တော့ဘူးလားလို့ပါ'

'အဲဒီလောက်အထိ ကိုယ် အစွမ်းအစမရှိပါဘူး၊ ခင်လေးငယ်တစ်ယောက်တည်းကိုသာ စွဲလမ်းပြီး ပထမဆုံးချစ်ခဲ့မိတာပါ'

'ကျေးဇူးတင်ပါတယ်ရှင်၊ ဒီနေ့စ်ချိုင့်က ကြက်သားပလာတာ၊ အိမ်မှာလုပ်စားလို့လေ၊ အောက်ဆုံးတစ်ချိုင့်က ကြက်သားကြော်လေ၊ အန်တီဝေလည်း ပါလာတယ်၊ အပေါ်ထပ်ကိုတက်ပြီး ကိုဝင်းကိုတို့အတွက် ပလာတာသွားပေးနေတာ'

စားစရာ သောက်စရာတွေ လာပို့ပေးတာ သုံးလေးကြိမ်လောက်ရှိသွားခဲ့ပြီ။





'အစားကောင်းသောက်ကောင်း စားရတဲ့အခါ အရင်းနှီးဆုံးလူကို သတိရတယ်လို့ ကိုယ်ကြားဖူးတယ်၊ ဒါပေမဲ့ ကိုယ့်အတွက်နဲ့ ဒုက္ခများပါတယ် ခင်လေးငယ်'

'လုပ်မနေနဲ့ ကိုမင်းလကျ်ာ၊ နောက်ရက်တွေမှာ ညနေစာကို အမြဲလာစားဖို့ အန်တီကြွေကတောင် မှာလိုက်တယ်၊ အချိန့်တိုတိုအတွင်းမှာ အန်တီကြွေ သဘောကျသွားတာ ကိုမင်းလကျ်ာ ကံကောင်းလွန်းလို့ပဲ'

'အင်းလေ… ခွဲကျတဲ့ အဖိုးကြီးက ဖိတ်ခေါ်နေမှတော့ မငြင်းတော့ပါဘူး၊ ဒါပေမဲ့ နေ့တိုင်းချည်းတော့ လာဖြစ်မယ် မထင်ဘူး၊ လာဖြစ်တဲ့နေ့မှာ ရှိတာနဲ့ ကြုံသလို လာစားပါ့မယ်လို့ ပြောပြလိုက်ပါ ခင်လေးငယ်'

ခင်လေးငယ်တို့အိမ်ကို လမ်းဖောက်ရုံမက စားအိမ်သောက်အိမ်အဖြစ် တစ်ဆင့်တက်လာပြီ။ ဒီအတိတ်နိမိတ်တွေကအား ဝမ်းမြောက်စေသည်။

'ရှေ့အပတ်ထဲမှာ အစည်းအဝေးရှိလို့ ဖေဖေ ရန်ကုန်လာမယ်၊ မေမေလည်း ပါလာလိမ့်မယ်၊ လေးငါးရက်တော့ နေဖြစ်မယ်၊ အဆင်ပြေတဲ့ တစ်ရက်လောက်တော့ မေမေတို့နဲ့ တွေ့လို့ဖြစ်မယ် မဟုတ်လား ကိုမင်းလကျ်ာ'

'တွေ့ရမှာပေါ့၊ သူတို့သားမက်လောင်းကို ယောက္ခမကြီးတွေက အကဲခတ်ချင်မှာပေါ့'

အသားယူပြီး ပြောလိုက်တော့ ခင်လေးငယ် အံတစ်ချက်…

'သူ့ကို ဘာမှမပြောရသေးဘဲနဲ့များ၊ အသားယူပြနေလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ’

‘စ,တာပါ ခင်လေးငယ်ရယ်’

‘ခင်လေးငယ် စိတ်ဆိုးရင် တော်တော်နဲ့ ချော့လို့ရတာ မဟုတ်ဘူးနော်၊ သတိထား’

‘ကိုယ့်မှာနည်းရှိတယ်၊ တစ်ခါတည်း ပျော့သွားအောင် အတင်းဖက်ပြီး နမ်းပစ်လိုက်မှာပေါ့’

‘သွားကွာ၊ ပြောလေကဲလေပဲ။ တော်ကြာ အန်တီဖေ ရောက်လာလို့ ကြားသွားရင် တစ်မျိုးထင်နေမယ်’

ဒီထက်ပိုပြီး မစသင့်မှန်း သူသိသည်။

‘အန်တီဝေတို့ဆီမှာ ကြိုပြီး ခင်လေးငယ် ခွင့်တောင်းထား လိုက်၊ ရှေ့တစ်ပတ် စနေနေ့မှာ ကိုယ်တို့အိမ်ကို အလည် သွားဖို့အတွက်လေ။ ကိုယ်ကိုယ်တိုင်လည်း ခွင့်တောင် မှာပါ’

ချွေပြမျိုးပြ သဘောမျိုးဆိုတာ သူ့ရော ခင်လေးငယ်ပါ သိ၏။ သူ့စကားကို ခင်လေးငယ် မငြင်းဆို။

အန်တီဝေ ရောက်လာပြီး ခင်လေးငယ်တို့ ပြန်ဆင်းသွာ ကြ၏။ ခင်လေးငယ်နှင့် မကြာသောအချိန်မှာ ဘဝတစ်ခုကို ... ထောင်ဖြစ်တော့မည်ပဲ။

* * *

ခင်လေးငယ်တို့ပြန်သွားပြီး နေရာမှာထိုင်တာ ဖင်... တာတ်သေးပေ။

တံခါးခေါက်သံကြောင့် ထိုင်ရာမှ ထလိုက်ရသည်





ဒီတစ်ခါ တံခါးလာခေါက်သူက ညီညီစိုးဖြစ်နေ၏။

ညီညီစိုးနှင့် ခင်လေးငယ်တို့က လွဲမှ လွဲတတ်ပေတယ်ဟု အောက်မေ့လိုက်ရသေး၏။

‘ညီညီစိုးပါလား၊ ပေးလေ မင်းရဲ့ပစ္စည်းတွေ၊ ခုနလေး တင် ခင်လေးငယ် ပြန်သွားတာကွ၊ မင်းနဲ့မဆိုသလောက် လေး ကပ်လွဲသွားတာ’

ညီညီစိုးကတော့ နေ့ခင်းကြောင်တောင်ပင် အနံ့ရနေ၏။ ...လာသော ကျွတ်ကျွတ်အိတ်ထဲမှာလည်း အရက်ပုလင်းတွေ ...လာသေး၏။

‘ငါ မြင်သားပဲ၊ ငါ ကားပေါ်က ဆင်းခါနီးမှာ သူ လှေကားပေါ် တက်သွားတာ၊ ငါ ကားပေါ်က မဆင်း တော့ဘဲ ထိုင်စောင့်နေတာ၊ သူပြန်သွားမှ မင်းအခန်းပေါ် ငါ တက်လာတာ၊ ဒီအချိန်မှာ မင်းနဲ့အတူတူ တွဲပြီး ငါ့ကိုမြင်လို့ တွေ့လို့ မဖြစ်သေးဘူး’

သောက်ထားသောကြောင့် ညီညီစိုး ရီတီတီဖြစ်နေတာပဲ ...တွေးဖြစ်၏။ ဒီပုံစံမျိုးနှင့် ခင်လေးငယ်အား ရင်မဆိုင်ချင်လို့ပဲ ... လွယ်လွယ်တွေးမိသည်။

‘စောသေးလို့ ငါတော့ မသောက်ဘူး ညီညီစိုး၊ မင်း သောက်ချင်ရင်တော့ ငါ ပြင်ပေးမယ်၊ စားစရာ ကြက် သားပလာတာ ရှိတယ်၊ မြည်းစရာ ကြက်ကြော်ရှိတယ်၊ ဒါတွေအားလုံး ခင်လေးငယ် လာပို့ပေးသွားတာလေ’

‘နေပါဦး၊ မင်းတို့က ဒီအခြေအနေထိ ခရီးရောက်နေပြ ပြီပေါ့ ဟုတ်လား’



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ဘယ်လိုပြောရမလဲ၊ သေချာသလောက်ရှိ
လို့ ပြောလို့ရပေမယ့် ခင်လေးငယ်ဆီက ချစ်တယ်ဆိုတဲ့
အဖြေကိုတော့ ငါ မရသေးပါဘူး ညီညီစိုး'

ညီညီစိုး မေးသောကြောင့် သူ့အကြောင်းတွေကိုသာ
အရင်ပြောဖြစ်၏။

'ဒါဆိုရင်တော့ ဘာမှ နောက်မကျသေးပါဘူး၊ ဒီတော့
ကွာ ခင်လေးငယ်ဆီက အဖြေကို ဒီတစ်သက် မင်း
မကြားချင်နဲ့တော့ မင်းလက်ကျာ'

ညီညီစိုး ပြောလိုက်သောစကားကြောင့် သူ ဘာပြော
မှန်း မသိအောင်ဖြစ်သွား၏။ မူးလက်စနှင့်မို့ ညီညီစိုး အရ
ဆက်သောက်၏။

'ဘာဖြစ်လို့လဲ ညီညီစိုး'

'ငါ့ရင်ထဲမှာ ခံစားနေရတာတွေ၊ ဒီရက်တွေမှာ ငါ
ချင်တိုင်း ဖြစ်နေရတာတွေအတွက် တည့်တည့်ပဲပြော
တော့မယ်ကွာ'

ဖြစ်ခဲ့သမျှတွေအတွက် ညီညီစိုး အကျိုးအကြောင်းမဲ့
ပွင့်အန်ပြီဟု သူ တွေးလိုက်သည်။

'မင်းပြောချင်နေတာတွေကို မကွယ်ဝှက်စတမ်း
ပြောချလိုက်ပါ၊ ငါ နားထောင်နေတယ် ညီညီစိုး'

'ပြောမှာ၊ ပြောချင်လွန်းလို့ မင်းဆီရောက်အောင် လာ
တာ၊ ဒီမှာ မင်းလက်ကျာ၊ သူ့ကို လုံးဝ မေ့လိုက်
ဘာဖြစ်လို့လဲဆိုတော့ ငါ့ရဲ့အချစ်ဦး ငါနဲ့နှစ်ယော
တည်း လူမသိ သူမသိ လက်ထပ်ဖြစ်ဖူးတဲ့ ခင်ခင်





ခင်လေးငယ်ဟာ တစ်ယောက်တည်း ဖြစ်နေလို့ပဲ'

'ဘာပြောလိုက်တယ် ညီညီစိုး'

သူ့ရင်ကို လှုပ်ယမ်းပြီး တုန်လှုပ်နိုင်စွမ်းသော စကား
တစ်နက်ကို အကာကွယ်မဲ့စွာ ကြားလိုက်ရသည်။

'ဟုတ်တယ်၊ ခင်ခင်နဲ့ ခင်လေးငယ်ဟာ တစ်ယောက်
တည်းပဲ။ ငါနဲ့ပတ်သက်ချိန်မှာရော မပတ်သက်ခင်မှာပါ
ခင်ခင်ဆိုတဲ့ ယောင်နာမည်ပဲ လူသိများခဲ့တာ။ ခင်လေး
ငယ်ဆိုတာကိုတောင် မေ့တော့တော့ဖြစ်နေခဲ့တာ'

သူက စိတ်တွေလှုပ်ရှားနေသလောက် ညီညီစိုးက တည်
ငြိမ်လွန်းနေ၏။ ယောင်ယမ်းပြီး ညီညီစိုး ငုံ့ထားသော အရက်ခွက်
ကို သူ ကောက်သောက်ဖြစ်၏။

'မင်း အရမ်းမူးနေလို့ ပေါက်ကရတွေ လျှောက်ပြောနေ
တာများလား ညီညီစိုး'

'ခင်ခင်ပျောက်ဆုံးခဲ့တာ ကြာပြီ၊ ဒီတစ်သက် ပြန်ဆုံနိုင်
စရာ မရှိဘူးလို့ ငါထင်ထားခဲ့တာ၊ မင်းက ငါ့ကိုယ်စား
ရှာဖွေပေးခဲ့တာပဲ၊ ဒါကြောင့် ပထမဆုံး ဆုံဖြစ်တုန်းက
ရော ဒီနေ့ပါ ငါ ရှောင်နေခဲ့တာလေ၊ ငါပြေပါသေး
တယ်၊ ဒီရက်တွေမှာ လူတွေပြောရလောက်အောင်ကိုပဲ
ငါ့ရဲ့အသည်းကို မိန်းကလေးတွေ တော်တော်များများနဲ့
ခွဲဆေးကြောဖြစ်ခဲ့တယ်၊ ငါလိုချင်တာ မရဘူး၊ ငါ့ဘဝထဲ
ကနေ ခင်ခင်ပျောက်ဆုံးနေခဲ့တာ ကြာပါပြီ၊ မတွေ့ရ
မမြင်ရခင်က သတိရတယ် လွမ်းတယ်ဆိုတာပဲ ငါသိပြီး
ခံစားရတယ်။ ပြန်တွေ့ကြတော့ ငါ ဘယ်လိုမှသော



www.burmeseclassic.com

www.burmeseclassic.com



တည်လို့မရအောင် ဖြစ်နေရတယ် မင်းလက်ျာ'

သူသောက်ဖြစ်သော သေရည်ထက် ညီညီစိုး၏ စကား

တွေကြောင့်ပင် မူးယစ် ထိတ်လန့်ရသည်လေ။

ကြုံမှကြုံတတ်ပြီး ဆုံဖြစ်ခဲ့လေသလားဟု ဝမ်းနည်း

မြည်တမ်းနေဖြစ်ပြန်၏။

* * *



၃။

ညီညီစိုးစကားကို ကြားရပြီး နောက်ပိုင်းနေ့များသည်

ည်းကောင်း၊ ညများသည်လည်းကောင်း တုန်လှုပ်ချောက်ချား

များ ဖြစ်ခဲ့ရသည်။ ခင်လေးငယ်ကိုမြင်လျက် ရင်မှာ မချမ်း

နိုင်။ ခင်လေးငယ်၏ စကားသံများကို ကြားနေပါလျက် ငရဲ

နေရသလို။

နိုင်ငံခြားသွားရမည့် အရေးကိစ္စသာ ရှိမနေခဲ့ရင် ဒီပတ်

ကျင်ကနေ တစ်နည်းမဟုတ် တစ်နည်း သူ ထွက်ပြေးသွားဖြစ်

သေချာနေ၏။

'ဟော့… ကိုမင်းလက်ျာ'

သူ ဘယ်လောက်တောင် အတွေးလွန်မိသည် မသိ။

ာခဲ့သည်က ခင်လေးငယ်တို့အိမ်ကို။ သူပြောခဲ့သော စကား

ိုင်း ခင်လေးငယ်အားခေါ်ပြီး သူ့မိဘအိမ်ကို အလည်အပတ်

ို့ဖြစ်၏။

ခင်လေးငယ်တို့ အိမ်ရှေ့ကို တော်တော်လေး လွန်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့မှ သူ ပြန်လျှောက်ခဲ့ရ၏။

'အနိတီတေတို့ သုံးယောက်စလုံး မြင်တာ၊ မင်း ဘာ
များ အတွေးလွန်ပြီး ဆက်လျှောက်သွားရတာလဲ'

မလုံမလဲစိတ်ကြောင့် အားလုံး၏ မျက်နှာကို ရဲတင်း
မကြည့်ဖြစ်ဘဲ အဆင်ပြေအောင် ပြောလိုက်ရသည်။

'ဟုတ်တယ်၊ ဒီနားရောက်ခါနီးမှ တွေးတာများသွ
ပြီး သတိလက်လွတ် ဖြစ်သွားခဲ့တာ'

'ကြည့်လည်း လုပ်ပါဦး၊ တော်ကြာ ငါ့တူမလေး
မေ့လျော့ပြီး တစ်နေရာရာမှာ ထားခဲ့ပါဦးမယ်'

'ဟုတ်တယ်၊ သူ့လက်ကို မလွှတ်တမ်းမြဲမြဲတွဲထား
နော် ခင်လေးငယ်'

အပျိုကြီးနှစ်ယောက်၏ အပြောင်အနောက်စကားကြော
ပင် သူ အနေခက်စွာ ရယ်မောမိပြန်၏။

သူ့ရင်မှ အပူကို ခင်လေးငယ်ရော ကျန်သူအားလုံး
သိနိုင်စွမ်းမည် မထင်။

ညီညီစိုးကတော့ စကားမြားတွေ ပစ်လွှတ်ပြီး သူ့နှ
သားကို အငိုနိုင်းခဲ့ပြီလားမသိ။

'ရုပ်ရှင်သွားကြည့်တုန်းကလို သူငယ်ချင်းကားကို
မလားဆိုပြီး ခင်လေးငယ် မျှော်နေတာ'

အတူယှဉ်လျှောက်ရင်းကပင် ခင်လေးငယ် ပြော
ကြည့်စမ်းပါဦး၊ ကားငှားဖို့ကို ခင်လေးငယ်ပြောမှ သတိ
သည်။

ညီညီစိုးထံမှ စကားမြားတွေကို ရင်မှာမနှစ်ဝင်ဖြစ်





တော့ ခင်လေးငယ်ပြောသလို သူ စိတ်ကူးထားခဲ့ပြီးဖြစ်၏။ ဒီအခြေအနေကြီးမှာတော့ မျက်နှာပြောင်တိုက်ပြီး ညီညီစိုးထံ ကားမငှားချင်တော့ပေ။

မောင်းလာသော အငှားကားတစ်စီးကို လှမ်းတားရင်း သူ ပြောလိုက်ရ၏။

'ပထမတော့ သွားယူမလို့ပဲ၊ အလုပ်ရှုပ်နေတာနဲ့ မယူဖြစ်
တာ၊ တက္ကစီပဲ ငှားသွားကြတာပေါ့'

အငှားကားစီးလို့ရလို့ ခင်လေးငယ် ဘာမှမဖြစ်ဘူးဆိုတာကို သူသိသည်။ ကားပေါ်ရောက်တော့ ခင်လေးငယ်က သူ့ကို ဆဖန့်သလိုလို အသိပေးစကားပြော၏။

'နိုင်ငံခြားသွားဖို့အတွက် စိတ်ရောလူပါ အရမ်းအပင်ပန်း
ခံလို့လား မသိဘူး၊ သွားခါနီးလာလေ ကိုမင်းလကျော်
ရဲ့ ပုံသဏ္ဌာန်က ပိုသိသာလာတယ်။ နားနားနေနေ
နေပါဦးလား၊ ဒီရက်ပိုင်းမှာ မျက်နှာတွေလည်း ချောင်
ကျသွားတယ်'

နိုင်ငံခြားသွားဖို့ ကြိုးစားလုံးပမ်းရသည်က ပြဿနာမရှိ။ သူ့ကို စိတ်ဒုက္ခပေးခဲ့သော ညီညီစိုး၏စကားများက နှိပ်စက်လွန်းနေတာဖြစ်သည်။

ချစ်သူ၏အကြင်နာစကားအတွက်တော့ ဟန်ဆောင်ပြီး ပြုံးပြန်ဖြစ်သည်။

'မမလေး ထဘီဖိုးအတွက် ကြိုးစားရတာပဲ။ ပင်ပန်း
တယ်လို့ သဘောမထားပါဘူး'

'တော်ကြာ မမလေး ထဘီမဝတ်ရဘဲ ဒီက ကိုမင်း



www.burmeseclassic.com

www.burmeseclassic.com

လက်ျာကို ကြားထဲက ဘုန်းကြီးစားသွားပါဦးမယ်'

အပြောင်အပျက်စကားကြောင့် ဟန်ဆောင်ရယ်လိုက်သော်လည်း စိတ်မချမ်းမြေ့နိုင်။ ဇင်ဇင်နှင့် ခင်လေးငယ်ဟာ တစ်ယောက်တည်းလား။ ညီညီစိုးနှင့် ပတ်သက်ခဲ့ဖူးသလားဟု ရင်ထဲမှာ မေးဖြစ်ပေမယ့် နှုတ်မှမထွက်ပြန်ပါလေ။

'မေမေတို့က ထမင်းဟင်းတွေချက်ပြီး စောင့်နေမှာ၊ အိမ်မှာပဲ ထမင်းစားရအောင်နော် ခင်လေးငယ်'

အပြုံးနှင့်အတူ သဘောတူကြောင်းကို ခင်လေးငယ် ခေါင်းညိတ်ပြသည်။

ခင်လေးငယ်ကို အသေအချာ စေ့စေ့မကြည့်ရဲတော့တာ သူ့ကိုယ်သူ အသိဆုံးပဲလေ။

* * *

'ကိုမင်းလက်ျာ'

'ဘာလဲ ခင်လေးငယ်'

ဇင်ဇင်ဆိုတာ ညီညီစိုးနှင့်ပတ်သက်သော အတိတ်ဘဝက နာမည်ပေပဲ။ ဇင်ဇင်ဟာ သူ့ခင်လေးငယ်ဖြစ်နိုင်ပါ့မလားဟု မရဲတရဲ တွေးမိ၏။

'ခင်လေးငယ်ကို စေ့စေ့စပ်စပ် ကြည့်ပါဦး ကိုမင်းလက်ျာရဲ့'

ချိုပြသောစကား၊ နွဲ့ဟန်ပါသော အမူအရာကြောင့်ပင် ခင်လေးငယ် ခိုင်းစေသလို စေ့စပ်သေချာစွာ ကြည့်မိ၏။

ခင်လေးငယ်၏မျက်နှာသည် မရှုပ်ထွေး၊ မျက်စိနောက်





ခရှိ။ ဆံစများကို စုစည်းထားပုံကပင် ရင်ကို အေးချမ်းစေ၏။ သူကတော့ ဒါပဲမြင်၏။ တခြား ထူးထူးခြားခြား မတွေ့

'လှပါတယ်၊ ဤကြွေရတဲ့ ခင်လေးငယ်ကို အိမ်ကလူတွေ မြင်တာနဲ့ သဘောကျသွားမှာပါ'

'ဘာလဲ မသိဘူး၊ လူကိုလည်း သေသေချာချာကြည့်သေးတယ်၊ ကိုမင်းလက်ျာရဲ့ မှတ်ဉာဏ်တွေ၊ အဲဒီလောက်ပဲ ထုံထိုင်းသွားပြီလား၊ ဒီနှံသာရောင် ဝတ်စုံလေးကို တကယ်ပဲ မမှတ်မိတော့ဘူးလား ကိုမင်းလက်ျာ'

ဝေဒနာအသိကြောင့် အာရုံတို့မရှင်းပျ။ ခင်လေးငယ်ပြောတော့မှ သူ သတိရဖြစ်တော့၏။

သူ့ ညှိုးဖျင်းမှုကြောင့် ခင်လေးငယ် မျက်နှာညှိုလေပြီ။

'ဟုတ်ပါရဲ့၊ ဒီနှံ့သာရောင် ရင်ဖုံးအင်္ကျီရယ်၊ ထဘီရယ်က ကိုယ်တို့စတွေ့ဖြစ်တဲ့နေ့က ခင်လေးငယ် ဝတ်ခဲ့တာပဲ၊ ကျေနပ်ပါတယ် ခင်လေးငယ်ရယ်။ ကိုယ်လေ သတိလက်မဲ့ ဖြစ်သွားတာပါ၊ ခင်လေးငယ်ကို အလေးမထားတာ မဟုတ်ပါဘူး'

'အဲဒါကြောင့် ပြောတာပေါ့၊ ဦးနှောက်ကို နားနားနေနေခိုင်းပါလို့၊ အားလုံး သေချာနေတာကို အရမ်းကြိုးစားနေတော့တာပဲ၊ ဒီတိုင်းဆို ကျန်းမာရေးထိလိမ့်မယ်'

'ကိုယ် အမှတ်မဲ့ဖြစ်သွားတာကို ခင်လေးငယ် စိတ်မဆိုးဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



ညိုနေတာက ဟန်ဆောင်ရုံသာ။ အပြုံးတို့နှင့်အတူ ခ
လေးငယ် ရွှင်ပျလာ၏။

ရင်မှအပူကို ခင်လေးငယ် သိစေချင်လိုက်တာလေ

'ကိုမင်းလက်ျာကိုကြည့်ပြီး အကြာကြီး စိတ်မကောင်း
ရက်လို့ သိလား။ နောက်ဆိုရင်တော့ မရဘူးနော်၊ ခ
လေးငယ်က တကယ် မှတ်မှတ်ရရနဲ့ ဒီနေ့မျိုးမှာ ဒီဝ
စုံလေးကို တမင် ရွေးဝတ်လာခဲ့ရတာ'

အခွဲအနွဲ့တို့ကြောင့် အားလုံးကို ခေတ္တမေ့ထားရပြန်

သူတို့အိမ်ရှေ့သို့ ကားရောက်သည်နှင့် တစ်အိမ်သားလ
ဆီးကြိုကြ၏။

'မမခင်လေးငယ်က ကိုကိုပြောထားတာထက်တော
ပိုပြီး ကျက်သရေရှိနေသေးတယ်'

ခင်လေးငယ်ကိုကြည့်ပြီး ကျန်သူများက စိတ်ထဲမှာ
နပ်နေကြသော်လည်း ညီမလေးကတော့ ဟန်မဆောင်ဘဲချီးမွမ်း
ဖွင့်လိုက်၏။

'သားတို့ သမီးတို့ ခဏနေကြဦး။ ပြီးရင် မိသားစုတစ်
တည်း ဝိုင်းပြီး စားလိုက်ကြတာပေါ့'

'ဟုတ်တယ်လေ၊ ဒါ ငါ့သားမင်းလက်ျာအတွက် ဂုဏ်
ပြုတဲ့ မင်္ဂလာထမင်းဝိုင်းပဲ'

ဖေဖေနှင့် မေမေတို့က ပီတိဖြစ်နေကြ၏။

သူ့မိသားစုကြားမှာ ခင်လေးငယ် အနေမကျုံ့ခဲ့ပေ။

ညီညီစိုး၏ စကားမြှားတွေသာရင်မှာ မစူးနစ်ခဲ့ရင်
ထက်ပိုပြီး ပျော်စရာကောင်းမှာ သေချာ၏။





'ညီမလေးနဲ့ ညီလေးက ဘယ်သူ အသက်ကြီးလဲ'

အစ်ကိုကြီးက မေး၏။ အစ်ကိုကြီးမိန်းမက ဝင်ဟန့်လိုက်
သည်။

'အို... ရှင်ကလည်း၊ ဘာတွေမေးမှန်း မသိဘူး'

'ရပါတယ် အစ်မ၊ ခင်လေးငယ်ထက် ကိုမင်းလက်ျာ
က တစ်နှစ်ပဲ ကြီးတာပါ'

သူ့မိသားစု အားလုံးက ခင်လေးငယ်ကို သဘောကျ
တာ အဆန်းတော့ မဟုတ်ပေ။

မင်းတို့နှစ်ယောက်က တကယ့်ကို နေနဲ့လ ရွှေနဲ့မြပဲ၊
ရှေ့သွားနောက်လိုက်လည်း တကယ်ညီတယ်ဟု အစ်ကိုကြီးက
ပြောင်ချီးမွမ်းသေး၏။

သူ့ရင်ထဲက အပူကိုတော့ ဘယ်သူမှ မြင်နိုင်စွမ်းမရှိ။
ရှေ့လျှောက် ဘာတွေဆက်ဖြစ်မည်ဆိုတာလည်း သူ မစဉ်းစား
တတ်တော့ပေ။

သူ ရင်ကွဲကိန်းကြုံဖို့ ခင်လေးငယ်နှင့် ဆုံခဲ့ခြင်းလားဟု
ဝမ်းနည်းမိပြန်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

၄။

အလုပ်တွေ လုပ်နေရသော်လည်း သူ့စိတ်တွေ အစိုးမရ ခင်လေးငယ်နှင့် တွေ့နေမြင်နေရသော်လည်း မငြိမ်းချမ်း။ ထင်မှတ် မထားသော စိတ်ဆင်းရဲစရာ စကားများကို ပြောဆိုပြီး အရင်လို ပဲ ညီညီစိုးနှင့် အဆက်အသွယ်ပြတ်သွားပြန်၏။

သူကိုယ်တိုင်ကလည်း ဖုန်းဆက်ဖို့ မကြိုးစားသလို၊ ညီညီ စိုးကလည်း သူ့ထံသို့ ဖုန်းမဆက်။

သူ့စိတ်ထဲမှာတော့ ညီညီစိုးစကားတွေကိုပါ အကြွင်းမဲ့ ယုံဖို့ခက်နေပြန်၏။

ညီညီစိုးက ပြောချင်ရာတွေ ပြောပြီး ဒီအတိုင်း ထားရစ် ခဲ့သည်။ ညီညီစိုးနှင့် ရှင်းရှင်းလင်းလင်း စကားပြောရအောင် သူကိုယ်တိုင် သွားဖြစ်တော့၏။

'ငါထင်ထားတဲ့အတိုင်းပဲ၊ သိပ်ကြာကြာ မစောင့်ရဘဲ လူကိုယ်တိုင် ငါ့ဆီ ရောက်လာမယ်ဆိုတာကို ကြိုသိနေ ဖြစ်တယ် မင်းလကျ်ာ'





ညီညီစိုး စကားကြောင့်ပင် ဒေါသ ထောင်းခနဲ ဖြစ်သွား သေး၏။ ညီညီစိုးနှင့် ဆက်ဆံပေါင်းသင်းလာတာ ကြာပြီ၊ ကားလေးတစ်ခွန်းကြောင့်တော့ ဒီလိုဒေါသမဖြစ်ဘူးခဲ့ပေ။ ရည်း ားလူလု အူနုကျွဲခတ်သလိုဆိုသော စကားအတိုင်း မဖြစ်စေဖို့ သူ ဆင်ခြင်လိုက်ရ၏။

ညီညီစိုးဆီသို့ သူ ရောက်သွားချိန်မှာ မှောင်နေပြီ။

'ငါ မင်းနဲ့ စကားပြောချင်လွန်းလို့ ထွက်လာခဲ့တာပဲ ညီညီစိုး၊ မင်း အပြင်သွားစရာရှိလို့လား'

သူတို့နှစ်ယောက် အခြေအနေကို သီသီဆွေက ရိပ်စားမိ ာ မဟုတ်ပေ။

'အိမ်မှာ ညရောနေ့ပါ ဖင်ပူအောင်နေတာ မဟုတ်ဘူး ကိုမင်းလကျ်ာ၊ အခုလိုထွက်ပြီးရင် မနက်လင်းခါနီးမှ ပြန်ရင် ပြန်ရောက်လာတတ်တာ'

သီသီဆွေဝင်ပြောသော စကားကို မင်းမင်းစိုးက ဂရု စိုက်ပေ။

'ငါသွားမယ့်နေရာကို မင်းလိုက်ခဲ့လို့ ရတယ်၊ ဟိုရောက် မှ မင်းနဲ့ငါ အေးအေးဆေးဆေး စကားပြောကြတာပေါ့ မဟုတ်ဘူးလား'

သူက စကားပြောချင်နေသူမို့ ညီညီစိုးခေါ်ရာ နောက်ကို လိုက်သွားရုံသာ ရှိတော့၏။ သီသီဆွေကိုတော့ သွားခါနီးမှာ သူ နှုတ်ဆက်ဖြစ်သည်။

'သွားလိုက်ဦးမယ် သီသီဆွေ၊ နောက်မှ အေးအေး ဆေး တွေ့ကြတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'သီသီဆွေဆီကို နိုင်ငံခြားမသွားခင် တစ်ခေါက်လောက် တော့ မဖြစ်ဖြစ်အောင် လာခဲ့ဦးနော်'

ညီညီစိုးနှင့် ပတ်သက်ပြီး သီသီကလည်း သူနှင့်စကား တွေ ပြောချင်နေမှာ သေချာ၏။ ဒီအရှုပ်ကို သူကရှင်းပေးဖို့ သီသီ ဆွေအား သူ ကတိပေးဖူး၏။

တကယ်တမ်းမှာတော့ ဒီအရှုပ်ထဲမှာ သူပါ ပါဝင်ပတ် သက်နေရတာကိုတော့ သီသီဆွေ သိနိုင်မည် မထင်ပေ။

'ငါ အခုလို ဖြစ်နေပျက်နေတဲ့ကိစ္စအတွက် ငါ့မိန်းမက မင်းကို အားကိုးတကြီးနဲ့ အကူအညီတောင်းတယ် ဟုတ် လား'

'ဟုတ်တယ်ကွာ၊ ဘာဖြစ်လဲ ညီညီစိုး'

သူ့လေသံက မပျော့ပြောင်းဘဲ မာဆတ်နေသည်။

'ဘယ်လိုဖြစ်ရတာလဲ မင်းလက်ျာ၊ အမြဲတမ်း သူ့မျာ နားဝင်ချိုအောင် ပြောတတ်ဆိုတတ်တဲ့ သူက ကား စပါယ်ယာ လေသံဖမ်းဖြစ်နေပါလား'

'အချစ်နဲ့စစ်မှာ တရားတာတွေ မတရားတာတွေ မရှိ ဘူး ညီညီစိုး၊ ဒါပေမဲ့ ငါကတော့ မင်းလောက်တော့ တရားလက်မဲ့ မဆင်မခြင်လုပ်မယ့် လူစားမျိုးတော့ မဟုတ်ဘူး ညီညီစိုး'

ကားမောင်းနေရင်းကပင် သူ့စကားကြောင့် အားပါးတ ညီညီစိုး ရယ်မော၏။ သူ့စိတ်၊ သူ့ခေါသကိုတော့ အတတ်နိုင်ဆုံး ချုပ်တည်းထားဖြစ်ခဲ့၏။

'ဘာလဲ မင်းက ငါ့ကို ပြိုင်ဘက်တစ်ယောက် သဘောထားလိုက်ပြီပေါ့၊ မင်း သေသေချာချာ စဉ်းစား နော် မင်းလက်ျာ၊ ဒီပွဲမှာ မင်းက ဇင်ဇင်နဲ့ ပတ်သက်ပြီး ဒုတိယလူနော်'

ညီညီစိုးပြောလိုက်သော စကားက သူ့အချက်ကို တည့် တည့်ထိသွားတော့သည်။ ဘာမှ ပြန်မပြောနိုင်လောက်အောင် သူ ငြိမ်ကျသွားမိ၏။

'ငါ့ကိုယ်ငါရော မင်းကိုပါ သနားနေဖြစ်တယ်၊ ငါခေါ် တဲ့နောက်ကို လိုက်ခဲ့ပါ၊ မိန်းမဆိုတာ ဘာလဲဆိုတာကို တော့ မင်းသိအောင်လုပ်ကြည့်ပါ၊ ပြီးမှ မင်းနဲ့ငါ အေး အေးဆေးဆေး ဆက်ဆွေးနွေးကြတာပေါ့ မင်းလက်ျာ'

စားသောက်ဆိုင်တစ်ဆိုင် သို့မဟုတ် အရက်ဆိုင်တစ်ဆိုင် သို့ သူ့ကို ခေါ်သွားလိမ့်မည်ဟု ထင်ထားလိုက်သည်။

တကယ်တမ်းကားရပ်လိုက်တော့ သူ ကြားဖူးနားဝ ရှိနေ သော ဒီနေ့ ဒီအချိန်အခါမှာ ခေတ်စားနေသော K.T.V ဖြစ်နေ၏။

* * *

ကာရာအိုကေဆိုရင်း အပန်းဖြေသောနည်းကို သူ မကြုံ ဖူးပေ။ သီချင်းလည်း ဟုတ်တိပတ်တိ ကျကျနန ဆိုဖူးသူလည်း မဟုတ်။

'K.T.V ဟာ ငါတို့လို အသည်းကွဲချင်ချင်ဖြစ်နေတဲ့ သူတွေအတွက်ရော၊ ခံစားမှုအသစ်တွေကို ပြန်လည်နိုးထ စေချင်တဲ့ လူတွေအတွက် အိပ်မက်ကမ္ဘာတစ်ခုပဲ၊ မကြာ ခင် မင်း တွေ့ပါလိမ့်မယ်၊ ငါ မိန်းမဆိုတဲ့ အရုပ်လေး




www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ မင်းရှေ့မှာ ဆက်ဆံပြမယ်၊ အချိန်တော့ နည်းနည်း
ပေးကွာ၊ ပြီးမှ ငါတို့ကိစ္စ ဆက်ဆွေးနွေးကြတာပေ
ငါ့ကိုတော့ သည်းခံပြီး အချိန်နည်းနည်းပေးပါ'

'ကောင်းပြီလေ၊ ငါကလည်း မင်းဆီလာကတည်းက
ညလုံးပေါက်ရင် ပေါက်သွားတော့ဆိုပြီး စဉ်းစားထား
သားပဲ'

ဟိုတယ်တစ်ခု၏အခန်းကိုတွေကို K.T.V Room အဖြ
ပြောင်းလဲထားခြင်း ဖြစ်၏။ သူတို့ရောက်ပြီး စားစရာ သောက်စ
တွေ လာချပေးရင်း လင်းနေသောမီးများကို မှိန်ထားလိုက်၏

တစ်ခန်းလုံးမှာ T.V စခရင် အလင်းရောင်သာရှိ၏
ညီညီစိုးက ဝိတ်တာကောင်လေးကို ဘာတွေကပ်ပြောသည်
ဖွင့်ထားသော သီချင်းသံကြောင့် သူ ကောင်းစွာ မကြားရပေ

'တော်ပြီ ညီညီစိုး၊ အချိန်လည်း မနည်းတော့ဘူး၊ မင်း
ငါ စကားပြောစရာရှိသေးတယ်'

'အိုကေ ဒီကနေခွာပြီး တစ်နေရာရာမှာ စကားပြော
တာပေါ့'

သူ့စကားကိုတော့ ညီညီစိုး နားထောင်သေးသည်။
သူရော၊ ညီညီစိုးပါ အနည်းငယ် မူးဝေနေပြီ။

* * *



၅။

သောက်စရာ စားစရာတွေတင်ပြီး လှိုင်းသောရန်ကုန်
မြစ်ဆိပ်သို့ မောင်းခဲ့ကြသည်။ တကယ်တော့ အချိန်ကလည်း
သန်းခေါင်နားကပ်နေသောကြောင့် ရန်ကုန်မြို့လယ်ခေါင်မှာပင်
ရှင်း လူပြတ်နေပြီဖြစ်၏။

မြစ်ဆိပ်ပေါတံတားသို့ရောက်အောင် ဆင်းထိုင်ကြသည်။

အေးစိမ့်သော လေသည် မြစ်ရေပြင်ကို ဖြတ်တိုက်၍လာ
သည်။

'မိန်းမဆိုတာ သိပ်တော့ အထူးအဆန်း မဟုတ်ဘူး
မင်းလကျာ၊ မင်းအမြင်ပါပဲ၊ သူတို့ရဲ့စရိုက်က…'

'တော်တော့ ညီညီစိုး၊ မဆီမဆိုင်တဲ့ကိစ္စတွေနဲ့ ဆက်စပ်
ပြီး မိန်းမဆိုတဲ့ စကားလုံးကြီးကိုတော့ ရောမသုံးနဲ့'

'မင်းလည်း မင်းရဲ့ဂုဏ်တွေ အချစ်တွေနဲ့ ခင်လေးယ်
ဆီမှာ လိုချင်တာတွေအတွက် အလဲအလှယ်လုပ်ဖို့ ကြိုး
စားနေတာ မဟုတ်လား မင်းလကျာ'



www.burmeseclassic.com

www.burmeseclassic.com



ကြီးကျယ်မြင့်မြတ်ခြင်းနှင့် သေးသိမ်ခြင်း၊ ခဏပျော်ရွှင်...မှုနှင့် ထာဝရခိုင်မြဲမှုများကိုတော့ ညီညီစိုး ထည့်မတွက်တော့ပေ...

'ငါမေးပါဦးမယ် ညီညီစိုး'

'မေးစမ်းပါ'

'မင်း သီသီဆွေကိုရော ဘယ်လိုပြောမလဲ'

ခင်လေးငယ်ကို မမေးခင်မှာ သီသီဆွေအား အမှတ်ရပြ...မေးဖြစ်သည်။

ညီညီစိုးစကားတွေကို သီသီဆွေသာ ကြားရင်တော့ ရင်...ကျိုးမှာ သေချာ၏။

'သီသီဆွေကိုလား၊ ငါ့မာမီအတွက်ရယ်၊ ငါ့အသိုင်း...အဝိုင်းအတွက်ရယ်တွေကြောင့် အလဲအလှယ် လုပ်ခဲ့တာ...ပဲ။ ငါ သီသီဆွေ့ကို တကယ်ချစ်ပြီးမှ လက်ထပ်ခဲ့တာ...မဟုတ်ဘဲ၊ ငါ အရူးအမူးဖြစ်အောင် ဒီနေ့အထိ ချစ်နေမ...တာက ဇင်ဇင်ပဲ'

သူမေးချင်သော မေးခွန်းအတွက် ညီညီစိုးကပင် ကြ...နိမိတ်ပြလိုက်၏။

'ဟုတ်ပြီ၊ ခင်လေးငယ်လို့ခေါ်တဲ့ အဲဒီဇင်ဇင်နဲ့ ပတ်သက်...လို့ရော မင်း ဘာပြောမလဲ'

အရင်မေးခွန်းတွေတုန်းကလိုတော့ လွယ်လွယ်ကူကူနှင့်...ချက်ချင်းကြီး အဖြေမပေးနိုင်။

မြစ်ပြင်ကို ကြည့်ရင်းက သက်ပြင်းမော မှုတ်ထုတ်...ပြီးမှ...

'ဟိုတုန်းကတော့ ချစ်ခြင်းတွေ သံယောဇဉ်တွေနဲ့ အလဲ...



လှယ်လုပ်ခဲ့တယ်၊ ဒါပေမဲ့ ဇင်ဇင်နဲ့ ဝေးခဲ့ရတယ်၊ အဲဒီအချိန်ကစလို့ ဒီနေ့အထိ ငါ့ဘဝမှာ အရာရာပြည့်စုံခဲ့တယ်၊ ဇင်ဇင်ကို မမြင်မတွေ့ရတာ တစ်ခုပဲရှိတယ်၊ ငါ သူ့ကို တဖြည်းဖြည်း မေ့သွားခဲ့မယ်လို့ ထင်ခဲ့တယ်၊ အခုလို ပြန်တွေ့ရတော့ ငါနေလို့ မရတော့ဘူး'

ဇင်ဇင်နဲ့ ခင်လေးငယ်မှာ တစ်ယောက်တည်း ဖြစ်ဖို့များ...၏။

ခင်လေးငယ်က ဒီအဖြစ်တွေကို ကွယ်ဝှက်ထားမည်...ား၊ ဖွင့်ပြောလာမည်လားဟု ကွဲပြားစွာ မသိရသေးပေ။

ညီညီစိုး ကြားထဲက ဝင်လာသောအခါမှ ခင်လေးငယ်...ပေါ် စဉ်းစားစရာတွေ တစ်ခုပြီးတစ်ခု တိုးတိုးလာရသည်။

'ကောင်းပြီ၊ တစ်ချိန်က မင်းတို့ဖြစ်ခဲ့တာတွေက ပြည်ပုံကားချလို့ တစ်ခန်းရပ်ခဲ့ပြီ၊ ဒီတစ်ခါ တစ်ကပြန်စမယ်ပဲဆိုပါစို့။ မင်းအနေနဲ့ ခင်လေးငယ်ကို ဘာနဲ့ အလဲအလှယ် လုပ်မလဲ ပြော...'

'မင်းလိုပဲပေါ့ကွာ၊ အချစ်တွေ သံယောဇဉ်တွေ၊ ပြီးတော့ မိန်းမတွေ မက်မောတဲ့ အရာတွေနဲ့ပေါ့'

'မင်းက စီးပွားရေးသမားပဲ၊ အချစ်ကို အလဲအလှယ် သဘောထားပြီး သေးသိမ်အောင် လုပ်ချင်တဲ့သူပဲ၊ ခင်လေးငယ်နဲ့ မပေါင်းဖြစ်ခဲ့တာ။ ခင်လေးငယ် အရမ်းကံကောင်းခဲ့တယ်. အခုဆိုရင် မင်းကြောင့်ပဲ ဘာမှအဖြစ်မရှိတဲ့ သီသီဆွေ ခံစားနေရပြီ'

'ဘာမှမပြောနဲ့ မင်းလက်ျာ၊ မင်းကို မင်းလည်း သိပ်...

www.burmeseclassic.com

www.burmeseclassic.com



အထင်ကြီးမနေနဲ့၊ မင်းနဲ့ ငါ နှစ်ယောက်တွဲပြီး ဇင်ဇင်
ကို တွေ့ရဲကြံ့ရဲလား'

ညီညီစိုး၏ စိန်ခေါ်မှုကြောင့်ပင် သူ လန့်ဖျပ်သွားသည်။

ဒီလိုအချိန်မျိုးမှာတော့ သူနှင့် ညီညီစိုးတို့ ပတ်သက်ဆက်စပ်နေတာကို ခင်လေးငယ်အား မသိစေချင်ပေ။

'စောပါသေးတယ်၊ တစ်ချိန်ချိန်တော့ သိလာရမယ် တွေ့လာရမှာပါ ညီညီစိုး'

'ဇင်ဇင်ကိုလည်း မင်းက သိပ်အထင်ကြီးနေလား၊ ကျွန်မ
ဟာ ဟိုတစ်ချိန် အသိနစဉ်တုန်းက ယောကျ်ားတစ်
ယောက်နဲ့ အတူပေါင်းဖို့ လိုက်ပြေးဖူးပါတယ်လို့ ဖွင့်ဟ
လာမှာတဲ့လား၊ ဇင်ဇင်ဟာ ဒီကိစ္စကို ဖုံးကွယ်ချင်လို့
မင်းကို မပြောရဲတာပေါ့'

ညီညီစိုး ပြောလိုက်သော စကားကြောင့် သူ တွေသွားရသည်။ ညီညီစိုးက မူးပြီးလျှောက်ပြောသည်။ အနိုင်ရချင်စိတ်ဖြင့် ပြောလိုက်သည်ပဲထားဦး။ ဒီအချက်က သူ့အတွက် အတော်လေး စဉ်းစားရမည့်အချက်ဖြစ်နေ၏။

ခင်လေးငယ်ကိုယ်တိုင်က ညီညီစိုးနှင့် ပတ်သက်ခဲ့သောကိစ္စများကို ဖွင့်ပြောလာရင် ကောင်းမှာပဲဟု ရှုးသွပ်စွာ မျှော်လင့်မိသည်။

'မင်း နောက်ဆုတ်လိုက်ပါ၊ ဇင်ဇင့်ဆီက အဖြေကိုလည်း
ရသေးတာ မဟုတ်ဘူး၊ ငါနဲ့ ဇင်ဇင်တို့ရဲ့ နောက်ကြောင်း
ကိုလည်း မင်းသိနေပြီပဲ။ ဇင်ဇင်အချစ်ကို မင်းထက်နှစ်
ပေါင်းများစွာစောပြီး ရခဲ့တာနော်၊ စိတ်ရောလူပါ အလွန်





သန့်စင် မွန်မြတ်တဲ့အရွယ်မှာ ရခဲ့တဲ့ အချစ်ဦးနော်'
သူ့ကို နောက်ဆုတ်ခိုင်းနေပြီ။

ဒါဆို ခင်လေးငယ်အား ပြန်လည်ရယူချင်သည့် သဘောပေါ့။

'မင်း ရူးနေလား၊ မင်းနဲ့ ခင်လေးငယ်က တွဲစပ်လို့မရ
တဲ့ ဘဝတွေဖြစ်နေပြီ။ မင်းသာ ခင်လေးငယ်ကို အရှက်
မရှိ တမ်းတမက်မောနေတာ'

'ငါ မရူးဘူး၊ ငါက လိုချင်လို့ ပြန်တောင်းတာကို
စဉ်းစားဆုံးဖြတ်ရမှာက ဇင်ဇင်ပဲ၊ ဇင်ဇင် ကျေနပ်တယ်၊
လက်ခံတယ်ဆိုရင် ဘာကိုမဆို မဖြစ်ဖြစ်အောင် လုပ်ယူ
လို့ရတယ်'

ညီညီစိုးက စီးပွားရေးသမား။ ပြီးတော့ ခင်လေးငယ်အား တကယ်ရအောင် ပြန်ယူပြမည့်သဘောရှိနေ၏။

ညီညီစိုးနှင့် အစစ အရာရာမှာ မယှဉ်ရဲ၊ အချစ်ကိုပဲ ယှဉ်ကြည့်လိုက်ပါဦး။

သူဟာ ခင်လေးငယ်အတွက် ဒုတိယလူ ဖြစ်နေပါပြီ တော။

* * *

ညနှစ်နာရီကျော်လောက်မှာ အခန်းပြန်ဖြစ်တာပဲ သူ
တ်မိ၏။ ညီညီစိုးကိုယ်တိုင် လိုက်ပို့ခြင်းလား၊ သူ့ဘာသာ သူ
ပြန်တာလားဆိုတာကိုတောင် စဉ်းစားလို့ မရတော့ပေ။ ရေငတ်
သွန်းခြင်းကြောင့် အိပ်ရာမှ နိုးလာခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရေသောက်ရင်းကပင် ညတုန်းက အရှိန်က မပြယ်ချင် သေးပေ။

တံခါးခေါက်သံကြောင့် အိပ်ရာထဲသို့ ပြန်မဝင်ဖြ တော့ပေ။

'ညတုန်းက ဘယ်တွေလျှောက်သွားနေတာလဲ'

တံခါးအဖွင့်မှာပင် မျက်နှာကိုဖြစ်ပြီး ခင်လေးငယ်၏ စကားသံကို သူ ကြားလိုက်ရ၏။

'ကိုယ့်သူငယ်ချင်းနဲ့ စကားတွေ အများကြီးပြောရင်း ညအတော်နက်သွားတယ်'

'ညဆယ့်နှစ်နာရီ ထိုးတော့ ဖုန်းခေါ်နေသေးတယ် မကိုင်တာနဲ့ အခုဝင်လာတာ'

'အထဲဝင်ဦးလေ၊ ကိုယ် မျက်နှာသစ်လိုက်ဦးမယ်'

ခင်လေးငယ်လက်ထဲမှ ဈေးခြင်းကို သူ လှမ်းယူရ ပြင်ရင်းက ပြောလိုက်သည်။ အရေးထဲမှာ အရာပေါ်ပြီး ဝမ်းက ရစ်နာနေသေး၏။

'မဝင်တော့ဘူး ကိုမင်းလကျ်ာ၊ မနေ့က မေမေတို့ရော လာကြတယ်'

'ဟုတ်လား'

'ဟုတ်တယ်၊ ဒီနေ့တော့ ဖေဖေ မအားဘူး၊ မနက်ဖြ ညနေစာကို အိမ်မှာလာစားရင်း ဖေဖေတို့နဲ့တွေ့ရအောင် လာပြီး အသိပေးတာ'

သူကလည်း ခင်လေးငယ်ကို ဖိတ်ခေါ်ပေမယ့် သံယ သံတံခါးကိုတော့ မဖွင့်ပေးဖြစ်ခဲ့။ ဒါမှလည်း သူ့ထံမှ အနံ့အသက်





ဆိုးတွေကို ခင်လေးငယ် မခံစားရမှာလေ။

'တွေ့ရမှာပေါ့ ခင်လေးငယ်'

'မနေ့ကလို မိုးမချုပ်စေနဲ့ဦးနော်'

မိဘတွေနှင့် ပေးတွေ့ပေးဖို့ အရေးကို ခင်လေးငယ်ဂရု စာထားလွန်းနေ၏။ အတိမ်းအစောင်း အမှားယွင်းမဖြစ်စေဖို့ ခင်လေးငယ် သတိပေး၏။

'မနက်ဖြန်ဆို အလုပ်ကလည်း ခွင့်ရနေပြီပဲ။ ကိုယ် ဘက်မှ သွားစရာမရှိပါဘူး၊ ဒါနဲ့ ခင်လေးငယ် ကျောင်း မတက်ဘူးလား'

'ဒီနေ့ရော၊ မနက်ဖြန်ရော ခင်လေးငယ်ကျောင်းတက် ဖြစ်မှာ မဟုတ်တော့ဘူး ကိုမင်းလကျ်ာ၊ ခင်လေးငယ် ပြန်တော့မယ်'

သူ့ကိုနှုတ်ဆက်ပြီး ခင်လေးငယ် ပြန်သွား၏။

စဉ်းစားရင်းကပင် သူ့အဖြစ်ကို သူ အားမရခြင်းများစွာဖြင့် ဝမ်းနည်းဖြစ်သည်။

တစ်ချိန်က ညီညီစိုးနှင့် ခင်လေးငယ်တို့သည် ငယ်ပေါင်း အချစ်ဦးသူတွေ၊ ညီညီစိုးနောက်ကိုပင် တစ်နေ့တာနီးပါးမျှ ခင် လေးငယ် ခိုးရာလိုက်ပြေးဖူး၏။

အခုအချိန်မှာတော့ သူသည် ခင်လေးငယ်အတွက် ဒုတိယလူဖြစ်နေပြီ။

သူနှင့် ခင်လေးငယ်တို့၏ အနေအထားက တကယ် ရင့်ကျက်တည်ငြိမ်စွာဖြင့် ချစ်သူအဖြစ်မှနေပြီး လက်ထပ်ဖြစ်ဖို့ အထိ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခြေအနေရောက်နေတာကိုတောင်မှ အတိတ်က ဇာတ်ကြောင်းကို ခင်လေးငယ် ထိန်ချန်ထားရစ်သည်လေ။

* * *



၆။

ညနေစောင်းမှာ ခင်လေးငယ်မိဘတွေနှင့် တွေ့ဖြစ်သည်။ ညီညီစိုးနှင့် စကားတွေသာ မပြောဖြစ်ပါက ညီညီစိုးသာ ခင်လေးငယ်နှင့် မပတ်သက်ခဲ့ပါက အခြေအနေအားလုံးဟာ သူ့အတွက် ဝမ်းသာစရာတွေပင်။

နေ့လယ် ထမင်းစားခါနီးမှာပင် သူ့အခန်းသို့ ခင်လေးငယ် တစ်ခေါက် ရောက်လာသည်။

'ဘာတွေများ ဒုက္ခခံပြီး ယူလာရပြန်တာလဲ ခင်လေးငယ်'

စားခါနီး သောက်ခါနီးမှာကပ်ပြီး စားစရာတွေယူလာ၏။ ခင်လေးငယ်ကတော့ ခါတိုင်းနှယ် ပြုံလေ့ပြုံထအတိုင်းပင် သူ့ကို ဂရုစိုက်နေ၏။

သူကိုယ်တိုင်ကပင် ခင်လေးငယ်၏ အယုအယများနှင့် သံယောဇဉ်များကို မလိုချင်တာလားဟု စဝေဓါ မေ့ပြီး။



www.burmeseclassic.com

www.burmeseclassic.com



'မေမေက ရောက်တုန်းရောက်ခိုက်မှာ ခင်လေး
ကြိုက်တတ်တဲ့ နန်းကြီးသုပ် လုပ်ကျွေးတာလေ၊ ကို
လက်ျာစားဖို့ လာပို့ပေးတာ၊ ထမင်းမစားရသေး
မဟုတ်လား'

'စာဖတ်နေတာနဲ့ပဲ ထမင်းတောင် မချက်ဖြစ်ဘူး၊ မီးဖို
နေတာလည်းပါတယ်၊ ခဏနေရင် အပြင်မှာထွက်စား
စဉ်းစားနေတုန်း ခင်လေးငယ် ရောက်လာတာ'

'ဒါဆိုရင်တော့ ကိုမင်းလက်ျာစားဖို့ ခင်လေးငယ် ပြ
လိုက်မယ်နော်'

သူက တစ်ယောက်တည်းသမားမို့ မီးဖိုချောင်ပစ္စည်း
ပန်းကန်ခွက်ယောက်တွေက တစ်ယောက်စာသာရှိ၏။

ရှိသမျှတွေနှင့်ပင် သပ်သပ်ရပ်ရပ်ဖြစ်အောင် ခင်လေး
ငယ် ပြင်ပေးသည်။

ခင်လေးငယ် ရောက်နေသည်မို့ သစ်သားတံခါးကို မပိ
ဘဲ သံပန်းတံခါးကိုသာ ပိတ်ထားဖြစ်သည်။

'ခင်လေးငယ်ပါ အတူတူ ဝင်စားပါလား'

နန်းကြီးသုပ်၏ အပြင်အဆင်၊ ဟင်းချို၏ အနံ့တွေကြော
ဝင် သွားရည်ယိုချင်လာ၏။

'ခင်လေးငယ်က အိမ်မှာ တစ်ဝကြီးစားခဲ့ပြီးပြီ၊ ကိုမ
လက်ျာစားတာကို အနားကနေ ထိုင်ကြည့်ပေးမယ်လေ
အတူတူ လက်ဆုံစားသလိုပဲပေါ့'

ချစ်စရာကောင်းသော ခင်လေးငယ်က တီတီတာတာ
ပြောတတ်လွန်းသူ။ ဒီလို အချွဲအနွဲ့တွေကြောင့်ပင် ညီညီစိုးတ





ယောက် မမေ့နိုင်တာဖြစ်မည်ပဲ။

'စကားမစပ် ပြောရဦးမယ်'

'ဘာများလဲ ကိုမင်းလက်ျာ'

ညီညီစိုးနှင့် ပတ်သက်ခဲ့တာကို သူမေးလည်း မေးချင်သည်။ မေးလည်း မမေးဝံ့ပေ။

'တခြားမဟုတ်ပါဘူး၊ ကိုယ် နိုင်ငံခြားသွားပြီး ပြန်လာဖြစ်ရင် ဒီအခန်းကို သူငယ်ချင်းလက်ထဲ ပြန်အပ်မလားလို့၊ အဆင်ပြေရင်တော့ အခန်းတစ်ခန်းလောက် ဝယ်မလားလို့ စိတ်ကူးတယ်'

'ဘာဖြစ်လို့လဲ၊ အိမ်ရှင်သူငယ်ချင်းက ဆက်မထားချင်လို့လား'

'မဟုတ်ပါဘူး၊ ပိုက်ဆံရှိလို့ ဝယ်နိုင်ရင်တောင် ဒီအခန်းကို လျှော့လျှော့ပေါ့ပေါ့နဲ့ ကိုယ့်ကို ပေးနေတာပါ၊ အခန်းဝယ်ဖြစ်ရင်တောင် ဒီမှာ မဝယ်ချင်တာရယ်၊ သူတို့ရဲ့ အကူအညီကို မလိုအပ်ဘဲ အရမ်း မယူချင်တာရယ်ကြောင့်ပါ'

ခင်လေးငယ်နှင့် မဆီမဆိုင် စကားပြောဖြစ်ရင်းကပင် ညီညီစိုးနှင့် ခပ်ကင်းကင်းနေဖို့ သူ စဉ်းစားဖြစ်သွားသည်။ ညီညီစိုးနှင့် ဆက်ပြီး ပတ်သက်နေဖြစ်ရင် စိတ်ဒုက္ခတွေ အမြဲတမ်း ရောက်နေရမည် ဖြစ်သည်။

'ဟုတ်တယ် ကိုမင်းလက်ျာ၊ ဒီမှာက အခြားနေရာတွေထက် တိုက်ခန်းများပြီး ဈေးလည်းပေါတယ်၊ ပြီးတော့ လူတွေလည်းအစုံနေတယ်။ ကိုယ်ပိုင်နေတဲ့ အခန်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ငှားနေတဲ့သူတွေ အရမ်းများတာလေ။ ခြောက်လတ
ခါ တစ်နှစ်တစ်ခါ ပြောင်းလိုက် ရွှေ့လိုက်နဲ့ ပတ်ဝ
ကျင်နဲ့လည်း သတ်သတ်မှတ်မှတ် ပေါင်းလို့သင်းလို့
ပြန်ဘူး’

‘ဟိုက ပြန်ရောက်ရင်တောင် ဒီမှာ ဆက်နေဖြစ်ပါ့မလာ
မသိဘူး’

သွေးတိုးစမ်းသည့်သဘောမျိုး ပြောလိုက်မိသည်။

‘အဲဒီလောက်မြန်မြန်ဆန်ဆန်ကြီး တကယ်ဖြစ်မှာလား
ဟင်’

‘ပြောလို့မရဘူး ခင်လေးငယ်၊ အဆင်ပြေရင်တော့ ပြ
သွားနိုင်တယ်’

ခင်လေးငယ် မျက်နှာကို သူ အကဲခတ်ကြည့်သည်
ဒီအခန်းမှာ နေခြင်း၊ မနေခြင်းနှင့် ပတ်သက်ပြီး ခင်လေးငယ်
ခံစားမှု မဲ့နေ၏။

‘ညနေကျရင် လေးနာရီထိုးအတိ ရောက်အောင်လာ
နော် ကိုမင်းလကျ်ာ၊ လူကြီးတွေကပြန်ပြီး စောင့်နေရ
အမှတ်လျော့သွားမှာစိုးလို့ သတိပေးတာနော်’

ခင်လေးငယ်ကတော့ မိဘတွေနှင့် တွေ့ပေးမည့်ကိစ္စ
အရမ်း အလေးအနက်ထားနေ၏။

‘စိတ်ချပါ ခင်လေးငယ်၊ လေးနာရီ ဒေါင်ဆိုတာနဲ့ ခင်
လေးငယ်တို့ရဲ့ အိမ်ဝကို ကိုယ် ရောက်စေရမယ်’

‘ဒါဆိုရင်တော့ ခင်လေးငယ် ပြန်တော့မယ်နော်’

‘ခဏလေး ခင်လေးငယ် ’





ပြန်တော့မည့် ခင်လေးငယ်အား အမှတ်မဲ့ ဖက်တွယ်ပြီး
များကို နမ်းရှိုက်လိုက်သည်။

‘အရမ်းကဲတာပဲကွာ’

ချိုသာနွဲ့ပျောင်းလွန်းသော အပြစ်တင်စကားကိုပြောပြီး
င်လေးငယ် ပြန်သွား၏။

သူ့နှုတ်ခမ်းဆီမှာတော့ ခင်လေးငယ်၏ အငွေ့အသက်
ကြွင်းကျန်ရစ်သည်။ ဒီရနံ့တွေကို သူ ပထမဆုံး ပိုင်ဆိုင်ခွင့်ရ
မှ မဟုတ်လေဘဲဟုတွေးရင် သက်ပြင်းမောချဖြစ်ပြန်သည်။

* * *

ခင်လေးငယ်တို့အိမ်ကို သွားရပေမယ့် စိတ်မကြည်။
လာရှိသော တွေ့ဆုံမှုဖြစ်ပေမယ့် ရင်ထဲမှာမကောင်း။

နှစ်ဖက်မိဘတွေကို အသိပေးနေမှတော့ သူ့အပေါ် ဘွယ်
သဘောထားကြောင်းကို ခင်လေးငယ်နှုတ်မှ ‘ချစ်တယ်’ဟု
ပြောသေးသော်လည်း အဖြေက ရှင်းလင်းနေပြီးသား။

‘ခင်လေးငယ်ရေ… မောင်မင်းလကျ်ာ ရောက်လာပြီ’

အန်တီကြွေက သူ့ကို မြင်သည်နှင့် အသိပေးလိုက်
၏။

အန်တီဝေနှင့်အတူ ခင်လေးငယ်၏ မိခင်ဖြစ်သူဟု ယူဆ
ရသူ အမျိုးသမီးကြီးတစ်ဦး အိမ်ထဲမှ ထွက်လာ၏။

‘ခဏလေးနားလိုက်ဦး မောင်မင်းလကျ်ာ၊ အစ်ကိုကြီး
လည်း ရေချိုးနေတယ်၊ ခင်လေးငယ်လည်း အဝတ်အစား
လဲနေတုန်းလေ၊ မမ သူက မောင်မင်းလကျ်ာ’



www.burmeseclassic.com

www.burmeseclassic.com



သူတွေးတာ မမှားပေ။ ခင်လေးငယ်၏ မိခင်ဖြစ်သူက သူ ပြုံးပြနှုတ်ဆက်လိုက်၏။

'သမီးလေးက ဒေါ်ဒေါ်တို့နဲ့ ခွဲနေပြီး သူ့အန်တီတွေ့ရဲ့ အုပ်ထိန်းမှုအောက်မှာနေတာ ကြာပြီလေ။ တက္ကသိုလ် မတက်ခင်ကတည်းက ဆိုပါတော့ မောင်မင်းလကျ် သူ့အန်တီတွေ လက်ထဲမှာပဲ ဆယ်တန်းအောင်ခဲ့တာ'

အန်တီကြွေတို့ အန်တီဝေတို့ဆီကို ညီညီစိုးနှင့် ပြဿ တက်ပြီးကတည်းက ရောက်ခဲ့ပုံရ၏။ 'ဇင်ဇင်'ဆိုသော အခေ အဝေါ်ကိုတော့ အခုထိ တစ်ဦးတစ်ယောက်မှ သုံးစွဲတာ မကြ ရသေးပေ။

သိပ်မကြာခင်မှာပဲ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ခင်လေ ငယ်နှင့် ဖခင်ဖြစ်သူတို့ သူ့ရှေ့သို့ ရောက်လာကြ၏။

'အားလုံးပဲ ထမင်းစားလိုက်ကြရအောင်'

ချစ်စရာ အသွင်ဖြင့် လှပနေသော ခင်လေးငယ်၊ အပြ ရိပ်၊ ပီတိရိပ်တွေကြောင့်ပင် ပိုလှလေသလားဟု ထင်ယောင်မှ မိသည်။

'မောင်မင်းလကျ်ာတို့က ညီအစ်ကို မောင်နှမ ဘယ် နှယောက်ရှိလဲ'

စားရင်းသောက်ရင်း ခင်လေးငယ်၏ ဖခင်ဖြစ်သူ မေးသည်။ သူကလည်း ဝတ္တရားအရ ပြန်ဖြေရ၏။

'သုံးယောက်ရှိပါတယ် ဦး၊ အစ်ကိုကြီးကတော့ အိ ထောင်ကျပြီး ဖေဖေတို့ မေမေတို့နဲ့ပဲ နေပါတယ်။ ညီ လေးကတော့ ဆယ်တန်းကျောင်းသူပါ'

တစ်ဆက်တည်းမှာပင် မေးမလို့ဖြစ်ပေမယ့် သူ့ ချိန်ဆ ဖြစ်၏။ စကားလုံးတွေရှာမိပြန်သည်။

'သမီးလေးကတော့ ဦးတို့ ရောက်ရောက်ချင်းမှာပဲ လူ ချင်းဆုံဖို့ ပူဆာတော့တာပဲ၊ မောင်မင်းလကျ်ာ ဟိုကနေ ပြန်ရောက်လာတဲ့အချိန်မှာ ဦးလည်း ရန်ကုန်ကို ပြန် ပြောင်းဖြစ်ဖို့များတယ်'

'တကယ်လား ဖေဖေ၊ ဒီလောက်ဝမ်းသာစရာကောင်းတဲ့ သတင်းကိုများ စောစောကတည်းကတော့ မပြောဘူး'

ခင်လေးငယ်တို့ မိသားစုလေးကတော့ စုစုဝေးဝေးဖြင့် ပြန်နေဖြစ်တော့မှာမို့ ဝမ်းသာနေပုံရသည်။

'ဒါနဲ့ နယ်မှာ ဦးနဲ့ဒေါ်ဒေါ်တို့နှစ်ယောက်တည်း နေကြ တာပေါ့'

'ဟုတ်တယ် မောင်မင်းလကျ်ာ၊ ဒေါ်ဒေါ်တို့မှာက ဒီသမီး လေးတစ်ယောက်တည်းရှိတာ၊ ကိုယ်တလွမ်းရင် ရန်ကုန် ဆင်းလာလိုက်၊ သူကလွမ်းရင် နယ်ကိုလာလိုက်နဲ့ပဲ နေနေကြရတာ'

'ဒေါ်ဒေါ်တို့ ဦးတို့ ဘယ်တော့လောက်ပြန်ဖြစ်မလဲ'

'တစ်ရက် နှစ်ရက်နေရင် ပြန်ကြမှာလေ'

ထမင်းစားသောက်ပြီးကြတော့လည်း အချိန်တော်တော် စကားတွေ ပြောဖြစ်ကြ၏။ သူ့ကိုတော့ ခင်လေးငယ်မိဘ သဘောကျတာ သေချာသလောက်ရှိ၏။ တစ်ဦးတည်းသော မို့ မှားတာယွင်းတာမျိုးရှိရင် ခွင့်လွှတ်ဖို့ ခင်လေးငယ် မေမေ သေး၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးငယ်မှာ 'ဇင်ဇင်'ဆိုတဲ့ ငယ်နာမည်ရှိခဲ့လေ သလားဟု မေးလိုက်ချင်ပေမယ့် မမေးဖြစ်ပေ။

ခင်လေးငယ်ကိုယ်တိုင်ကရော သူမ အသိုင်းအဝိုင်းကပ 'ဇင်ဇင်'ဆိုသော အမည်နာမကို တမင် ဖုံးဖိထားကြလေသလား မသိပေ။

* * *



၇။

သူနှင့်ဆုံလေတိုင်း ခင်လေးငယ်က တစ်ခုခုကို လိုလို လားလား ပြောချင်နေပုံရ၏။ သူ မမေးသောကြောင့် မပြောတဲ့ ပုံစံနေမှန်းကိုလည်း သူ ရိပ်စားမိသည်။ ဇင်ဇင်ဆိုသော အမည် နှင့် အတိတ်အဖြစ်အပျက်ကို နားဖြင့်ဆတ်ဆတ် မကြားသရွေ့ ယုံခဲ့တယ်ဆိုသောစကားကို သူ မကြားချင်ပေ။

အချိန်တိုင်းမှာပင် ဇင်ဇင်ဆိုသော အမည်နှင့် အတိတ် အရွေ့သည် သူ့အားခြောက်လှန့်နေ၏။

'ခေါက်... ခေါက်... ခေါက်'

တံခါးခေါက်သံ သုံးချက်ကို ကြားလိုက်ရသည်။

နိုင်ငံခြားသွားရဖို့ ကြားနှစ်ရက်သာ လိုတော့၏။ အခန်း ထဲရှိ သူ့ပစ္စည်းများကို ရှင်းလင်းထုတ်ပိုးပေးရင်းကပင် တံခါးဆီ လျှောက်ခဲ့၏။

ခင်လေးငယ်မဟုတ်ဘူးဆိုတာ သူ သိသည်။ ခင်လေး ငယ်၏ တံခါးခေါက်သံမှာ ဒီလိုလက်သံမပြင်းသလို၊ အကြမ်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ချက်သာ ခေါက်တတ်၏။

သစ်သားတံခါးဖွင့်လိုက်တော့ မထင်မှတ်ဘဲ ညီညီ

ကို တွေ့လိုက်ရသည်။

'ဘယ်လိုလဲ မင်းလကျ်ာ၊ မင်းဆီလာတဲ့ ဧည့်သည်

အိမ်ထဲဝင်ဖို့တောင် မဖိတ်ခေါ်တော့ဘူးလား၊ ဘာလဲ

ဇင်ဇင် ဒီကို လာစရာရှိလို့လား'

ရုတ်တရက်မို့ သူ အံ့သြသွားခြင်းသာ။ ညီညီစိုးတ

ယောက် သူ့ဆီရောက်လာလိမ့်မည်ဟု မထင်ထား၍ဖြစ်၏။

'မဟုတ်ရပါဘူးကွာ၊ ထင်မထားဘဲ မင်းရောက်လာ

အံ့သြသွားတာပါ၊ ဝင်ပါကွာ'

အခန်းထဲသို့ ဣန္ဒြေရရဝင်ပြီး မျက်စိကစားလိုက်သည်

တစ်အိမ်လုံး ရှင်းထားသလို ဖြစ်နေသောကြောင့် ညီညီစိုးမေး

'ဘယ်လိုဖြစ်တာလဲ၊ မင်းက လပိုင်းလောက်ပဲ ကြာ

မဟုတ်လား၊ ပစ္စည်းတွေကို ဘာလို့သိမ်းရတာလဲ'

'ဒီလိုကွာ၊ ငါပြန်ရောက်တဲ့အခါ ဒီအခန်းမှာနေဖြစ်

မှ နေဖြစ်တော့မှာ၊ မသွားခင်ညအထိတော့ ငါ ရှိနေ

ပါ၊ အိမ်ကလူတွေ ဒီပစ္စည်းတွေ လာသယ်ပြီးတာ

အခန်းသော့ကို မင်းဆီ လာပေးလိမ့်မယ်'

သူ့အစီအစဉ်တွေကို ညီညီစိုးအား ပြောပြလိုက်၏

သဘောမကျသည့်ပုံစံဖြင့် ညီညီစိုး ခေါင်းခါလိုက်သည်

'ဘာလဲ မင်းလကျ်ာ၊ ငါနဲ့ လုံးဝ အဆက်ဖြတ်ဖို့ အ

စဉ်းစားပြီး ဒီလိုလုပ်လိုက်တာလား'

ညီညီစိုးတစ်ယောက် သောက်ထားပုံမရပေ။ ဒီလို





းမှာ သူနှင့် ညီညီစိုးတို့ စာရင်းအပြတ်ရှင်းမှ ဖြစ်တော့မည်။

'အဲဒီလို တွေးရင်လည်း တွေးလို့ရတယ် ညီညီစိုး၊ ဒီ

အခန်းမှာ အလကားနေခွင့်ပေးတဲ့အတွက်တော့ မင်းကို

ကျေးဇူးအများကြီးတင်ပါတယ်'

'မဆိုင်ဘူးထင်တယ် မင်းလကျ်ာ၊ အဲဒီလောက်အထိ

တော့ မင်းမလုပ်သင့်ဘူးလို့ ငါထင်တယ်'

ခင်လေးငယ်အား သံယောဇဉ်ဖြတ်ဖို့ ခက်သောကြောင့်

ညီစိုးအား မပတ်သက်ဖို့ သူရွေးချယ်လိုက်ရခြင်း ဖြစ်၏။

ပြောသင့် မပြောသင့်ကို ချိန်ဆမနေတော့ဘဲ ရင်ထဲရှိ

သယကို ဖွင့်ချပြမိသည်။

'ငါ မင်းကို ပြတ်ပြတ်သားသားပဲ မေးတော့မယ်'

'ပြောပါ မင်းလကျ်ာ၊ ငါကလည်း မင်းနိုင်ငံခြားမသွား

ခင် မင်းနဲ့တွေ့ပြီး ငါ့ဆုံးဖြတ်ချက်ကို ပြောဖို့ လာခဲ့တာ

ပဲ၊ မင်းပြောတာကို ငါ အရင်နားထောင်မယ်။ ပြီးမှ

ငါ့ဆုံးဖြတ်ချက်ကို ပြောပြမယ် မင်းလကျ်ာ'

ညီညီစိုးက ဘာတွေ ဘယ်လိုဆုံးဖြတ်ထားသည်ကို သူ

ချင်။

'ခင်လေးငယ်ရဲ့ ငယ်နာမည်က ဇင်ဇင်ဆိုတာ သေချာ

ရဲ့လား ညီညီစိုး၊ ငါ ဒီလိုမေးတာ အကြောင်းရှိတယ်၊

လောကကြီးမှာ လူတူမရှား နာမည်တူမရှား ရှိတတ်ကြ

တယ်၊ မင်းက ခင်လေးငယ်ကို ခဏတဖြုတ်နဲ့ လှမ်း

လှမ်းကပဲ မြင်ဖူး တွေ့ဖူးတာနော်'

သူ တွေးဆထားသော သံသယစကားကြောင့် ညီညီစိုး



www.burmeseclassic.com

www.burmeseclassic.com



ဟားတိုက် ရယ်မောလေ၏။ ညီညီစိုးပြောလိုက်သော စကား
ချွန်မြသော ဓားသွားနှယ် ရင်ကိုထိုးဆွလိုက်သလို ခံစားလို
ရ၏။

'ဖြစ်တာတ်ပါတယ် မင်းလက်ျာ၊ ကိုယ်မြတ်နိုးတဲ့ မိ
ကလေးနဲ့ ပတ်သက်ပြီး ကိုယ်တစ်ယောက်တည်းက
အရာအားလုံးကို ဦးဦးဖျားဖျား ပိုင်ဆိုင်ချင်တ
ယောက်ျားတွေရဲ့ သဘာဝပါပဲ။ မင်းလို ယောက်ျား
မပြောနဲ့၊ ပွေလွန်းရှုပ်လွန်းတဲ့ ယောက်ျားတွေမှာတော
ဒီအတ္တက ရှိနေသေးတာပဲလေ၊ တခြား ယောက်ျားတ
ယောက်နဲ့ ရင်းနှီးကျွမ်းဝင်ခဲ့ရုံတင် မကဘူး၊ အဲဒီ
နောက်ကို အရာအားလုံး ပေးဆပ်ဖို့ ခိုးရာလိုက်ပြေး
မိန်းတစ်ယောက်ဆိုတာ သိရတော့ မင်း သွေးရူး
တမ်း ထင်မိထင်ရာ ပြောတာတွေက အပြစ် မဟုတ်ဘူး'

'ခင်လေးငယ်ဟာ မင်းရဲ့ဇင်ဇင်ဖြစ်ကြောင်း မင်းမှာ
သက်သေအထောက်အထားတွေများရှိလဲ ညီညီစိုး'

'ငါ စွဲလမ်းခဲ့တယ်၊ ငါနဲ့ စိတ်ရောကိုယ်ပါ ရင်းနှီးခဲ့
မိန်းမတစ်ယောက်ကို ငါ မမှတ်မိဘဲနေပါ့မလား၊ ငါ
သား ငါ့ခံစားမှုတွေမှာ ဇင်ဇင်က အမြဲရှိနေတဲ့ မိန်း
တစ်ယောက်ပဲ၊ နေစမ်းပါဦး၊ သူဟာ ဇင်ဇင်မဟုတ်
ဘူး၊ ညီညီစိုးဆိုတဲ့ကောင်နဲ့ ငြိစွန်းခဲ့ခြင်း မရှိပါဘူး
မင်းကိုပြောလို့လား မင်းလက်ျာ'

ပွဲကတော့ တဖြည်းဖြည်း ကြမ်းလာ၏။ နှစ်ယော





လုံး ထိုင်နေရာမှ မတ်တတ်ရပ်လိုက်ကြ၏။ အသက်ရှူသံတွေ
မှာ နှစ်ယောက်ကြားမှာ ကြီးစိုးလွန်းနေ၏။

* * *

'ဒီလိုတော့ မပြောဘူး'

'မပြောဘဲနဲ့ ခင်လေးငယ်ဟာ ဇင်ဇင် မဟုတ်ပါဘူးလို့
ဘာအတွက် သံသယ မင်းဖြစ်နေတာလဲ၊ ငါကလည်း
ငါနဲ့ တကယ်မပတ်သက်ခဲ့ဘဲနဲ့ အောက်တန်းကျပြီး မင်း
ကို လီဆယ်ပါ့မလား မင်းလက်ျာ'

ညီညီစိုးစကားကြောင့် သူ ငိုင်ကျသွားရ၏။ ညီညီစိုး
တစ်ယောက် မဟုတ်ဘဲနဲ့တော့ ဒီလောက်ကြီး အောက်တန်းမကျ
သူ ယုံကြည်သည်။

သူ့မှာကလည်း သံသယဖြစ်ဖို့ အချက်အလက်တွေက
နေသည်မို့ ထင်ယောင်ထင်မှားစိတ်ဖြင့် စွပ်စွဲတာမဟုတ်ကြောင်း
သက်သေပြလိုက်ရသည်။

'ငါ သူ့အန်တီနှစ်ယောက်နဲ့ လူချင်းရင်းနှီးရုံတင် မက
ဘူး၊ နယ်မှာရောက်နေတဲ့ သူ့အဖေနဲ့ အမေပါ ငါတွေ့
ပြီးပြီ ညီညီစိုး၊ ခင်လေးငယ်နှုတ်ကရော သူ့အသိုင်း
အဝိုင်းကပါ ဇင်ဇင်ဆိုတဲ့ အသုံးအနှုန်း ဘယ်သူမှ မသုံး
ကြဘူး၊ ဒါ ငါ့သံသယကို ခိုင်လုံစေတဲ့ သက်သေပဲ
ညီညီစိုး'

ဒီတစ်ခါ တွေးဆဆလေးဖြစ်သွားသူက ညီညီစိုးပင်
ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒါက ဒီလိုဖြစ်နိုင်တယ်၊ ငါ့ကို စိတ်နာပြီး ငါ့ကို … ချင်တာနဲ့ ဖင်ဖင်ကိုယ်တိုင်က ဒီနာမည်ကို လုံးဝ မေ့… လိုက်တာပဲနေမှာ၊ မင်းထင်နေတဲ့ သံသယက လုံး… မနိုင်လုံဘူး မင်းလကျာ'

'ငါ့သံသယက မနိုင်လုံဘူးပဲထားပါ၊ ခင်လေးငယ်… ဖင်ဖင်ဖြစ်တယ်ဆိုတာကို မင်းကရော ဘာတွေနဲ့ ခိုင်… ကြောင်း သက်သေပြမလဲ ညီညီစိုး၊ မင်းပြော… စကားတွေနဲ့တော့ ငါ လုံးဝ မယုံကြည်နိုင်ဘူး'

'ငါ့မှာ ပစ္စည်းသက်သေတွေရှိတယ်၊ ဒီနိုင်ငံသားစီ… ရေးကတ်ပြားက ငါနဲ့ခိုးရာလိုက်တုန်းက ကားတိုက်… ဆေးရုံပေါ်ရောက်ပြီး ငါ့နောက်ပါလာတာပဲ၊ ဒီကတ်… ကို မင်း သေသေချာချာ ကြည့်လိုက်ဦး'

ညီညီစိုးပေးသော နိုင်ငံသားစီစစ်ရေးကတ်ပြားကို … ကြည့်လိုက်သည်။ ခင်လေးငယ်မှ ခင်လေးငယ်စစ်စစ်။ ကတ်… ပေါ်မှာတော့ ဖင်ဖင်ဆိုတာ လုံးဝ မပါပေ။ မွေးနေ့သက္ကရာ… ဖခင်အမည်အားလုံး အတိအကျ။

'နောက် သက်သေပစ္စည်းတစ်ခုရှိသေးတယ် မင်းလ… ဒီမှာတွေ့လား၊ ငါတို့ လမ်းမှာခဏနားတုန်းက စိတ်… ရလို့ လက်မှတ်အတူထိုးခဲ့တာ၊ ငါတို့က စွယ်… ပင်ကြီးအောက်မှာ ခဏထိုင်ဖြစ်ခဲ့တာ၊ စွယ်တော်… တစ်ရွက်ကို ဖင်ဖင်ကိုယ်တိုင် ခူးတယ်၊ တစ်ယောက်… လွှာစီမှာ ငါတို့ရဲ့ လက်မှတ်တွေကို ရေးထိုးကြတ… ဒီစွယ်တော်ရွက်ပေါ်မှာ ထိုးဖြစ်ခဲ့တဲ့ စာချုပ်ဟာ …





အချစ်တွေအတွက် နှစ်ဦးသဘောတူ ပေါင်းဖက်မယ့် စာချုပ်တစ်ခုပဲ မင်းလကျာ'

ခြောက်ကပ်နေသော စွယ်တော်ရွက်ကို စာအုပ်ကြားထဲမှ …ထုတ်ပြီး ညီညီစိုး ပြသည်။

စွယ်တော်ရွက်ပေါ်မှာ ဘောလ်ပင်နှင့် ရေးထိုးထားသော …ဖင်ဖင်နှင့် ညီညီစိုးတို့၏ လက်မှတ်တွေ၊ နေ့စွဲတွေက အရာမပျက် …သေးပေ။

ဖင်ဖင်နှင့် ခင်လေးငယ်မှာ တစ်ယောက်တည်းမဖြစ်နိုင် …ဆိုသော သူ့သံသယတွေ လုံးဝ ပျက်စီးသွားခဲ့၏။

'ဒါက ပစ္စည်းသက်သေတွေပဲ၊ ခင်လေးငယ်နဲ့ ဖင်ဖင် ဟာ တစ်ယောက်တည်းဖြစ်တယ်ဆိုတာကို ပြောနိုင်ဖို့ လူသက်သေအနေနဲ့ကတော့ ဒါက သက်ရှိထင်ရှားရှိနေ သေးတယ်ဆိုတာ မင်းသဘောပေါက်မှာပါ မင်းလကျာ'

'မင်း ပြောသလို ဟုတ်ပြီကွာ၊ မင်း ဘာဆက်လုပ်ချင် လဲ၊ မင်းနဲ့ခင်လေးငယ်က ပြည်ဖုံးကားချပြီးပြီ၊ ဘဝခြား ခဲ့ပြီပဲ၊ ငါ ခင်လေးငယ်ကို ချစ်တယ်၊ သူ့ကိုလက်ထပ် မှာက ငါတို့နှစ်ယောက်နဲ့ဆိုင်တဲ့ အပိုင်းပဲ။ မင်းက အပြင်လူဖြစ်နေပြီ၊ မင်း ဘာလို့ ဝင်ရှုပ်ချင်ရတာလဲ ညီညီစိုး'

ခင်လေးငယ်ကို သူ သံယောဇဉ် မပြတ်နိုင်။ အတိတ် …ခင်လေးငယ် ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့။ ဒီအကြောင်းတွေကို မပြောဘဲ …ယုံကြည်ပြီးထားထား။ သူ့အတွက် စိတ်အနှောင့်အယှက်ဖြစ်ရုံသာ …လို့ ခင်လေးငယ်အား ကျောခိုင်းမသွားရက်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



'သေချာစဉ်းစားပြီးမှ ပြောပါ မင်းလကျ်ာ၊ မင်းပေါ်... ...ဖို့ ဝန်မလေးတတ်သော စီးပွားရေးသမားတစ်ယောက်တော့
တာ လပိုင်းပဲရှိသေးတာ။ ခင်လေးငယ်နှလုံးသားထဲ... ...ဟုတ်။

ငါက ပထမနေရာယူပြီး ထုနဲ့ထည်နဲ့ ရှိနေခဲ့တာ၊ မင်...
ဒီမြေမှာရှိနေတဲ့အတွက် ငါ ဆင်ခြင်နေတာ၊ ငါ ဇင်ဇ...
တွေ့ဖို့ ဆုံးဖြတ်ပြီးသွားပြီ၊ တင်နေတဲ့အကြွေးကို ငါပြ...
ဆပ်ရမယ်၊ ဇင်ဇင့်အချစ်ကိုရော ဇင်ဇင့်ဘဝကိုပါ ...
မရရအောင် ပြန်ယူမယ်။ ဒီအတွက်တော့ မင်းကို မငဲ့ည...
ရာကျသွားလို့ ခွင့်လွှတ်နားလည်ပေးဖို့ ငါ တောင်းပ...
ပါတယ်'

'မဖြစ်နိုင်တာတွေကို စိတ်ကူးမယဉ်နဲ့ ညီညီစိုး၊ မင်း...
သီသီဆွေရှိနေတယ်၊ ခင်လေးငယ်က လုံးဝ လက်ခံမှ...
မဟုတ်ဘဲ'

'ငါနဲ့ ဇင်ဇင်က မချစ်မနှစ်သက်လို့ ကွဲခဲ့ကြတာ မဟု...
ဘူး၊ ငါနဲ့ သီသီဆွေဟာလည်း ချစ်ခင်စုံမက်လွန်း...
ပေါင်းခဲ့ကြတာ မဟုတ်ဘူး၊ မင်း မြန်မာပြည်မှာမရှိ...
ကာလမှာ ငါ ကြိုးစားမယ်၊ နည်းပေါင်းစုံသုံးပြီး ဇင်ဇ...
နဲ့ ပေါင်းရအောင် ကြံမယ်၊ မင်းကို ဒီအကြောင်းတွေ...
မပြောလည်း ဖြစ်တယ်၊ မင်းဆီက ခွင့်တောင်းတဲ့အနေ...
ပြောလိုက်ရလို့ ငါ လိပ်ပြာသန့်တယ်'

'ငါကတော့ ငါ့စိတ်နဲ့ ခွင့်မပြုဘူး၊ တစ်ခုတော့ရှိတယ်...
ငါ မရှိတုန်းမှာ မင်း ကြိုးစားလို့ ခင်လေးငယ်က...
သဘောတူရင်တော့ ငါ့ကုသိုလ်ပေါ့ကွာ'

ညီညီစိုးစိတ်ကို သူ သိနေသည်။ လိုချင်တာကို ရအောင်...

'မင်းလည်း ဟိုမှာစဉ်းစားပါ၊ မင်းပြန်လာရင် အဖြေတစ်ခုခုတော့ သိရမှာပဲ၊ အဲဒီအခါ မင်းနဲ့ အေးအေးချမ်းချမ်း ပြန်ဆုံချင်တယ်၊ မင်း လေဆိပ်ဆင်းတဲ့အထိ ဒီအခန်းမှာ ရှိမှာ မဟုတ်လား၊ လေဆိပ်ကို ဇင်ဇင်ပါ လိုက်ပို့မှာ မဟုတ်လား မင်းလကျ်ာ'

'ဟုတ်တယ်'

'မင်းကို လိုက်ပို့တဲ့အနေနဲ့ ငါကိုယ်တိုင် လေယာဉ်ကို ကားမောင်းပြီး လိုက်ပို့မယ်၊ သက်သေပြလိုက်တဲ့ နည်းတစ်ခုလို့ မင်း လက်ခံရဲ့လား'

ပြန်အဖြေပေးဖို့ နှုတ်များစွာ ဆွံ့အသွားၡ်။ ရေခြားမြေ...ခြားသို့ မသွားခင်မှာတော့ ခင်လေးငယ်နှင့် ညီညီစိုးတို့ ပြန်တွေ့မှု...ကို မျက်ဝါးထင်ထင် မြင်ရ တွေ့ရတော့မည်ပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com

၈။

ခင်ခင်နှင့် ခင်လေးငယ်မှာ တစ်ယောက်တည်းဆို
အရှမ်းသေချာသွား၏။ ခင်လေးငယ်အား ရယူဖို့အတွက် သူမြ
ပြည်မှာ မရှိခိုက်မှာ ကြိုးစားသွားမည်ဟု ညီညီစိုးက ပြောခဲ့ပြီ

အရင်တော့ နိုင်ငံခြားမသွားခင်မှာ 'ချစ်တယ်' ဆိုသော
စကားကို ခင်လေးငယ်နှုတ်ဖျားမှ ကြားရဖို့ တဖွဖွ နားပူများ
လုပ်ခဲ့ဖူး၏။

မနက်ဖြန်ပဲ ဒီလိုအချိန်ဆို ဒီမှာ သူမရှိတော့ပြီပဲဟု ကြေ
ဖြစ်သည်။

'မောင်မင်းလက်ျာ၊ ဟိုမှာစားဖို့ ငါးပိကြော်တွေ သန
တွေ ထည့်ပေးလိုက်တယ်နော်၊ မနက်ကျရင် ယူသွာ
မမေ့နဲ့နော် ခင်လေးငယ်'

'မမတူမက မေ့ထားမှာမဟုတ်ပါဘူး၊ သေသေချာ
ထုတ်ပိုးပြီးနေပြီ သိရဲ့လား'





အန်တီဝေနှင့် အန်တီကြွေတို့၏ စကားတွေကို ကြားနေ
၏။ ခင်လေးငယ်နှင့်အတူ ရောယောင်ပြီး ပြုံးဖြစ်သော်လည်း
ပြုံး။

'အန်တီဝေ၊ ကိုမင်းလက်ျာနဲ့ စကားပြောရင်း လမ်း
လျှောက်ထွက်မလို့'

အန်တီဝေကို တိုင်တည်ပြီး ခင်လေးငယ် ခွင့်တောင်း၏။
အပြင်ဘက်မှာ အလင်းရောင်ဖျော့နေပြီ။

အန်တီဝေက ခေါင်းညိတ်ပြီး ခွင့်ပြုသော်လည်း အန်တီ
ကြွေက…

'သွားပေါ့ ခင်လေးငယ်၊ အန်တီကြွေတို့လည်း တော်
တော်နဲ့ အိပ်ကြသေးမှာ မဟုတ်ပါဘူး'

အချိန်အကန့်အသတ်မဲ့စွာ ခွင့်ပြုလိုက်သော စကားအရ
ချေ ခင်လေးငယ်ပါ နားလည်လိုက်ကြ၏။

အလင်းရောင် မမှဲတမှဲအောက်မှာပင် ခင်လေးငယ်အား
မော်တသစွာ ကြည့်ဖြစ်၏။ အကြည့်ဆုံခိုက်မှာပင် ခင်လေးငယ်
က…

'အရင်တုန်းကဆိုရင် အန်တီကြွေက ဘယ်သွားမှာလဲ
သိပ်မကြာစေနဲ့နော်လို့ အမြဲပြောတာ၊ ဒီတစ်ခါတော့
အပျိုကြီးက ကိုယ်ချင်းစာသွားတာ ထင်တယ်။ အချိန်
တိုတိုအတွင်းမှာ ကာယကံရှင်ကို မပြောနဲ့။ အန်တီကြွေ
ကိုတောင် စည်းရုံးနိုင်တာ၊ ကိုမင်းလက်ျာ အရမ်းတော်
လို့နေမှာ'

အပြောင်အနောက်စကားဆိုသလို မျက်နှာနှင့် အချေ



www.burmeseclassic.com

www.burmeseclassic.com



တွေက ရှင်လန်းနေ၏။ ဒီအပြုအမူတွေက သူ့အတွက်တော့ လွမ်း စရာ၊ နမြောတသဖြစ်စရာအဖြစ် ရင်မှာ ကျန်ရစ်မည်မှာ သေချာ နေသည်ပဲ။

'ဘယ်သွားမလဲ ခင်လေးငယ်'

ကုံကော်လမ်းမကြီးပေါ်သို့ ရောက်ခါနီးမှာပင် သူ မေး လိုက်မိသည်။

ကုံကော်လမ်းမပေါ်သို့ရောက်က တောင်ဘက်သို့သွား ရင် ဘုရားလေးရှိရာ ကွင်းပြင်ဆီရောက်မည်။ မြောက်ဘက်သို့ သွားပါက ညီညီစိုးပိုင်ဆိုင်သော သူ ခေတ္တနေရာအခန်းသို့ ရော နိုင်၏။

'ကိုမင်းလကျ်ာရဲ့ သဘောပဲလေ'

အိမ်မှထွက်ခဲ့သည့် ရည်ရွယ်ချက်ကိုက အေးအေးဆေး ဆေး စကားပြောဖို့ပဲ ဖြစ်၏။ နှစ်ယောက်တွေ့ဖို့ နေရာလည်း မသတ်မှတ်သလို၊ ဘယ်ရွေ့ဘယ်မျှ ကြာရမည်ဟု လူကြီးကလည် အချိန်မကန့်သတ်ပေးလိုက်ပေ။

ခင်လေးငယ်ကိုယ်တိုင်ကလည်း သုံးလစွန်းစွန်းလောက် ခွဲရမည့်အရေးအတွက် သူ့အား အလွမ်းပြေစေရန် အရာရာ အလိုလိုက်မည့်သဘောမှာ ရှိနေ၏။

ကုံကော်လမ်းမပေါ်သို့ ရောက်ခါနီး ခြေတစ်လှမ်း အလို မှာပင်။ သူ့စိတ်ထဲမှာရှိသည့်အတိုင်း ရွေးချယ်လိုက်မိသည်။

'ဘုရားလေးဆီကိုပဲ သွားကြတာပေါ့ ခင်လေးငယ်၊ ခွဲခါ နီး အမှတ်တရပေါ့၊ မကောင်းဘူးလား'

ကုံကော်လမ်းမပေါ်ရောက်တော့ အလင်းရောင်ပိုမှိန်သွား





မီးပျက်နေသော အလင်းရောင်မရှိ။ ကောင်းကင်မှာလည်း ောင်မိုက်လို့နေ၏။

'ကိုမင်းလကျ်ာ သဘောပါပဲလို့ ခင်လေးငယ်ပြောပြီး သားပဲဥစ္စာကို'

အားမလို အားမရနဲ့ပြလိုက်သောအသံဟု ရင်ထဲမှာ ခံစား သည်။

ခွဲရတော့မည့် ချစ်သူနှစ်ဦး အလွမ်းပြေနေချိန်မျိုးမှာ လူ ပြောနှင့် အသံတွေတောင် လိုချင်မှာမဟုတ်။

ရင်ခုန်သံတွေကို နှစ်ယောက်သား အတိုင်းသားကြားချင် သည်ပဲ။

သူ့အခန်းများကို ဆိတ်ကွယ်ရာဟု နားလည်သည်။ ယောဇဉ်တို့ အထပ်ထပ် စည်းနှောင်ဖြစ်အောင် လူသူရှိသော ရာကို သူ ရွေးချယ်ဖြစ်လိုက်၏။

ခင်လေးငယ်ကိုယ်တိုင်နှင့် ဝန်းကျင်ကပေးလိုက်သော ခွင့်အရေးကို သုံးရှုံးခံခဲ့၏။

* * *

'ဘာဆုတွေတောင်းလဲ ခင်လေးငယ်'

ဘုရားလေးကိုရှိခိုးပြီး အရင်တစ်ခေါက် ထိုင်သော နေရာ မှာပင် နှစ်ယောက်အတူတူ ထိုင်ဖြစ်၏။

ဘုရားလေးပုရဝုဏ်မှာ အရင်အခေါက်တုန်းကနှင့် ဘာမျှ ိုင်တော့။ မီးစက်မောင်းပြီး အလင်းရောင်တို့ ထိန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



စေတီအရုံတွေ၊ ဘုရားရုပ်တုတွေ၊ အခြားရုပ်တုတွေနဲ့ ထယ်ထယ်ဝါဝါ ဖြစ်နေသည်။

မှောင်နေသော်လည်း ဘုရားဖူးသူများက တဖွဲဖွဲ။

'ကိုမင်းလကျ်ာအတွက် ဆုတောင်းဖြစ်တာ'

သူ့ကို ပထမဦးစားပေးကြောင်း ပြောလိုက်သောစကား ရင်ထဲမှာ မကောင်းပေမယ့် ကျေနပ်စရာစကားဟု မှတ်ယူမိသည်

'ပြောပါဦး ခင်လေးငယ်'

'ကိုမင်းလကျ်ာ သွားလမ်းသာပြီး လာလမ်းဖြောင့်ဖြ ဖို့အတွက်ရော၊ စိတ်ရောကိုယ်ပါ ကျန်းမာစွာနဲ့ အလု တွေ လုပ်သမျှ ကြံသမျှအောင်မြင်ဖို့အတွက် ဆုတော ဖြစ်တာ'

ရေခြားမြေခြားရောက်နေပြီး ခင်လေးငယ် မေတ္တာပို့ ဆုတောင်းပေမယ့် ကိုယ်က ကျန်းကျန်းမာမာဖြစ်ရင်တောင် စိ ကတော့ ချမ်းမြေ့မှာမဟုတ်ဘူးဟု ရင်ထဲမှာ ပြောဖြစ်၏။ တက တမ်းမှာတော့...

'မှိုရောက်ရင် ကိုယ်လည်း ခင်လေးငယ်ကို အမြဲသ ရနေမှာပါ'

မြန်မာပြည် ပြန်ရောက်ဖြစ်ရင် အခုလိုမျိုး လူချင်းဆုံ ပါ့မလားဟု မယုံရဲတော့ပြန်။ သူ့သံယောဇဉ်နှင့် ညီညီမိ သံယောဇဉ်တို့ကြားမှာ ဘယ်သူ့ဘက်ကို ယိမ်းမလဲဆိုတာ မစဉ်းစားရဲ။

'ဒီနေ့တစ်နေ့တည်း ဆုတောင်းမှာမဟုတ်ဘူး၊ မနက်ဖြ လည်းလာမယ်၊ နောက်နေ့တွေလည်း လာမယ်၊ ကိုမ



လကျ်ာ ပြန်မရောက်မချင်း ဘုရားလေးမှာ နေ့စဉ်မပျက် ဆုတောင်းမယ်၊ ကိုမင်းလကျ်ာအတွက် တတ်စွမ်းတဲ့ ကုသိုလ်တွေ လုပ်ပေးနေမှာ'

နောက်ဆံငင်စေသော အကြင်နာစကား။ သူ့ရင်ထဲ မိုးရွာ တာကို ခင်လေးငယ် မသိမြင်နိုင်ပေ။ သူ့မျက်နှာ မျက်ယွင်းနေ တာကိုလည်း ခွဲရတော့မည့်အရေးကြောင့်ဟု ခင်လေးငယ် ထင်ပေ ည်။

'ခင်လေးငယ်'

'ဘာလဲ ကိုမင်းလကျ်ာ'

အကြည့်ရှိသော မျက်ဝန်းများက ဘာကိုတောင်းဆိုနေမှန်း သိသည်။ သူ့တောင်းဆိုသမျှကို ဒီအချိန်မှာ ခင်လေးငယ် ည့်ဆည်းမည်ဆိုတာကိုလည်း နားလည်၏။

'တခြားတော့ မဟုတ်ပါဘူး၊ ခင်လေးငယ် ဘာပစ္စည်း တွေများလိုချင်လဲ၊ အမှတ်တရအဖြစ် ကိုယ် ဘာဝယ်ခဲ့ ရမလဲလို့ မေးမလို့ပါ'

အပျော်ဖြင့် မျှော်လင့်ထားသောစကား မဟုတ်သော ကြောင့် မျက်နှာအလိုမကျဖြစ်သွားတာကို မြင်ရ၏။

သိလျက်တိုင် ခင်လေးငယ်အား သူ မချော့ဖြစ်ပေ။

'ဒီစကားကိုပြောဖို့များ အရေးတယူလုပ်ရတယ်လို့ ကိုမင်း လကျ်ာရယ်'

နှုတ်အမူအရာနှင့်မက စကားအရပါ ပြောဆိုလာတော့ နည်းတော့ စိတ်ကျေနပ်အောင် ဖာထေးပြီး ပြောလိုက်မိသည်။

'မနက်ဖြန်ကျရင် ကိုယ် လေယာဉ်ပျံပေါ် တက်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ပြီး ခင်လေးငယ် ဝမ်းနည်းမှာလား’

‘ကောင်းသောခရီးမှာ အဲဒီလိုဝမ်းနည်းမှုတွေက ကာယ

ရှင်အတွက် နောက်ဆံတင်းစရာတွေ ဖြစ်တတ်တယ်

ဝမ်းမနည်းပေမယ့် ပျော်တော့ ဘယ်ပျော်ပါ့မလဲ

ကလေးဆန်တတ်သော စရိုက်လေးကြောင့်ပင် မ

ပြုံးဖြစ်သေး၏။

အတွယ်အတာတွေဖြင့် နောက်ဆံငင်ရပြီ။ ညီညီစိုး

မတွေ့ရခင်အထိ ဒီစကားတွေက အသက်ဝင်မှာလားဟု မေးလို

ချင်သည်။

‘ဖြစ်နိုင်ရင် ဒီခရီးစဉ်ကိုဖျက်ပြီး မသွားဘဲနေလိုက်

တယ် ခင်လေးရယ်၊ ခဏပဲခွဲရပေမယ့် ကိုယ့်ရင်ထဲ

တော့ တစ်မျိုးကြီး ခံစားနေရတယ်’

‘ပိုတာပါနော်၊ နည်းနည်းလျှော့ပါလား’

ခဏပဲဖြစ်ဖြစ် ခင်လေးငယ်၏ အကြင်နာစကား၊ အ

အနွဲ့များကို ဖက်တွယ်နေချင်သည်ပဲ။

‘မပိုဘူး၊ ဒီထက် ကဲလိုက်ချင်တယ်’

‘ဟိုး ဆရာ၊ ကိုယ့်ဘာသာကိုယ် ဒီနေရာကို ရွေးချ

တာနော်၊ စိတ်ထိန်း’

လှမ်းအဖက်မှာပင် ခင်လေးငယ်က ကိုယ်လေးယ

လိုက်၏။ တစ်ခဏလေးမှာတော့ ကြည်နူးဖြစ်သည်။

‘ကိုယ့်စိတ်ကို သိနေလို့ရယ်။ ပြီးတော့ ခင်လေး

ကို မြတ်နိုးလို့ရယ်ကြောင့် အခန်းကိုခေါ်မသွားတာ

ပြီးတော့လေ…’





‘ပြီးတော့လေ ဘာဖြစ်လဲ၊ ဆက်ပြောလေ’

‘ခရီးမသွားခင် ခင်လေးငယ်ပြောမယ့်စကားကို ကြားချင်

တယ်လို့ ကိုယ်ပြောခဲ့တယ် မဟုတ်လား’

‘ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ’

‘အခု မမေးတော့ဘူး၊ ခင်လေးငယ်လည်း မဖြေနဲ့ဦး၊

ကိုယ်ပြန်ရောက်လာတဲ့အခါမှ ဖြေပေါ့၊ ဒါမှ ကိုယ်

ခင်လေးငယ်ကို ပိုလွမ်းဖြစ်မှာ’

‘အမျိုးမျိုးပဲ၊ တတ်လည်းတတ်နိုင်ပါတယ်’

ခင်လေးငယ်ပြောသော စကားကို သူ နားလည်သည်။

ချိန်မှာ သူ မေးလိုက်ရင် ချစ်ပါတယ်ဟု ခင်လေးငယ် ပြန်

မှာ သေချာ၏။

မနက်ဖြန်ဆို ညီညီစိုးနှင့် ခင်လေးငယ် ဆုံဖြစ်ကြတော့

ည့်ပဲ။

ခင်လေးငယ် နှုတ်မကျိုးဖြစ်စေရန်အတွက် သူ ရင်အကွဲ

ိုက်ခြင်းဟု နားလည်စေချင်လှသည်။

ဆုံခဲ့ ကြုံခဲ့ခြင်းတွေကတော့ တစ်ဘဝစာမက အမှတ်ရ

ှာပါလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း(သုံး)

တစ်မိုးတစ်မြေတစ်တခနဲ့
ရိုးမြေကျ ခွဲခြား...
တကာယ်နော်...
စွယ်တော်အသည်းမို့
ဖော်တွဲလို့နှစ်ယောက် ခြင်းဆိုကြား
တစ်ယောက်ချင်း ပိုဝေးမှ...
(အချစ်ရယ်...)
အောက်ချင်းဆိုတော့...။ ။

www.burmeseclassic.com

www.burmeseclassic.com

၁။

နှလုံးသားထဲမှာရော၊ သူမ၏ဘဝထဲကပါ 'စိုးစိုး'ပျောက် ခဲ့တာ ကြာခဲ့ပြီကော။ 'စိုးစိုး'မျက်နှာကို မြင်လိုက်ရသည်။ ...ခက်ဆိုတာကိုလည်း သိနေခဲ့သည်။

အိပ်မက်ထဲမှာ 'စိုးစိုး'ကို တွေ့ဖြစ်သည်။

လွန်လေပြီးသော ကာလတစ်ခုက ဆယ်တန်းကျောင်း ...လေး စိုးစိုး။ အိပ်မက်ထဲမှာပင် ပို့စကတ်ထဲမှ ကဗျာလေး ...ရွတ်ပြ၏။

ကဗျာမရွတ်ခင်မှာ အတိတ်ဆီတုန်းကပြောခဲ့သော စကား ...တိုပင် စိုးစိုး ပြောနေသေး၏။

'ဒီပို့စကတ်လေးက စိုးစိုးရဲ့ ဦးလေးဆီကနေ ရလာခဲ့ တာ၊ ပို့စကတ်လေးရဲ့အသက်က စိုးစိုးတို့ထက် အများ ကြီး ကြီးမှာ၊ ဦးလေးက ကြိုက်လွန်းအားကြီးလို့ လက် ဆင့်ကမ်း သိမ်းထားခဲ့တာတဲ့'

ပို့စကတ်လေးက အရောင်မလင်းတလင်း။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနှင့် ယောကျာ်းလေးရှစ်တို့မှာလည်း ငိုးတပ
မျှသာ။ အဲဒီအခါတုန်းဆီက စိုးစိုးကို စကားတွေပြန်ပြောခဲ့ပေ
အိပ်မက်ထဲမှာတော့ ဘာစကားမှ ပြန်မပြောဖြစ်တဲ့ အုံ့ဩတုန်
နေဖြစ်သည်။

ခဏကြာတော့ အိပ်မက်၏ လှည့်ဖျားမှုကြောင့်ပင် ထ
ရှုတ်သူမှာ စိုးစိုးမဟုတ်တော့ဘဲ ကိုမင်းလကျ်ာကိုယ်တိုင် ဖြစ်
ဖြစ်၏။

*တစ်မိုးတစ်မြေတစ်ဘဝနဲ့*
*ရှိုးမြေကျ မခွဲကြေး...*
*တကယ်နော်...*
*စွယ်တော်အသည်းမို့*
*ဖော်ကွဲလို့နှစ်ယောက် မငြင်းဆိုကြေး*
*တစ်ယောက်ချင်း ငိုဝေးမှ...*
*(အချစ်ရယ်...)*
*အောက်ချင်းဆိုတေး... တဲ့။*

* * *

ကဗျာဆုံးတော့ 'နားမထောင်ချင်ဘူး'ဟု အော်ဟစ်
လည်း သိလိုက်သည်။ သတိရဖြစ်ချိန်မှာတော့ အိပ်ရာထ
အိပ်မက်ကြောင့် ငုတ်တုတ်ထထိုင်ပြီး ရှိုက်ငိုဖြစ်တော့၏။

မနက်ခင်းဆီက ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်များနှင့်
တွေးပြီး အိပ်မက်မက်ခြင်းဟု နားလည်လိုက်သည်။

မထင်မှတ်ဘဲ ကြုံတွေ့ခဲ့ရသော မနက်ခင်းဆီက အ





ဖျက်များကို ပြန်တွေးဖြစ်သည်။

* * *

လေယာဉ်ကွင်းသွားဖို့ စောင့်နေဆဲမှာပင် အိမ်ရှေ့သို့
ကားတစ်စီး ထိုးဆိုက်လာသည်။ ကိုမင်းလကျ်ာနှင့် ပထမဆုံး
တွေ့ဆုံခဲ့သည့်နေ့က စီးဖြစ်ခဲ့သော အစိမ်းရောင်ပရာဒို
ကားလေးဖြစ်နေ၏။

ကားမောင်းသူကတော့ ကိုမင်းလကျ်ာမဟုတ်ဘဲ အသက်
ငယ်ငယ်ကောင်လေး တစ်ယောက်ပင်။

'အန်တီတို့ကို ကျွန်တော် ကန်တော့ပါတယ်'ဟုပြောရင်း
ကိုမင်းလကျ်ာ လက်အုပ်ချီသောအခါ သူမပါ ရောယောင်ပြီး
ကန်တော့လိုက်ရသေးသည်။

'ကိုမင်းလကျ်ာရဲ့မိသားစုကို ဝင်ခေါ်ရဦးမှာပေါ့နော်'

'ခေါ်စရာမလိုတော့ဘူး ထင်တယ် ခင်လေးငယ်၊ သူတို့
အစီအစဉ်နဲ့ သူတို့ လာကြမှာပါ၊ လေဆိပ်မှာ ဆုံကြရဲ့
ပဲလေ'

ဒီအချိန်အထိတော့ အားလုံး အဆင်ပြေနေ၏။

လမ်းခရီးတစ်ဝက်မှာပင် ယာဉ်ထိန်းရဲ့အဖွဲ့က သူမတို့စီး
သောကားကိုတားပြီး စစ်ဆေး၏။

ပြဿနာမရှိဘဲ ဆက်မောင်းဖြစ်သော်လည်း သူမ
တွက်တော့ အံ့ဩထိတ်လန့်ဖွယ်ရာဖြစ်ရပ်တစ်ခုကို ကြုံတွေ့
လိုက်ရ၏။

'ညီလေး၊ ပိုစကဒ်အဟောင်းလေးက ခုနက ဒက်တုတ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ခွဲဖွင့်လိုက်တုန်းက ပြုတ်ကျသွားတာလား၊ ဒါမှမဟု

ဒီကားပေါ်မှာ ဒီအတိုင်းပဲရှိနေခဲ့တာတော့ မသိဘူး'

ပို့စကဒ်အဟောင်းအနွမ်းလေးကို ကောက်ယူရင်း ကို

လကျာ ပြော၏။

ကောင်လေးကလည်း နောက်လှည့်မကြည့်ဘဲ

မောင်းနေရင်းကပင် ပြီးစလွယ် ဖြေ၏။

'ပြုတ်ကျသွားတာလည်း ဖြစ်နိုင်တယ်၊ သူ့ဘာသာ

နဂိုကတည်းက ရှိနေတာလည်း ဖြစ်နိုင်တယ်၊ ကျွန်

နဲ့ ပတ်သက်တဲ့ပစ္စည်းလေးတော့ မဟုတ်ဘူး အစ်

'ကိုမင်းလကျာ၊ အဲဒီပို့စကဒ်လေးကို ပြစမ်းပါ၊

လေးငယ် ကြည့်ချင်လို့'

ကိုမင်းလကျာလက်ထဲမှ ပို့စကဒ်နွမ်းနွမ်းလေးကို

လိုက်သည်။ သေချာအောင်ပင် ပို့စကဒ်နောက်ကျောကို

လိုက်သည်။

တစ်ချိန်က ရေးထားသော စိုးစိုး၏လက်ရေးက

လေး ပျက်စီးနေ၏။ စိုးစိုးလက်ရေးဆိုတာကိုတော့ မှန်း

သိလိုက်၏။

'ဒီပို့စကဒ်က ဒီကားပေါ်ကို ဘယ်လိုလုပ်ပြီး ရောက်

တာလဲ ,မသိဘူးနော်'

သူမ မျက်နှာပျက်ယွင်းနေတာ သိသာစေမည်

'တစ်ယောက်ယောက် ကျကျန်ခဲ့တာမျိုး ဖြစ်

ခင်လေးငယ်၊ ဘာလဲ ဒီပို့စကဒ်လေးကို လိုချင်လို့

'မလိုချင်ပါဘူး၊ ပို့စကဒ်မှာပါတဲ့ ကဗျာလေးကို





ချင်လို့ ယူကြည့်မိတာပါ'

'ဟုတ်ပါရဲ့၊ ခင်လေးငယ်ပြောမှ သတိထားဖြစ်တယ်၊ ကိုယ် ဖတ်ကြည့်စမ်းမယ်၊ ဒီကဗျာလေးအရဆိုရင်တော့ ဒီပို့စကဒ်လေးဟာ ကောင်လေးကဖြစ်စေ၊ ကောင်မလေးကဖြစ်စေ အမှတ်တရအနေနဲ့ ပေးဖြစ်တာမျိုးနေမှာ။ ရေးထားတဲ့ကဗျာလေးက ဘယ်ရယ်တဲ့…'

ပို့စကဒ်ပါ ကဗျာလေးအား အသံထွက်ပြီး ကိုမင်းလကျာ

တ်ပြ၏။

သူမဘဝမှာ ပျောက်ဆုံးနေခဲ့တာ ကြာပြီဖြစ်သော အဖြစ်

းတွေက ဘယ်ကနေ ဘယ်လိုဆက်စပ်ပြီး ပေါ်လာခဲ့သည်

သိပေ။

* * *

'ခင်လေးငယ် ကျောင်းသွားဖို့ပြင်တော့ ဆင်တော့လေ၊ အိပ်ရာကထပြီး ဒီတိုင်း ငူတူတူကြီးနဲ့ ဘာလို့ထိုင်နေရတာတုန်း'

ဈေးခြင်းတောင်းဆွဲရင်းကပင် အသိပေးသလိုလို၊ ဆူ

လိုလိုမျိုး ပြောပြီး အန့်တီကြွေ ထွက်သွား၏။

အန့်တီဝေ အနားရောက်လာတာကို သတိမထားဖြစ်လိုက်

အန့်တီဝေကတော့ သူမကို အကဲခတ်ရင်းကပင် မေးမြန်း

တ်သည်။

'ခင်လေးငယ် နေကောင်းရဲ့လား၊ မနေ့ကတည်းက

အန့်တီဝေ သတိထားဖြစ်တာ၊ ဘာလဲ လေယာဉ်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ရင်း မောင်မင်းလကျ်ာနဲ့ ပတ်သက်ပြီး တစ်ခုခု စိတ်အနှောင့်အယှက် ဖြစ်ခဲ့လို့လား'

'ကိုမင်းလကျ်ာနဲ့ ဘာမှမဖြစ်ပါဘူး၊ ဟိုလေ ဇင်ဇင်' ဝမ်းနည်းစိတ်ကြောင့်ပင် မေ့ပျောက်ထားဖြစ်သော အမည်ကို လွှတ်ခနဲပြောလိုက်မိသောကြောင့် စကားမဆက်နိုင်ဘဲ ဖြစ်သွားရသည်။

'ဘယ်လို… ဇင်ဇင်လို့ ပြောလိုက်တယ် ဟုတ်လား မှန်မှန်ပြောစမ်း၊ ဟိုတစ်ချိန်က ဖြစ်ခဲ့တာတွေနဲ့ပတ်သက်ပြီး မောင်မင်းလကျ်ာနဲ့ အဆင်မပြေဖြစ်ကြတာလား ဒီသူငယ်ကို သဘောထားကြီးတဲ့ ယောကျ်ားလို့ အန်တီဝေ ထင်ထားခဲ့တာ၊ သမီးပြောပြ ရှင်းပြတာတွေကို ယုံယုံကြည်ကြည်နဲ့ လက်ခံပြီး ဒီအကြောင်းတွေကို ဥပေက္ခာပြုသင့်တယ်'

'မဟုတ်ဘူး အန်တီဝေ၊ အဲဒီလိုမဟုတ်ဘူး၊ ဒီအကြောင်းတွေနဲ့ပတ်သက်ပြီး သူ့ကို သမီး မပြောဖြစ်သေးဘူး'

'အခုချိန်မျိုးရောက်တာတောင် မပြောရသေးဘူး ဟုတ်လား ခင်လေးငယ်'

'ဟုတ်တယ်၊ အဲဒီအကြောင်းတွေကို မပြောရသေးသလို သူလိုချင်တဲ့ သူ့ကိုချစ်တယ်ဆိုတဲ့ အဖြေကိုလည်း သမီး မပေးရသေးဘူး အန်တီဝေ'

ကိုမင်းလကျ်ာနှင့် သူမတို့၏ဆက်ဆံရေးကို ခပ်ရှင်းရှင်း ပြောပြဖြစ်၏။သူမစကားတွေကြောင့်ပင် အန်တီဝေ အံ့သြသွားပုံရသည်။





'ခင်လေးငယ်ရယ်၊ သူ့ဘက်ကိုယ့်ဘက် လူကြီးတွေနဲ့တောင် အကျွမ်းတဝင်ဖြစ်နေမှ၊ ဘာလို့ အဖြေမပေးရသေးတာလဲ။ ပြီးခဲ့တာတွေကို ဘာလို့ရှင်းမပြဘဲ ဖုံးကွယ်ထားရတာလဲ'

'သမီး ပြောဖို့ကြိုးစားပေမယ့် သူ့ကိုကြည့်ပြီး ပြောမထွက်ခဲ့ဘူး၊ ဖြစ်ခဲ့တဲ့ အတိတ်အကြောင်းတွေကို ရှင်းပြပြီးမှ အဖြေပေးမယ်လို့ စိတ်ထဲမှာ အမြဲရှိခဲ့တယ်။ သူ ခရီးသွားဖြစ်တဲ့အထိ ပြောဖို့ အခြေအနေက မပေးခဲ့ဘူးလေ၊ သမီးရဲ့ တွေဝေထိတ်လန့်မှုတွေကြောင့်လည်း ပါတာပေါ့ အန်တီဝေ'

သူမကိုကြည့်ရင်း အန်တီဝေ နားမလည်နိုင်သည့်အလား 'ခင်လေးငယ်အနေနဲ့ မောင်မင်းလကျ်ာသိအောင် ရှင်းပြပြောပြထားရမယ်။ အခုရှုပ်မှ နောင်ရှင်းမယ့်ကိစ္စမျိုးဖြစ်နေတာလေ။ အန်တီတို့ကတော့ သမီးအနေနဲ့ ပြောပြီးလို့ မောင်မင်းလကျ်ာကလည်း ကျေနပ်နားလည်လို့ နှစ်ဖက်မိဘတွေကို အသိပေးတာလို့ ထင်ခဲ့ကြတာ။ သမီးဖေဖေနဲ့ မေမေတို့လည်း ဒီလိုပဲနားလည်သွားကြတာ'

အပြစ်ပြောရင်လည်း ခံရပေလိမ့်မည်။ ကွယ်ပျောက်နေခဲ့သော ဒီအတိတ်ဆိုးက ဘယ်လိုဆက်စပ်ပြီး သူမအား ဒုက္ခပေးဖို့ဖြစ်ပေါ်လာရပါလိမ့်။ မနေ့က ကြုံခဲ့ရသော အဖြစ်များကိုတော့ အန်တီဝေအား မပြောဘဲ ထိန်ချန်ထားလိုက်သည်။

ပို့စကဒ်လေးကို တွေ့လိုက်ရတာကိုက တစ်ခုခုဖြစ်တော့မည်ဆိုတာကို သိနေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးတစ်ယောက် အိမ်ထောင်ကျပြီး သူ့ဘဝနှင့်သူ ဖြစ်ေ
ပြီပဲဟု လွယ်လွယ်တွေးလို့မဖြစ်မှန်း သိလိုက်ရ၏။

* * *



၂။

'ခင်လေးငယ်က တို့နှစ်ယောက်ကိုတောင် မမြင်ဘူး'

သူမနှင့် မေဂျာမတူသလို အတန်းလည်းမတူ။ တစ်မြို့
ည်းနေ၊ ကျောင်းကား တစ်ကားတည်းစီးသောကြောင့် စုစုနှင့်
ကေတို့အား ရင်းနှီးနေ၏။

'ဟုတ်တယ် စုစု၊ ကိုယ့်အတွေးနဲ့ကိုယ် လမ်းလျှောက်လာ
လို့ စုစုတို့ကိုတောင် သတိမထားဖြစ်လိုက်ဘူး'

'ဘာလဲ မခင်လေးငယ်ရဲ့လူကြီး နိုင်ငံခြားသွားလို့အလွမ်း
မပြေ ဖြစ်နေတာလား'

'ဟုတ်မှာပေါ့၊ သူ့ရှိတုန်းကဆိုရင် နေ့စဉ်မပျက် ကားဆီ
အရောက်လာ လိုက်ပို့ပေးနေကျ မဟုတ်လား'

ကိုမင်းလကျ်ာနှင့် စဆုံဖြစ်ပြီး လူချင်းမရင်းနှီးခင်ကပင်
တို့နှစ်ယောက်က သိနေကြ၏။ သူမနှင့် ကိုမင်းလကျ်ာတို့
င်းနှီးဖြစ်ပြီးနောက်ပိုင်း စုစုတို့နှစ်ယောက်နှင့်ပါ အခေါ်အပြော
ရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုလည်း မဟုတ်ပါဘူးကွယ်'

'သြော်... ဒါနဲ့ မခင်လေးငယ်တို့ နောက်ဆုံးနှစ်တွေ စာမေးပွဲ အရင်စဖြေမှာနော်'

'စုစုရယ် ဒီစာမေးပွဲအကြောင်း မပြောစမ်းပါနဲ့၊ လပိုင်းလောက်ပဲ လိုတော့ပေမယ့် ငါ တမင်ကိုမေ့ထားတာ သိလား'

ကိုယ်ရေးကိုယ်တာ ပြဿနာတွေကြောင့်ပင် သူမလည်း စာမေးပွဲကို မေ့လျော့ထားဖြစ်သည်။ ဒီစာမေးပွဲကတော့ တက္ကသိုလ်ကျောင်းသူဘဝနှင့် လုံးဝ အဆက်ပြတ်ပေမည့် စာမေးပွဲပေ။

အခုချိန်မှာ စာမေးပွဲဆိုတာထက် ကိုမင်းလျာနှင့် ပတ်သက်ပြီး ဘာတွေများ ဆက်ဖြစ်လာမလဲဆိုတာကိုပဲ ရင်ပူနေဖြစ်သည်။

ဒီအချိန်မျိုးကျမှ စိုးစိုးနှင့် ဘယ်လိုပတ်သက် ဆက်စပ်ပြီး ဘယ်လိုပြဿနာမျိုးတွေ ဆက်ဖြစ်မလဲ၊ မတွေးတတ်အောင် ရှိလှ၏။

ကျောင်းကားပေါ် ရောက်တော့လည်း အားလုံးနီးပါးက စာမေးပွဲအကြောင်း စာအကြောင်းတွေကို ပြောဆိုနေကြ၏။

သူမခေါင်းထဲမှာတော့ နိုင်ငံရပ်ခြား ရောက်နေသော ကိုမင်းလျာ၊ စိုးစိုးနှင့်ပတ်သက်သော ပို့စကဒ်လေးအကြောင်းတွေသာ ဆက်စပ်ပြီး အဖြေရှာနေမိတော့သည်။

'ဒီကားက မရိုးသားဘူး၊ တို့ကားကို နောက်ယောင်ခံလိုက်နေတာ သေချာသွားပြီ'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီပရာဒိုအစိမ်းရောင်ကားနဲ့





ပတ်သက်တဲ့သူ ဘယ်သူရှိလဲ'

ကောင်လေးတွေ၏ အသံကြောင့်ပင် မိန်းကလေးအချင်းချင်း ကွက်ကြည့်ကွက်ကြည့် လုပ်ဖြစ်နေကြသည်။

'ဒီကောင်တွေပြောတာဟာ သိပ်သေချာတယ်၊ ဒီကားပေါ်က တစ်ယောက်ယောက်နဲ့ ပတ်သက်နေတာ မမှားနိုင်ဘူး'

ပရာဒို အစိမ်းရောင်ဆိုသော စကားကြောင့်ပင် သူမ အတွေးတွေကို ရပ်တန့်လိုက်ပြီး ဝင်ရောက်စပ်စုဖြစ်သည်။

'ဘယ်ကားလဲ မိကေ၊ ဘယ်မှာလဲ'

'အခုကျော်တက်သွားတဲ့ ပရာဒိုအစိမ်းရောင်လေးလေ'

မိကေ စကားကြောင့် သူမ ငုံ့ကြည့်ဖြစ်တော့ ပရာဒိုကားလေး၏ နောက်ပိုင်းကိုသာ မြင်လိုက်ရ၏။ သိပ်သေချာတာပေါ့၊ ဒီကားက သူမနှင့် ရင်းနှီးနေသော ပရာဒိုအစိမ်းရောင်ကားလေး။

'မခင်လေးငယ်က အခုမှ သတိထားမိတာနေမှာ၊ ဒီကောင်တွေ ပါးစပ်မဖွာခင်ကတည်းက မိကေတို့တွေ သတိထားမိနေခဲ့တာ၊ ဒီကားပေါ်က တစ်ယောက်ယောက်နဲ့တော့ ပတ်သက်လိမ့်မယ် ထင်တယ်'

'ကျောင်းကိုတောင် ရောက်ခါနီးပြီပဲ၊ ကျောင်းထဲအထိ လိုက်မယ့်သဘောရှိနေတယ်'

ကားမောင်းသူကို ကြည့်ချင်ပါသည်ဆိုမှ မြင်ကွင်းထဲကို ပြတ်ပြတ်သားသား ဝင်မလာတော့ပေ။

သူမတို့ ကျောင်းကားထက်စောပြီး ကျောင်းဝင်းအတွင်း



www.burmeseclassic.com

www.burmeseclassic.com



သို့ အစိမ်းရောင်ပရာဒိုကားလေး ဝင်သွားတာကို လှမ်းမြင်လိုက်၏

'မိကေတို့ တစ်ခုခုစားရင်း ဆိုင်ထိုင်မလို့ လိုက်ခဲ့

မလား မခင်လေးငယ်'

'မလိုက်တော့ဘူးကွယ်၊ အတန်းထဲက သူငယ်ချင်းတွေ

မေးခွန်းဟောင်းတွေ ကူးဖို့ ချိန်းထားသေးတယ်'

မှသားမကင်းစွာပြောပြီး မိကေတို့နှင့် လူချင်းခွဲလို

သည်။ ကားပေါ်တုန်းက ကောင်လေးတွေ၏ အပြောင်အနော

ကြောင့်ပင် အစိမ်းရောင်ကားလေးကို အရေးတယူလုပ်ပြီး အား

က စိတ်ဝင်စားခဲ့၏။

ကျောင်းထဲရောက်ပြီး ကျောင်းကားပေါ်မှ ဆင်းသည်

လမ်းတစ်လျှောက် နောက်ယောင်ခံလိုက်ပြီး လိုက်နေသော

လေးအကြောင်းကို အားလုံး မေ့လျော့သွားကြဟန်တူသည်။

အားလုံးသောသူများနှင့် မပတ်သက်ပေမယ့် ဒီကား

သူမနှင့် လုံးဝ ပတ်သက်မည်ဟု တစ်ထစ်ချ ယုံကြည်မိသည်

ကားတွေရပ်ထားရာနေရာကို မျက်စိ ကစားကြည့်လို

သည်။

သိပ်အပင်ပန်းခံပြီး မရှာလိုက်ရပေ။ ခပ်လှမ်းလှမ်း

ကြည့်သာမြင်သာအောင် ရပ်ထားသော အစိမ်းရောင် ပရာဒို

လေးအား တွေ့လိုက်ရသည်။

ကားလေးနားသို့ ကပ်သွားရင်းကပင် သူမရင်တွေ အ

မြန်လာ၏။ ဘယ်သူများပါလိမ့်ဆိုသော သိချင်စိတ်ကြောင့်

သေချာကြည့်လိုက်သည်။ ကားမောင်းသူကတော့ ကားပေါ်

ရှိမနေ။





ဒီအနီးတစ်ဝိုက်မှာ ပုန်းကွယ်နေရင်း သူမ၏ လှုပ်ရှားပုံ

ကိုများ စောင့်ကြည့်နေမလားမသိ။ အနီးအနားပတ်ဝန်းကျင်

ကားမောင်းသူကိုရှာဖို့ ကြိုးစားလိုက်၏။

'ဇင်ဇင်'

သူမနောက်ကျောဘက်ဆီမှ ထွက်ပေါ်လာသောအသံ။

ချက်ချင်းလှည့်ကြည့်ဖို့ အင်အားများစွာ မဲ့သွားရသည်။

သံကို သိပ်မှတ်မိတာပေါ့။

'စိုးစိုး'မှ စိုးစိုးရဲ့အသံ စစ်စစ်ပါလေ။

ရပ်နေမိသည့် နေရာမှာပင် အသက်ရှူပြီး သူမ ကျောက်

ဖြစ်သွားခဲ့ပြီလားမသိ။

'တစ်ချိန်တုန်းက ဇင်ဇင် အရမ်းချစ်မြတ်နိုးခဲ့တဲ့ စိုးစိုး

ပါ'

မျက်နှာချင်းဆိုင်ဖို့ ကြိုးစားလာသောအခါ 'စိုးစိုး'ဟု

မှခေါ်လုနီးပါး ဖြစ်သွားရ၏။

'စိုးစိုးလို့ အားပါးတရ ခေါ်လိုက်စမ်းပါ ဇင်ဇင်ရယ်၊

ဒီအသံ ကြားချင်လွန်းလို့ မရမက ကြိုးစားပြီး ဇင်ဇင့်

ရှေ့မှောက်ကို ရောက်လာရတဲ့သူပါ'

တစ်ချိန်က အကြင်နာတွေ၊ အချစ်တွေ ပိုခဲ့တာ မှန်၏။

မတည်ဘဲ ချန်သွားရစ်သူဆိုသော အတွေးကြောင့်ပင်။ မေ့ပစ်

ကြာပါပြီကော။

သူမ အသည်းသည် အရင်တုန်းကလို ပျော့မသွားဘဲ

ကျောက်မာကျောနေတာကို စိုးစိုး သိဦးမည်မထင်ပေ။

'ဘာကိစ္စရှိလို့ ကျွန်မနဲ့တွေ့ဖို့ ကြိုးစားရတာလဲ ကိုညို



www.burmeseclassic.com

www.burmeseclassic.com



စိုး’

‘သူစိမ်းဆန်လိုက်တာ ဇင်ဇင်ရယ်၊ စိုးစိုးလေ၊ ဇင်ဇင့်
စိုးစိုးပါလို့ အသိအမှတ် မပြုတော့ဘာလား’

အရာအားလုံး နှောင်းသွားခဲ့ပြီးမှ အလွမ်းသယ်ပြနေသော
သူ့အား ဝမ်းနည်းမှုကင်းစွာ မျက်နှာချင်းဆိုင်လိုက်မိသည်။

‘အဲဒီ စိုးစိုးတို့ ဇင်ဇင်တို့ဆိုတဲ့ အတိတ်က အခေါ်အဝေါ်
တွေကို ကျေးဇူးပြုပြီး မပြောပါနဲ့လား ကိုညီညီစိုး၊ စိုး
ဆိုတာရော ဇင်ဇင်ဆိုတာရော ကျွန်မဘဝမှာ သေဆုံး
သွားပြီးသား အမည်နာမတွေပါ။ ကျွန်မကို ခင်လေး
လို့ ခေါ်နိုင်ပါတယ် ကိုညီညီစိုး’

အတိတ်တုန်းဆီက သူ ဘာတွေဖြစ်ခဲ့ပြီး သူမ ဘာ
လောက် ခံစားနာကျည်းခဲ့ရသည်များကို မတွေးချင်၊ မပြော
တော့ပေ။

အခုချိန်မှာ အရမ်းသိချင်နေတာ တစ်ခုပဲရှိ၏။ စိုးစိုး
ကိုမင်းလက်ျာဝတို့ ဘယ်လိုပုံစံမျိုးနှင့် ဆက်စပ်ပတ်သက်နေသည်
သောအကြောင်းများပဲ ဖြစ်၏။

‘ကောင်းပါပြီ ဒေါ်ခင်လေးငယ်၊ စိုးစိုးဆိုတဲ့ ချာတိ
တစ်ကောင်ကို ဇင်ဇင်အနေနဲ့ မတွေ့ချင်၊ စကားမပြော
တောင်မှ ဦးညီညီစိုးကိုတော့ ဒေါ်ခင်လေးငယ်က အ
ယူပြီး စကားပြောချင် တွေ့ချင်မှာပဲ မဟုတ်လား’

သူမ၏ စိတ်အခြေအနေကို စိုးစိုးက အခုလို သိမြင်နေ
ရောလား။

‘ဟုတ်တယ် ကိုညီညီစိုး၊ ကျွန်မ ခင်လေးငယ်က ရှင်





အေးအေးဆေးဆေး စကားပြောချင်တယ်’

တပ်ထားသော အနက်ရောင်မျက်မှန်ကို စိုးစိုး ချွတ်လိုက်
မျက်ရည်ဝဲနေသော သနားချင်ယောင်ဆောင်ထားသည့် စိုးစိုး
ကို အကာကွယ်မဲ့ တွေ့လိုက်ရသည်။

‘ကောင်းပြီလေ၊ စိုးစိုးကတော့ ဘယ်လိုသဘောထားမှ
မပြောင်းဘဲ ဇင်ဇင်နဲ့တွေ့ဖို့လာခဲ့တာ၊ ဇင်ဇင်လို့ ခေါ်နေ
မှာပဲ၊ စိုးစိုးလို့ အမြဲပြောနေမှာပဲ’

‘ဒါဆိုရင်တော့ ရှင်နဲ့တွေ့စရာ စကားပြောစရာအကြောင်း
မရှိဘူး ကိုညီညီစိုး’

စိုးစိုး ဘယ်လိုပဲ မျက်ရည်ခံထိုးထိုး၊ သူမ အသည်းမာ
ကျာတာကိုတော့ ဖျက်ဆီးနိုင်စွမ်း မရှိပါလေ။

စိမ်းလက်စနှင့်ပင် ကျောခိုင်းဖို့ ခြေလှမ်းပြင်လိုက်၏။

‘ခဏလေးနေပါဦး ခင်လေးငယ်’

‘ရှင့်ဖက်က သဘောထား မပြောင်းနိုင်မှတော့ ရှင်နဲ့
စကားဆက်ပြောနေလို့ အလကားပဲ။ ကျွန်မ သိချင်တာ
တွေက စောပြီးသိရတာနဲ့ နောက်ကျပြီးမှ သိရတာပဲ
ကွာခြားမှာပါ’

စိုးစိုး မျက်ရည်ခံထိုးမှုကိုလည်းမလိုချင်။ နောက်ကြောင်း
ပြန်ပြောပြမည့် ပြီးခဲ့ ဖြစ်ခဲ့သည့်စကားတွေကိုလည်း ကြားချင်
စိတ်မရှိပေ။

‘မဟုတ်သေးပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် စိုးစိုးကိုတွေ့ချင်
စကားပြောချင်တာ သေချာတယ် မဟုတ်လား၊ အပေး
အယူတစ်ခုတော့ လုပ်လိုက်ရအောင်’



www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးကမ်းလှမ်းသော စကားကြောင့် သူမ ခြေလှမ်းတွေကို ရှုတ်လိုက်ရ၏။

'ပြောကြည့်လေ၊ ကိုညီညီစိုး'

'ဒီလိုပါ၊ စိုးစိုးပြောချင်တာတွေကို ဇင်ဇင် နားမထောင်ချင်ပေမယ့် ဇင်ဇင် သိချင်နေတာတွေ ရှိတယ် မဟုတ်လား'

'ဟုတ်တယ်၊ အတိတ်ကကိစ္စကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် နောက်ကြောင်းပြန်ပြီး မကြားချင်ဘူး၊ ပစ္စုပ္ပန်နဲ့ဆိုင်တဲ့ ကိစ္စတွေကိုပဲ သိချင်တာ'

'ဒီလိုလုပ်ပါ ဇင်ဇင်၊ ဇင်ဇင်သိချင်နေတာတွေကို သိဖို့ စိုးစိုးပြောချင်တာတွေကိုလည်း နားထောင်ပေးပါ။ အခုချက်ချင်းကြီး မဟုတ်ဘူး၊ ဆယ်ရက်အချိန်ယူပြီး ဇင်ဇင် စဉ်းစားပါ၊ စိုးစိုးရဲ့လိပ်စာကဒ်၊ ဇင်ဇင်စဉ်းစားလို့ ရတဲ့အချိန်၊ တွေ့ချင်တဲ့အချိန်မှာ ဖုန်းလှမ်းဆက်လိုက်ပါ စိုးစိုးသွားလိုက်ဦးမယ် ဇင်ဇင်'

လိပ်စာကဒ်ပြားလေးကို သူမလက်ထဲသို့ ထည့်ပေးပြီး စိုးစိုး ထွက်သွားသည်။ သူမတစ်ယောက်တည်း တွေဝေနေခဲ့ရင်း ပင် အစိမ်းရောင် ပရာဒိုလေး မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

* * *

၃။

စိုးစိုးနှင့် စကားပြောဖြစ်ပြီးနောက်ပိုင်း သူမ တွေးနေဖြစ်တာ တစ်ရက်လည်းမက၊ နှစ်ရက်လည်းမက၊ စိုးစိုး ပေးထားခဲ့သော ဆယ်ရက်ဆိုသည့်အချိန်သည် ခဏလေးကုန်ဆုံးသွားသည်။

ကိုမင်းလကျာမှာ သူငယ်ချင်းတစ်ယောက်ရှိသည်ကို သိထား၏။ အလုပ်ကြောင့်ပင် သူငယ်ချင်းအခန်းမှာ ပြောင်းရွှေ့နေရင်း သူမနှင့် ကိုမင်းလကျာတို့ ဆုံဖြစ်ကြသည်။

ပထမဆုံး နှစ်ယောက်အတူ တွေ့ဖြစ်သောနေ့၊ လေယာဉ်ကွင်းကို သွားသောနေ့၊ အစိမ်းရောင်ပရာဒိုကားကို စီးဖြစ်သည်။ ကိုမင်းလကျာ၏ သူငယ်ချင်းမှာ စိုးစိုးများဖြစ်နေမည်လား။ မဖြစ်နိုင်ဘူးထား၊ စိုးစိုးမှာ ကိုမင်းလကျာ၏ သူငယ်ချင်းနှင့် တရင်းတနှီး ပတ်သက်သောသူ ဖြစ်ရမည်ပဲ။

ဒီလိုဆိုခဲ့ရင် သူမ မပြောဖြစ်သေးသော အတိတ်နောက်ကြောင်းများကို ကိုမင်းလကျာ သိသွားနိုင်ပြီလားဟု စဉ်းစားရင်း ခေါင်းခြောက်ခဲ့တာ ဆယ်ရက်ပြည့်လုနေပြီ။



အိပ်မက်နှင်း စာပေနှင့် အနုပညာ

www.burmeseclassic.com

www.burmeseclassic.com



'ခင်လေးငယ်ကို ပြောလိုက်ပါ၊ ဖုန်းလာနေတယ်လို့'

အန့်တီဝေ၏ လှမ်းပြောသံကို မကြားရခင်ကပင် ဖုန်း မြည်သံကို ကြားရ၏။ မြန်မာပြည်က ထွက်သွားကတည်းက ဒီနေ့အထိ ကိုမင်းလကျာ ဖုန်းမဆက်ပေ။ မျှော်ရဖန်များတော့ ဖုန်းမြည်သံကိုပင် ငြီးငွေ့လာ၏။

ကိုမင်းလကျာဆီက မဟုတ်မှန်းသိလျက်နှင့်ပင်။

'အန့်တီဝေနဲ့ ဖုန်းပြောနေတာ ဘယ်သူလဲ အန့်တီဝေ'

'မောင်မင်းလကျာ မဟုတ်ဘူး ခင်လေးငယ်၊ ညည်း မေမေနယ်ကနေ ဖုန်းဆက်နေတာ၊ ညည်းနဲ့ ပြောချင် ခေါ်ခိုင်းတာ'

ကိုမင်းလကျာတစ်ယောက် ဖုန်းမဆက်ဘဲ နေနိုင်ခြင်း အပေါ် သံသယဖြစ်ချင်လာသည်။ စိုးစိုးကိစ္စသာ မပေါ်ပေါက် ပါက အလုပ်တွေမအားလို့ဟု ကြံဖန်ဖြေရင်း ဖြေလို့ရဦးမည်။

ကိုမင်းလကျာ ဖုန်းမဆက်ခြင်းမှာ စိုးစိုးနှင့် အများပြ ပတ်သက်နိုင်သည်ပဲဟု ဆက်စပ်တွေးလို့ရသည်လေ။

'ခင်လေးငယ် မေမေနဲ့ ဖုန်းပြောလိုက်ဦး'

အနားသို့ သူမ ရောက်သည်နှင့် စကားပြောခွက် အန့်တီဝေ လက်လွှဲပေးလိုက်၏။

'မေမေ နေကောင်းတယ်နော်'

'ကောင်းတယ် သမီး၊ သမီးဖေဖေက ဝမ်းသာ သတင်းကို လှမ်းပြောလိုက်ပါဆိုလို့ မေမေ ဖုန်းဆ လိုက်တာ'

'ဘာသတင်းများလဲ မေမေ'





ဒီရက်ပိုင်းမှာ ဝမ်းသာစရာဆိုလို့ အိပ်မက်ဝင် ကောင်း ကောင်းကန်းကန်း မမက်ဖြစ်ပေ။

'တခြား မဟုတ်ဘူး သမီး၊ ရွှေလကုန်ခါနီးမှာ မင်း ဖေဖေ ရန်ကုန်ကို ပြန်ပြောင်းရတော့မယ်။ သမီးလေး စာမေးပွဲပြီးမှာနဲ့ အတော်ပဲ၊ အလုံမှာ အိမ်ခန်းလည်းရ မယ်ပြောတယ်၊ မေမေတို့ ထင်ထားတာထက် နှစ်လ လောက်စောပြီး ပြောင်းဖြစ်တာလေ'

ဝမ်းသာစရာစကားဖြစ်ပေမယ့် သူမအနေဖြင့် အရမ်းကြီး လှိုက်လှိုက်လှဲလှဲ မဖြစ်မိပေ။ ဒါကို မေမေ ရိပ်မိပုံရ၏။

'သမီး နေကောင်းလို့များလားဟင်'

'စာတွေကြည့်ပြီး ခေါင်းနည်းနည်းနောက်နေတာပါ မေမေ'

မုသားမကင်းသော စကားကြောင့် မေမေ အစိုးရိမ်လျော့ သွားပုံရသည်။ သူမတို့မိသားစုသုံးယောက် တကွဲတပြား ဖြစ်နေ တာ နှစ်နှင့်ချီခဲ့ပြီ။ ဝမ်းသာစရာသတင်းကောင်းဖြစ်ပေမယ့် စိတ် က မရွှင်ပျချိန်မို့ အပြည့်ဝ မပျော်ခဲ့ပါလေ။

'နိုင်ငံခြားသွားတာ ဆယ်ရက်စွန်းနေပြီ၊ အခုချိန်ထိ မောင်မင်းလကျာ ဖုန်းမဆက်သေးဘူးနော်'

တစ်ခုခု လွဲမှားနေပြီဆိုသော သဘောမျိုးဖြင့် အန့်တီဝေ လေပြီ။ အန့်တီကြွေကလည်း သူမဖြေမည့်စကားကို ကြားချင် ပုံရသည်။

'သမီးလည်း သူ့ဖုန်းကို နေ့တိုင်းစောင့်နေတာပဲ၊ အလုပ် တွေ မအားလို့နဲ့တူတယ်'



www.burmeseclassic.com

www.burmeseclassic.com



သူမအဖြေကို သူမကိုယ်တိုင်ပင် သဘောမကျချင်ေ ဒီထက်ပိုပြီးတော့လည်း အဆင်ပြေအောင် မပြောပြတတ်ေ အန်တီကြွေကတော့ အားမလိုအားမရစွာဖြင့် ဝင်ပြောသည်၊

'မဟုတ်သေးပါဘူးအေ၊ အချိန်ပြည့် အလုပ်ရှုပ်နေ မျိုးတော့ ဟုတ်မယ် မထင်ဘူး၊ ဒီသူငယ်က ဖုန်းဆ ဖျင်းတာရယ်၊ ပိုက်ဆံကုန်မှာရယ် စိုးရိမ်နေသလာ မသိတာ'

'အန်တီဝေ ခင်လေးငယ်ကို အကြံတစ်ခုပေးချင်တ

'ပြောပါ အန်တီဝေ'

'ဒီကြားထဲ မောင်မင်းလကျော် ဖုန်းဆက်လာရင်ေ သမီးအနေနဲ့ အတိတ်က ဖြစ်ခဲ့ပျက်ခဲ့တာတွေကို အ ယူပြီး ရှင်းပြ ပြောပြထားသင့်တယ်၊ အန်တီဝေ အ ပေးတာကို သမီး လုံးဝ မမေ့နဲ့နော်'

'သူ ဖုန်းဆက်ဖြစ်ရင် ဒီကိစ္စနဲ့ ပတ်သက်ပြီး ဦးစား ပြောဖြစ်မှာပါ အန်တီဝေ'

သူမရှေ့မှနေပြီး အန်တီဝေတို့နှစ်ယောက် ထွက်သွား အပြင်ဘက်မှာ အလင်းရောင် ပျောက်လုနေပြီ။

သူမကတော့ တယ်လီဖုန်းဘေးနားမှာထိုင်ပြီး ချိတုံ ဖြစ်နေမိသည်။ တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင် နံပါတ်တွေ ကောက်နှိပ်လိုက်၏။ ဖုန်းမြည်သံကြားရပြီးမှ ေ ပြောခွက်ကို ပြန်ချထားလိုက်သည်။

ဒီလိုလုပ်ဖြစ်တာ တစ်ကြိမ်တည်းတော့ မဟုတ်၊

* * *





ညရှစ်နာရီထိုးတော့ အန်တီဝေတို့နှစ်ယောက်နှင့်အတူ ဘူ တီဗီထိုင်ကြည့်နေဖြစ်သည်။ သတင်း နားထောင်နေဆဲမှာပင် ဖုန်းမြည်သံ ကြားရ၏။

'ဖုန်းလာနေတယ်၊ သွားကိုင်လိုက်ဦး ခင်လေးငယ်'

ကိုမင်းလကျော် ဆက်နေမှာစိုး၍ သူမကို ဦးစားပေးပြီး အကိုင်ခိုင်းခြင်းဟု နားလည်လိုက်သည်။

စကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး တစ်ဖက်မှ စကားသံ ကြားလိုက်ရသည်နှင့် လွတ်ချပစ်ချင်စိတ် ဖြစ်သွားမိ သည်။

အန်တီဝေတို့ ရှိနေသည်မို့ မနည်းဣန္ဒြေဆည်လိုက်ရ သည်။

'ဟဲလို… ခင်လေးငယ် ပြောနေပါတယ်'

'ဇင်ဇင်နဲ့ တည့်တည့်တိုးတာ စိုးစိုးအတွက် အရမ်းကံ ကောင်းသွားတယ်၊ ဒီပြင် လူတစ်ယောက် လာကိုင်ရင် ပြောရဆိုရ ခက်နေဦးမယ်'

ဒေါသဖြစ်ချင်ပေမယ့် အန်တီဝေတို့ ကြားမည်စိုး၍ အသံ နှိမ့်ပြီး ပြောလိုက်ရသည်။

'ဒီဖုန်းနံပါတ်ကို ရှင်ဘယ်လိုလုပ်ပြီး သိလဲ'

'ဒါက အထူးအဆန်းမှ မဟုတ်ဘဲ ဇင်ဇင်၊ စိုးစိုးဆီကို နှစ်ခါတိတိ ဇင်ဇင်ခေါ်ပြီးမှ ဖုန်းချပစ်တာချည်းပဲ မဟုတ် လား၊ စိုးစိုးရဲ့ ဟန်းဖုန်းမှာ ဇင်ဇင် ဆက်တဲ့ဖုန်းနံပါတ် က ပေါ်နေတာပဲ၊ ဇင်ဇင်တို့ဆီက ဖုန်းတွေက ၅၉၉ နဲ့ စတာချည်းပဲ မဟုတ်လား၊ စိုးစိုး ချက်ချင်း မြို့မဆက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာက ဇင်ဇင် အိမ်ကနေဆက်တာလား၊ အပြင်က
ပြီး ဆက်တာလားဆိုတာကို ချိန်ဆနေလို့ပဲ'

လက်ပူးလက်ကျပ်မိနေမှတော့ ဖြောင့်ညာလည်း အဆို
ဖြစ်တော့မည်။

'ဟုတ်တယ်၊ ရှင်နဲ့စကားပြောဖို့ လှမ်းဆက်လိုက်တာ
ဆက်ပြီးမှ စကားပြောချင်စိတ် မရှိတော့တာနဲ့ ချပစ်လိုက်
တာ'

'စိုးစိုးနဲ့တွေ့ဖို့ ဇင်ဇင်က မချင့်မရဲဖြစ်နေတာ မဟုတ်
လား'

ဒီပုံစံအတိုင်းဆိုရင်တော့ စကားဖြတ်လို့ ရမည်မထင်
ပတ်ဝန်းကျင်ကို ပြန်ကြည့်ဖြစ်သည်။ အန်တီကြွေကတော့ ဘုရား
ခန်းထဲဝင်သွားပြီ။ အန်တီဝေကလည်း တီဗီပိတ်ပြီး အိပ်ရာဝင်
ပြင်နေပြီ။

ကိုမင်းလက်ျာဆီက ဖုန်းဟုထင်ပြီး အန်တီဝေတို့နှ
ယောက် တမင် ရှောင်ပေးကြတာပဲဟု နားလည်လိုက်၏။

'ဟုတ်တယ်၊ ရှင်နဲ့တွေ့လည်း တွေ့ချင်တယ်၊ တွေ့
လည်း မတွေ့ချင်ဘူး'

'စိုးစိုးပြောခဲ့တဲ့ စကားကိုတော့ ဒီဆယ်ရက်အတွင်း
ဇင်ဇင် စဉ်းစားဖြစ်တယ် မဟုတ်လား၊ စိုးစိုးဆီကို လှမ်း
ဆက်တယ်ဆိုကတည်းက တွေ့ဖို့ဆုံးဖြတ်ထားတယ်ဆို
တာကို စိုးစိုး သဘောပေါက်ပြီးသားပါ'

'တွေ့ချင်တာတော့ ဟုတ်တယ်၊ ရှင့်ကိုယ်ရှင်တော့ သိ
အထင်ကြီးမနေနဲ့ ကိုညီညီစိုး'

'အထင်မကြီးပါဘူး ဇင်ဇင်၊ စိုးစိုးဈေးဆစ်ခဲ့တာကို ဇင်
ဇင် လိုက်လျှောတယ်ဆိုရင်ပဲ ကျေနပ်လှပါပြီ။ တစ်ခု
တော့ ရှိတယ်နော် ဇင်ဇင်၊ စိုးစိုးပြောချင်တာတွေ ပြော
ပြီးမှ ဇင်ဇင်သိချင်နေတာတွေကို စိုးစိုးက ပြောပြမှာနော်'
တစ်ဆင့် လျှော့ပေးလိုက်သည်နှင့် စိုးစိုးက တစ်ရစ်
…င်းပြနေ၏။

'ရှင်က တော်တော် အတ္တကြီးတဲ့ ယောကျ်ားပဲ၊ မိန်းမ
တစ်ယောက်ကို အကျပ်ကိုင်ပြီး ကိုယ်လိုချင်တာကို
အတင်း ယူတတ်တယ်နော်'

'ဇင်ဇင် ကြိုက်သလို ထင်နိုင်ပါတယ်၊ ဇင်ဇင်ကိုယ်တိုင်
က သံယောဇဉ်ကင်းပြီး စိမ်းပြတ်နိုင်တာကိုး၊ ဒီလိုနည်း
လမ်းကို သုံးရင် ဇင်ဇင်က စိုးစိုးပြောမယ့်စကားတွေကို
အလွယ်တကူ နားထောင်မှာမှ မဟုတ်တာ'

'ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးမနေနဲ့ ကိုညီညီစိုး၊ ကျွန်မ
ရှင်နဲ့တွေ့ပြီး စကားပြောမှာက ဇင်ဇင်အဖြစ်နဲ့ မဟုတ်
ဘူး၊ ဇင်ဇင်ဆိုတာ အတိတ်မှာ သေဆုံးပြီးသားလို့ စိတ်
စွဲနေတာ ကြာပြီ၊ ရှင့်ကိုလာတွေ့မယ့်သူဟာ မင်းလက်ျာ
ရဲ့ချစ်သူဖြစ်တဲ့ ခင်လေးငယ်ဆိုတာကို ရှင် မြဲမြဲမှတ်ထား
ပါ'

'ဇင်ဇင်တို့အကြောင်းကို အစကနေအဆုံး သိထားလေ
တော့ ဒီစကားက စိုးစိုးအတွက် ရယ်စရာကောင်းနေ
သလိုပဲ'

စိုးစိုးပြောလိုက်သော လေသံကြောင့်ပင် အခုချက်ချင်း


အိပ်မက်နှင်း စာပေနှင့် အနုပညာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်စိတ် ဖြစ်သွားမိသည်။ သူမနှင့် ကိုမင်းလကျ်ာတို့ကြား
ဘယ်လိုအနေအထားမျိုးဖြင့် စိုးစိုးတစ်ယောက် ရပ်တည်နေသည်
အရမ်းသိချင်လှပြီ။

'သိပ်ရှည်ရှည်ဝေးဝေးတွေ ပြောမနေနဲ့ ကိုညီညီစိုး
နဲ့ ကျွန်မတွေ့ပြီး ပြောကြဆိုကြမှ ကိစ္စမြန်မြန်ပြတ်
ရှင့်ကို ဘယ်လိုတွေ့ရမလဲသာ ပြောပါ'

သူမ၏ ဒေါသ၊ သူမ၏ စိတ်လောမှုများကို စိုးစိုး
ယောက် ကောင်းကောင်းအသုံးချလေပြီး-

'ဒီနေ့ ဘာနေ့များလဲ'

'ဗုဒ္ဓဟူး'

'ကြာသပတေး၊ သောကြာ၊ စနေ၊ ဒီသုံးရက်
မအားဘူး၊ အချိန်ဆွဲတာ မဟုတ်ဘူးနော်၊ ဇင်ဇင်
တိုင် လာတွေ့မှာဆိုတော့ စိုးစိုး ပြင်ဆင်စရာ
တွေအတွက် ဒီသုံးရက်အချိန်ယူတဲ့ သဘော
တနင်္ဂနွေနေ့ကျမှပဲ ဇင်ဇင်နဲ့ တွေ့လို့ဖြစ်မယ်'

ရှင့်ကို လုံးဝ မတွေ့တော့ဘူးဟု တုံ့ပြန်လိုက်ချင်
လည်း သိချင်ကြားချင်နေသော စကားတွေအတွက် အလျော
လိုက်ရ၏။

'ကောင်းပြီလေ၊ တနင်္ဂနွေနေ့ နေ့လယ် ဆယ့်နှ
မှာ မုခ်ဦးထိပ်ကနေပြီး ရှင် စောင့်နေ၊ ကျွန်မ
အောင်လာခဲ့မယ်၊ အဝေးကြီးကို သွားလို့တော့
ရှင့်ကို အချိန်တစ်နာရီပဲ ပေးမှာဆိုတော့ အနီး
တစ်နေရာရာမှာပဲ စကားပြောကြတာပေါ့'





'ကျေးဇူးတင်ပါတယ် ဇင်ဇင်၊ စိုးစိုး ဆက်ဆက်စောင့်
နေပါ့မယ်'

စိုးစိုး၏ နှုတ်ဆက်သံကို နားခံမနေတော့ဘဲ အရင်ဦးအောင်
းချပစ်လိုက်သည်။ အိပ်ခန်းဆီသို့ အသွားမှာပင် 'မောင်မင်း
ကျာနဲ့ စကားပြောကြတာလား'ဟု အန်တီဝေ မေးသည်။

'ဟုတ်တယ် အန်တီဝေ'ဟု ပြီးစလွယ်ဖြေပြီး အိပ်ရာ
ဖြစ်ခဲ့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၄။

စိုးစိုးနှင့် သွားတွေ့ဖို့ အနက်ရောင်တီရှပ်နှင့် နက်ပြာရောင် ထဘီစကဒ်ကို ရွေးချယ်ပြီး ဝတ်ဆင်ဖြစ်သည်။

လွယ်နေကျ ကချင်လွယ်အိတ်ထဲသို့ ကျောင်းစာအုပ်များအပြင် စားမြှောင်တစ်ချောင်းကိုလည်း လိုရမယ်ရ ထည့်ယူသွားဖြစ်၏။

စားမေးပွဲအတွက် စစ်တောင်းထဲက သူငယ်ချင်းဆီသွားပြီး စာအတူကြည့်ဖို့ အကြောင်းပြကာ အိမ်မှထွက်ဖြစ်သည်။

အရမ်းကြီး မိုးမချုပ်စေနဲ့နော်ဟု အန်တီကြွေက သွားခါနီး သတိပေးလိုက်၏။

ကံ့ကော်လမ်းမပေါ် ရောက်သည်နှင့် ဆိုက်ကားငှားလိုက်သည်။

မုခ်ဦးနှင့် မလှမ်းမကမ်းမှာ ရပ်ထားသော စိုးစိုး၏ကားနားမှာပင် ဆိုက်ကား ရပ်နိုင်းလိုက်သည်။

စိုးစိုးက ကားတံခါးကို အဆင်သင့်ဖွင့်ပေးသည်။ ပတ်





န်းကျင်ကို ဂရုစိုက်မနေတော့ဘဲ ကားပေါ်ထိုင်လိုက်သည်။

သူမကို လိုက်ပို့ပေးသော ဆိုက်ကားသမားကြီးက ဘယ်သို့ တွေးထင်သွားမည် မသိပေ။

'ဘယ်ကိုမောင်းရမလဲ ဇင်ဇင်'

'ရှေ့က ပဲခူးမြစ်လမ်းအတိုင်းမောင်း၊ ကမ်းနားနဲ့ အနီးဆုံးနေရာမှာရပ်ပြီး ပြောကြဆိုကြတာပေါ့'

သူမစကားကို လိုက်နာပြီး ပဲခူးမြစ်လမ်းအတိုင်း စိုးစိုးမောင်းသည်။ သိပ်ကြာကြာ မမောင်းလိုက်ရဘဲ ဆောက်လက်စတံတားနားသို့ ရောက်သွားခဲ့၏။

'ဒီမှာပဲ ရပ်လိုက်၊ ကားပေါ်မှာပဲ ပြောကြဆိုကြတာပေါ့ ကိုညီညီစိုး'

သူမ၏ညွှန်ကြားချက်ကို အတိအကျ စိုးစိုး လိုက်နာပြခဲ့၏။

'ရှင်ပြောမယ်ဆိုတဲ့ စကားက ဒီမြစ်ကူးတံတားအကြောင်းလား ကိုညီညီစိုး'

သူမ၏ အထေ့အငေါ့စကားကြောင့် စိုးစိုး မချိပြုံး ပြုံးလာသည်။

'ဇင်ဇင်'

'ရှင် ဘယ်သူ့ကို ခေါ်နေတာလဲ၊ ဒီနားမှာ ဇင်ဇင်ဆိုတာ မရှိဘူး၊ ခင်လေးငယ်ဆိုတဲ့ ကျွန်မပဲရှိတယ်'

'စိုးစိုးရင်မှာ ဘာတွေဖြစ်နေမလဲဆိုတာကို ဇင်ဇင် သိစေချင်တယ်၊ အခုမှ မဟုတ်ပါဘူး၊ အချိန်များစွာ ကာလများစွာ ရင်ထဲမှာ တနင့်တပိုးနဲ့ နေထိုင်ခဲ့ရတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား၊ ဩော်... ကျွတ်... ကျွတ်... ကျွတ်
ဒီစကားမျိုးတွေပဲ ကြားရမည်ဆိုတာကို သိနေခဲ့သည်
ကရုဏာဖြစ်လေဟန် တမင်ရွဲ့ပြလိုက်၏။

'ကြိုက်သလို ပြက်ရယ်ပြုပြီး ကဲ့ရဲ့နိုင်ပါတယ် ဇင်ဇင်
ဒါပေမဲ့ စိုးစိုးစကားတွေကိုတော့ ဆုံးအောင် နားထောင်
ပေးစေချင်တယ်'

'နားထောင်ရမှာပေါ့၊ ရှင်ပြောခဲ့တဲ့ အပေးအယူကိစ္စ
သဘောတူခဲ့ပြီးပြီပဲ၊ ရှင်ပြောချင်တာတွေ ပြောပြီးမှ ကျွန်
သိချင်တာတွေ သိရမှာ မဟုတ်လား'

တာဝန်ကျေသဘောမျိုး နေပြလိုက်သည်။ ဆောက်လက်
စတ်တားဆီသို့ ငေးကြည့်နေဖြစ်၏။

'စိုးစိုး သတိရတဲ့အချိန်မှာ ဇင်ဇင်ကို ပထမဆုံးမေးပြ
တယ်။ ကိုယ်တိုင်က ဒဏ်ရာတွေနဲ့ ခုတင်ပေါ်မှာ လှဲ
ရတဲ့သူလေ၊ သူတို့လုပ်သမျှ စီစဉ်သမျှကို ဒီအတိုင်
ကြည့်နေခဲ့ရတာ၊ စိုးစိုးကို ဆေးရုံပြောင်းလိုက်ကြတယ်
ဇင်ဇင်ကတော့ ပဲခူးဆေးရုံပေါ်မှာပဲ ကျန်နေခဲ့တယ်
ဒါပေမဲ့ကွယ်၊ ဒဏ်ရာတွေ ပျောက်ခဲ့ပေမယ့် သူ
သဘော သူတို့အစီအစဉ်တွေကို ဘာတစ်ခုမှ စိုး
မလွန်ဆန်နိုင်ခဲ့ပါဘူး၊ ဒီကိစ္စတွေအတွက် စိုးစိုးကို ခွ
လွှတ်ပေးပါ'

နားခါးလွန်းလှသည်။ အသိုင်းအဝိုင်း မျက်နှာကိုသ
ထောက်ထားပြီး ချစ်သူကို တစ်ဘဝလုံးစွန့်ခဲ့သော ယောကျ်ားတ
ယောက်အား အခုချိန်မှာ စကားနာလည်း မထိုးချင်တော့ပေ





'ပြီးခဲ့တာတွေကိုပြောပြလည်း ထူးမှာမှမဟုတ်တာ၊ ကျွန်မ
ကိုယ်တိုင်ကလည်း ဒီကိစ္စတွေအားလုံးကို ဥပေက္ခာပြုထား
နိုင်နေပြီ၊ ရှင်တောင် ရှင့်မိဘပေးစားတဲ့ မိန်းမကိုယူပြီး
ရှင့်ဘဝနဲ့ရှင် တထီးတနန်းဖြစ်နေပြီ မဟုတ်လား'

'ဟုတ်ပါတယ် ဇင်ဇင်၊ စိုးစိုးဟာ လူညံ့တစ်ယောက်
ပါ၊ အဲဒီလို ညံ့ခဲ့တာတွေအတွက် အခုအချိန်မှာ အားလုံး
ကို ပြန်ပေးဆပ်ဖို့ ဆုံးဖြတ်ထားပြီးပြီ၊ ဇင်ဇင်နဲ့ပတ်သက်
ပြီး အတိတ်က ဖြစ်ရပ်တွေအတွက် စိုးစိုး တာဝန်ကျေ
ပြချင်တယ်'

'ရှင် တာဝန်ကျေချင်တယ်ဆိုရင် လွယ်လွယ်လေးပါ၊
ရှင်နဲ့ ကိုမင်းလကျ်ာတို့ ဘယ်လိုပတ်သက်သလဲဆိုတာ
ရယ်၊ ကျွန်မနဲ့ ကိုမင်းလကျ်ာတို့နှစ်ယောက်ကြားကို ရှင်
ဘယ်လိုပုံစံမျိုးနဲ့ ဝင်လာခဲ့သလဲဆိုတာကို ပြောပြလိုက်
ရင် ပြီးပါတယ်'

မကြားချင်ပေမယ့် စိုးစိုး ဆက်ပြောမည့် စကားများကို
ကြားနေရ၏။ မမြင်ချင်ပေမယ့် ရက်စက်တတ်သော ယောကျ်ား
တစ်ယောက်၏ မျက်ရည်ခံထိုးမှုတွေကို မြင်နေရသည်။

* * *

'ရှင့်စကားတွေကို နားထောင်ခဲ့ပြီးပြီ၊ ကျွန်မ သိချင်နေ
တာကို ရှင် ပြောပါ'

'စိုးစိုးမှာ ပြောစရာကျန်သေးတယ်၊ ဇင်ဇင်သိချင်တာကို
ပြောပြပြီးရင် စိုးစိုး ဆက်ပြောမယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ သိချင်တာတွေသိပြီးလို့ အချိန်တစ်နာရီ မပြည့် သေးခင်အထိတော့ ရှင်ပြောချင်တာတွေ ဆက်ပြောပိုင် ခွင့်ရှိပါတယ်'

သူမနှင့် ကိုမင်းလက်ျာတို့ကြားမှာ တစ်စုံတစ်ခုမရိုးမသား လုပ်ထားသည်ဟု ယုံကြည်နေမိသည်။

'ဇင်ဇင် မှတ်မိရင် မှတ်မိတယ်၊ တနင်္ဂနွေ မနက်ဆီက အဖြစ်အပျက်ကိုပေါ့၊ မင်းလက်ျာရှိတဲ့ လက်ဖက်ရည်ဆိုင် ကို ဇင်ဇင်လာတယ်၊ အဲဒီအချိန်မှာ မင်းလက်ျာရဲ့သူငယ် ချင်းဆိုသူက အလေးသွားချင်တာကို အကြောင်းပြပြီး ဆိုင်က ထွက်သွားတယ်ဆိုတာလေ'

'ဒါဆို ရှင်က ကိုမင်းလကျာ်နေတဲ့ အခန်းပိုင်ရှင်သူငယ် ချင်းပေါ့'

'ဟုတ်တယ် ဇင်ဇင်၊ ဇင်ဇင်ကို လှမ်းတွေ့လိုက်ပြီး မျက်နှာချင်းမဆိုင်ရဲတာနဲ့ စိုးစိုး ရှောင်ထွက်သွားတာ'

'ဒါဆို ရှင်ဟာ လက်ရှိမိန်းမကို စိတ်ဆင်းရဲအောင်လုပ် ပြီး ဖောက်ပြန်ဖို့ ကြိုးစားနေတဲ့လူပဲပေါ့'

'ပြောပါ ဇင်ဇင်၊ ဒီဘဝမှာ ပြန်မဆုံဖြစ်တော့ပါဘူးလို့ ထင်ထားခဲ့ပေမယ့် မင်းလက်ျာကြောင့် ပြန်ဆုံရတယ် ဒီအတွက်ကြောင့်ပဲ အမြဲတမ်းအိမ်ထောင်တာဝန်ကျေခဲ့တဲ့ စိုးစိုးဟာ လူတွေ ပြောစရာဆိုစရာကိစ္စတွေကို လုပ်ဖြစ် ခဲ့တယ်'

'ဒုက္ခပဲ၊ ကျွန်မက ရှင့်ရဲ့စိတ်အဆာဖြေမှုတွေအတွက် တရားခံ ဖြစ်ရပြန်ပြီလား ကိုမင်းလက်ျာ၊ ရှင်ဟာ အ





ချိန်ထိအောင် ကျွန်မကို အသုံးချစရာပစ္စည်းတစ်ခုလို့ မြင်တုန်းပဲလား'

'မဟုတ်ဘူး ဇင်ဇင်၊ ဒီလို မဟုတ်ဘူး၊ ဇင်ဇင်နဲ့ စိုးစိုး တို့အတတ်လမ်းကို မင်းလက်ျာ သိတယ်၊ ဒါပေမဲ့ ခင်လေး ငယ်အနေနဲ့ မဟုတ်ဘူး၊ ဇင်ဇင်အနေနဲ့သိတာ၊ ဇင်ဇင်နဲ့ ဒီလို ပြန်မဆုံဖြစ်ခင် အချိန်တည်းကိုက ဇင်ဇင်နဲ့ပတ် သက်ပြီး မင်းလက်ျာကို ရင်ဖွင့်ပြနေခဲ့သူပါ'

'ကောင်းပြီ၊ ခင်လေးငယ်ဟာ ဇင်ဇင့်ကို သိရတဲ့အချိန် နောက်ပိုင်းမှာ ရှင် ဘာတွေလုပ်ခဲ့လဲ'

'ဇင်ဇင်နဲ့ ခင်လေးငယ်တို့ဟာ တစ်ယောက်တည်းဆိုတာ ကို စိုးစိုး ပြောပြဖြစ်တယ်။ မင်းလက်ျာကို ရှေ့ဆက်မတိုး ဖို့ တားမြစ်လိုက်တယ်'

'ရှင် ဘာရည်ရွယ်ချက်ရှိလို့ ဒီစကားမျိုး ပြောရတာလဲ ကိုညီညီစိုး၊ ရှင် တော်တော်အကြံပက်စက်တဲ့ ယောက်ျား ပါလား'

မျက်စိရှေ့မှာပင် စိုးစိုးပုံစံက ရွံရှာဖွယ်ဖြစ်နေတော့၏။ ထံမှ အဖြေစကားကြားရဖို့ တတွတ်တွတ် ပူဆာနေခဲ့သော င်းလက်ျာ၏ သွေးအေးသွားမှုတွေကို အခုမှ သဘောပေါက် ဘော့၏။

'စိုးစိုး အကြံပက်စက်တာ မဟုတ်ပါဘူး၊ စိုးစိုးမှာ ငွဲစရာ မာမီလည်းမရှိတော့ဘူး၊ မထင်မှတ်ဘဲ ဇင်ဇင်နဲ့ ပြန်ဆုံရ တယ်၊ တာဝန်မကျေ သစ္စာမဲ့ခဲ့တာတွေအတွက် ပြန်ပေး ဆပ်ဖို့ ဒီလို ဆုံးဖြတ်ခဲ့တာ၊ ဒီတစ်ခါ ပြန်ဆုံခွင့်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ဇင်ဇင်ကို ထပ်ပြီး အဆုံးရှုံးမခံနိုင်လို့ပဲ၊ အခွင့်အရေးကိုတော့ ငဲ့ညှာသောအားဖြင့် စိုးစိုးကိုပေး ဇင်ဇင်'

'ရှင် ရူးနေလား၊ ရှင့်မှာ စဉ်းစား တွေးခေါ်တတ် ဦးနှောက်မရှိလို့လား၊ ရှင်က ကျွန်မကို လျှော့တွက်ပြီ ကိုမင်းလက်ျာကို နောက်ဆုတ်ခိုင်းခဲ့တာပေါ့လေ'

'စိုးစိုး နောက်ဆုတ်ခိုင်းပေမယ့် သူ ဆက်တိုးခဲ့တာ မဟုတ်လား၊ သူ ဇင်ဇင်ကို တကယ်ချစ်ခဲ့တာမှ မဟုတ် ဘဲ၊ ဇင်ဇင်ဟာ ယောက်ျားတစ်ယောက် နောက် နိုးရာလိုက်ဖူးတဲ့ မိန်းမဆိုတာကို သိပြီး ရက်ပိုင်းအတွ မှာ သူ တွေဝေလာတယ်၊ ဝေခွဲလို့မရတာ ဖြစ်လာတယ် စိုးစိုးကိုယှဉ်ပြီး သူ ဇင်ဇင့်ကို ရူးရူးမိုက်မိုက် မချစ် ပါဘူး'

'ဒီမှတ်ချက်တွေက ရှင်ကြားထဲကနေ ပေးရမှာမဟုတ် ဘူး၊ ကျွန်မကိုရော ကိုမင်းလက်ျာကိုပါ ရှင် ဝေဖန် မလိုဘူး၊ နေပါဦး၊ လေဆိပ်သွားဖြစ်တဲ့နေ့က ကားပေါ် ရှင်နဲ့ ကျွန်မ ပတ်သက်ခဲ့ဖူးတဲ့ သင်္ကေတအဖြစ် ပို့ လေးကို ရှင် တမင် အသုံးချခဲ့တာ မဟုတ်လား'

'ဟုတ်တယ် ဇင်ဇင်၊ အဲဒီရက်မတိုင်ခင်က စိုးစိုးနဲ့ လက်ျာတို့တွေ့ပြီး စကားပြောဖြစ်တယ်။ လေယာဉ် ကို စိုးစိုးကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့ဖို့ပြောခဲ့တ အဲဒီမနက်မှာတော့ လူကိုယ်တိုင်မလိုက်ဖြစ်ဘဲ ပို့ လေးကို စိုးစိုးကိုယ်စား တမင် ထည့်ပေးလိုက်





ဇင်ဇင် စောင့်ကြည့်နေပါ၊ မင်းလက်ျာဟာ ဇင်ဇင်နဲ့ တဖြည်းဖြည်း ဝေးသွားမယ့်လူပါ'

'ရှင် ဘာလို့ ဒီလိုအတတ်ပြောနိုင်ရတာလဲ'

'ဇင်ဇင့်ကို စိုးစိုး ဘယ်လောက်ချစ်တယ်၊ စွဲလမ်းခဲ့တယ် ဆိုတာကို သူ သိနေတယ်၊ အခုချိန်မှာ စိုးစိုးအနေနဲ့ ဇင်ဇင့်ကို မရရအောင် ကြိုးစားမယ်ဆိုတာလည်း သူ ယုံကြည်နေတယ်၊ စိုးစိုးရဲ့ သံယောဇဉ်နဲ့ချစ်ခြင်းကို မင်း လက်ျာအနေနဲ့ ဘယ်လိုမှလိုက်မမီမှာ မဟုတ်လို့ပဲလေ'

'ဒီမှာ ဘာလဲတွေ့လား ကိုညီညီစိုး'

အသင့်ယူလာသော ဓားမြှောင်ကို မြင်သာအောင် ထုတ်လိုက်၏။

'ဇင်ဇင်က ဘာသဘောနဲ့ ဒီဓားမြှောင်ကို ဆောင်ထားရတာလဲ'

'ပထမတုန်းက ရှင်နဲ့လာတွေ့တဲ့အခါ အကာအကွယ် တစ်ခုအနေနဲ့ ကျွန်မ ဆောင်လာခဲ့တာ၊ အခုတော့ ရည်ရွယ်ချက်က ရှင့်အတွက်ပါ မဟုတ်ဘူး၊ ကျွန်မကိုယ်တိုင်အတွက်ပါ ဖြစ်သွားပြီ၊ ရှင် မှတ်ထားပါ၊ ကျွန်မ ဘဝမှာ ဇင်ဇင်ဟာပြန်ပြီး အသက်ရှင်လာမှာ မဟုတ်တော့ဘူး၊ ဝဋ်ကြွေးမကင်းလို့ ရှင့်အနှောင်အဖွဲ့ထဲကို ဇင်ဇင်အဖြစ်နဲ့ ရောက်ချင်လာတာနဲ့ ဒီဓားမြှောင်က ကျွန်မ နှလုံးသားနဲ့ ကျွန်မအသက်ကို နှုတ်ယူမယ့်ပစ္စည်း တစ်ခုပဲ၊ ကျွန်မ ဒီဓားမြှောင်ကို အမြဲဆောင်ထားတော့မယ်၊ ကျွန်မကိုယ် ကျွန်မ ဇင်ဇင်ဖြစ်ပြီလို့သိတာနဲ့ အဆုံး



www.burmeseclassic.com

www.burmeseclassic.com



စီရင်ဖို့ ဆုံးဖြတ်လိုက်ပြီ'

'ခင်ဇင် စိုးစိုး ဘယ်လောက်ခံစားပြီး ဘာတွေဆက်

မယ်ဆိုတာကို မမြင်ချင် မတွေ့ချင်ဘူးလား'

'တော်ပြီ ကိုညီညီစိုး၊ သတ်မှတ်တဲ့အချိန် ပြည့်သွား

မှန်ဦးဆီကို ပြန်ပို့ပေးပါ၊ ဒီလိုမှ မဟုတ်ရင် ဒီအေး

ဟာ ကျွန်မအတွက်မဖြစ်ဘဲ ပထမတွေးထားသလို

အတွက် ဖြစ်နေလိမ့်မယ်နော်'

သူမ၏ ခြိမ်းခြောက်မှုကြောင့် လက်လျှော့လိုက်ဟန်

သည်။ ဘာစကားမှ ဆက်မပြောတော့ဘဲ ကားစက်နှိုးလိုက်

မှန်ဦးနားရောက်ခါနီးမှာတော့ 'စိုးစိုးအတွက်ကအေ

ဒီဘဝမှာ ခင်ဇင်နဲ့ ပေါင်းရမှ အသေဖြောင့်ချင်တယ်'ဟု ပြော

သေး၏။

* * *

၅။

စိတ်အလိုမကျမှုတွေ၊ မုန်းတီးမှုတွေဖြင့် အိမ်ပြန်လာဖြစ်သော သူမအဖို့ အမောမပြေနိုင်ဘဲ ရင်ဝကို စုံကန်လိုက်သလို ထပ်ကြုံလိုက်ရပြန်တော့သည်။

မလိုအပ်ဘဲ စိုးစိုးနှင့် အလျင်စလိုတွေ့ဖို့ ဆုံးဖြတ်မိခြင်းကိုက အမှားတစ်ခုကို ကျူးလွန်လိုက်မိသလို နောင်တရမိပြန်၏။

'ခင်လေးငယ် စာသွားကြည့်တာ မြန်လိုက်တာ၊ ညနေစောင်း နေအေးမှ ပြန်ရောက်မယ်ထင်နေတာ'

'သူငယ်ချင်းနဲ့ စာကြည့်နေရင်း အိမ်ပြန်ချင်တဲ့စိတ်ဖြစ်လာတာနဲ့ အစောကြီး ထပြန်ခဲ့တာ အန်တီဝေ'

အဆင်ပြေအောင် ပြောလိုက်ခြင်းကိုက မထင်မှတ်ဘဲ တိုက်ဆိုင်နေပြန်၏။

'ဒီလောက် မကြာဘူးဆိုရင် ညည်းအပြင်မသွားဘဲနေဖို့ ကောင်းတယ်၊ ညည်းထွက်သွားပြီး မိနစ်နှစ်ဆယ်လောက်မှာ မောင်မင်းလက်ျာဆီက ဖုန်းဝင်လာတယ်'





www.burmeseclassic.com

www.burmeseclassic.com



အန်တီကြွေစကားကြောင့် သူမအဖို့ မိုးကြိုးပစ်လိုက်သလို ခံစားလိုက်ရသည်။ ကိုမင်းလကျ်ာ ဖုန်းဆက်သည်တဲ့

သူမနှင့် အဆက်အသွယ် မလုပ်ပေမယ့် သူတို့ချင်းဖုန်းဆက်တာမျိုးတွေ ရှိသလားဟု စိုးရိမ်စွာတွေးဖြစ်သည်။

'ကိုမင်းလကျ်ာနဲ့ ဖုန်းပြောဖြစ်တာ အန်တီကြွေလား အန်တီဝေလား'

ကိုမင်းလကျ်ာ ပြောဆိုခဲ့သော စကားသွား၊ စကားလာကို အရမ်းသိချင်သွား၏။ သူမနှင့် စိုးစိုးတို့တွေ့ဆုံမည့်အကြောင်းကို ကိုမင်းလကျ်ာတစ်ယောက် ကြိုတင်သိ၍ လှမ်းဆက်ခြင်းများလားလေ။

'ငါနဲ့ ပြောဖြစ်တာတော့ မဟုတ်ဘူး၊ သမီး အန်တီဝေနဲ့ ပြောဖြစ်ကြတာ'

အန်တီဝေကတော့ သူမ၏ပျာယာခတ်မှုကို ကြည့်ပြီး သရော်နေသေး၏။

'အပြင်သွားတုန်းက သွားပြီးတော့ အခုမှ ဘာလို့သည်းသည်းလှုပ်ဖြစ်နေရတာလဲ ခင်လေးငယ်'

'ကိုမင်းလကျ်ာနဲ့ ဘယ်လောက်ကြာကြာ စကားပြောဖြစ်လဲ၊ ကိုမင်းလကျ်ာက ဘာတွေပြောသွားခဲ့သေးလဲ အန်တီဝေ'

အန်တီဝေ၏ အမူအရာကတော့ ပုံမှန်အတိုင်းပင်။ ပြဿနာတစ်စုံတစ်ရာဖြစ်မည့် အရိပ်လက္ခဏာမရှိပေ။ သူမစိတ်ကို ငြိမ်အောင် ကြိုးစားဝေမယ့် အထမြောက်ခဲ့ခြင်းမရှိပေ။

'ခဏပဲ ပြောဖြစ်တာပါ၊ ခင်လေးငယ်နဲ့ ပြောသလိုမျိုးဘယ်ကြာပါ့မလဲ၊ မနေ့ညက မောင်မင်းလကျ်ာ ဖုန်းဆက်သေးတယ် မဟုတ်လား၊ ဒီနေ့ထပ်ဆက်မှာကို ပြောပြမထားဘူးလားလို့ မေးဖြစ်သေးတယ်'

ကိုမင်းလကျ်ာ ဖုန်းဆက်သည်ဆိုသည်အထိ ရင်မီးတောက်ဖြစ်သေးပေ။ တွေးရင်းကပင် ရင်ပူတာမျိုးပဲ ဖြစ်ခဲ့၏။ န်တီဝေပြောလိုက်သော စကားကြောင့်ပင် ရင်မီးတောက်လောင်ရာ ဖြစ်ရပြီ။

မနေ့ညတုန်းက ကိုမင်းလကျ်ာနဲ့ ဖုန်းပြောတာဟု အလွယ်ကူ ပြောမိခြင်းအတွက် ဒုတိယအကြိမ် အကြီးအကျယ် နောင်တမိပြန်၏။

'အန်တီဝေက အဲဒီလိုပြောတော့ သူ ဘာပြန်ပြောသေးလဲဟင်'

အသက်ဝအောင် မရှုနိုင်ဘဲ အန်တီဝေပြောမည့် စကားကို စိတ်စောနေဖြစ်၏။ မနေ့ညတုန်းက စိုးစိုးနှင့် စကားတွေအကြာကြီး ပြောဖြစ်ခဲ့သည်။

'အန်တီဝေပြောတာကို နားမရှင်းလို့လား မသိဘူး။ မောင်မင်းလကျ်ာ အင်တင်တင် လုပ်နေသေးတယ်။ ညရှစ်နာရီ ငါးမိနစ်လောက်မှာ မင်းရဲ့ဖုန်းဝင်လာတာလေ။ မင်းတို့ချင်း အကြာကြီး စကားပြောဖြစ်ကြတာ မဟုတ်လားလို့ ထပ်ပြောတော့မှ ဟုတ်ကဲ့ အန်တီဝေလို့ သူ ဝန်ခံသွားတာ ခင်လေးငယ်၊ သမီးတို့ချင်း ဖုန်းပြောတဲ့အချိန်မှာ အန်တီဝေတို့ပါ အနားမှာ ရှိနေတယ်ထင်ပြီး သူ့လိပ်ပြာသူမလုံတာမျိုးဖြစ်တာလား မသိဘူး'




www.burmeseclassic.com

www.burmeseclassic.com



ညတုန်းဆီက ဖုန်းပြောဖြစ်တာကို ကိုမင်းလက်ျာနှင့် အန်တီဝေတို့ တစ်ထစ်ချ ယုံကြည်ထားဟန်တူသည်။ အတိ... အဖြစ်အပျက်တွေကို အိတ်သွန်ဖာမှောက် သူမ ပြောပြဖြစ်ခဲ့သ... ဟု အန်တီဝေ ရည်ညွှန်းယုံကြည်ဟန်တူ၏။

'သူ ဘယ်တော့လောက် ဖုန်းထပ်ဆက်မယ်လို့ ... သွားသေးလဲ အန်တီဝေ'

'အဲဒီလိုမျိုးတော့ တိတိကျကျ ပြောမသွားဘူး သ... အန်တီဝေကတော့ သမီးကိုယ်စား တာဝန်ကျေအော... ဘယ်တော့ ဖုန်းဆက်ဦးမှာလဲလို့ မေးဖြစ်ပါတယ်၊ ... ထပ်ဆက်မယ်လို့ပဲ ပြောသွားတယ်'

အန်တီဝေ စကားကျေနပ် အားရစရာ မကောင်းလှ... အန်တီဝေတို့အား လိမ်ပြောခဲ့ခြင်းအပေါ် ကိုမင်းလက်ျာ ဘယ်... များ ကောက်ချက်ချသွားမည် မသိပေ။ သူမနှင့် စိုးစိုးတို့အကြော... ကို သိနေသလို စိုးစိုးပြောခဲ့သည့် စကားတွေနှင့် ပတ်သက်... တလွဲတွေ ဆက်စပ်တွေးယူရင်း ကိုယ်ကျိုးနည်းပါပြီဟု ရင်... ပြန်၏။

* * *

စိုးစိုး လုပ်ပုံကိုင်ပုံတွေကို ရှုလာသည်နှင့်အမျှ တ... ဖြည်းလည်း စိတ်ထဲမှာ တွေးကြောက်လာမိသည်။

သူမကွယ်ရာမှာ စိုးစိုးက ဘာတွေများ ပြောထား... မသိပေ။ အဖြစ်အပျက်တွေကို အားလုံး ယုံရင်ခက်ပြီဟု တွေ... မိသည်။





တစိမ့်စိမ့်တွေးရင်းကပင် အနေရ အထိုင်ရ ခက်လာတော့၏။

'ဆယ့်တစ်နာရီ ထိုးနေပြီ၊ ဘာလို့ မအိပ်သေးဘဲ လမ်းထလျှောက်နေရတာလဲ ခင်လေးငယ်'

ညည့်ဦးခန်းဆီမှာ တစ်ယောက်တည်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေစဉ်မှာပင် အန်တီဝေ တစ်ရေးနိုးလာပုံရ၏။

'အိပ်ခန်းထဲမှာ အိပ်မပျော်တာနဲ့ အပြင်ထွက်လာဖြစ်တာပါ အန်တီဝေ'

'အိပ်တော့လေ သမီး၊ မနက်ကျောင်းသွားရဦးမှာ မဟုတ်လား၊ ဒီအချိန်ကျမှတော့ မောင်မင်းလက်ျာလည်း ဖုန်းဆက်တော့မယ် မထင်ပါဘူး'

ကိုမင်းလက်ျာဆီကဖုန်းကို စောင့်နေသည်ဟု အန်တီဝေ တွေးပုံရ၏။

ရင်ထဲမှာ ခံစား ဖြစ်ပျက်နေရတာတွေကို တစ်စုံတစ်ယောက်အား ပြောပြချင်နေမိသည်။ တစ်ခုခုပြောလိုက်ရရင် ခံစားနေရတာတွေက လျော့ပါးသွားမည်ထင်၏။

'အန်တီဝေနဲ့ စကားနည်းနည်း ပြောကြည့်ချင်တယ်'

'ပြောလေ၊ မနေ့ညက သမီးတို့ချင်း ပြောဖြစ်ကြတဲ့ ကိစ္စနဲ့ ပတ်သက်နေလို့လား'

'ဟုတ်တယ်လို့ ပြောရမယ် အန်တီဝေ၊ သူ မထင်မှတ်ထားတာကို ရုတ်တရက်ကြီး ကြားလိုက်ရတယ်၊ တခြားယောက်ျားတစ်ယောက်နဲ့ ခိုးရာလိုက်ပြေးဖူးတယ်ဆိုတဲ့ အဖြစ်အပျက်က တစိမ့်စိမ့်တွေးရင်း သူ့အတွက် စိတ်



www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက်ဖြစ်စရာ တစ်ခု ဖြစ်လာနိုင်သလား အန်တီဝေ'

လေးလေးနက်နက်ဖြစ်အောင် မေးခွန်းထုတ်လိုက်တော့ အန်တီဝေက ပြီးစလွယ်မဖြေပေ။ စဉ်းစားဟန်ပြုပြီးမှ…

'သေသေချာချာတော့ အတပ်မပြောနိုင်ဘူး၊ အနည်း အများတော့ စိတ်အနှောင့်အယှက်ဖြစ်မှာပဲ၊ ဒီအကြောင်း တွေ မသိခင်က ဒီလိုမိန်းမမျိုးပဲဆိုတဲ့အသိ၊ သူ့မှာရှိ တော့ မဟုတ်ဘူး၊ သူ တန်ဖိုးထားမြတ်နိုးတဲ့သူ ခြောက်ပစ်ကင်းတယ်လို့ ထင်ထားမှာပဲ'

'ကြားကြားချင်းမှာ သူပြုခဲ့တဲ့ သံယောဇဉ်တွေ ငဲ့ကွ ပြီး ချက်ချင်း မတုံ့ပြန်ပေမယ့် တဖြည်းဖြည်းစဉ်းစားရင် ကနေ သွေးအေးပြီး သူ နောက်ဆုတ်သွားတာမျိုး ဖြ လာနိုင်လား အန်တီဝေ'

သူမ ကြုံနေရသမျှ တွေးမိသမျှတွေကို မေးခွန်းလုပ်ပြီ အန်တီဝေအား မေးနေမိ၏။ သူမနေရာမှနေပြီး အန်တီဝေက လေး လေးနက်နက် သဘောထားပြီး အဖြေပေး၏။

'ဒီလိုဖြစ်လာနိုင်သလားဆိုတော့ သူ့စိတ်ပေါ်မှာပဲ တည် တယ် သမီး၊ မောင်မင်းလကျာ်ကတော့ သဘော သေးသိမ်မယ့် လူစားမျိုးတော့ မဟုတ်ဘူးလို့ ပြော လိုပဲ'

'တကယ်လို့ သူ နောက်ဆုတ်သွားခဲ့ရင်ရော အန်တီ

'ဒါဆိုရင်တော့ သမီး သူ့ကို ကျေးဇူးတင်လိုက် ဒီလို သဘောထားမျိုးရှိတဲ့ ယောကျာ်း၊ ကိုယ့်အ





နားမလည်နိုင်တဲ့ ယောကျာ်းတစ်ယောက်နဲ့ စောစောစီးစီး လမ်းခွဲလိုက်ရတယ်ပဲ မှတ်လိုက်ပါ ခင်လေးငယ်'

'အခုအချိန်ထိတော့ ဘာမှ ရေရေရာရာ မသိရသေးပါ ဘူး၊ သမီးဘာသာ တွေးကြည့်နေတာပါ'

စိုးစိုးတစ်ယောက် မထင်မှတ်ဘဲ ပေါ်လာပုံတွေ၊ စိုးစိုး နှင့် ကိုမင်းလကျာ်တို့ ပတ်သက်နေပြီး ဖွစ္စကွအခြေအနေများကို တော့ မပြောဖြစ်ဘဲ ထိန်ချန်ထားဖြစ်ခဲ့၏။

'အတွေးလွန်ပြီး ခေါင်းခြောက်မခံပါနဲ့ ခင်လေးငယ်၊ စာမေးပွဲလည်း နီးနေပြီ မဟုတ်လား၊ နဖူးစာပါခဲ့ရင်တော့ ဘယ်လောက်ပဲ ခက်ခဲခက်ခဲ ဒီဘဝမှာ ပေါင်းကြရမှာပါ၊ သမီးနှလုံးသားက အစိမ်းသက်သက်မဟုတ်ဘဲ ခံမှန် ထားဖူးခဲ့တာ မဟုတ်လား၊ ခင်လေးငယ် အလွယ်တကူ အိပ်ပျော်သွားအောင် အိပ်ဆေးတစ်လုံးသောက်လိုက်'

ဒီညအဖို့ အတွေးလွန်ပြီးအိပ်မရမှာကို အန်တီဝေ နား လည်ထားပုံရသည်။ သူမ ကောင်းမွန်စွာအိပ်ပျော်စေဖို့ ဆေးနှင့် ရေတစ်ခွက်ကို အန်တီဝေကိုယ်တိုင် ယူလာပေး၏။ ဓာတုဆေးဝါး ၏ အာနိသင်ကြောင့် အိပ်ရာထက်မှာ မှေးစက်နေမည်ဖြစ်သော် လည်း သူမအဖို့မှာတော့ အိပ်မက်ဆိုးများနှင့် လုံးဝ ကင်းလွတ် နိုင်မည် မထင်ပေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

၆။

ဖြစ်သမျှ ကြုံသမျှတွေကို တစ်ယောက်တည်း လည်စင်း ခံနေလို့ မဖြစ်တော့ဘူးဟု နားလည်လိုက်ချိန်မှာတော့ ရင်ဖွင့်စရာ လူအဖြစ် 'မြစန္ဒာ'ကို အားကိုးမိတော့သည်။

ပထမနေ့စ်ကတည်းက တွဲလာခဲ့သော မြစန္ဒာမှာ သူမနှင့် ကိုမင်းလက်ျာတို့၏ သံယောဇဉ်အနေအထားကိုလည်း သိထားသူ ဖြစ်သည်။

'နင်နဲ့ပေါင်းခဲ့ သင်းခဲ့တာ ကြာပြီပဲ၊ နင့်ဘဝမှာ ဒီလို ဗျာပါဒမျိုးတွေ၊ ဒီလောက်လေးနက်တဲ့ ကိစ္စမျိုးတွေ ကြားရလိမ့်မယ်လို့ တစ်ခါမှ ငါ အိပ်မက် မမက်ခဲ့ဘူး ခင်လေးငယ်'

အတိတ်မှာတုန်းက ကြုံခဲ့ရသော စိုးစိုးနှင့် ပတ်သက် သည့် အဖြစ်အပျက်တွေ၊ စိုးစိုးနှင့် ကိုမင်းလက်ျာတို့ မထင်မှတ်ဘဲ ပတ်သက်နေပြီး ပစ္စုပ္ပန်မှာ ကြုံတွေ့နေရပုံများ အားလုံးကို မြစန္ဒာ အား ရင်ဖွင့်ဖြစ်ခဲ့၏။





'ငါ ဘာဆက်လုပ်ရမှန်း မသိသလို၊ ဘာမှလည်း မဆုံး ဖြတ်တတ်တော့ဘူး မြစန္ဒာ'

'နင့်ရဲ့လူ့အပေါ်မှာ နင် တကယ်ပဲ စိတ်ပြတ်တာရော ဟုတ်ရဲ့လား ခင်လေးငယ်'

'ဘယ်သူ့အတွက် ရည်ရွယ်ပြီးပြောတဲ့စကားလဲ မြစန္ဒာ' နင့်ရဲ့လူဆိုတာ စိုးစိုးဖြစ်နိုင်သလို ကိုမင်းလက်ျာလည်း ဖြစ်နိုင်၏။ မြစန္ဒာကို ကွဲကွဲပြားပြား ပြောလိုက်၏။

'စိုးစိုးဆိုတဲ့ ညီညီစိုးနဲ့ ပတ်သက်ပြီးပြောနေတာ' အဖြစ်အပျက်အားလုံးကို မြစန္ဒာ နားထောင်ပြီးပြီပဲ။ လွယ်အိတ်ထဲမှာ အသင့်ရှိနေသော ဓားမြှောင်ကို ထုတ်ပြ လိုက်မိသည်။

'ဒီဓားမြှောင်ကို ခဏတစ်ဖြုတ် ဆောင်ထားရင်းကနေ ငါနဲ့ အမြဲမကွာထားဖြစ်တယ်ဆိုတဲ့ စကားကို နင်ယုံပြီ လား မြစန္ဒာ၊ ငါ့အသွေးအသားတွေက အဲဒီလိုလူမျိုး အပေါ် နည်းနည်းလေးပြန်ပြီး တပ်မက်တာနဲ့ အပြော မယုတ်ဘူး၊ တကယ် လက်တွေ့ ငါ့ကိုယ်ငါ အဆုံးစီရင် လိုက်မှာသိလား'

သူ့အမူအရာကို သေသေချာချာ အကဲခတ်နေ၏။ ဘာမှဆက်မပြောဘဲ သူမ ငြိမ်သက်သွားတော့မှ မြစန္ဒာ ပြောသည်။

'ငါပြောတာကို သေသေချာချာ နားထောင်နော် ခင်လေး ငယ်၊ ညီညီစိုးကို စိတ်ပြတ်နိုင်ဖို့ ဒီဓားနဲ့ ဒီစကားကို သက်သေထူတယ်ဆိုကတည်းက နင် မှားနေတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အဆိုးရွားဆုံးကတော့ သူလိုယောက်ျားမျိုးရှေ့မှာ ဒီစကား
တွေပြောပြီး ဒီအပြုအမူတွေလုပ်ပြမိခဲ့တာ ခင်လေးငယ်
မြစန္ဒာ ပြောလိုက်သောစကားက သူမအဖို့ အတူးအဆ
ဖြစ်နေ၏။

'ဘာဖြစ်လို့လဲ မြစန္ဒာ'

'ငါတောင် တွေးမိမြင်မိသေးတာပဲ၊ သူလည်း နင့်ကို
နင် မယုံကြည်ရဲလို့ ဒီဓားဆောင်ပြီး ဒီစကားတွေပြေ
တာလို့ ထင်မှာပဲ၊ နင် တကယ်စိတ်ပြတ်ရင် ဒီစကား
ပြောဖို့ မလိုသလို ဒီဓားမြှောင်ကလည်း နင်နဲ့အတူ ရှိနေ
သင့်ဘူး၊ နင်မှားနေတာ ငါပြောတာကို နင် နားလည်ရင်
ဒီဓားမြှောင်ကို အခုချက်ချင်း လွှင့်ပစ်လိုက်စမ်းပါ ခင်
လေးငယ်'

ဒေါသစိတ်ဖြင့် အယောင်ယောင် အမှားမှား ပြုခဲ့ခြင်းမှာ
အတွက် မြစန္ဒာက ဝေဖန်လိုက်သည်။ မြစန္ဒာစကားကို သဘော
တွေ့ပြီး ယုံကြည်မှု အစစ်အမှန်ကို တွေ့မြင်သွားခဲ့၏။ ဆောင်ထား
ဖြစ်သော ဓားမြှောင်ကို အဝေးသို့ ပစ်ထုတ်လိုက်မိသည်။

'နင့်ရှေ့မှာပဲ ဓားမြှောင်ကို ငါပစ်ထုတ်လိုက်ပြီ၊ ဘာတွေ
များ အမှားတွေ ငါလုပ်မိခဲ့သေးလဲ မြစန္ဒာ'

'ကျန်တဲ့အမှားတွေထက်စာရင် ဓားမြှောင်ဆောင် သွား
သောကြောင့်တဲ့ လူမိုက်အတွေး တွေးမိတာက အကြီးဆုံး
အမှားပဲ၊ ဒီလိုလုပ်လိုက် ပြောလိုက်ရလို့ နင့်ကိုယ်နင်
အဟုတ်ကြီးလို့ ထင်နေတာ၊ တကယ်တော့ နင့်စိတ်ကို
နင်မနိုင်သေးပါဘူးလို့၊ လူတွေမြင်သာအောင် ပြလိုက်





သလိုမျိုး ဖြစ်နေခဲ့တာ'

မြစန္ဒာကို ရင်ဖွင့်ပြီး တိုင်ပင်တာမမှားဟု ကျေနပ်လိုက်ရ
သွားသည်။

'ညီညီစိုးနဲ့ပတ်သက်ပြီး ငါ တကယ် စိတ်ပြတ်ပါတယ်၊
ဘယ်တော့မှ ဒုတိယဇင်ဇင် အဖြစ်မခံပါဘူး၊ ငါ့ဆီက
ဘာစကားမှ မကြားဘဲနဲ့ ညီညီစိုး ပြောတာတွေကိုယုံပြီး
ကိုမင်းလက်ျာ တစ်ခုခု ဆုံးဖြတ်သွားမှာကို စိုးရိမ်နေ
တာပါ မြနန္ဒာ'

'နင့်ကို ငါနားလည်တယ်၊ နင့်နေရာမှာ ငါဆိုရင်လည်း
ညီညီစိုးနဲ့ ပတ်သက်ခဲ့တာတွေကို ပြောဖို့ အချိန်ယူရမှာပဲ၊
ညီညီစိုးက ကိုမင်းလက်ျာနဲ့ ပတ်သက်ပြီး ရုတ်တရက်
ပေါ်လာလိမ့်မယ်လို့ ဘယ်တွေးပါ့မလဲ'

မြစန္ဒာကို ရင်ဖွင့်လိုက်ရ၍ ခံစားနေရတာတွေ လျော့နည်း
သွား၍ထင်သည်။ ကျိုးကြောင်းဆက်စပ်ပြီး မြင်တတ် တွေးတတ်
လာ၏။

'ငါ အခုမှ တွေးမိတာ မြစန္ဒာ၊ တကယ်ဆို ညီညီစိုး
ပြောလို့ ဒီအကြောင်းတွေ သိတာကို ဒီအတိုင်းကြီး
သူ မနေသင့်ဘူး၊ သူ ငါ့ကို မေးသင့်တယ်၊ သိသိချင်း
မှာ သူ မေးဖြစ်ခဲ့မယ်ဆိုရင် ပြဿနာက ဒီလောက်ထိ
မီးခိုးကြွက်လျှောက်ဖြစ်စရာ မလိုဘူး'

'ကိုမင်းလက်ျာကို အပြစ်တင်မနေပါနဲ့ ခင်လေးငယ်၊
ငါတို့ကြားဖူးနားဝရှိတဲ့ စကားနဲ့ပဲ နင် ဖြေလိုက်ပါ၊
အချစ်စစ် အချစ်မှန်ဆိုတာ ဖြောင့်ဖြူးရှုရှိထုံးစံ မရှိဘူး



www.burmeseclassic.com

www.burmeseclassic.com


ဆိုတာလေ၊ ဒီအခက်အခဲတွေက နင်နဲ့ကိုမင်းလကျ်ာ
နှစ်ယောက်အချစ်ရဲ့ မှတ်ကျောက်ပဲပေါ့၊ ဒါတွေကို လွ
ဖြောက်သွားရင် နင်တို့အချစ်က ထာဝရတည်တံ့သွားမှာ
မြစန္ဒာက သဘာဝကျကျရှေ့ပြောသည်။
အကောင်းဘက်ရောက်အောင် ပြောဆိုပြီး အားပေးမ
သိမ်မွေ့တတ်သူတစ်ဦးလည်း ဖြစ်၏။ ကြုံတွေ့နေရသော အပူသော
များကို လျော့ပါးသွားအောင် ဖြေရှင်းဖျစာနာတတ်သူမို့ မြစန္ဒာအား
ကျေးဇူးတင်ဖြစ်၏။

* * *

'သူ စွန့်ပစ်ထားတဲ့ ပစ္စည်းကို အခြားသူက အမြတ်တ
နဲ့ ပိုင်ဆိုင်ပြတော့မှ နင့်ညီညီစိုး အသည်းအသန်ဖြစ်
ကိုမင်းလကျ်ာမပါဘဲ နင်တို့ချင်း ပြန်တွေ့ဖြစ်ရင် ဒီအ
အနေမျိုးတွေ ဖြစ်လာမှာ မဟုတ်ဘူး၊ တကယ်
သူ ဆင်ခြင်တုံတရားမဲ့လွန်းတာပါ၊ အချစ်မှာ မျက်
ဘူးဆိုပြီး ထင်တိုင်းလျှောက်လုပ်ရင် အားလုံး အကျ
တန်စရာတွေ ဖြစ်ကုန်မှာပေါ့၊ သူ့အနေအထားနဲ့ န
ပြန်ပြီး ပိုင်ဆိုင်ဖို့ ကြိုးစားတာ အရမ်းကို တရားလ
နိုင်လွန်းနေတယ်'

'သူ့အပိုင်းက ထားလိုက်ပါ၊ နိုင်ငံခြားမသွားခင်က
က ညီညီစိုးပြောတာတွေယုံပြီး ကိုမင်းလကျ်ာ
နေခဲ့တာ၊ ပိုဆိုးသွားတာက ညီညီစိုးနဲ့ ဖုန်းပြော
ကို သူနဲ့ပြောတာပါလို့ ငါလိမ်ပြောမိလိုက်တာပဲ၊ ဖြ



တော့ ကိုမင်းလကျ်ာက သိသွားတယ်၊ ကိုမင်းလကျ်ာ
တစ်ဖက်သတ်ဆုံးဖြတ်ပြီး ငါ့ကို အဆက်အသွယ်လုပ်
တော့မှာ မဟုတ်ဘူးထင်တယ် မြစန္ဒာ'

ပြဿနာအကျပ်အတည်းကို ရှင်းလို့ရလိုရငြား မြစန္ဒာ
အား အားကိုးမိ၏။ ထွက်ပေါက်တစ်ခုခုကိုတော့ မြစန္ဒာ စဉ်းစား
နိုင်လောက်မည် ထင်၏။

'ဒီအကြောင်းတွေကို ငါ့ကို ဖွင့်ပြောသလိုပဲ၊ လူကြီးတွေ
ကိုပါ နင်ပြောပြသင့်တယ်၊ နင့်အတွက် အကောင်းဆုံး
သက်သေတစ်ခုဖြစ်သလို ထပ်ပြီးတော့ အမှားတွေမလုပ်
ဖြစ်တော့မှာ လူကြီးတွေသိထားတော့ ညီညီစိုးနဲ့ပတ်
သက်တဲ့ အန္တရာယ်ကလည်း တားပြီးဆီးပြီးသား ဖြစ်
သွားတာပေါ့ ခင်လေးငယ်'

'အေးဟာ... နင် အကြံပေးသလို အန်တီဝေတို့အားလုံး
ကို ငါ ဖွင့်ပြောပြလိုက်တော့မယ်'

တစ်ယောက်တည်း ကြိတ်ရှင်းတာထက်စာရင်တော့
ကြံဉာဏ်တွေ အများကြီးရလာနိုင်မည်။ စိုးစိုးတစ်ယောက်လည်း
ဆက်ရဲဆက်ရဲလုပ်ဖို့ အခွင့်အရေးတွေ နည်းသွားလိမ့်မည်ဟု တွေး
ဖြစ်သည်။

'ဒါနဲ့ နေဦး ခင်လေးငယ်၊ ကိုမင်းလကျ်ာ ဖုန်းဆက်ပြီး
နောက်ပိုင်း နင်နဲ့ ညီညီစိုး အဆက်အသွယ်ထပ်ရသေး
လား'

'မရဘူး မြစန္ဒာ၊ ဘာဖြစ်လို့လဲ'

စိုးစိုးနှင့် ထပ်ဆုံချင်စရာ မကောင်း'



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြောမည့်စကားတွေကိုလည်း မကြားချင်ပေ။

'ညီညီစိုးနဲ့ အမြန်တွေ့မှဖြစ်မယ်၊ သူဆက်သွယ်လာတာကို စောင့်မနေဘဲ နင်ကိုယ်တိုင် အမြန်သွားတွေ့မှ ဖြစ်မယ် ခင်လေးငယ်'

'ငါက ညီညီစိုးကို သွားတွေ့ရယ် ဟုတ်လား မြစန္ဒာ'

'ဟုတ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ဖုန်းအကြာကြီး မပြောရဘဲနဲ့ ပြောပါတယ်ဆိုပြီး ကိုမင်းလကျ်ာ သိလိုက်ရတယ်၊ ဒီအချက်နဲ့ပတ်သက်ပြီး ညီညီစိုးဆီ လှမ်းပြီး ဖုန်းဆက်မေးနိုင်တယ်၊ အဲဒီအချိန်မှာ ညီညီစိုး ပြန်ပြောဖြစ်တဲ့ စကားတွေက အရမ်းကို အရေးကြီးသွားပြီ နင်နဲ့ ကိုမင်းလကျ်ာတို့ရဲ့ ကံကြမ္မာနဲ့လည်း အများကြီး သက်ဆိုင်သွားပြီ'

စိုးစိုးနှင့် မျက်နှာချင်းဆိုင်ဖို့တော့ ခက်ခဲလွန်းသော ကိစ္စ တစ်ခုဖြစ်နေ၏။ သို့ပေမယ့် မြစန္ဒာ၏စကားတွေကြောင့်ပင် အချိန် မဆိုင်းဘဲ တွေ့ဖို့ဆုံးဖြတ်လိုက်ရသည်။

ဒီတစ်ခါ တွေ့ဆုံခြင်းကို နောက်ဆုံးအဖြစ် သတ်မှတ် လိုက်၏။ စိုးစိုးနှင့် တစ်ခါတည်းကိစ္စပြတ်အောင် ရှင်းခဲ့ဖို့ သွား ရမည်ပဲလေ။

* * *



၇။

စိုးစိုးဆီ လှမ်းဖုန်းဆက်တော့ အနားမှာ မြစန္ဒာရှိနေ၏။ တွေ့ချင်သူ အသံမကြားချင်သူဆီကိုမှ စတင်ပြီး ဆက်သွယ်ရ သည်ပဲ။

'လိုင်းမအားသေးဘူး မြစန္ဒာ'

သုံးကြိမ်လောက်ကြိုးစားပြီး ခေတ္တရပ်ထားလိုက်သည်။

'ဒီမှာပဲ စောင့်တာပေါ့၊ ခဏစောင့်ပြီး ထပ်ခေါ်ကြည့်ပါ ခင်လေးငယ်'

ဖုန်းအဆက်အသွယ်ရတာနှင့် ကျောင်းမှာပဲ ချိန်းလိုက်ဟု မြစန္ဒာပြောထားပြီးသား ဖြစ်၏။ မြစန္ဒာတွက်သလိုပင် စိုးစိုးဆီသို့ ကိုမင်းလကျ်ာ ဖုန်းဆက်မှာသေချာသလောက် ရှိနေ၏။

မဆုံချင်ပေမယ့် သိလိုသော စကားတွေအတွက် ဒုတိယအကြိမ် မျက်နှာချင်းဆိုင်ရဦးမည်ပဲ။

သူမတို့ရှေ့မှ လူတစ်ယောက်ဖုန်းချသည်နှင့် ထပ်ခေါ်ကြည့်ဖို့ မြစန္ဒာသတိပေး၏။ ဒီတစ်ခါတော့ အနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com



ကင်းစွာ အဆက်သွယ်ရသွား၏။

'ဟဲလို… ပြောပါခင်ဗျာ'

အော့နှလုံးနာဖွယ်ကောင်းသည့် အသံကို ကြိတ်မှိတ်နား
ရင်း မနည်းပြောလိုက်ရ၏။

'ကျွန်မ ဆက်တာပါ ကိုညီညီစိုး'

'အပြင်ကနေ ဆက်နေတာပေါ့ ဟုတ်လား ဇင်ဇင်၊ စိုး
ကလည်း ဇင်ဇင့်ကိုတွေ့ချင်နေတာနဲ့ အတော်ပဲ'

'ကျွန်မနဲ့အခုတွေ့ဖို့ ရှင် အချိန်ပေးနိုင်မလား'

'သိပ်ပေးနိုင်တာပေါ့ ဇင်ဇင်၊ စိုးစိုးဘဝမှာ ဇင်ဇင်ထ
အရေးကြီးတဲ့အရာ ဘာတစ်ခုမှမရှိဘူး'

နားမဝင်ချိုသောကြောင့်ပင် မဲ့ပြုံးပြုံးလိုက်မိ၏။ မြ
ကတော့ သူမ၏ လှုပ်ရှားပြောဆိုမှုများကို ဝင်ရောက်စွက်
ခြင်း မပြုဘဲ ငြိမ်ငြိမ်လေးကြည့်နေ၏။

'ရှင်နဲ့ကျွန်မ ပထမဆုံးတွေ့ဖြစ်တဲ့ ကျောင်းဝင်းထဲ
ကားရပ်တဲ့နေရာကို မှတ်မိတယ် မဟုတ်လား'

'မှတ်မိတာပေါ့ ဇင်ဇင်၊ စိုးစိုး အခုချက်ချင်း လာခဲ့
မလား၊ နောက်ရက်တွေ ရွှေ့ပြီးချိန်းမနေပါနဲ့ ဇင်ဇ
အခုချက်ချင်းပဲ စိုးစိုးတို့ တွေ့လိုက်ကြရအောင်'

'ကောင်းပြီလေ၊ အဲဒီနေရာကနေ ကျွန်မ ရှင့်ကိုစောင့်
မယ်'

ပြောစရာစကားတွေကုန်သွားပြီမို့ အရင်ဦးအောင် ဖုန်း
ပစ်လိုက်သည်။ သိပ်မကြာသော မိနစ်ပိုင်းအတွင်းမှာပင် သူမ
ရာနေရာသို့ ရောက်လာတော့မည်ပဲ။





'နင်ဆက်လိုက်တာနဲ့ ညီညီစိုး မရောက်ရောက်အောင်
လာတော့တာပဲ မဟုတ်လား၊ ဒီမှာပဲ တွေ့ကြတာပေါ့၊
ကိုယ်သိချင်တာ သိပြီးတာနဲ့ စကားဖြတ်ပြီး လှည့်ထွက်
ခဲ့ပေါ့ ခင်လေးငယ်'

သူမစိတ်တွေ ရဲရင့်ပေမယ့် မနီးမဝေးမှာတော့ မြစန္ဒာ
အား ရှိစေချင်၏။

'နင် တခြားရောင်ထွက်မသွားနဲ့ မြစန္ဒာ၊ နင့်ကို ညီညီစိုး
သိတာမှ မဟုတ်ဘဲ၊ ငါတို့နှစ်ယောက်နဲ့ မလှမ်းမကမ်း
မှာ နင်ရှိနေပေးနော်၊ နင်ရှိနေတယ်ဆိုတဲ့ အသိနဲ့ နင့်ကို
လှမ်းမြင်နေရရင် ငါ့အတွက် ပိုအားရှိတာပေါ့'

သူမအတွက် အင်အားတစ်ခုတိုးစေရန် မြစန္ဒာအား ချော့
ော့ပြီး စည်းရုံးလိုက်သည်။ မြစန္ဒာကလည်း အလိုတူအလိုပါမို့
သူမအတွက် ပါရမီဖြည့်ပေးဖို့ အသင့်ဖြစ်နေ၏။

'စိတ်ချ ခင်လေးငယ်၊ နင်တို့နဲ့ မလှမ်းမကမ်းမှာ ငါရှိနေ
မယ်၊ ညီညီစိုးဆိုတဲ့သူကိုလည်း ငါမြင်ချင်တွေ့ချင်သေး
တယ်၊ တွေ့ကြတဲ့အခါ စကားနဲ့ဖြစ်ဖြစ် ကိုယ့်ဘက်က
အရှုံးမရှိဖို့ နင်ဂရုစိုက်နော်'

'စိတ်ချစမ်းပါဟာ၊ ကိုမင်းလကျော်ကို သူ ဘာတွေပြော
ခဲ့သလဲဆိုတာကို ငါရအောင် မေးမယ်၊ သူနဲ့ပတ်သက်
ပြီး ငါ့မှာ ထပ်ရှုံးစရာမရှိတော့ပါဘူး'

ဖူးစာကံလွဲခဲ့ပြီးမှ အသစ်တစ်ဖန် ဒုက္ခပေးသူက ညီညီစိုး၊
ဇင်ဇင်ဆိုသောနုနယ်သော ဘဝတွေတုန်းကသာ အရှုံးကို ကျေကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်နပ်ကြီး ခံယူဖြစ်ပေမယ့် ခင်လေးငယ်အနေနှင့်တော့ နိုင်မှ
ပေမည်ဟု ရဲဆေးတင်ထားဖြစ်သည်ပဲလေ။

* * *

ညီညီစိုးရောက်လာမည့်အချိန်ကို မှန်းပြီး သူမနှင့် မြ
တို့ လှူချင်းခွဲလိုက်ကြသည်။ သူမရှိနေသော နေရာမှနေပြီး မြ
ရှိရာကို ကွဲကွဲပြားပြား လှမ်းမြင်နေရသည်။

သူမတို့နှစ်ယောက် အချိန်းအဆက် လုပ်ထားသည်
တော့ ညီညီစိုး သိနိုင်မည် မထင်ပေ။

အချိန်ကြာကြာ မစောင့်လိုက်ရဘဲ သူမအနားသို့ အ
ရောင် ပရာဒိုကားလေး ရောက်လာ၏။

ညီညီစိုးတစ်ယောက် ကားပေါ်မှမဆင်းခင်မှာပင် 
တတ်ရပ်နေရာမှ အနီးနားရှိ ခုံတန်းလျားဆီ လျှောက်သွ
ထိုင်နေလိုက်သည်။ သူမ အရိပ်ယောင်ပြခြင်းကို ညီညီစိုး သ
ပေါက်၏။

'စိုးစိုး ထိုင်မယ်နော် ဇင်ဇင်၊ ဒီနေရာ ဒီထိုင်ခုံလေ
ဇင်ဇင်က အရင်ထားဦးထားတာဆိုတော့ ခွင့်တောင်
သဘောပါ'

'ထိုင်ခွင့်ရှိပါတယ် ကိုညီညီစိုး'

စိတ်ဓာတ်အရသာမကဘဲ စကားအရာနှင့်ပါ အ
က ရအောင်ယူထားဆိုသော မြစန္ဒာ၏စကားကို နှလုံးသွင်
ပြုမူဆက်ဆံမိ၏။

'ဒီစွယ်တော်ရွက်ခြောက်လေးကို ဇင်ဇင် မှတ်မိသေးလ





အတိတ်တုန်းဆီက သူမ နှလုံးသားကို ညှို့ယူစွမ်းနိုင်ခဲ့သော ချစ်ခြင်း၏ သင်္ကေတလေး။ ရင်ထဲမှာနာကျင်မိပေမယ့် မျိုးနိမ့်အောင် မာန်တင်းလိုက်ရသည်။

'အရာအားလုံးဟာ ဇင်ဇင်ဆိုတဲ့ အမည်နာမနဲ့အတူ သေ
ဆုံးသွားခဲ့ပါပြီ ကိုညီညီစိုး'

'ဇင်ဇင်က ပြီးစလွယ် သဘောထားနိုင်ပေမယ့် စိုးစိုးတို့
နှစ်ယောက်နဲ့ ပတ်သက်ခဲ့တဲ့ ဒီစွယ်တော်ရွက်ပေါ်မှာ
ရေးထိုးဖြစ်ခဲ့တဲ့ စာချုပ်လေးကိုတော့ အမြဲအမှတ်ရပြီး
သေတဲ့အထိ ပတ်သက်နေမှာပဲလို့ ထင်တယ်'

ဒီစွယ်တော်ရွက်လေးပေါ်မှာ နှစ်ယောက်အတူ လက်မှတ်ထိုးဖို့ အတိတ်ဆီတုန်းက စပြီး အကြံပေးသူမှာ သူမဆိုတာ မှတ်မိနေသည်ပဲ။

'အားလုံးကို မေ့ထားတာထက်ပိုတဲ့ ဥပေက္ခာတရားနဲ့ပဲ
သဘောထားမိတယ်၊ ကျွန်မသဘောထားကို တစ်ကြိမ်
မက ရှင်သိအောင် ပြောခဲ့ပြီးပြီပဲ'

'ဇင်ဇင် ခွင့်မလွှတ်နိုင်ဘူးဆိုတာကို စိုးစိုး သိနေပါတယ်၊
ဒါကြောင့်လည်း စိုးစိုးဘက်က လုပ်သင့်တာတွေ လုပ်
စရာရှိတာတွေ အားလုံးကို ရှင်းလင်းလုပ်ကိုင်ခဲ့ပြီးပါပြီ
ဇင်ဇင်၊ ဒီဘဝမှာ စိုးစိုးတို့ ထပ်ဝေးလို့မဖြစ်တော့ဘူး'

ပြောပြောဆိုဆိုပင် ဖိုင်တစ်ခုထဲမှ စာချုပ်လိုလို စက္ကူတစ်ရွက်ကို ထုတ်ယူပြန်ပြင်၏။ သူမ မေးလိုက်သောစကားက ဟန်သလိုဖြစ်သွားသောကြောင့် ဆက်မထုတ်ဘဲ ညီညီစိုး ရပ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး ကိုညီညီစိုး၊ ဒီရက်ပိုင်းမှာ ရှင့်ဆီကို ကိုမင်းလက်ျာ ဖုန်းဆက်သေးလား'

'ဆက်တယ်၊ ဇင်ဇင်နဲ့တွေ့တဲ့ တနင်္ဂနွေနေ့ ညနေခင်းက ဆက်တာ၊ ဒီကောင်ဆက်တော့ အရမ်း အံ့ဩသွားတာ သူမေးတဲ့ မေးခွန်းတွေကြောင့် ပိုပြီးတော့တောင် အံ့ဩရသေးတယ်၊ စိုးစိုးတို့ ဖုန်းပြောဖြစ်တာကို မင်းလက်ျာ သိနှင့်နေတယ်'

'သိမှာပေါ့၊ ကျွန်မရဲ့ ညံ့ဖျင်းမှုကြောင့် ကိုမင်းလက်ျာ သိသွားခဲ့တာ၊ ရှင်နဲ့ဖုန်းပြောတာကို သူနဲ့ပြောတဲ့ ပုံစံမျိုးနဲ့ လူကြီးတွေကို ညာခဲ့မိလို့လေ'

'ဒါ စိတ်မကောင်းစရာမှ မဟုတ်ဘဲ သူ့အလိုလို မရည်ရွယ်ဘဲ ဖြစ်သွားတဲ့ကိစ္စပဲမဟုတ်လား ဇင်ဇင်'

ညီညီစိုးမှာ ဟိုတစ်ချိန်တုန်းက ဖြူစင်သောစိုးစိုး မဟုတ်တာတော့ သေချာနေ၏။

မာယာတွေ၊ ပရိယာယ်တွေနှင့် ရှုံ့မှုန်းစရာကောင်းသော လူတစ်ယောက်ဖြစ်နေသည်။

'ရှင့်ကို ကျွန်မ မေးမယ်၊ တစ်လုံးမကျန် အမှန်အတိုင်း ဖြေပါ၊ ကျွန်မတို့နှစ်ယောက် တွေ့ဖြစ်တာတွေကိုရော ပကတိအတိုင်း ရှင် ပြောဖြစ်ရဲ့လား'

'ဖုန်းဆက်တာရော တွေ့ဖြစ်ကြတာရော အားလုံးကို ပြောပြဖြစ်တယ်၊ ဒါပေမဲ့ ပြောဖြစ်တဲ့စကားတွေကတော့ စိုးစိုးဖြစ်ချင်တာတွေချည်းပဲ ပြောလိုက်တယ်၊ ဒါမှ ဒီကောင် သံသယစဉ်ကုန်ပြီး တစ်စခန်းရပ်သွားမှာ





မဟုတ်လား၊ စိုးစိုးရဲ့ အခိုကပြိုင်ဘက်တစ်ယောက်ကို ဒီနည်းနဲ့ မရှင်းလို့မဖြစ်ဘူးလေ'

'ရှင် တော်တော်အောက်တန်းကျလှချည်လား ကိုညီညီစိုး၊ ဖြစ်လာတဲ့ အခြေအနေတွေအပေါ်မှာ မရိုးမသားအကြံနဲ့ ရှင် အသုံးချတာပေါ့ ဟုတ်လား၊ ပြောဖြစ်ခဲ့တဲ့ စကားတွေကို တစ်လုံးမကျန် ရှင် ပြန်ပြောပြစမ်းပါ'

'ဇင်ဇင် မပြောနဲ့ဆိုလည်း စိုးစိုးကပြောဖို့စဉ်းစားပြီးသား ပါ၊ ဒီကောင်မရှိတော့တဲ့နောက်နေ့မှာ ဇင်ဇင်နဲ့တွေ့တယ်၊ ဖုန်းပြောဖြစ်တယ်၊ ဇင်ဇင်အနေနဲ့ သူ့ကို လုံးဝ မေ့လျော့ ထားပြီး စိုးစိုးနဲ့ ပြန်အဆင်ပြေနေတာလို့ ပြောလိုက်တာ ပေါ့၊ ဒါတင်မကသေးဘူး၊ ဒီနေ့တောင် နှစ်ယောက်တွေ့ပြီး ပြန်လာပြီးစပဲရှိသေးတာလို့ ကြွားလိုက်တယ်၊ ဒီလို မျိုး အကြိမ်ထပ်မှု တွေကြည့်နိုင်းကြဦးမှာလို့ သာသာထိုးထိုး ပြောလိုက်တယ်'

'ရှင် တော်တော် ယုတ်မာလွန်းတယ်'

'ကြိုက်တဲ့စကားလုံးမျိုးနဲ့ အပြစ်တင်ပါ ဇင်ဇင်၊ အဓိက အကျဆုံးကတော့ ဇင်ဇင်ဟာ စိုးစိုးအတွက် အမြဲတမ်း ဖြစ်နေဖို့ပဲလေ၊ ဒီစာချုပ်ကို ဖတ်ကြည့်ပါ ဇင်ဇင်'

စောစောက စာချုပ်ကို ကမန်းကတန်းထုတ်ယူပြီးပြလိုက်၏။ ဒေါသစိတ်ကြောင့် အမြင်မပီသချင်ပေမယ့် စာချုပ်ပါ အကြောင်းအရာတွေကို မြင်နေ တွေ့နေရသလို ညီညီစိုး၏စကား များကိုလည်း ကြားနေရ၏။

'သီသီဆွေဆိုတာ စိုးစိုးရဲ့ဖနီးပါ၊ ဇင်ဇင်နဲ့ ဒုတိယတစ်



www.burmeseclassic.com

www.burmeseclassic.com



ခေါက် တွေပြီးကတည်းက စာချုပ်မှာ ကြည်ကြည်ဖြ
နဲ့ လက်မှတ်ထိုးပေးဖို့ ကြိုးစားခဲ့တယ်။ ဒီနေ့မနက်
စာချုပ်ပေါ်မှာ သူ လက်မှတ်ထိုးပေးခဲ့တာ ဇင်ဇ
စိုးစိုး ထိုးရမယ့် လက်မှတ်ကိုတော့ ဇင်ဇင်ရှေ့မှာ
ထိုးပြပါ့မယ်၊ ဒီကိစ္စတွေအတွက်လည်း ကြိုပြီးတော
မင်းလက်ျာကို ပြောပြဖြစ်လိုက်တယ်'

တရားဝင် ကွာရှင်းစာချုပ်ဆိုတာကိုပဲ မျက်မြင်တွေ့လို
ရ၏။ သူမလက်ထဲမှ စာချုပ်ကိုလှမ်းယူပြီး ညီညီစိုး လက်မှတ်
ပြလိုက်၏။

'ဒါတွေ ဒီအထိဖြစ်လာဖို့ ရှင့်ကို ဘယ်သူကခိုင်းခေ
လို့လဲ ညီညီစိုး၊ ရှင် ဆင်ခြင်မှုမရှိတော့ဘဲ အမှားတွေ
ဆက်တိုက်ကျူးလွန်နေတော့တာပဲ'

'ဘယ်သူမှ မခိုင်းစေပေမယ့် စိုးစိုးတို့နှစ်ယောက်အတွ
လိုအပ်လို့ အပူတပြင်းစီစဉ်ရတာပါ၊ ဇင်ဇင်ကို ဘယ
လောက်ချစ်ပြီး ဘယ်လောက်မြတ်နိုးတယ်ဆိုတာ
သက်သေပြတဲ့သဘောပါပဲ'

'ဒီလုပ်ရပ်တွေ၊ ဒီဖြစ်ရပ်တွေကို ဇင်ဇင်အနေနဲ့လည်
သဘောမတူနိုင်ဘူး၊ ခင်လေးငယ်အနေနဲ့ဆို ပိုဝေး
ပေါ့၊ ရှင်ဟာလေ ကျွန်မ ထင်ထားတာထက်တော
အဆင့်နိမ့်ပြီး ဘာမှ ဦးနှောက်မရှိတဲ့ယောကျ်ား တ
ယောက်ပဲ'

ကြည့်နေရင်း ပြောနေရင်းကပင် ဝေးဝေးသို့ ထွက်ခွ
ချင်မိတော့၏။





'စိုးစိုးကို သနားပါ ဇင်ဇင်ရယ်၊ တစ်ချိန်က စိုးစိုး
မလုပ်နိုင်ခဲ့တဲ့ ကိစ္စတွေကို အခုချိန်မျိုးမှာ လုပ်ခွင့်ပြုပါ
ဇင်ဇင်ရယ်၊ စိုးစိုး တာဝန်ကျေပြချင်တယ်'

'ရှင့်ကို နောက်ဆုံးအကြိမ်အနေနဲ့ ရှင်းရှင်းပဲ ပြောလိုက်
မယ် ကိုညီညီစိုး၊ ဒါတွေကို မတွေ့ရ မမြင်ရခင်အထိ
အတိတ်က အဖြစ်အပျက်တွေအတွက် ရှင့်ကို ဇင်ဇင်ဆို
ဆိုတဲ့ မိန်းမအနေနဲ့ အသိအမှတ်ပြုကောင်းပြုမယ်၊ အခု
အချိန်မှာတော့ ဇင်ဇင်အနေနဲ့ရော၊ ခင်လေးငယ်အနေနဲ့ပါ
ဘယ်လိုမှ အသိအမှတ်ပြုလို့ မရတော့ဘူး။ ရှင်ဟာ
သာမန်မိတ်ဆွေအဖြစ် ပေါင်းလို့သင်းလို့တောင် မဖြစ်
တော့တဲ့ ယောကျ်ားတစ်ယောက်ပဲ။ ရှင် အမြန်ဆုံး
အမြင်မှန်ရပြီး ရှင့်မိသားစုဘဝကို ပြန်လည်တည်ဆောက်
နိုင်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်။ ကျွန်မ သွား
တော့မယ် ကိုညီညီစိုး'

ရင်ထဲမှာတော့ အလွန်အမင်း ဝမ်းနည်းနေဖြစ်သည်။
ဝမ်းနည်းခြင်းကြောင့်ပင် ဒေါသတို့ အိပ်ပျော်ခဲ့ပြီလား။

ကိုမင်းလက်ျာနှင့် တစ်သက်ဝေးရပြီဆိုသော ဝမ်းနည်း
မရည်ရွယ်ပါဘဲ သူများအိမ်ထောင်ရေးကို ဖြိုခွဲပစ်လိုက်ခြင်း
ဆိုသော ဝမ်းနည်းမှုတွေကြောင့် သတိလက်လွတ် ဖြစ်သွားရမိ
သည်လားလေ။

မြစ္ဆာရင်ခွင်ထဲကို ပြေးဝင်ပြီး အားပါးတရ ငိုကြွေးချ
လိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အဆုံးသတ် အဖြစ်အပျက်များ

www.burmeseclassic.com

www.burmeseclassic.com

နာကျည်းကြေကွဲဖွယ်ရာ အဖြစ်အပျက်များကြောင့် နှလုံး
းမှာ မချိတင်ကဲဖြစ်ရ၏။

တရားလက်မဲ့လွန်းသော ယောကျ်ားတစ်ယောက်၏
ပြုအမူများကြောင့် ကာယကံရှင် အပါအဝင် မဆိုင်သူများပါ
ကြွေးရလေပြီ။

သူမနှလုံးသားမှာ ဝဋ်ကြွေးမကင်းမှုကြောင့် ထားဦး။
ခင်းလက်ျာနှင့် သိသိသွေဆိုသော သူများမှာတော့ ကျွန်ုဝယ်ရာ
တစ်ပါရပြီလေ။

'အခုချိန်ဆိုရင် ကိုမင်းလက်ျာ ပြန်ရောက်လောက်ပြီ
မြစန္ဒာ'

သူမတို့၏ နောက်ဆုံးနှစ်စာမေးပွဲတွေလည်း ပြီးခဲ့ပြီ။
မေတို့သည်ပင် ရန်ကုန်ရောက်နေပြီ။ မိသားစုသုံးဦး အတူတူ
ကြပြီ ဖြစ်၏။

'နင်... ကိုမင်းလက်ျာနဲ့ တွေ့ချင်လို့လား ခင်လေးငယ်'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားရောက်နေသော သုံးလအတွင်းမှာ တစ်ကြိမ်သာ သူမထံသို့ ဖုန်းဆက်ခဲ့သည်။ အဲဒီတစ်ကြိမ် တစ်ခါမှာလည်း သူမနှင့် စကားမပြောဖြစ်လိုက်ရပေ။

'ငါ တွေ့ချင်ပေမယ့် သူက တွေ့ချင်မှာ မဟုတ်ဘူး သူ လာတွေ့မှာကို ထိုင်စောင့်ရတာလည်း ငါ ရင်မော လှပြီ မြစန္ဒာ၊ သူ ငါ့ကိုတွေ့ချင်တော့မှာ မဟုတ်ပါဘူး လေ'

စိတ်ပျက်အားလျော့စွာ မြည်တမ်းဖြစ်သည်။

အချစ်ရေးနှင့် ကံမကောင်းခဲ့သော ဆုတောင်းမျိုးကို တောင်းမိခဲ့လေသလား။ ကျင်လည်ရာဘဝတစ်ခုခု၌ သူမ တကာ၏ချစ်ခြင်းကို ကွေကွင်းအောင်ပြုခဲ့လို့လားလို့ တွေးပြီး မရနိုင်ခဲ့ပေ။

'ကိုမင်းလက်ျာရဲ့ ရုံးခန်းကို နင် သိတယ်မဟုတ်လား သူ ပြန်ရောက်၊ မရောက်ဆိုတာကို ငါ မေးပေးရမလား'

သူမ၏ ဖြစ်စေချင်သောဆန္ဒကို ပြောမထွက်ခဲ့ပေ။

မြစန္ဒာက စာနာပြီး ဖုန်းဆက်ပေးဖို့ ကြိုးစား၏။

'ဖုန်းနံပါတ်ပေး၊ ငါ့ဘာသာ လှမ်းဆက်မယ်'

'ငါ့အတွက်နဲ့ သူ စိတ်အနှောင့်အယှက် ဖြစ်ရပါဦးမေ မြစန္ဒာရယ်'

'ငါ့အနားမှာ နင် ငြိမ်ငြိမ်လေး နေပေးစမ်းပါ၊ ငါ့နည်း ငါ့ဟန်နဲ့ ငါ့ဘာသာ ကြည့်လုပ်ပါ့မယ်'

သူမလက်ကို အတင်းဆွဲခေါ်ပြီး တယ်လီဖုန်းရှိရာ မြစန္ဒာ ဦးဆောင်သွားလေသည်။ သူမပေးသော တယ်လီဖုန်း





နံပါတ်အတိုင်း တည်ငြိမ်စွာပင် မြစန္ဒာ ခေါ်လိုက်၏။

'ဟိုလေ... ကျွန်မ စုံစမ်းစရာတစ်ခု ရှိလို့ပါ၊ ကျေးဇူးပြုပြီး ပြောပြနိုင်မလား မသိဘူး'

'..................'

'ကိုမင်းလက်ျာများ နိုင်ငံခြားက ပြန်ရောက်ပြီလား မသိဘူးရှင့်'

'..................'

'ဒါဆို သူ အလုပ်ဆင်းနေပြီပေါ့နော်၊ အခုရော ရုံးမှာ သူ ရှိနေလား'

'..................'

'ကျေးဇူးပါပဲရှင်'

'..................'

'ကျွန်မနာမည် မြစန္ဒာပါ၊ သူ့ရဲ့မိတ်ဆွေတစ်ယောက်ပါရှင်'

တစ်ဖက်မှ ပြောစကားများကို အပြည့်အစုံ မကြားရပေမယ့် ကိုမင်းလက်ျာ ပြန်ရောက်နေပြီဆိုတာကိုတော့ နားလည်လိုက်ရသည်။

'သူ ပြန်ရောက်နေပြီ မဟုတ်လား မြစန္ဒာ၊ ဘယ်နေ့က ပြန်ရောက်တာလဲ'

'ပြန်ရောက်တာ နှစ်ပတ်ပြည့်သွားပြီ ပြောတယ်၊ အလုပ်ဆင်းတာတောင် ဆယ်ရက်ရှိပြီတဲ့ ခင်လေးငယ်'

ပြန်ရောက်နေပြီး ဒီလောက် ရက်ကြာတာတောင် သူ တွေ့ဖို့ မကြိုးစားပေ။



www.burmeseclassic.com

www.burmeseclassic.com



'သူ ငါ့ကို မတွေ့ချင်မမြင်ချင်တော့ဘူး ထင်ပါတယ် မြစန္ဒရယ်'

'စဉ်းတော့ စဉ်းစားစရာပဲ၊ အခုလည်း ကိစ္စတစ်ခုနဲ့ အပြင်သွားတယ်ပြောတယ်၊ ဒီပုံစံမျိုးနဲ့တော့ နင့်မှာ အပြစ် မရှိဘဲ အကြွေးတင်တာ မကောင်းဘူး၊ အဖြစ်အပျက်တွေ အားလုံးကို သူ သိအောင် ငါကြိုးစားပေးမယ် ခင်လေး ငယ်'

'ရပါတယ် မြစန္ဒာရယ်၊ ငါ့ဘဝနဲ့ငါ့ကံပဲ ရှိပါစေတော့ ဟာ၊ သူ စိတ်ချမ်းသာသလို နေပါစေတော့'

သူမ ပြောလိုက်သောစကားကြောင့် မြစန္ဒာ ကရုဏာ ဖြစ်သွားခဲ့ပြီလား။ ကိုမင်းလက်ျာတစ်ယောက်ကတော့ သူမအဖြစ် တွေကို မြင်နိုင်၊ တွေ့နိုင်စွမ်း မရှိတော့ပါလေ။

'ဒီလို လက်လျှော့အရှုံးပေးလို့ ဘယ်ဖြစ်မလဲ၊ အဖြစ်မှန် တွေကို သူသိပြီး ကြိုက်သလို ဆုံးဖြတ်တာက တစ်မျိုး လေ ခင်လေးငယ်'

'ဘယ်လိုပုံစံမျိုးနဲ့ဖြစ်ဖြစ် သူနဲ့ တစ်ခေါက်လောက် တွေ့ ရရင် ငါ ကျေနပ်တယ်၊ ငါ သူ့ကို စကားပြောချင်သေး တာ အမှန်ပဲ'

သူမနှုတ်မှ အဖြေစကားပြောဖို့ နှောင့်နှေးသွားခဲ့သည် မှာ အဓိကတရားခံလို ဖြစ်နေ၏။ ချစ်သူတွေမဖြစ်ရခင်မှာပင် မမြင်နိုင်သော ကံကြမ္မာ၏ စေစားမှုကြောင့် နှစ်ယောက်သား မဆုံနိုင်အောင် ဝေးခဲ့ကြပြီပဲ။

* * *





သူမ အိမ်ပြန်ရောက်သွားတော့ နေဝင်စအချိန် ဖြစ်နေ၏။ အနောက်ဘက်ကောင်းကင်ဆီမှာ တိမ်ရောင်စုံတို့ အရောင်ဖျော့နေ ကြပြီ။

မနက်ဖြန်မနက်မှာ သူမရော၊ ဖေဖေမေမေတို့ပါ ခရီး ထွက်ကြမှာဖြစ်၏။ ရွာဘုရားထီးတင်ပွဲကိုသွားဖို့ အန်တီဝေနှင့် အန်တီကြွေတို့လည်း လိုက်ဖြစ်ကြမည်။

'အန်တီဝေတို့ ရောက်နေကြပြီလား၊ ခင်လေးငယ်တော့ အဝတ်အစားတွေတောင် ထည့်ရသေးတာ မဟုတ်ဘူး'

'ညည်းကလည်း မိဘအိမ်ပြန်ရောက်ကတည်းက အရမ်း လွတ်လပ်နေတာပဲ၊ အခုကြည့်စမ်း၊ အလည်လွန်လိုက် တာ၊ မိုးချုပ်မှ အိမ်ပြန်ဝင်တော့တယ်'

အန်တီကြွေကတော့ မြင်သည်နှင့် ဆူပူကြိမ်းမောင်းတော့ ၏။

မေမေရော ဖေဖေပါ ဘာမျှဝင်မပြောဘဲ ရယ်၍နေသည်။

'လျှောက်လည်ရုံသက်သက် မဟုတ်ပါဘူး အန်တီကြွေ၊ အလုပ်လျှောက်ဖို့အတွက် သူငယ်ချင်းနဲ့ သွားတိုင်ပင်တာ ပါ၊ ဒီတိုင်းကြီး ထိုင်နေရတာထက် မေမေတို့ အန်တီ ကြွေတို့ကို သမီးလုပ်အားခနဲ့ ကန်တော့ချင်လို့ပါ'

'အေးပါ၊ ဒီစကားတစ်ခွန်းနဲ့ မွေးရကျေးရကျေးဇူးတော့ နပ်ပါပေတယ်'

'သမီး အဝတ်အစားလဲပြီးရင် ပြန်ထွက်ခဲ့ဦးနော်၊ မေမေ တို့အားလုံး သမီးကို ပြောစရာရှိတယ်'

ဖေဖေကိုယ်တိုင်က အရေးတယူလုပ်ပြီး ပြောရှာဆိုနေ



www.burmeseclassic.com

www.burmeseclassic.com



တော့ ရင်ခုန်သွားမိသည်။ မဟုတ်မှလွဲရော အန်တီကြွေ နား နားဆာလုပ်လွန်းလို့ သူမအား ယောကျ်ားပေးစားတော့မည် ထင် ၏။

'ဟိုလေ… မနက် ခရီးသွားဖို့ အဝတ်အစားတွေ ထည့် ဦးမယ် ဖေဖေ'

မေမေ့ကို အကဲခတ်ရင်း ဆင်ခြေပေးဖြစ်သည်။

'အဲဒါတွေ ခဏထားဦး သမီး၊ အရေးကြီးဆုံးစကား ပြောမလို့၊ အဝတ်အစားလဲပြီး သမီး ပြန်ထွက်လာခဲ့'

အမိန့်သံပါသော စကားကြောင့် ဆက်ပြီး ဆင်ခြေမပေး ရဲတော့ပေ။ အိမ်ထောင်ချပေးဖို့ ပြောလာရင်တော့ ကိုမင်းလက် အကြောင်းကို ထည့်ပြောမှ စဉ်းစားထားလိုက်၏။

* * *

'ဒီလို သမီး၊ မနက်ဖြန် ခရီးသွားမယ့် အစီအစဉ် သမီး မပါတော့ဘူး၊ သမီး ကျန်ရစ်ခဲ့ရလိမ့်မယ်၊ ဖေဖေ တို့ လူကြီးတွေသာ သွားဖြစ်ကြတော့မှာ'

ဖေဖေပြောလိုက်သော စကားကြောင့်ပင် အံ့သြသွား

'ဘာဖြစ်လို့လဲ ဖေဖေ၊ ဘုရားထီးတင်ပွဲကို သမီး ဘာ မလိုက်ရတာလဲ၊ ပြီးတော့ ဒီအိမ်မှာ သမီးတစ်ယော တည်း အိမ်စောင့်ကျန်ခဲ့ရမှာလား'

'ဒါပေါ့ ခင်လေးငယ်၊ အဝတ်အစားတွေ ထည့်စရာ တော့ဘူး'

'မဟုတ်သေးပါဘူး အန်တီကြွေရယ်'





သူတ တစ်ယောက်တည်းကိုဖွဲ့ပြီး ကျန်ရစ်စေတာ အကြောင်းတော့ ရှိရမည်။ အန်တီဝေ ပြောလိုက်သော စကား ကြောင့်ပင် နားလည်ရပိုခက်သွား၏။

'မနက်ဖြန်မှာ ဒီအိမ်ကို ဧည့်သည်လာလိမ့်မယ်၊ ဧည့် သည်လို့သာ ပြောရတာပါ၊ ခင်လေးငယ်နဲ့ စိမ်းတဲ့သူ တော့ မဟုတ်ဘူး၊ ဒီတော့ ခင်လေးငယ် ခရီးသွားလို့ မဖြစ်တော့ဘူးလေ'

'ဘယ်က ခင်လေးငယ်နဲ့ မစိမ်းတဲ့ ဧည့်သည်မျိုးလဲ အန်တီဝေ'

သူမတစ်ယောက်တည်းကို အားလုံးဝိုင်းပြီး ဦးနှောက်စား ပြီ ထင်၏။

'သမီး စဉ်းစားရတာ ပင်ပန်းနေမှာစိုးလို့ မေမေ တည့် တည့်ပဲ ပြောလိုက်ပါတော့မယ်၊ မနက်ဖြန် ဒီအိမ်ကို ရောက်လာမယ့် ရွှေဧည့်သည် ငွေဧည့်သည်ဟာ တခြား လူတော့ မဟုတ်ဘူး၊ မောင်မင်းလက်ပဲ သမီး'

ဝမ်းသာစရာကောင်းသော စကား၊ မထင်မှတ်ထားသော စကားမို့ အူကြောင်ကြောင် ဖြစ်သွားမိသည်။

အိပ်မက်များလားဟု ယောင်ယမ်းပြီး အသားကို ဆွဲဆိတ် လိုက်သေး၏။

'ကိုမင်းလက်က ဧည့်သည်အဖြစ်နဲ့ သမီးဆီကို လာမှာ ဟုတ်လား'

'ဟုတ်တယ် သမီး၊ ဒီစကားက အမှန်ပဲ၊ ဖေဖေတို့ လူကြီးတွေအားလုံးကတော့ ဖြစ်ခဲ့သမျှ အလွဲတွေကို



www.burmeseclassic.com

www.burmeseclassic.com



နားလည်ကြပြီးပြီ၊ သဘောပေါက်ခဲ့ကြပြီးပြီ၊ မနက်ဖြ… ကျရင် သမီးလည်း နားလည်ကျေနပ်သွားမှာပါ၊ ကဲ— ဒီစကားတွေကြားပြီး ဖေဖေတို့နဲ့ လိုက်ခဲ့ချင်သပ ဆို… တော့ အထုပ်အပိုးတွေ သွားပြင်တော့'

ရယ်ရယ်မောမောဖြင့် သူမကို ဖေဖေ နောက်နေသေး… ကိုမင်းလက်ျာနှင့် တွေ့ရမည်ဆိုမှတော့ အထုပ်ပိုးပြင်စရာ မလို… ပေ။ ဒီညတော့ ကောင်းကောင်းအိပ်ပျော်မှာ မဟုတ်ပေ။

ညကို မြန်မြန်ကုန်လွယ်စေပြီး မနက်မြန်မြန်လင်းပါ… ဟု ဆုတောင်းနေဖြစ်မည်လေ။

* * *

အပျော်တို့ကြောင့်ပင် နှစ်နာရီထိုးမှ မှေးခနဲ အိပ်ပျော်… သွားဖြစ်သည်။ မနက်ငါးနာရီထိုးတော့ မေမေတို့တစ်တွေ … ဂိတ်ဆင်းသည်မို့ ပြန်နိုးလာရသည်။

ကိုမင်းလက်ျာ လာမည်ဆိုသော အသိကြောင့်ပင် … ပြီး အိပ်မရတော့ပေ။ ရေမိုးမချိုးခင်မှာ အိမ်အလုပ်တွေကို … ယောက်တည်း ရှာကြံပြီး လုပ်နေဖြစ်သည်။ ရေမိုးချိုးပြီး အလှ… ဖြစ်အောင် ပြင်ဆင်လိုက်သည်။

ကိုမင်းလက်ျာ လာလမ်းဆီကိုမျှော်ရင်း တံခါးဝဆီ… အသင့်စောင့်နေဖြစ်၏။

မနက်ကိုးနာရီ အထိုးမှာတော့ ပျော်ခဲ့သမျှ၊ မျှော်ခဲ့သမျှ… တွေ ချက်ချင်းဆွံ့အသွားသလို ခံစားလိုက်ရ၏။





သူမတို့နေထိုင်ရာ အိမ်ဝင်းထဲသို့ အစိမ်းရောင်ပရာဒိုကား လေး ဝင်ရောက်လာ၏။

ဆီးကြိုနေသူအတွက် အခက်တွေ့ရသည်။ စဉ်းစားမရခြင်းများစွာဖြင့် နပမ်းလုံးနေစဉ်မှာပင် ကိုမင်းလက်ျာနှင့် ညီညီစိုးတို့ အတူတွဲပြီး သူမရှေ့သို့ ရောက်လာ၏။

'လာပါ ညီညီစိုး၊ ခင်လေးငယ်ကရော ကိုယ်တို့နှစ်ယောက်ကို အိမ်ပေါ်တက်ဖို့ မခေါ်တော့ဘူးလား'

ကိုမင်းလက်ျာကတော့ အပြုံးမပျက် သွက်လက်နေ၏။ သူမနှင့် ညီညီစိုးတို့နှစ်ယောက်မှာတော့ တစ်စုံတစ်ခုအတွက် စိုးရိမ်ကြောင့်ကျနေရ၏။

'တက်ပါ'

သူမ၏ဖိတ်ခေါ်မှုကြောင့်ပင် နှစ်ယောက်စလုံး ဧည့်ခန်းထဲမှာ ထိုင်နေကြသည်။ သုံးယောက်သား ထိုင်နေကြသော်လည်း စကားတွေ မပြောဖြစ်ကြပေ။ ကိုမင်းလက်ျာက ဦးဆောင်ပြီး—

'ညီညီစိုး ပြောတာတွေကို ခင်လေးငယ်က နားထောင်ပေးလိုက်ပါ၊ ညီညီစိုး မင်း ရှင်းပြချင်တာတွေကို ပြောပြလိုက်လေ'

ကိုမင်းလက်ျာတစ်ယောက်တည်း လာလိမ့်မည်ဟု ထင်ထားသော်လည်း မနှစ်သက်သောသူက အဆစ်ပါလာခဲ့၏။

'တို့ကို နားလည်ခွင့်လွှတ်ပေးဖို့ ပထမဆုံး ပြောချင်ပါတယ် ခင်လေးငယ်၊ ခင်လေးငယ် ပြောခဲ့သလို တို့ဟာ ဆင်ခြင်တုံတရားမဲ့တဲ့ ယောကျ်ားတစ်ယောက်၊ တစ်ခဏအတွင်းမှာ ဖြစ်ခဲ့ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်သော စကားလုံးတွေက စိတ်အနှောင့်အယှက် ဖြစ်စရာ မပါဝင်ပေ။ ညီညီစိုး၏ မျက်နှာသည်လည်း ပကတိ ရှင်းသန့်နေ၏။

'ခင်လေးငယ်ကို ပြန်တွေ့ပြီး ပြီးဆုံးခဲ့တဲ့ အိပ်မက်တွေကို ပြန်အသက်သွင်းချင်မိတယ်၊ လက်ရှိဘဝကို ဘာမှ ထည့်မစဉ်းစားတော့ဘဲ မိုက်ရူးရဲဆန်ခဲ့တယ်၊ ခင်လေးငယ်ရဲ့အပေါ်မှာရော၊ မင်းလက်ျာရဲ့အပေါ်မှာပါ တို့ မငဲ့မညှာဘဲ ရူးမိုက်မိတယ်၊ အဆိုးဆုံးအဖြစ်ကတော့ တို့ကိုအရမ်းချစ်တဲ့ တို့ဇနီး သီသီဆွေကို မျက်ကွယ်ပြုခဲ့ခြင်းပါပဲ'

ကိုမင်းလက်ျာကလည်း ဝင်မပြောသလို ကြားနေရသော စကားတွေအတွက် သူမအဖို့မှာလည်း ဝမ်းနည်းသလိုလို၊ ကြည်နူးသလိုလို ခံစားနေရ၏။

'ခင်လေးငယ်ဟာ တို့ကို ကြည်ဖြူစွာနဲ့ လက်ခံလိမ့်မယ်လို့ ယုံကြည်ပြီး သီသီဆွေနဲ့ ကွာရှင်းဖို့အထိ မရရအောင် လုပ်ယူခဲ့တယ်၊ တို့ စိတ်ချမ်းသာစေဖို့အတွက် သီသီဆွေက စာချုပ်ပေါ်မှာ လက်မှတ်ထိုးပေးခဲ့တယ်၊ အဲဒီအချိန်အထိ သီသီဆွေကို လစ်လျူရှုခဲ့တယ်၊ တို့ကြားဝင်ပြီး နှောင့်လို့ ခင်လေးငယ်တို့ မင်းလက်ျာတို့ ဝေးကြတော့မလို ဖြစ်ရတယ်၊ တို့အစီအစဉ်တွေကို ခင်လေးငယ် လုံးဝ လက်မခံခဲ့ဘူး၊ အဲဒီရက်တွေမှာပဲ သီသီဆွေမှာ ကိုယ်ဝန်လွယ်ထားရပြီဆိုတာကို အသိဆရာဝန်ကတဆင့် တို့ သိလိုက်ရတယ်'





ကြားရသော စကားတွေကတော့ ယုံချင်ဖွယ်ရာ ကောင်းနေရော့လား။ အဖြစ်အပျက်တွေအားလုံး ပြီးစီးပြီး သူ့ဘဝတွေနှင့် သူ သာယာနေကြပြီပဲဆိုတာကိုတော့ သဘောပေါက်မိလိုက်၏။

'တို့နဲ့ သီသီဆွေတို့ ကွာရှင်းစာချုပ် လက်မှတ်ထိုးတာကို ဘယ်သူ့ကိုမှ သီသီဆွေ မပြောဘူး၊ သူ့မှာ ကိုယ်ဝန်ရှိနေတာကိုလည်း တို့သိအောင်မပြောဘူး၊ ရင်သွေးဆိုတဲ့ အသိကြောင့် သီသီဆွေ့ဆီပြန်သွားတော့ အိမ်မှာ သီသီဆွေ မရှိဘူး၊ တို့ အရမ်းနောင်တရသွားတယ်၊ သီသီဆွေကိုတွေ့အောင်ရှာပြီး တို့ တောင်းပန်တယ်၊ သီသီဆွေက မျက်ရည်တွေနဲ့ တို့ကို ခွင့်လွှတ်ခဲ့တယ်၊ တစ်ချိန်တည်းမှာပဲ ခင်လေးငယ်ကိုလည်း တို့ လုပ်ခဲ့မိတာတွေအတွက် တောင်းပန်ချင်တယ်၊ ခင်လေးငယ်ကို ထပ်မတွေ့ရဲတာနဲ့ မင်းလက်ျာ ပြန်ရောက်လာတဲ့အထိ တို့ စောင့်နေခဲ့တာပါ။

အရာအားလုံးအတွက် တို့ကို ခွင့်လွှတ်တယ် မဟုတ်လား ခင်လေးငယ်'

ကိုမင်းလက်ျာက သူမကို ငေးကြည့်နေ၏။ ညီညီစိုးကလည်း သူမ၏နှုတ်စကားကို စောင့်ဆိုင်းနေသည်။

ပြန်ပြောဖြစ်ဖို့ စကားလုံးတွေ ရွေးချယ်နေဆဲမှာပင်–

'ခွင့်လွှတ်တယ်လို့ ပြောလိုက်လေ ခင်လေးငယ်၊ ဒီစကားကို နားနဲ့ဆတ်ဆတ် မကြားရရင် ညီညီစိုး စိတ်ကောင်းမှာ မဟုတ်ဘူး၊ မှားခဲ့တာ မှန်ပေမယ့် အရာအားလုံးကို အချိန်မီ ပြန်ထိန်းလိုက်နိုင်တဲ့ ညီညီစိုးကို



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပေးလိုက်ပါ'

'ဟိုး အတိတ်ကစပြီး ဒီနေ့ဒီအချိန်အထိ ဖြစ်ခဲ့တာတွေ အားလုံးအတွက် ခွင့်လွှတ်နားလည်ပါတယ်၊ အငြ အတေးဆိုတာ ကျွန်မတို့ကြားမှာ ဘာတစ်ခုမှ မရှိတော့ ပါဘူး'

'ဒီစကားကြားရတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင် လေးငယ်၊ မင်းလက်ျာ ငါ ပြန်တော့မယ်'

ညီညီစိုးအား ခြံဝအထိ သူမနှင့် ကိုမင်းလက်ျာတို့ လိုက် ပို့ပေးဖြစ်ကြသည်။ ညီညီစိုးရှေ့မှာပင် ကိုမင်းလက်ျာက သူမ လက်ဖျားလေးများကို ဖွဖွလေး ဆုပ်တွယ်ထား၏။

* * *

တစ်အိမ်လုံးမှာတော့ သူမတို့နှစ်ယောက်တည်း ရှိနေကြ ၏။

တိတ်ဆိတ်ငြိမ်သက်ခြင်းကြောင့်ပင် အသက်ရှူသံတွေကို အတိုင်းသား ကြားနေရ၏။

ကိုမင်းလက်ျာ၏ ရင်ခွင်ထဲမှာနေရင်း မျက်နှာကို မော့ ကြည့်ဖြစ်သည်။ ကိုမင်းလက်ျာက ခေါင်းငုံ့လိုက်ပြီး သူမပါးပြင် ကို ဖွဖွလေးနမ်း၏။

'မနေ့တုန်းက မြစန္ဒာဆိုပြီး ရုံးကို ဖုန်းဆက်သေးတယ် ဆို ခင်လေးငယ်'

'ဟုတ်တယ်၊ တကယ်ပဲ မြစန္ဒာဆိုတဲ့ ခင်လေးငယ် သူငယ်ချင်းက ဖုန်းဆက်ပေးတာလေ'





မြစန္ဒာကိုတော့ မင်းလက်ျာ သိမှာ မဟုတ်ပေ။

'ကိုယ်တိုင် ဘာလို့ မဆက်တာလဲ'

'သူများကိုသာ အပြစ်ပြောချင်တာ၊ သူကရော၊ ပြန် ရောက်တာ နှစ်ပတ်ရှိနေပြီပဲဟာ၊ ဘာလို့ အဆက်အသွယ် မလုပ်ဘဲ နေနိုင်ရတာလဲ'

တစ်ယောက်နှင့်တစ်ယောက် ချိုသာစွာ အပြစ်တင်ဖြစ် ကြ၏။ နှစ်ယောက်စလုံး၏ ရင်ထဲမှာတော့ ဒေါသဖြစ်ဖို့ဆိုတာ ဝေးစွ၊ အပျော်တွေ လွှမ်းနေခဲ့ကြသည်။

'မဆက်သွယ်ဖြစ်ဘူးဆိုတာက ညီညီစိုးနဲ့ မတွေ့ရသေး လို့လေ၊ ပြီးတော့ ကိုယ်တိုင်ကလည်း အထင်မှားခဲ့တာ တွေအတွက် လိပ်ပြာမလုံသလို ခံစားရလို့ပါ'

'ဒါကြောင့် ကာယကံရှင်ကို အသိမပေးဘဲ လူကြီး စုံရာရှေ့မှာ ပထမဆုံးလက်နက်ချပြီး အသနားခံတာ ပေါ့လေ၊ ဒီကတော့ သူ့စိတ်နဲ့ လွမ်းလို့သေတော့မှာ သိလား'

'အတူတူပါပဲ ခင်လေးငယ်ရယ်'

လွမ်းစရာတွေ၊ သောကဖြစ်စရာတွေကို ပြန်တွေးရင်းက င် ရင်မောမပြေချင်ပေ။

တယုတယဖြင့် ဖက်သိုင်းလိုက်ပြီး မျက်နှာဝှက်ကာ ခေါ်လိုက်မိသည်။

'ကိုကို'

'ဘယ်လိုခေါ်လိုက်တာလဲ၊ ကိုကိုလို့ ခေါ်လိုက်တယ် ဟုတ်လား ခင်လေးငယ်'



www.burmeseclassic.com

www.burmeseclassic.com



ရင်ကို ကြည်နူးစေသော ချစ်သူ၏အယုအယ၊ နာပျော် ဖွယ် စကားများကြောင့် ရင်သပ်ရှုမောရပြန်၏။

'ဟုတ်ပါတယ်ရှင်၊ ကိုကို မမေးတော့ဘူးလား ဟင် ခင်လေးငယ် ဖြေချင်လှပြီ'

'ကိုတို့ကို တစ်ဘဝလုံးအတွက် ရီးမြေကျချစ်ရဲ့လား ခင်လေးငယ်'

'ချစ်တာပေါ့ ကိုကိုရယ်'

နှစ်ယောက်သား ဖက်တွယ်ခြင်းတွေက အပြိုင်အဆိုင်ပင် မမောမပန်းနိုင်ဘဲ စက္ကန့်များကို ကုန်ဆုံးစေခဲ့၏။

'နံရံမှာချိတ်ထားတဲ့ အောက်ချင်းငှက်လေးနှစ်ကောင်ရဲ့ ပုံကို တွေ့လား ခင်လေးငယ်'

'နယ်မှာနေတုန်းက ဖေဖေ လက်ဆောင်ရခဲ့တာလေ အောက်ချင်းငှက်လေးတွေက သိပ် သစ္စာရှိကြတာ ကိုကို ရဲ့'

'ကိုကိုတို့ ခင်လေးငယ်တို့လိုပဲ နေကြမှာပေါ့နော်၊ အခု ဆိုရင် အောက်ချင်းငှက်ကလေးတွေလိုပဲ ကိုကိုတို့ သစ္စာ ဆိုလို့ ရသွားပြီလေ၊ ကိုကိုတို့က ထာဝရ မခွဲတော့မယ့် ချစ်သူတွေ ဖြစ်ကြပြီ မဟုတ်လား'

'ဘာလဲ ကိုကို၊ တစ်ကောင်သေရင် ကျန်တဲ့တစ်ကောင် က ကျန်နေမရစ်ဘဲ ရင်ကွဲနာကျပြီး လိုက်သေမယ်လို့ ပြောလိုက်တာလားဟင်'

'သိပ်ဟုတ်တာပေါ့ ခင်လေးငယ်ရယ်'

ငြိမ်းချမ်း၍ အာဃာတကင်းသော ဝန်းကျင်မှာ ကျင်လည်





ရင်း အောက်ချင်းငှက်ဖိုငှက်မကဲ့သို့ သစ္စာထားနိုင်ရန် အတူ ဆုတောင်းရဦးမည်ပဲလေ။ ချစ်တတ်သော သူတို့မှာ လွမ်းတာကိုလည်း စိတ်ရှည်ရမည်။ မပြေလည်တာကိုလည်း သည်းခံစောင့်ဆိုင်းတတ်ရမည်ဟု ရင်နှင့်ရင်းပြီး နားလည်လိုက်ရသည်လေ။

* * *

**မောင်ညိုအေး(ပန်းတော)**
တိုက်-၂၅၊ အခန်း-၃၀၄၊
၅-လမ်း(ဘီ)၊ ယုဇနဥယျာဉ်မြို့တော်၊
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။



www.burmeseclassic.com